**မှာထားချက်။** ။မွေးနံမှ ၅-ခုမြောက်နံကို ပဋ္ဌပွတ်ခေါ်သည်။

## "နေ့အလိုက်" အမည်ပေး အဟော

၁။ တနင်္ဂနွေနေ့ဖွား သားသမီးများ၊ တနင်္ဂနွေအရင်းခံမှည့်၊ ချမ်းသာအံ့၊
၂။ တနင်္လာနေ့ဖွား သားသမီးများ၊ တနင်္လာနံအရင်းခံမှည့်၊ ခွန်အားဗလ စွမ်းပကားနှင့် ပြည့်စုံအံ့။
၃။ အင်္ဂါနေ့ဖွား သားသမီးများ၊ အင်္ဂါနံ အရင်းခံမှည့် ပစ္စည်းဥစ္စာ များပြားအံ့။
၄။ ဗုဒ္ဓဟူးနေ့ဖွား သားသမီးများ၊ ဗုဒ္ဓဟူးနံ အရင်းခံမှည့်၊ အခြွေအရံများအံ့။
၅။ ကြာသပတေးနေ့ဖွား သားသမီးများ၊ ကြာသပတေးနံ အရင်းခံမှည့်၊ ချမ်းသာကြီးပွား၊ တိုးတက်အံ့။
၆။ သောကြာနေ့ဖွား သားသမီးများ၊ သောကြာနံ အရင်းခံမှည့်၊ ပညာတန်ခိုး ကျော်ဟိုးအံ့။ အမွေဥစ္စာများစွာ ရအံ့။

၇။ စနေနေ့ဖွား သားသမီးများ၊ စနေနံ အရင်းခံမှည့်၊ အလှူအတန်း ပြုလုပ်ရာ၌ နာမည်ကြီးအံ့။

**သားသမီး မွေးဖွားခြင်း အကျိုးအပြစ် အဟော**

၁။ တန်ခူးလ၌ သားယောကျ်ား ဖွားမြင်မူ ထိုသားသည် အတွေးအခေါ် အမြော်အမြင်များ၏။ ။ သမီး မိန်းကလေး ဖွားမြင်မူ ထိုမိန်းကလေးသည် အဖကို အလုပ်အကျွေးပြုအံ့၊ မိန်းမမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံအံ့။

၂။ ကဆုန်လ၌ သားယောကျ်ားဖွားမြင့်မူ ဘုန်းတန်ခိုးကြီးအံ့၊ ကျော်စောထင်ရှားအံ့။ သမီးမိန်းကလေး ဖွားမြင်မူ မိဘတို့၌ စီးပွားဥစ္စာ တိုးတက်အံ့၊ ကျက်သရေမင်္ဂလာ တိုးတက်အံ့။

၃။ နယုန်လ၌ သားယောကျ်ား ဖွားမြင်မူ မိဘများ၌ ရွှေ၊ ငွေ၊ ရတနာ၊ ပစ္စည်းဥစ္စာ တိုးတက်အံ့။ သမီး မိန်းကလေး ဖွားမြင်မူ မိဘတို့၌ အခြွေအရံ ပေါများအံ့၊ သမီးအကျိုး ခံစားရအံ့။

၄။ ဝါဆိုလ၌ သားယောကျ်ား ဖွားမြင်မူ ဘုန်းကြီးရဟန်း ဖြစ်တတ်၏။ လူသူအများ၏ ပူဇော်အထူးကို ခံရတတ်သည်။ သမီး မိန်းကလေး ဖွားမြင်မူ အသက်မရှည် အနာအဖျား များတတ်သည်။

၅။ ဝါခေါင်လ၌ သားယောကျ်ား ဖွားမြင်မူ အများသူငါ ချစ်ခင်သူဖြစ်အံ့၊ အသက်ငယ်ငယ်နှင့် **အိမ်**ထောင်ရက်သား ကျတတ်သည်။ သမီးမိန်းကလေး ဖွားမြင်မူ ဥစ္စာပစ္စည်းမြောက်မြားစွာ ရတတ်သည်။



၆။ တော်သလင်းလ၌ သားယောကျ်ားလေး ဖွားမူ အသက်ရှည်အံ့၊ စည်းစိမ်ဥစ္စာ တိုးတက်အံ့၊ အနာရောဂါ ကင်းရှင်းအံ့။ သမီးမိန်းကလေး ဖွားမြင်မူ၊ ယောကျ်ားလေးများ၏ အမျက်ဒေါသကို ခံရတတ်သည်။

၇။ သီတင်းကျွတ်လ၌ သားယောကျ်ား ဖွားမြင်မူ စိတ်ထားကြည်ဖြူ ပျူငှာစွာ ရှိအံ့၊ ချစ်ခင်သူများအံ့။ သမီးမိန်းကလေး ဖွားမြင်မူ အမြှောင်မယား ဖြစ်တတ်သည်။

၈။ တန်ဆောင်မုန်းလ၌၊ သားယောကျ်ား ဖွားမြင်မူ အသက်မရှင် မီးတွင်းမှာ သေတတ်သည်။ သမီး မိန်းကလေး ဖွားမြင်မူ အသက်ရှည်၏။ အမိအဖကို လုပ်ကျွေးအံ့။

၉။ နတ်တော်လ၌၊ သားယောကျ်ား ဖွားမြင်မူ အသိအလိမ္မာ ပညာဉာဏ် ကြွယ်ဝတတ်သည်။ သမီး မိန်းကလေး ဖွားမြင်မူ အိမ်ထောင်ဆက် များတတ်သည်။

၁၀။ ပြာသိုလ၌ သားယောကျ်ား ဖွားမြင်မူ ပစ္စည်းဥစ္စာ တိုးပွားချမ်းသာအံ့။ **သမီးမိန်းကလေး** ဖွားမြင်မူ ပစ္စည်းဥစ္စာကြွယ်ဝသူနှင့် အိမ်ထောင်ပြုရတတ်သည်။

၁၁။ တပို့တွဲလ၌ သားယောကျ်ားဖွားမြင်မူ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရတနာ ခုနစ်ပါးနှင့် အခြွေအရံ ပေါများအံ့၊ သမီးမိန်းကလေး ဖွားမြင်မူ မိမွေ ဖမွေ ပစ္စည်းဥစ္စာများစွာ ရတတ်သည်။

၁၂။ တပေါင်းလ၌ သားယောကျ်ား ဖွားမြင်မူ ရဟန်းသော်လည်းကောင်း၊ သူတော်စင်သော်လည်းကောင်း သားထူး သားမြတ်သော်လည်းကောင်း၊ ဥစ္စာပစ္စည်း စည်းစိမ်၌ လည်းကောင်း ထူးကဲစွာ ဖြစ်တတ်သည်။ သမီးမိန်းကလေး ဖွားမြင်မူ အမှုထမ်း၊ အရာထမ်း ဂုဏ်သရေရှိသူနှင့် အိမ်ထောင်ပြုရမည်။

**"လ"အလိုက် အချင်းမြှုပ်နည်း**

၁။ တပေါင်း၊ တန်ခူး၊ ကဆုန်လဖွားမြင်မူ မြောက်အရပ် အချင်းမြှုပ်။

၂။ နယုန်၊ ဝါဆို၊ ဝါခေါင်လ ဖွားမြင်မူ အရှေ့အရပ် အချင်းမြှုပ်။

၃။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ဖွားမြင်မူ တောင်အရပ် အချင်းမြှုပ်။

၄။ နတ်တော်၊ ပြာသို၊ တပို့တွဲလဖွားမြင်မူ အနောက်အရပ်မှလွဲလျှင် မည်သည့်အရပ်မဆို မြှုပ်နိုင်သည်။

**"နေ့"အလိုက် အချင်းမြှုပ်ရန်ရွေးနည်း**

၁။ တနင်္ဂနွေဖွား သားသမီး–အရှေ့မြောက်ထောင့်အရပ်မှာ အချင်းမြှုပ်။

၂။ တနင်္လာနေ့ဖွား သားသမီး–အနောက်အရပ်မှာ အချင်းမြှုပ်။

၃။ အင်္ဂါနေ့ဖွားသားသမီး–တောင်အရပ်မှာ အချင်းမြှုပ်။

၄။ ဗုဒ္ဓဟူးနေ့ဖွား သားသမီး–အရှေ့တောင်ထောင့်အရပ်မှာ အချင်းမြှုပ်။



၅။ ကြာသပတေးနေ့ဖွား သားသမီး–အရှေ့အရပ်မှာ အချင်းမြှုပ်။

၆။ သောကြာနေ့ဖွားသားသမီး–မြောက်အရပ်မှာ အချင်းမြှုပ်။

၇။ စနေနေ့ဖွား သားသမီး–အနောက်အရပ်မှာ အချင်းမြှုပ်။

**သူငယ်ထမင်းစ၍ ခွံ့ရန် ရက်ရွေးနည်း**

၁။ သူငယ်ဖွားမြင်ပြီး(၆)လပြည့်ကျော်လျှင် ရက်ကောင်းရွေး၍ ထမင်းစ၍ ခွံ့နိုင်သည်။

၂။ ရှောင်ရန်ရက်မှာ–လဆန်း–လဆုတ် ၄၊ ၆၊ ၈၊ ၉၊ ၁၂ ရက်။

**သူငယ် မြေနင်းရက် ရွေးနည်း**

၁။ သူငယ်ဖွားမြင်ပြီး (၃)လပြည့်လျှင် မိဘ(၂)ပါး စုံညီစွာဖြင့် မြေနင်းစေရမည်။

၂။ ရှောင်ရန် အင်္ဂါနှင့် စနေနေ့ကို သူငယ် မြေမနင်းစေရ။

**လင်နှင့်မယား ရှေ့နောက် 'သေ'အဟော**

ဇနီးမောင်နှံတို့၏ မွေးနံ(၂)ခု ပေါင်း၍ တည်၊ ၃နှင့်မြှောက်၊ ၂–ခုစား။ တစ်ခုကြွင်းမူ လင်ယောကျ်ား အရင်သေမည်။ ။ သုညကြွင်းမူ မယားအရင်သေမည်။

## ဥစ္စာပျောက်အဟော

### ပစ္စည်းပျောက် ခုနစ်နေ့လင်္ကာ

အိုကြင်ရာ ဥဒကေ ကြာကန်သူ ဝနေ၊ စိတ်တူ၏ ကူပေ။ လုဒီတာ ဂါမေ။ ပျော်ရာရွှင် ပဗ္ဗတေ၊ သင်တို့မောင် မဂ္ဂေ။ ထိုဆောင်ပန်း အာသန္နေ။

### တနင်္ဂနွေနေ့အဟော

အို၊ တနင်္ဂနွေနေ့ ဥစ္စာပျောက်မူ။ ကြင်၊ တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၍။ ရာ၊ ရာဟုမည်သော အနောက်မြောက်အရပ်တွင်၊ ဥဒကေ၊ ရေတွင်း၊ ရေကန် စသည့် ရေနှင့် နီးတောအရပ်မှာ ရှိလေ၏။

### တနင်္လာနေ့အဟော

ကြာ၊ တနင်္လာနေ့ ဥစ္စာပျောက်မူ ကန်၊ တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၍ သူ၊ သောကြာမည်သော မြောက်အရပ်တွင် ဝနေ၊ တောတွင်း၌ ရှိလေ၏။

### အင်္ဂါနေ့အဟော

စိတ်၊ အင်္ဂါနေ့ ဥစ္စာပျောက်မူ တူ၊ စနေမည်သော အနောက်တောင်ထောင့်အရပ်သို့ ထုတ်ယူလေ၍ ၏၊ တနင်္ဂနွေမည်သော အရှေ့မြောက်ထောင့်အရပ်တွင် ကူပေ၊ လိုဏ်၊ ဂူ၊ ဥမင်၊ ချောက်ကမ်းပါး၌ ရှိလေ၏။

### ဗုဒ္ဓဟူးနေ့အဟော

လု၊ ဗုဒ္ဓဟူးနေ့ ဥစ္စာပျောက်မူ ဒီ၊ စနေမည်သော အနောက်တောင်ထောင့်အရပ်သို့ ထုတ်ယူလေ၍ သာ၊ သောကြာမည်သော မြောက်အရပ်တွင် ဂါမေ၊ ရွာတွင် ရွာနားတွင် ရှိလေ၏။



### ကြာသပတေးနေ့အဟော

ပျော်၊ ကြာသပတေးနေ့ ဥစ္စာပျောက်မူ ရာ၊ ရာဟုမည်သော အနောက်မြောက်ထောင့်အရပ်သို့ ထုတ်ယူလေ၏။ ရွှင်၊ နံနက်မှ မွန်းတည့်(၁၂)နာရီအတွင်း ဗုဒ္ဓဟူးအရပ်နှင့်၊ မွန်းလွဲပိုင်း ညနေ ရာဟုမည်သော အနောက်မြောက်ထောင့်အရပ်တွင် ပဗ္ဗတေ၊ တောင်၌၊ မြင့်သော ကုန်းပေါ်၊ တောင်၏ အနီးနားသော်လည်း ရှိ၏။

### သောကြာနေ့အဟော

သင်၊ သောကြာနေ့ ဥစ္စာပျောက်မူ တို့၊ စနေမည်သော အနောက်တောင်ထောင့်အရပ်သို့ ထုတ်ယူလေ၍၊ မောင်၊ ကြာသပတေးမည်သော အနောက်အရပ်တွင် မဂ္ဂေ၊ လမ်းအနီး၊ လမ်းဘေး၊ ပတ်ဝန်းကျင်တွင် ရှိသည်။

### စနေအဟော

ထို၊ စနေနေ့ ဥစ္စာပျောက်မူ ဆောင်၊ အင်္ဂါမည်သော အရှေ့တောင်ထောင့်အရပ်သို့ ထုတ်ယူလေ၍၊ ပန်း၊ ကြာသပတေးမည်သော အနောက်အရပ်တွင် အာသန္နေ၊ အနီးအနား (ပျောက်သောနေရာ) ပတ်ဝန်းကျင်တွင် ရှိလေ၏။

### တစ်နည်းဥစ္စာပျောက်အဟော

တနင်္ဂနွေနေ့ဥစ္စာပျောက်မူ– အရှေ့အရပ်၊ အရှေ့တောင်ထောင့်အရပ်မှာ ရှာပါလေ။

တနင်္လာနေ့ ။ – အရှေ့တောင်ထောင့်အရပ်နှင့် အနောက်တောင်ထောင့်အရပ်မှာ ရှာပါလေ။

အင်္ဂါနေ့ ဥစ္စာပျောက်မှု– တောင်အရပ်၊ အရှေ့မြောက်ထောင့် အရပ်မှာ ရှာပါလေ။

ဗုဒ္ဓဟူးနေ့ ॥ – အနောက်တောင်ထောင့်အရပ်နှင့် မြောက်အရပ်မှာ ရှာပါလေ။

ကြာသပတေးနေ့ ॥ – အနောက်မြောက်အရပ်နှင့် အရှေ့ အရပ်မှာ ရှာပါလေ။

သောကြာနေ့ ॥ – အရှေ့ မြောက်ထောင့်အရပ်နှင့် တောင်အရပ်မှာ ရှာပါလေ။

စနေနေ့ ॥ – အရှေ့အရပ်နှင့် မြောက်အရပ်မှာ ရှာပါလေ။

## ဖြစ်တော်စဉ် ဥစ္စာပျောက်အဟော

မ၊ သိ၊ ကြ၊ လျှင်၊ တွေး၊ ဆ၊ အုန်း။

ကြာသပတေးနေ့ ဥစ္စာပျောက်မှု။ ဘုရားပဋိသန္ဓေတည်သော နေ့ဖြစ်က။ ပျောက်သော ပစ္စည်း လုံခြုံနေသည်။ သို့သော် ၉–လ၊ ၁၀–လရှိလျှင် ပြန်ရမည်။

သောကြာနေ့ ဥစ္စာပျောက်မှု ဘုရား ဖွားမြင်သောနေ့ ဖြစ်၍ ပျောက်သောဥစ္စာ ပြန်ရမည်။

တနင်္လာနေ့ ဥစ္စာပျောက်မှု ဘုရား တောထွက်သောနေ့ ဖြစ်၍ ပျောက်သောဥစ္စာ ပြန်ရမည်။ (ရွှေ၊ ငွေပျောက်သော် ပြန်မရနိုင်။)

ဗုဒ္ဓဟူးနေ့ ဥစ္စာပျောက်မှု ဘုရားဖြစ်သောနေ့ ဖြစ်၍ ပျောက်သောဥစ္စာ ပြန်ရမည်။



စနေနေ့ ဥစ္စာပျောက်မှု ဘုရား ဓမ္မစကြာတရားဟောသည့် နေ့ဖြစ်၍ ပျောက်သောဥစ္စာ ပြန်ရမည်။

အင်္ဂါနေ့ ဥစ္စာပျောက်မှု ဘုရားပရိနိဗ္ဗာန်ပြုသောနေ့ဖြစ်၍ ပျောက်သော ဥစ္စာ ပြန်မရ။

တနင်္ဂနွေနေ့ ဥစ္စာပျောက်မှု ဘုရား–တေဇောဓာတ် လောင်သောနေ့ဖြစ်၍ ပျောက်သောဥစ္စာ ပြန်မရ။

## ကျွဲ၊ နွား၊ ပျောက် အဟော

ဆန်းတရက်ကယ်က စ,တွက်၍ ရေပါ။ မေးလာသည် ရက်ထိ ရက်ပေါက်တည်ကာချ၊ စာပါနဝါ။ ॥ အစ်၊ ပဥ္စာ၊ သုညကြွင်း၊ ခုချက်ခြင်း ရမည်ဟောပါ။ ငွေး၊ သတ္တ၊ တြိနွှ ကိန်းအရပြုမှာ၊ တရက်ကျော် ထိုစကား ကြားအံ့သေချာ၊ အဋ္ဌ ဆ စတု၊ ကြည့်ရှုမိန့်တော်မူ မရောက်ခြေ အနေကောင်း ငယ်ပေါင်းကြင်ဖော်တွေ မင်းမေ့၍နေ။

**ရှင်းလင်းချက်**

မည်သည့်နေ့၊ မည်သည့်ရက်တွင် ကျွဲ၊ နွား၊ ပျောက်စေကာမူ လာမေးတဲ့ရက်ကို အတည်ယူပါ။ (ပျောက်သည့်နေ့ရက်ကို မယူရပါ) လဆန်း ၁ ရက်နေ့ကစ၍ မေးလာသည့်ရက်အထိ ရက်ပေါင်းကို ရေ၍ (၉)နှင့် စားပါ။ လဆန်းတစ်ရက်မှစ၍ ရေတွက်ပါဆိုရာ၌ လဆုတ်ရက်ကို တစ်ရက်၊ နှစ်ရက် စသည် မယူဘဲ ၁၅–ရက်၊ ၁၆–ရက်၊ ၁၇–ရက် စသည် ရေတွက်ရပါမည်။

အစ်၊ ပဥ္စာ၊ သုညကြွင်းဆိုရာ၌ ၁–ခုကြွင်း၊ ၅–ခုကြွင်း၊ သုညကြွင်းမှု ခုချက်ခြင်း ရမည် ဟောရမည်။

ဒွေး၊ သတ္တ၊ တြိန္တဆိုရာ၌ ၂–ခုကြွင်း၊ ၇–ခုကြွင်း၊ ၃–ခုကြွင်းမှု မေးလာသည့်ရက်မှ (၂)ရက်ကျော်လျှင် သတင်းစကားကြားရမည်ဟု ဟောရမည်။

အဋ္ဌ၊ ဆ၊ စတု ဆိုရာ၌ ၈–ခုကြွင်း၊ ၆–ခုကြွင်း၊ ၄–ခုကြွင်းမှု မူလနေရာ မွေးရာခြံပေါက် ရောက်နေပြီ၊ ခရီးသွားရင်း ပျောက်မှု အိမ်ပြန်ရောက်နေပြီဟု ဟောရမည်။

**မှားထားချက်။** ။ ၎င်းဟောကိန်းကို အိုကြင်ရာ ဥဒကော ဟောကိန်းနှင့် တိုက်ဆိုင်ဟောရပါသည်။ အိုကြင်ရာ ဥဒကေ ဟောကိန်းမှာ နေရာအရပ်ပြသောဟောကိန်းဖြစ်၍ ဒီကိန်းအရ ဟောဆိုချက်အထွက်ကို အိုကြင်ရာပြသော အရပ်၌ ရှာရပါသည်။

## ခရီးသွားအဟော

ခရီးသွားလို၊ ထိုရပ်ဂြိုဟ်နှင့်၊ သက်ကိုနှောထား၊ ရှစ်ခုစားမှု၊ ကြွင်းငြားဇေက၊ ရာဇပူဇော်၊ ဒွေးသော်ဆင်းရဲ၊ အောင်ပွဲတြိန်၊ ငြိမ်းကိန်းစတု၊ ငါးခုလာဘ်ရ၊ ဆကားဖျားနာ၊ သတ်မှာခိုးသူ၊ အမှန်ယူလော့၊ သုဉ်းမှုတစ်ဖန်၊ အိမ်မပြန်တည်း၊ အမှန်ဟောရိုးကိန်းလေသတည်း။

**ရှင်းလင်းချက်**

ခရီးသွားလိုရာ အရပ်မှ ဂြိုဟ်သက်နှင့် ခရီးသွားလိုသူ၏ အသက်ပေါင်း(၈)နှင့်စား–

၁–ခု ကြွင်းမှု – အကြီးအကဲများက လာဘ်လာဘပေးမည်။
၂– ။ – စိတ်သောက ရောက်၍ ဆင်းရဲတတ်၏။
၃– ။ – သွားလာသည့် ခရီးအောင်မြင်မည်။
၄– ကြွင်းမှု – သောကကင်းဝေး၍ အေးငြိမ်းစွာ ခရီးရောက်မည်။
၅– ။ – ဥစ္စာပစ္စည်း ရွှေ၊ ငွေ စုတ်လာဘ်ရမည်။
၆– ။ – ခရီးသွားရင်း ရောဂါရလာတတ်သည်။
၇– ။ – ခရီးသွားရင်း သူခိုး အခိုးခံရတတ်သည်။
၀– ။ – ဘေးဒုက္ခတွေ့ရတတ်သည်။ ခရီးရှည်တတ်သည်။

## ခရီးယာယီ ပြောင်းသင့် မသင့် အဟော

ခရီး ယာယီ၊ ပြောင်းချီသွားရာ မသွားရာကို ၊ မှန်စွာမပျက်၊ ဟောပြမြွက်အံ့၊ အသက်တည်ငြား၊ ငါးပါးခန္ဓာ၊ မြှောက်ပါ မယွင်း၊ ကိုးနဝင်းဖြင့် စားကြွင်းသေသာ၊ ကောပဋ္ဌ၊ တိသ္တတ္တမှု၊ ဒေသတခြား၊ မသွားလေရာ၊ နဂိုမှာလျှင်၊ စီးပွားမြင်၏။ ဆင်ခြင်မရှု၊ ယာယီပြုသော်၊ ကိုယ်မှုရောဂါ၊ ဖြစ်လေရာ၏။ အဋ္ဌဇယ၊ ဒွေးနှင့် ဆမှု၊ သွားထဝေးစွာ၊ ယာယီမှာလျှင် စီးပွားမြင်၏။ မဆင်ခြင်မှု၊ နဂိုပြုသော်၊ ကြီးထဝေဒနာ၊ ရောက်လေရာ၏။ သုညသေသ၊ မြင်လေကမူ၊ ဒုက္ခများစွာ၊ ဘေးရောဂါနှင့် သေခါချိန်ထောက်၊ အချိန်ရောက်သည် အံ့လောက်ဗေဒင်ကျမ်းလာတည်း။

**ရှင်းလင်းချက်**

ခရီးယာယီသွား၍ စီးပွားရှာလိုသူ၏ အသက်ကိုတည် ၅–နှင့်မြှောက်(၉)နှင့်စား။

၁–ခုကြွင်း၊ ၅–ခုကြွင်း၊ ၃–ခုကြွင်း၊ ၇–ခုကြွင်းမှု မသွားနှင့်။ အခုနေရာမှာ စီးပွားဖြစ်မည်၊ အကယ်၍ သွားလျှင်မူရော ဘယ ဖြစ်တတ်၏။

၈–ကြွင်း၊ ၄–ခုကြွင်း၊ ၂–ခုကြွင်း၊ ၆–ခုကြွင်းမူ ခရီးသွား၍ စီးပွားရှာပါ။ ခရီးမသွားဘဲ ဒီနေရာမှာ ဆက်၍နေမူ ရောဂါ ဝေဒနာ ဖြစ်တတ်၏။

၀–ကြွင်းမူ ခရီးယာယီသွားမူ သေလောက်သည့်ရောဂါ ဝေဒနာရနိုင်၏။

## ခရီးသွားအဟော (တစ်နည်း)

၁။ ခရီးသွားသလို၊ သက်ကိုတည်ထုတ်၊ ခြောက်ခုနုတ်၍ ရှစ်ကုတ်ဖျက်ခွင်း၊ ကြွင်းသည်နံရပ်၊ မအပ်ရှောင်ဘိ၊ မှန်နိတက္ကန၊ ပြန်ခဲလှ၏။

**ရှင်းလင်းချက်။** ။ခရီးသွားလိုသူ၏ အသက်ကိုတည်၊ ၆–ခုနုတ် (၈)ခုနှင့်စား၊ ကြွင်းသည် နံရပ် မသွားကောင်း၊ သွားခဲ့သော်ပြန်လမ်းမရှိ၊ ၁–ခုကြွင်းသော် တနင်္ဂနွေအရပ် ၂–ခု ကြွင်းသော် တနင်္လာအရပ် စသည်ဖြင့် အစဉ်အတိုင်း သိလေ။

၂။ ထိုမှသက်တည်၊ ရှစ်မည်ရပ်ခွင်၊ ကြွင်းနံတူရပ်၊ မသွားအပ်တည်း။

* ခရီးသွားလိုသူ၏အသက်ကိုတည်၊ ၈–နှင့်စား ကြွင်းသည့် နံရပ် မသွားကောင်း၊ ၁–ခုကြွင်းမူ တနင်္ဂနွေအရပ် စသည် ဖြင့် သိလေ။

၃။ မှတ်ကြတချက်၊ အသက်တည်းရေး၊ ဒွေးနှင့်မြှောက်၍၊ စားကောက်ရှစ်ဖျက်၊ ကြွင်းထွက်ရှာရပ်မသွားတည်း။

* ခရီးသွားလိုသူ၏ အသက်ကိုတည်၊ ၂–နှင့်မြှောက် (၈) နှင့်စား ကြွင်းသည့်နံရပ် မသွားကောင်း၊ အထက်အတိုင်း သိလေ။



## ခရီးသွားသင့်, မသင့် ပဋ္ဌမွတ် ဆပ္ပတ်အဟော

အုန်း၊ တောင်၊ သူ၊ ချစ်၊ သူ၊ ထံ၊ စံ၊ ထွန်း၊ ဦး၊ လူ၊ အံ့၊ ကြံ၊ ပြန်၊ ချင်၊ ဖွ၊ သူ၊ ဇာ၊ လှ၊ ထွား၊ လှ၊ မှတ်။

| | | | |
|---|---|---|---|
| ၁။ | တနင်္လာသား | – ကြာသပတေးနေ့ | သောကြာအရပ် မသွားကောင်း |
| ၂။ | တနင်္လာသား | – သောကြာနေ့ | စနေအရပ် မသွားကောင်း |
| ၃။ | အင်္ဂါသား | – စနေနေ့ | တနင်္ဂနွေအရပ် မသွားကောင်း |
| ၄။ | ဗုဒ္ဓဟူးသား | – တနင်္ဂနွေနေ့ | တနင်္လာအရပ် မသွားကောင်း |
| ၅။ | ကြာသပတေးသား | – တနင်္လာနေ့ | အင်္ဂါအရပ် မသွားကောင်း |
| ၆။ | သောကြာသား | – အင်္ဂါနေ့ | ဗုဒ္ဓဟူးအရပ် မသွားကောင်း |
| ၇။ | စနေသား | – ဗုဒ္ဓဟူးနေ့ | ကြာသပတေးအရပ် မသွားကောင်း |

## ခုနစ်နေ့ ခရီးသွားအဟော

**တနင်္ဂနွေနေ့**

နေမထွက်မီ ခရီးသွားသော် ဘေးသင့်အံ့၊ နေထွက်မှ ခရီးသွားသော် လာဘ်ရအံ့၊ မွန်းတည့် ခရီးသွားသော် အောင်မြင်အံ့၊ ၃–နာရီသွားသော် ပစ္စည်းဥစ္စာပျောက်အံ့၊ နေဝင်ချိန်ခရီးသွားသော် အကြံအစည်အောင်အံ့။

**တနင်္လာနေ့**

နေ့ထွက်စအချိန် ခရီးသွားသော် မိတ်ဆွေရင်းနှင့်တွေ့ရအံ့၊ နေ့လုံးပေါ်မှ ခရီးသွားသော် စိတ်နှလုံးမသာမယာဖြစ်အံ့၊ မွန်းတည့် ခရီးသွားသော် ဥစ္စာပစ္စည်းရအံ့။

**အင်္ဂါနေ့**

နေမထွက်မီ ခရီးသွားသော် ပစ္စည်းဥစ္စာ ပျောက်အံ့၊ တချက်တီး ခရီးသွားသော် ချစ်သူနှင့်တွေ့အံ့၊ မွန်းလွဲခရီးသွားသော် လာဘ်ရအံ့။

**ဗုဒ္ဓဟူးနေ့**

နေမထွက်မီ ခရီးသွားသော် ချစ်ခင်သူများအံ့၊ နေထွက်မှ ခရီးသွားသော် လာဘ်ရအံ့၊ ၂-နာရီ ခရီးသွားသော် မသင့်၊ နေမဝင်မီ ခရီးသွားသော် ဘေးဖြစ်အံ့။

**ကြာသပတေးနေ့**

နေမထွက်မီ ခရီးသွားသော် ချစ်ခင်သူများအံ့၊ မွန်းတည့် ခရီးသွားသော် အမျက်ဒေါသဖြစ်တတ်အံ့၊ နေဝင်မိုးချုပ် ခရီးသွားသော် ပစ္စည်းဥစ္စာပျောက်အံ့။

**သောကြာနေ့**

နေမထွက်မီ ခရီးသွားသော် အနာရောဂါရအံ့၊ တစ်ချက်တီး ခရီးသွားသော် ဆုလာဘ်ချီးမြှင့်ခံရအံ့၊ မွန်းတည့်ခရီးသွားသော် ရန်ရှိအံ့၊ သုံးချက်တီးခရီးသွားသော် လာဘ်ရအံ့၊ နေဝင်ချိန် ခရီးသွားသော် အပေါင်းအဖော်များနှင့် ကွဲတတ်အံ့။

**စနေနေ့**

နေမထွက်မီ ခရီးသွားသော် ဘေးရန်တွေ့အံ့၊ နေထွက်မှ



ရီးသွားသော် အဖော်ရအံ့၊ မွန်းတည့်ခရီးသွားသော် လာဘ်ရအံ့၊ န်းလွဲခရီးသွားသော် ခရီးအဖော်နှင့်တွေ့အံ့။

**မင်း၊ သူဌေးဖြစ်ဓာတာလေးကိန်းဟော**

မွေးသက္ကရာဇ်ကိုတည်၊ မွေးနံရော၊ (၉)နှင့်စား၊
၁--ခုကြွင်းမူ ကျော်စောထင်ရှားမည့်ဓာတာ၊
၃-ခုကြွင်းမူ သူဌေးဖြစ်မည့်ဓာတာ
၅-ခုကြွင်းမူ နယ်စား၊ ပြည်နယ်ပိုင်စားရမည့်ဓာတာ။
၀-ခုကြွင်းမူ မင်းဖြစ်မည့်ဓာတာ။

**ရှင်းလင်းချက်**

၁။ မွေးသက္ကရာဇ်၊ ၁၃၀၀-ပြည့်၊ အင်္ဂါသားဖြစ်မူ မွေးသက္ကရာဇ် ၁၃၃၀-မှာ အင်္ဂါသားဖြစ်၍ ၃-ပေါင်းသော် ၁၃၃၃-ဖြစ်၏။ ၎င်းကို ၉-နှင့်စားသော် (၁)ခု ကြွင်း၏။ (ကျော်စောမည့်ဓာတာ)။

၂။ မွေးသက္ကရာဇ် ၁၂၉၃-ခု၊ သောကြာသားဖြစ်မူ မွေးသက္ကရာဇ် ၁၂၉၃-မှာ သောကြာသားဖြစ်၍ ၆-ပေါင်းသော် ၁၂၉၉-ဖြစ်၏။ ၎င်းကို ၉-နှင့်စားသော် (၃) ကြွင်း၏။ (သူဌေးဖြစ်မည့်ဓာတာ)။

၃။ မွေးသက္ကရာဇ် ၁၃၀၅-ခု၊ ကြာသပတေးသားဖြစ်မူ မွေးသက္ကရာဇ် ၁၃၀၅-မှာ ကြာသပတေးသားဖြစ်၍ ၅-ပေါင်းသော် ၁၃၁၀-ဖြစ်၏။ ၎င်းကို ၉-နှင့်စားသော် (၅) ကြွင်း၏။ (သူဌေး ဖြစ်မည့်ဓာတာ)။

၄။ မွေးသက္ကရာဇ် ၁၂၉၂-ခု၊ ဗုဒ္ဓဟူးသားဖြစ်မူ မွေးသက္ကရာဇ် ၁၂၉၂-မှာ ဗုဒ္ဓဟူးသားဖြစ်၍ ၄-ပေါင်းသော် ၁၂၉၆-

ဖြစ်၏။ ၎င်းကို ၉–နှင့်စားသော် (၀) ကြွင်း၏။ (မင်းဖြစ်မည့်ဇာတာ)။

### မင်း၊ သူဌေးဖြစ် ဇာတာလေးကိန်းဟော တေးထပ် (ဦးပုည)

ကောဇာမှာ၊ နှောခ်နွေ၊ နှောခ်၍ပစ်ချေ၊ ဟောရန်ဖေ့ဇက္ကေ၊ ခေတ်ကြေအောင်ကျော်သဲ၊ တြမှာ ဓနကြွယ်၊ မြန်မာနယ်ငြိမ်းလိမ့်ပျော်ပွဲ၊ ကုန်ငါးတန် လုံးစားရုံ၊ စံစားရန်ပေါကဲ။ ကံအားသန်တော်ဆဲမို့၊ စောကဲတို့ကိန်းနယ်၊ သုညမှာ၊ ဆုံလေငြား၊ မင်းသားဖြင့် မင်းဖြစ်ရမယ်၊ ဆင်းရဲသားတစ်သွယ်၊ အနွယ်ပါကျော်ဟိုးလို့၊ တန်ခိုးဖြင့်ကြီးကျယ်ဂုဏ်၊ မျိုးဆွေလုံးစုံ၊ ဖွားနေက စ၍ကြုံလျှင်၊ ဓနကုံလုံကြွယ်အုံးမည်ကွဲ့လေး။

### ရှားမီးကိန်းအဟော

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၄ | | ၂ |
| ၆ | ၀ | ၈ |

ရှားမီးကိန်း အတွင်းစက်ဇယားပုံ

**ဂြိုဟ်စဉ်ချရန် လင်္ကာ။** ။ မိုး၊ ဆွေ၊ အုံ၊ ကာ၊ ရွာ၊ တုံ၊ သာ၊ လှ၊ ဟူ၍တနင်္ဂနွေအရပ်ဖြစ်သောအရှေ့



မြောက်ထောင့်ကစ၍ လက်ယာရစ်ချလေ၊ ကျရောက်ရာ ဂြိုဟ်အိမ်တွင် သမသတ်ရိုက်၍ ဟောရမည်။

**သမသတ်ကား။** ။ စောထွေနှဲ့နှောင်း၊ စုတ်ကောင်းနကို၊ သူအိုယာယီ၊ ကောလီစုတ်ကြီး၊ ရှားမီးတွင်ကျမရေဏ။

**ရှင်းလင်းချက်**

ဇာတာရှင်၏ ရောက်သက်ကိုတည် ၈–နှင့်စား၊ အကြွင်းကိုမိမိတို့ မွေးနံဂြိုဟ်အိမ်ကစ၍ လက်ယာရစ်ချပါ၊ ကျရာဂြိုဟ်အိမ်တွင်..ဟောရာ၏။

**(နမူနာ)**

**တနင်္ဂနွေသား**

၁–ခုကြွင်းသော်တနင်္ဂနွေအိမ် သမသတ်သောကြာ(သူအို)
၂– ။ တနင်္လာအိမ် သမသတ်ဗုဒ္ဓဟူး (ကောလီ)
၃– ။ ရာဟုအိမ် သမသတ်ကြာသပတေး (ရှားမီး)
၄– ။ စနေအိမ် သမသတ်အင်္ဂါ (စောထွေ)
၅– ။ သောကြာအိမ်သမသတ်တနင်္ဂနွေ (သူအို)
၆– ။ ဗုဒ္ဓဟူးအိမ် သမသတ်တနင်္လာ (ကောလီ)
၇– ။ ကြာသပတေးအိမ် သမသတ်ရာဟု (ရှားမီး)
၈– ။ အင်္ဂါအိမ် သမသတ်စနေ (စောထွေ)

ကျန်နေ့များကို ဤနည်းကိုမှီး၍ ကြွင်းသော နေ့များကိုလည်း နားလည်လောက်ပေပြီ။

သောကြာအိမ်မှာကျမှ–သမသတ် တနင်္ဂနွေဖြစ်၍ သူအိုယာယီဟု ခေါ်သည်။ တနင်္လာအိမ်မှာကျမှ–သမသတ်ဗုဒ္ဓဟူးဖြစ်၍ ကောလိစုတ်ကြီးဟု ခေါ်သည်။ ရာဟုအိမ်မှာကျမှ–သမသတ်ကြာသပတေးဖြစ်၍ ရှားမီးဟု ခေါ်သည်။ အင်္ဂါအိမ်မှာကျမှ–သမသတ်စနေဖြစ်၍ စောထွေဟု ခေါ်သည်။

**ဟောနည်း**

### (၆–၁) သူအိုယာယီ အဟော

ယာယီခရီးများမည်၊ အနာရောဂါများမည်၊ ပူဆွေးဒုက္ခရောက်တတ်သည်။ အိမ်ရာအတည်တကျမရှိတတ်၊ အင်္ဂါအရပ်ခေါ် အရှေ့တောင်ထောင့်အရပ်က ရန်ရှိတတ်သည်။ ပစ္စည်းဥစ္စာပျောက်ရတတ်သည်။ အမှုကိစ္စဖြစ်တတ်သည်။ သူတစ်ပါးစွပ်ငုံ့ခံရတတ်သည်၊ စိတ်နှလုံးမသာမယာရှိတတ်သည်။

### (၂–၄) ကောလိစုတ်ကြီး အဟော

ပစ္စည်းဥစ္စာ၊ ရတနာ ရွှေ၊ ငွေ ရတတ်သည်။ စိတ်ချမ်းသာကိုယ်ချမ်းသာရှိမည်၊ အလှူအတန်းပြုလုပ်ရတတ်သည်၊ အရှေ့အရပ်၊ တောင်အရပ်များမှ ကူညီစောင့်ရှောက်မည့်သူများပေါ်လာမည်၊ ခြေ (၂)ချောင်းဝင်တတ်သည်၊ ပစ္စည်းဥစ္စာရတနာများ၊ စုတ်ကြီး လာဘ်ကြီးများ အကယ်၍မဝင်ခဲ့သော် သတိထားပါ၊ အနာရောဂါရတတ်သည်။

### (၃–၇) စုတ်ကောင်း နဂို အဟော

သား၊ မြေ၊ ဆွေ၊ ကျွန်၊ အခြွေအရံ ပေါ်များတတ်သည်၊ ပစ္စည်းဥစ္စာ ဝင်တတ်သည်၊ အကြံအစည် ထမြောက်အောင်မြင်မည်၊ အရှေ့တောင်အရပ်မှ လာဘ်လာဘဝင်တတ်သည်၊ မ,စ



မည့်သူ ပေါ်လာတတ်သည်၊ သူတောင်စင်များဖြစ်လျှင် တရားထူးရတတ်သည်။

### (၈–၅) ရှားမီးတွင်ကျ မရဏ အဟော

အချုပ်အနှောင်ခံရတတ်သည်၊ အနာရောဂါများတတ်သည်၊ ပစ္စည်းဥစ္စာ ပျက်တတ်သည်၊ သူတစ်ပါးအစွပ်အစွဲခံရတ်သည်၊ လင်မယား ကွဲတတ်သည်၊ ဘုန်းကြီးရဟန်းဖြစ်ပါက လူထွက်ရတတ်သည်၊ အထူးသဖြင့် အနန္တငါးပါးကို မမေ့ပါနှင့် ဥပုသ်သီတင်းစောင့်ထိန်းပါ။

**မှာထားချက်–** ဤရှားမီးကိန်းအဟောသည် သက်ရောက်ဂြိုဟ်များကဲ့သို့ တစ်နှစ်လျှင် တခွင်ကျ ပြောင်းရွှေ့၏ဟု သိရာ၏။

### အမေးစကားလုံးရေကို (၈)ခုစားဟောရန်

(ကြွဍ်၊ ခန်း၊ စက်၊ ဝင်၊ နက်၊ မှင်၊ ရိပ်၊ သန်း)

ကြ–ဠွ ကင်းကွာ၊ အသူရာ၊ အောက်မှာအောက်ထိုးကျ။

ခန်း–ကြီးလှစွာ၊ ယောသကာ၊ အရာ သူဌေးရ။

စက်–စက်ယိုပြီး၊ သွေးသံစီး၊ ငြိုးကြီးစုန်းတွေက။

ဝင်–လာအလယ်၊ ပပမယ်၊ ရတယ်မင်းကုသ။

နက်–လှပင်လယ်၊ ပြင်အကျယ်၊ တကယ်ပျက်ကိန်း ကျ။

မှင်–သက်မြေ၊ ဘုံနန်းရွှေ၊ အမွေသိမ်းပိုက်ရ။

ရိပ်–ညောင်ပင်ရင်း၊ ဆဒ္ဒန်စင်း၊ ထန်ပြင်းမြားစူးရှ။

သန်း–ရုံရွှေလယ်၊ လွန်တင့်တယ်၊ မြင့်ကြွယ်ဘုန်းသစ်ထ။

### အမေးစကားလုံးရေကို (၇)ခုစားဟော

(မိုး၊ သန်၊ ကံ–လုံ၊ ထစ်၊ ညံ၊ အုန်း)

မိုး–မှလူ့ရွာ၊ စုတေလာ၊ လောင်းလျာသန္ဓေခ။

သ–နွေရှင့်မာ၊ ဗောဓိလျှာ၊ ဖွားကာထူးကဲစွ။
ကံ–အကြောင်းပါ၊ နန်းရပ်ခွာ၊ တောမှာကျင့်ကြံရ။
လုံး–စုံတရား၊ သိမြင်ငြား၊ ဘုရားဖြစ်သည်ပ။
ထစ်–ကျူးကြေညာ၊ မိဂဒါ၊ စကြာတရားပြ။
ညံ–ဆူလိုက်ခုံ၊ ငိုပွဲကြုံ၊ ရွှေဘုံနိဗ္ဗာန်ကြွ။
အုန်း–ခြိမ့်ကျော်ပြီး၊ ရှိန်ပြောင်ညီး၊ ဓာတ်မီးတောဖောထ။

**နဂိုနှင့် ယာယီတွက်ကိန်း**

အသက်တည်ထား၊ လေးခုစား၊ ကြွင်းငြားဇကာ၊ သုံးခုကျ၊ ခနရနဂို မသွားလို။

ခွေးနှင့်သုည ကြွင်းတုံက သွားကြစေလို ယာယီဂြိုဟ်။

ဖွားသက္ကရာဇ်ဝယ် ရောက်သက်ပယ် တသွယ်မွေးနံ မြှောက်ပြားပြန် စားရန်သတ်ိနှင့်ခွင်း ကြွင်းငြားပါပ ယာယီကျ သောမကြွင်းမူ နဂိုယူ ဗိုလ်လူနှလုံးသွင်း။

**အနိဝတ္တန တွက်ကိန်း**

ခရီးသွားသူ သက်တည်ထူ ခြောက်မူနုတ်ပြီးမှ။
ရှစ်ခုကြွင်းသော် ကြွင်းနံပေါ် ရှောင်နော်ထိုဒေသ။
အသက်တည်လတ် ရှစ်ခွင်းဖြတ် နံရပ်ရှောင်သင့်လှ။
သက်တည်ခွေးပွား ရှစ်ခုစား နံကားမြင်ရပ်မသွားအပ်။

**စန်း လွန်း လဂ် တြင်း နဝင်း ပြတ် တွက်ကိန်း**

အသက်တည်ထား နှောဆယ့်ငါး စားငြားရှစ်ခုသာ။
သုဉ်းမူစန်းပြတ် မှတ်လေအပ် ဆုံးတတ်ထိုလူနှာ။
ဆယ့်ခွန်နှောထား ထိုနည်းစား သုဉ်းငြားလွန်းပြတ်ပါ။
ဆယ်နှစ်နှောလေ ရှစ်စားပေ သုဉ်းချေသဂ်ပြတ်ပါ။



ကိုးခုမြှောက်စား သုံးခုစား သုဉ်းငြားတြင်းမှာ။
သုံးမြှောက်ကိုစား သုဉ်းလေငြား မှတ်သားနဝင်းပါ။

**ဓာတ်သုဉ်း ဆေးသုဉ်း တွက်နည်း**

၁။ သက်တည်သုံးစား သုဉ်းလေငြား မစားဆေးရှောင်ရာ။
၂။ အသက်တည်ပါ နှစ်ဆယ်သာ နှောကာလေးခုစား။
၃။ သုဉ်းလျှင်မြေဓာတ် ပျက်စီးလတ် နှာတတ် ဦးခေါင်းများ။
၄။ ဆယ့်နှစ်နှောကာ လေးခုသာ စားပါမှန်မမှား။
၅။ သုဉ်းလျှင်ကားရေ ပျက်စီးလေ နှားထွေလည်ချောင်းယား။
၆။ လေးနှောလေးစား သုဉ်းလေငြား ပျက်ပြားတေဇောဓာတ်။
၇။ ဘယရောဂါ ဖြစ်တတ်စွာ ရင်မှာနာမည်မှတ်။
၈။ နှောခြောက်ခုပင် လေးစားချင် သုဉ်းလျှင် လေပျက်ဓာတ်။
၉။ ဝမ်းပြည့်–ဝမ်းနာ ဖြစ်ပြီးကာ ရောဂါစွဲလို့ကပ်။
၁၀။ ထိုဓာတ်လေးပါး ပျက်ပြီငြား ပြငြားယတြာ။
၁၁။ သက်ရောနံ့တင် ဘုရားတွင် ဖူးမြင်လှူဒါန်းရာ။
၁၂။ လဲရေမီးယပ် ထိုသည်ဓာတ် ယူမှတ်စဉ်တိုင်းသာ။
၁၃။ ကပ်လေလှူလေ ပူဇော်လေ ဒုက္ခဘေးကင်းရာ။

**ပုည ဇီဝ ကမ္မ တွက်နည်း**

အသက်တည်ငြား သုံးဘော်ထား ထက်ကားသုံးဘော် လယ်မျှော်ပဥ္စ အောက်နဝ မြှောက်ဆဆယ့်နှစ်စား။

၁။ ထက်သုံးပုည လယ်ဇီဝ အောက်မှာ ကမ္မထား။
၂။ ပုညသုဉ်းက ရပ်တေဇ ထောက်မညောင်ပင်အား။
၃။ ဇီဝသုဉ်းလတ် အာယုရပ် လွှတ်အပ်ပုဇွန်ငါး။
၄။ ကမ္မသုဉ်းလာ ပရိဝါ လှူပါကိုယ်ချိန်ထား။

## ကမ္ဘကွယ တွက်နည်း

ကောဇာတည်ထား အသက်စား ရဗြားလဒ်မှာ သက်မြှောက်
ပါ ထပ်ကာဆယ့်နှစ်စားလေကြ။
၁။ တစ်နှစ်ကြွင်းမူ ထိုသည့်သူ မှတ်ယူကမ္ဘကွယ။
၂။ သုံးလေးငါးတန် အကြွင်းကျန် ခေါ်ရန်ပဇ္ဈေဒက။
၃။ ခြောက် ခွန် ရှစ်ခု အကြွင်းမူ ဥပပီဠက။
၄။ ကိုးနှင့် တစ်ဆယ် ဆယ့်တစ်ဝယ် မှတ်ဖွယ် အာယုကွယ
၅။ ပီဠကမှာ မထောင်းတာ သုံးဖြာအကျ စိုးရိမ်ရ။

## ၇–နေ့ ဖဝါးယူနည်း

၁။ တနင်္ဂနွေ ဆယ်ဖဝါးရေ ဆောင်လေမှုကိစ္စ။
၂။ ငါးဖဝါး တနင်္လာ ရှစ်ဖဝါးမှာ အင်္ဂါနေ့ဘောမ။
၃။ ဗုဒ္ဓလေးဖဝါး သုံးဖဝါးနေ့ကား ဂုရုမှ။
၄။ ဆယ့်နှစ်သောကြာ စနေမှာ ကိုးဖြာဖဝါးပြ။
၅။ ဆိုခဲ့ချိန်တွင် ပြုဆောင်လျှင် အောင်မြင်မှုကိစ္စ။

## လူ နတ် ဘီလူး နက္ခတ်ရွေးနည်း

၁။ ဖွားကာမတ်မတ် ထည့်နက္ခတ် တည်လတ်ပါကြကုန်။
၂။ သုံးခုဖြို့ခွင်း ထိုအကြွင်း မှတ်ခြင်းသညာပြု။
၃။ တစ်ကိုနတ်ယူ နှစ်မှာလူ သုံးမှာဘီလူးရ။
၄။ လူသားသူချင်း ထိမ်းမြားလျှင်း ချစ်ခြင်းမေတ္တာမျှ။
၅။ လူနှင့်နတ်မှာ လွန်ချမ်းသာ ကြည်စွာအေးမြမြ။
၆။ ဘီလူးနှင့်လူ ထိမ်းမြားမူ အတူမနေရ။
၇။ ဘီလူးနှင့်နတ် ထိမ်းမြားလတ် ကောင်းမြတ်ရန်မျိုးပ။
၈။ ဘီလူးချင်းချင်း ထိမ်းမြားလျှင် သတင်းတောဇောကြွ။



## ၁၂–လ သန်ကောင် နက္ခတ်ရွေးနည်း

၁။ တန်ကူးမာသ စိတြ ယှဉ်ထမှက်ပိုင်းခြား။
၂။ ဝိသာခါကြုံ လ ကဆုန်၊ နယုန်ဇေဋ္ဌဗြား။
၃။ ဝါဆိုတစ်ဖန် ပြုဗ္ဗာသဠ် အမှန်ယှဉ်လျက်သွား။
၄။ သရဝဏ်ဝါခေါင် လဠ်ဆောင် လူ့ဘောင်မြဲမှတ်ထား။
၅။ သတ္တဘိသျှကြယ်မင်း တော်သလင်း မယွင်းနှလုံးထား။
၆။ အဿဝဏီတူလွှတ် သီတင်းကျွတ် မချွတ်ပျောက်ဖွယ်များ။
၇။ တန်ဆောင်မုန်းမှာ ကြတ္တိကာ မှတ်ပါလူအများ။
၈။ နတ်တော်မုန်ပြီ မိဂသီ မိုးဆီလွန်ထင်ရှား။
၉။ ပြာထိုဖုသျှ နက္ခတ္တ ထွန်းပစက်ရထား။
၁၀။ မာဃမလွဲ တပို့တွဲ ယှဉ်မြဲအာဇာဖျား။
၁၁။ တပေါင်းပြုဗ္ဗ ဘရဂုဏ္ဏီ လနှင့်ညီ သိဂီရွှေအလား။
၁၂။ ထိုကြယ်တိုလ ပြည့်ဝန်းပ တည့်မှန်သန်ကောင်ဗြား။

## ကိတ္တဂုရက် အဟော

ရဝိ–ကော၊ စတု–စန္ဒရာ၊ ဘုမ္မော–အဋ္ဌ၊ ဗုဒ္ဓ–နဝ၊ ဂုရု–ပဉ္စ၊ တြိယော–သောကြာ၊ သောရီ–အဋ္ဌ၊ ကိတ္တဂုတ်–ပဝုစ္စတိ၊ ဖြပ္ပာနုံပိ နဇီဝတိ။

**ရဝိ**–တနင်္ဂနွေသည်၊ **ကော**–လစန်း(၁)ရက်၊ လဆုတ်(၁)ရက်။
**စန္ဒရာ**–တနင်္လာသည်၊ **စတု**–လဆန်း(၄)ရက်၊ လဆုတ်(၄)ရက်။
**ဘုမ္မော**–အင်္ဂါသည်၊ **အဋ္ဌ**–လဆန်း(၈)ရက်၊ လဆုတ်(၈)ရက်။
**ဗုဒ္ဓ**–ဗုဒ္ဓဟူးသည်၊ **နဝ**–လဆန်း(၉)ရက်၊ လဆုတ်(၉)ရက်။
**ဂုရု**–ကြာသပတေးသည်၊ **ပဉ္စ**–လဆန်း(၅)ရက်၊လဆုတ်(၅)ရက်။

**သောကြာ**-သောကြာသည် **တြိယော**လဆန်း(၃)ရက်၊လဆုတ်(၃)ရက်။ **သောရီ**-စနေသည်၊ **အဋ္ဌ**-လဆန်း(၈)ရက်၊ လဆုတ်(၈)ရက်။

ဣတိ-ဤသို့။ ဣမေ-ဤသည်တို့ကား။ ကိတ္တဂူတိ-ကိတ္တဂူရက် ဟူ၍။ ပဝုစ္စတိ-ဆိုအပ်၏။ ဖြပဉ္စာနံဝိ-ဖြပဉ္စာမင်းတို့အားသော်လည်း။ နဇီဝတိ-အသက်မရှင်ရာ။

**မှာထားချက်**- အထက်ပါနေ့ရက်များတွင် မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ခြင်းမပြုရာ၊ မပြုကောင်းသော ကိတ္တဂူရက်များ ဖြစ်ပေသည်။

## အဓိပ္ပာယ်ကောက်ချက်

| | |
|---|---|
| မည်သည့်လဌ္ဌမဆို | ။ လဆန်း(၁)ရက်၊ လဆုတ်(၁)ရက် တနင်္ဂနွေကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၄)ရက်၊ လဆုတ်(၄)ရက် တနင်္လာကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၈)ရက်၊ လဆုတ်(၈)ရက် အင်္ဂါကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၉)ရက်၊ လဆုတ်(၉)ရက် ဗုဒ္ဓဟူးကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၅)ရက်၊ လဆုတ်(၅)ရက် ကြာသပတေးကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၃)ရက်၊ လဆုတ်(၃)ရက် သောကြာကျမှ ကိတ္တဂူရက်။ |
| ။ | ။ လဆန်း(၈)ရက်၊ လဆုတ်(၈)ရက် စနေကျမှ ကိတ္တဂူရက်။ |



## ဘုမ္မိ သင်္ချိုင်းရပ် အဟော

| | |
|---|---|
| တနင်္ဂနွေသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | တောင်အရပ်။ |
| တနင်္လာသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | အနောက်တောင်ထောင့်အရပ်။ |
| အင်္ဂါသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | အနောက်အရပ်။ |
| ဗုဒ္ဓဟူးသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | အနောက်မြောက်ထောင့်အရပ်။ |
| ကြာသပတေးသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | အရှေ့မြောက်ထောင့်အရပ်။ |
| သောကြာသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | အရှေ့တောင်ထောင့်အရပ်။ |
| စနေသားသမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ | မြောက်အရပ်။ |

## ဘုမ္မိရပ်နိုက် အဟော

မိမိတို့နှင့် သက်ဆိုင်သော ဘုမ္မိသင်္ချိုင်းအရပ်သို့ မျက်နှာပြု၍ ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦတို့၌ အမြဲမနေကောင်း။

ဥစ္စာ ပစ္စည်း၊ သိုမှီးရာဂိုဒေါင်၊ ကျီ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားထားသော အဆောက်အအုံများ၊ အရောင်းအဝယ်ပြုလုပ်သော ဆိုင်နေရာ၊ အလုပ်တိုက်မှစ၍ ဘုမ္မိကျသောအရပ်၌ မဆောက်လုပ်ကောင်း။

ငှင်းအပြင် အလှူအတန်းပြုလုပ်ရာ၌လည်း ဘုမ္မိကျသော အရပ်သို့ ပြုလုပ်နိုင်သော်လည်း အမြဲထာဝရ အခိုင်အမာဖြစ်သော ကျောင်း၊ ဘုရား၊ ရေကန်၊ ရေတွင်း စသည်များကို ဘုမ္မိအရပ်၌ မပြုအပ်၊ ကုသိုလ်ရသော်လည်း အထိအခိုက်ရှိတတ်သည်။

ထိုဘုမ္မိအရပ်များကို အမှိုက်၊ အိမ်သာ–စသည့် အညစ်အကြေးများ၊ စွန့်ပစ်ရာအရပ်မျှလောက်သာ အသုံးပြုလေ့ရှိသည်။

### နေ့စွဲ ရှောင်ကြဉ်ရန် အဟော

လောကီလူများ၊ အမျိုးသားတို့၊ တိုးပွားပညာ၊ ရှိစေဌာဖြင့်၊ လက်ာချိမြဲ၊ စီကုံးပြုအံ့၊ မှတ်ကြကုန်ပါ၊ တိကြာဟု၊ မှန်စွာမယွင်း၊ တနင်္ဂနွေ၊ နေ့၌ပေကား၊ မှတ်သားမချွတ်၊ ဝတ်ရာပုဆိုး၊ ဝယ်ကျိုးမရှိ၊ ချုပ်သည့်အရာ၊ ရှောင်ကောင်းရာ၏။ စဉ်လာထိုနောက်၊ ရောက်လေစန္ဒြ၊ အသဟတ္တိ၊ သက်ရှိသတ္တဝါ၊ မသိမ်းရာတည့်။ အင်္ဂါနေ့တွင် သစ်လျှင်ရှောင်းချ၊ ရှောင်ကြကုန်ရာ၊ နေ့ဗုဒ္ဓါကား၊ ဥစ္စာငွေကြေး၊ပေးသူတစ်ပါး၊ရှောင်ရှားပေသင့်၊ ထုတ်ဆင့်တစ်လီ၊ ကျီမှာစပါး၊ မသွင်းငြားနှင့်။ တခြားသောကြာ၊ နေ့၌မှာကား၊ ရောင်းရာဝယ်ထွေ၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ ရှောင်အပ်စွာဟု၊ ဆရာအများ၊ အမှာထား၍၊ ရှောင်ရန်၊ ဆောင်ရန် အကြောင်းတည်း။

**ရှင်းလင်းချက်–**

| | |
|---|---|
| တနင်္ဂနွေနေ့တွင်– | အရောင်းအဝယ် မလုပ်ရ၊ အဝတ်အစား မချုပ်ရ။ |
| တနင်္လာနေ့တွင်– | ဆင်၊ မြင်းမှစ၍ သ[illegible]ရှိသတ္တဝါများ မဝယ်ရ။ |



| | |
|---|---|
| အင်္ဂါနေ့တွင်– | သစ်အရောင်းအဝယ် မလုပ်ရ။ |
| ဗုဒ္ဓဟူးနေ့တွင်– | ပစ္စည်းဥစ္စာ ရွှေငွေ သူတစ်ပါးထံ အပ်မထားရ၊ စပါးကျီမသွင်းရ။ |
| ကြာသပတေးနေ့တွင်– | မည်သည့်အလုပ်ကိစ္စမဆို လုပ်ကိုင်ပါ။ |
| သောကြာနေ့တွင်– | ရွှေ ငွေ စိန်ကျောက် အရောင်းအဝယ် မလုပ်ရ။ |
| စနေနေ့တွင်– | အလုပ်ဟူသမျှ လုပ်လိုရာ လုပ်ပါ၊ အောင်မြင်မည်။ |

### မူလသက်ပိုင်း နေ့စွဲ အဟောလင်္ကာ

**တနင်္ဂနွေနေ့စွဲအဟော**

တနင်္ဂနွေဖွား၊ ယောကျ်ားမိန်းမ၊ မှတ်ကြစေချင်၊ မိခင်ဝမ်းမှ၊ ဖွားစတစ်နှစ်၊ ရောက်လစ်သည့်ခါ၊ ခြေမှာနာစစ်၊ နှစ်ဆယ်နှစ်သို့၊ ရောက်လစ်သော်မူ၊ သူ့အိမ်ရာနေ၊ ပြစ်မှားချေလိမ့်၊ မှတ်လေတစ်မျိုး၊ နှစ်ဆယ့်ကိုးနှစ်၊ ဖြစ်သည့်ဘေးဒဏ်၊ သင့်တုံပြန်ထွေ၊ လေးခုခြေကြောင့်၊ စိုးနှောင့်မဲ့ဖြစ်၊ လေးဆယ့်နှစ်မှာ၊ ချမ်းသာစည်းစိမ်၊ မတိမ်လေငြား၊ လေးဆယ့်ငါးနှစ်၊ ဖြစ်သည့်ရောဂါ၊ သေရှာအောင်လောက်၊ ခြောက်ဆယ်ခြောက်မူ၊ ပျောက်အံ့ခန္ဓာ၊ ကိုယ်နှင့်ကွာမူ၊ လုံ့လပြုလေ၊ ကျော်ပေသည့်ကံ၊ လွတ်ပြန်တစ်ဆစ်၊ ကိုးဆယ်နှစ်သည်၊ ပစ်စွန့်ခန္ဓာ၊ မလွဲတည်း။

**တနင်္လာနေ့စွဲအဟော**

တနင်္လာဖွား၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတိုင်မြောက်၊ ကိုးနှစ်ရောက်ခါ၊ ဖျားနာလှတယ်၊ မှတ်ဖို့တုံလစ်၊ တစ်ဆယ့်နှစ်သည်၊ ဖြစ်သည့်စည်းစိမ်၊ မကိမ်မကော၊ ကျော်စော

နာမ၊ အမည်ရ၏၊ ထိုကတစ်ထုံး၊ နှစ်ဆယ့်သုံးနှစ်၊ ရောက်သည့်ဖြစ်မူ၊ တွေ့လစ်ကိုယ်မှာ၊ ချည်နှောင်ကာတည့်၊ ခံရဘိသေး၊ နှစ်ဆယ့်လေးက၊ စ၍ငြိမ်းစစ်၊ လေးဆယ်တစ်သို့၊ တိုင်လစ်သောခါ၊ မကောင်းစွာဘိ၊ တစ်ဖြာမှတ်ရိုး၊ ခြောက်ဆယ်ကိုးနှစ်၊ တိုင်ပြန်လစ်က၊ စင်စစ်ချမ်းသာ၊ ရတနာရွှေငွေ၊ တိုးပွားလေအံ့၊ မသွေဟောမူ၊ အာယုရှစ်ဆယ်၊ နေဖွယ်အကြောင်း၊ ခန္ဓာပြောင်းလိမ့်၊ မူဟောင်းဗေဒင် အဟောတည်း။

**အင်္ဂါနေ့ဖွဲ့အဟော**

အင်္ဂါသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလစ်၊ ရှစ်နှစ်ရောက်ခါ၊ ဖျားနာဥပဒ်၊ ကပ်ရောက်တတ်ပေ၊ မသွေစစ်စစ်၊ ဆယ့်ငါးနှစ်က၊ စ၍စီးပွား၊ ငါးဆယ့်ငါးနှစ်၊ ဖြစ်သည့်ချမ်းသာ၊ မကွာစည်းစိမ်၊ ကြိမ်၍ဖြိုးမောက်၊ နှစ်ဆယ့်ခြောက်ကား၊ သုံးဆယ့်ငါးမှာ၊ ကိုယ်သာတစ်၊ နာဘိမိဘ၊ ဖြစ်တဘ်စွာမြောက်၊ သုံးဆယ့်ခြောက်က၊ စ၍ငြိမ်းအေး၊ ငါးဆယ့်လေးနှစ်၊ ဖြစ်သည့်ဥစ္စာ၊ ရတနာမသွေ၊ ရွှေငွေတိုးပွား၊ မှတ်သားထို့နောက်၊ ခြောက်ဆယ့်ခြောက်တွင်၊ ဖြစ်ချင်အနာ၊ ရောဂါဖိစီး၊ အနာကြီး၍၊ သေနီးဘ၀၊ တွေ့ကြုံရအံ့၊ ထိုကမသေ၊ အသက်ရှည်သော်၊ လူ့ပြေဘ၀၊ သတ္တသတ္တာ၊ သချ်ာရောက်လစ်၊ ခန္ဓာပစ်အံ့၊ မှန်လစ်သေချာ အဟောတည်း။

**ဗုဒ္ဓဟူးနေ့ဖွဲ့အဟော**

ဗုဒ္ဓဟူးသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထရောက်လစ်၊ ဆယ့်နှစ်နှစ်တွင်၊ သချ်ာရောက်က၊ ဟောထအမှန်၊ ဆံမှာကျွက်အောင်၊ ပူလောင်ဖြဖြ၊ နာတုံကြ၍၊ နှစ်ဆယ့်နှစ်က၊



စ၍တက်တုန်း၊ သုံးဆယ့်သုံးမှာ၊ မကွာစည်းစိမ်၊ ရိပ်ငြိမ်ကြည်အေး၊ သုံးဆယ့်လေးနှစ်၊ ဖြစ်သည်စင်မြောက်၊ သုံးဆယ့်ခြောက်တွင်၊ ရောက်သည်ဥပါဒ် ကွေကွင်းတတ်၏၊ တစ်ရပ်ပိုင်းခြား၊ လေးဆယ့်ငါးနှစ်၊ ဖြစ်သည့်ချမ်းသာ၊ ငြိမ်းတို့ပါသား၊ ငါးဆယ့်ငါးမှ၊ တရားတဘောင်၊ ချည်နှောင်တွေ့လတ်၊ ဖြစ်ဘိတတ်၏၊ တစ်ရပ်ထို့နောက်၊ ခြောက်ဆယ့်ခြောက်မှာ၊ ခန္ဓာရွှေ့လောက်၊ ရောက်သည့်ရောဂါ၊ ရှိတို့ပါလျက်၊ တက်သည်ယင်းက၊ ကျော်ထလွန်လစ်၊ နှစ်ခုနှစ်ဆယ်၊ ရှစ်ခွန်းဝယ်တွင်၊ စွန့်ကွယ်ခန္ဓာ၊ ပြောင်းသွားပါလိမ့်၊ မှန်စွာဟောပုံ–မယွင်းတည်း။

**ကြာသပတေးနေ့ဖွဲ့အဟော**

ကြာသပတေးသား၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထသုံးနှစ်၊ ရောက်တုံလစ်သော်၊ ဖြစ်သည့်ရောဂါ၊ ခွေးကိုက်ပါလစ်၊ ရှစ်နှစ်ရောက်လျှင်၊ ရေတွင်တစ်ဖန်၊ မွန်းပြန်လည်းနှစ်၊ နှစ်ဆယ့်နှစ်တွင်၊ မြင်းထက်တွင်မှ၊ ကျတို့ပါလစ်၊ စင်စစ်မသွေ၊ မှတ်လေနှစ်ဆယ့်သုံးနှစ်၊ ဖြစ်သည့်ဥပဒ်၊ မှတ်လော့မယွင်း၊ ခင်ပွန်းသွင်ကြောင့်၊ မူရောက်ပူဆာ၊ ကိုယ်မှာတုပ်နှောင်၊ မရှောင်တို့သာ၊ ခံရပါထုံး၊ သုံးဆယ့်သုံးနှစ်၊ ဖြစ်သည့်သုခ၊ ချမ်းသာရမြောက်၊ သုံးဆယ့်ခြောက်မှာ၊ ဝမ်းကိုသာတည့်၊ ပေးဘိအနာ၊ မကွာမှတ်ထုံး၊ ငါးဆယ့်သုံးမှာ၊ ဖြစ်လာစည်းစိမ်၊ မတိမ်လေငြား၊ ငါးဆယ့်ငါးမူ၊ ဘေးရန်ထူထပ်၊ ရောက်တတ်မသွေ၊ ရှောင်တုံလေငြား၊ ငါးဆယ့်ခုနစ်၊ စင်စစ်အထိ၊ သတိပြုလေ၊ မှတ်ထွေသင့်လျော်၊ ထိုကသော်လျှင်၊ ပေါ်ခြောက်ဆယ့်ခွန်၊ နှစ်အလွန်တွင်၊ လူ့ခွင်မရှာ၊ ပြောင်းလွဲရလိမ့်၊ ဟောထပုံသေ–မလွဲတည်း။

**သောကြာနေ့ဖွဲ့အဟော**

သောကြာသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလှစ်၊ နှစ်ဆယ့်တစ်တည့်၊ ရောက်လစ်သောခါ၊ ဗိယာသဟာ၊ များလှလှချစ်၊ နှစ်ဆယ့်နှစ်လည်း၊ ဖြစ်သည့်ရောဂါ၊ ကိုယ်မှာတုပ်နှောင်၊ ရှောင်ပါတုံလစ်၊ စင်စစ်မှတ်ဖွဲ့၊ နှစ်ဆယ့်ခုနစ်၊ သက်စစ်ရောက်ခါ၊ ချမ်းသာစီးပွား၊ ကျွဲ–နွားခြွေရွေ၊ ရွှေငွေဉစ္စာ၊ တိုးတက်ပါအံ့၊ မကွာမှတ်ရေး၊ လေးဆယ့်လေးမှာ၊ မှတ်ပါတစ်ထွေ၊ လေးခုခြေကြောင့်၊ နှောင့်ယှက်မှုများ၊ ဖြစ်တတ်ငြားဘိ၊ ငါးဆယ်ရှိတွင်၊ ပူပင်သောက၊ ကြေးငွေကျအံ့၊ ထိုကမ္ဘားလစ်၊ ငါးဆယ့်နှစ်တွင်၊ ဖြစ်သည့်စည်းစိမ်၊ တစ်ကြိမ်တည်းရ၊ ဘေးဘယကား၊ ပါဒခြေလက်၊ မှုပျက်အရေး၊ ရောဂါပေးမည်၊ တစ်လီမှတ်ထုံး၊ ခြောက်ဆယ့်သုံးဝင်၊ ဘေးလျှင်ကြီးစွာ၊ တွေ့ဖို့ရာ၏၊ မှန်စွာရေးထုံး၊ သုံးစွန်းသတ္တ၊ သက်ကျအရွယ်၊ ခန္ဓာကွယ်လိမ့်၊ မှတ်ဖွယ်ဗေဒင်–အဟောတည်း။

**စနေနေ့ဖွဲ့ အဟော**

စနေသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလစ်၊ တစ်ဆယ့်နှစ်သော်၊ မြင်မြော်မီဘ၊ ကွေကွင်းရလစ်၊ ဆယ့်ငါးနှစ်မှာ၊ ရောဂါဘယ၊ ဖြစ်ထစင်စစ်၊ နှစ်ဆယ့်နှစ်လည်း၊ ရောက်လစ်မကွာ၊ ချမ်းသာတစ်ကြိမ်၊ ငြိမ်းတို့ပါလွယ်၊ သုံးဆယ်ပြည့်ငြား၊ ချောက်ချားတတ်လစ်၊ သုံးဆယ့်တစ်တွင်၊ ဖြစ်သည့်ရောဂါ၊ ဘေးကြီးစွာတည့်၊ မှတ်ပါတစ်ရေး၊ လေးဆယ့်တစ်လည်း၊ ချစ်သူအများ၊ လွန်ထင်ရှားလစ်၊ ခြောက်ဆယ့်နှစ်သို့၊ တိုင်လစ်ရောက်ဘိ၊ ရှိသည့်ချမ်းသာ၊ ခံရပါလိမ့်၊ မှတ်ပါစင်စစ်၊



ခြောက်ဆယ့်ရှစ်သို့၊ တိုင်လှစ်သောခါ၊ ခန္ဓာဘေးကြီး၊ ပျက်စီးလောက်ပေ၊ ဖြစ်ရချေ၏၊ တက်လေသည်က၊ လွန်ပြန်ရလစ်၊ **ရှစ်ဆယ့်နှစ်သည်၊ ပစ်အံ့ခန္ဓာ–မလွဲတည်း။**

**ရာဟုနေ့ဖွဲ့ အဟော**

ရာဟုသားတို့၊ မှတ်ငြားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလစ်၊ ခုနစ်နှင့်မှာ၊ ဖွားနာခြေလက်၊ ဆွဲမြဲဘကိုး၊ ရှင်နှစ်သားတွင်၊ တွေ့မြင်ချမ်းသာ၊ ခံရပါလိမ့်၊ တစ်ဖြာဖွားလစ်၊ ဆယ့်တစ်နှစ်တွင်၊ မြင်၏ချမ်းသာ၊ တစ်ဖြာစင်စစ်၊ ဆယ့်ခုနစ်၌၊ ဖြစ်သည်ဥပဒ်၊ ကပ်ရောက်တတ်၏၊ မှတ်လေစင်စစ်၊ သုံးဆယ့်ခုနစ်မှာ၊ မကွာစည်းစိမ်၊ ချမ်းသာငြိမ်၍၊ တစ်ကြိမ်သုံးဆယ့်ရှစ်၊ ဖြစ်သည့်ဘေးဒဏ်၊ ခံရတုံမျိုး၊ သုံးဆယ့်ကိုးက၊ စ၍ခြောက်ဆယ်၊ ချမ်းသာကွယ်သည်၊ ဖြစ်ဘိမှန်စွာ၊ မချွတ်ရာလစ်၊ ရှစ်ဆယ့်ခွန်မှာ မရဏာကိန်းကျ၊ ဟောပုံပြသည်–ပျောက်ပခန္ဓာ လဲပြောင်းတည်း။

# အပိုင်း (၂)

# နေ့ရက်ရွေးနည်းအသီးသီး

## ပြဿဒါးရက်ရွေးနည်း (ရှောင်)

တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ တို့မှာ–
စနေ နှင့် ကြာသပတေး။

ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ တို့မှာ–
ဗုဒ္ဓဟူး နှင့် သောကြာ။

နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ တို့မှာ–
တနင်္ဂနွေ နှင့် တနင်္လာ။

ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ တို့မှာ–
အင်္ဂါ နှင့် ရာဟု။

## တစ်နည်းပြဿဒါးရက်ရွေးနည်း

တမာ၊ သက်ရင်း၊ အင်ကြင်း၊ ဆူးရစ်၊ တန်ခူးလမှစ၍ တစ်လ(၂)လုံးကျရေလေ (ပြဿဒါးရက်ရွေးနည်း)

## တစ်နည်းပြဿဒါးရက်ရွေးနည်းလင်္ကာ

၁။ တန်ခူး၊ ဝါခေါင်၊ တိမ်တောင်ထွန်းပေါ်၊ လနတ်တော် မလျှော့မြွေနှင့်ကြွက်၊ မြွေမှာစနေ၊ ကြွက်မှာကြာသပတေး။

၂။ ကဆုန်၊ တော်သလင်း၊ ပြာသိုသွင်း၊ စွယ်ရင်းဖြူစင်၊ ပူးနှင့်ဆင်၊ ဆင်မှာဗုဒ္ဓဟူး၊ ပူးမှာသောကြာ။

၃။ နယုန်ဝါကျွတ်၊ နှင်းစွတ်စိုရွှဲ၊ တပို့တွဲ၊ ပျံဝဲတောင်ဟုန်၊ ဂဠုန်ကျားကိုရှောင်၊ ဂဠုန်တနင်္ဂနွေ၊ ကျားတနင်္လာ။



၄။ ဝါဆို၊ တန်ဆောင်မုန်း၊ ပူတုံးချမ်းပြောင်း၊ လတပေါင်း၊ မကောင်းခြင်္သေ့၊ ဟိုင်းကိုရှောင်၊ ခြင်္သေ့အင်္ဂါ၊ ဟိုင်းမှာရာဟု။

## ရက်ရာဇာရွေးနည်း (ဆောင်)

| | | |
|---|---|---|
| ၁။ တန်ခူးလ | = | သောကြာ၊ တနင်္လာ၊ ဗုဒ္ဓဟူး။ |
| ၂။ ကဆုန်လ | = | စနေ၊ ကြာသပတေး။ |
| ၃။ နယုန်လ | = | အင်္ဂါ။ |
| ၄။ ဝါဆိုလ | = | တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ |
| ၅။ ဝါခေါင်လ | = | သောကြာ၊ ဗုဒ္ဓဟူး။ |
| ၆။ တော်သလင်းလ | = | ကြာသပတေး၊ စနေ။ |
| ၇။ သီတင်းကျွတ်လ | = | အင်္ဂါ။ |
| ၈။ တန်ဆောင်မုန်းလ | = | သောကြာ၊ ဗုဒ္ဓဟူး။ |
| ၉။ နတ်တော်လ | = | သောကြာ၊ ဗုဒ္ဓဟူး။ |
| ၁၀။ ပြာသိုလ | = | ကြာသပတေး၊ စနေ။ |
| ၁၁။ တပို့တွဲလ | = | အင်္ဂါ၊ ကြာသပတေး။ |
| ၁၂။ တပေါင်းလ | = | စနေ၊ ဗုဒ္ဓဟူး။ |

## ရက်ရာဇာရွေးနည်း လင်္ကာ

တန်ခူး၊ ကျော်၊ သာ, လှ၊ ထွန်း,ပ၊ ကဆုန်၊ **နယုန်** ညွန့်,စ၊ အောင်,လှ ဝါဆို၊ သာ,လို့ ဝါခေါင်၊ မြတ်, တောင်, တော်သလင်း၊သီတင်းကျွတ်ဆီ၊ သော,ရီ,တန်ဆောင်မုန်း၊ သံ, လုံး,နတ်တော်၊ မ,နော်၊ ပြာသို၊ မိ,ညို တပို့တွဲ၊ ထဲ,ဝင်,တပေါင်း၊ **အလွန်ကောင်းသည်၊** ရက်ကောင်းရာဇ ရာဇာတည်း။

## ဝါရမိတ္တု ရက်ငယ်ရွေးနည်း(ရှောင်)

မည်သည့်လမဆို လဆန်း-လဆုတ် ၆ ရက်၊ စနေ။
။ ။ ၇ ရက်၊ သောကြာ။
။ ။ ၈ ရက်၊ ကြာသပတေး။
။ ။ ၉ ရက်၊ ဗုဒ္ဓဟူး။
။ ။ ၁၀ ရက်၊ အင်္ဂါ။
။ ။ ၁၁ ရက်၊ တနင်္လာ။
။ ။ ၁၂ ရက်၊ တနင်္ဂနွေ။

## ဝါရမိတ္တု ရက်ငယ်ရွေးနည်းလင်္ကာ

တ, သက်, ပန်, လုံး, စောင့်, အုံး, အဆုံး, ဒွါဒသ။
စဉ်ရေ၊ စနေအစ၊ ဆန်းကျော်ခြောက်ရက်က။

**မှတ်ရန်။** ။ရက်နှင့် နေ့ပေါင်းလျှင် (၁၃)ဖြစ်ပါက ဝါရမိတ္တု ရက်ငယ်ဟု မှတ်ပါ။

## ဝါရမိတ္တု ရက်ကြီးရွေးနည်း(ရှောင်)

လဆန်း-လဆုတ် ၁ ရက်၊ တနင်္ဂနွေ။
။ ၄ ရက်၊ တနင်္လာ။
။ ၈ ရက်၊ အင်္ဂါ။
။ ၉ ရက်၊ ဗုဒ္ဓဟူး။
။ ၆ ရက်၊ ကြာသပတေး။
။ ၇ ရက်၊ စနေ
။ ၃ ရက်၊ သောကြာ။



## အမြိတ္တစုတ်ရက်ရွေးနည်း (ဆောင်)

မည်သည့်လမဆို လဆန်း-လဆုတ် ၁ ရက်၊ သောကြာ
။ ။ ၂ ရက်၊ ဗုဒ္ဓဟူး။
။ ။ ၃ ရက်၊ တနင်္လာ။
။ ။ ၄ ရက်၊ ကြာသပတေး။
။ ။ ၅ ရက်၊ စနေ။
။ ။ ၇ ရက်၊ အင်္ဂါ။
။ ။ ၈ ရက်၊ တနင်္ဂနွေ။

## အမြိတ္တစုတ်ရက်ရွေးနည်းလင်္ကာ

သ, ရက်, ကံ, မှာ, တ, ည, အိပ်၊ ခြောက်ကိုပစ်၍ ခွန်ကို ယူ။

## နဂါးလှည့်ရွေးနည်း

၁။ တပေါင်း၊ တန်ခူး၊ ကဆုန်လတို့မှာ-
နဂါးခေါင်း အနောက်တောင်လှည့်၏။
၂။ နယုန်၊ ဝါဆို၊ ဝါခေါင်လတို့မှာ-
နဂါးခေါင်း မြောက်အရပ်သို့လှည့်၏။
၃။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့မှာ-
နဂါးခေါင်း အရှေ့အရပ်လှည့်၏။
၄။ နတ်တော်၊ ပြာသို၊ တပို့တွဲလတို့မှာ-
နဂါးခေါင်း တောင်အရပ် လှည့်၏။

**မှတ်ရန်-** နဂါးခေါင်းလှည့်ရာအရပ်သို့ ခရီးမသွားအပ်။

## နဂါးလှည့်ရွေးနည်းလင်္ကာ

ပေါင်း၊ ရှူး၊ ဆုန်။ နောက်
န၊ ဝါ၊ ဝါ။ မြောက်
တော်၊ ကျွတ်၊ မုန်း။ ရှေ့
နတ်၊ ပြာ၊ တွဲ၊ တောင် အမြဲဆောင် အိုအောင် မှတ်ကွယ် နဂါးလှည့်။

### နဂါးလှည့်နေပုံ ဇယား

| လအမည် | ဦးခေါင်း | ဝမ်းပြင် | ကျောသား | အမြီးဖျား |
|---|---|---|---|---|
| တပေါင်း၊ တန်ခူး၊ ကဆုန် | အနောက် | မြောက် | တောင် | အရှေ့ |
| နယုန်၊ ဝါဆို၊ ဝါခေါင် | မြောက် | အရှေ့ | အနောက် | တောင် |
| တော်သလင်း၊သီတင်းကျွတ် တန်ဆောင်မုန်း | အရှေ့ | တောင် | မြောက် | အနောက် |
| နတ်တော်၊ ပြာသို၊ တပို့တွဲ | တောင် | အနောက် | အရှေ့ | မြောက် |



## နဂါးလှည့်ရွေးနည်း လင်္ကာ (တစ်နည်း)

၁။ တပေါင်းချိန်ကြူးလို့ တန်ခူးတဲ့လရာသီ၊ ကဆုန်ဆို သည်မှာသ၊ သုံးလပြီးပြီ၊ မြင်းမိုဆီ ကျောမှီလှည့်သွား၊ အနောက် ခေါင်းမူလို့၊ အမြီးရှေ့ သူ့ညွှန်း၊ ဝမ်း, တောင်သို့ထား။

၂။ နယုန်တဲ့ ဝါဆို၊ ဝါခေါင်သည်မှာသ၊ သုံးလတစ်ခို၊ ခေါင်းမြောက်မှာသို၊ အမြီးကို တောင်သို့၊ အနောက်မှာ ဝမ်း နေလို့၊ အရှေ့ ကျောရေလှည့်သွားတဲ့အခါမို့။

၃။ တော်သလင်း၊ သီတင်းတဲ့ လတန်ဆောင်၊ နဂါး သည်မှာသ၊ ခေါင်းရှေ့ကထောင်၊ ကျောသားတောင်၊ မြီးခေါင်း အနောက်၊ မြောက်ရှုပ်ဝမ်းနေလို့၊ နတ်ဒေဝေ မြွေနဂါး၊ မြဲသတိ ထား။

၄။ နတ်တော်၊ ပြာသို၊ တပို့တွဲ သုံးလမှာ၊ ဦးခေါင်း တောင်သို့ချီလို့၊ မြီးမြောက်ဆီ ကျောမှီနောက်၊ ဝမ်းပေါက်က ဖြူဗွာ၊ သုံးလကြာ တစ်ခါလှည့်ရိုး၊ စိုက်ပျိုးမြေယာနှင့် မင်္ဂလာ ဆောင်ခင်း၊ ခံတွင်းကို ရှောင်ကြဉ်မှ၊ ပြစ်မတင် ချမ်းသာရမယ်၊ လောကစကား။

## နဂါးလှည့်ရွေးလင်္ကာ (တစ်နည်း)

အာဒိကပ္ပ၊ ကမ္ဘာစဉ်၊ ဖြပ္ပဘ္ဘာထိမ်းမှတ်၊ ဝေရဋ္ဌဟု ရေနတ် ဦးခေါင်းတော်။ တပေါင်းရွှက်ကြွေ၊ တန်ခူးနွေနှင့် ညောင်ရေ အမွှန်၊ မင်းလွင်မှုန်သည်၊ ကဆုန် လသုံးဖော်၌။ ။ အနောက် ခေါင်းမော်၊ ဝမ်းကားမြောက်၊ တောင်ကိုကျောထား၊ ညွှန့်သာ သားသည်၊ မြီးဖျားအရှေ့ရောက်၏။

ပန္နက်ဖြိုးဖြောက် မိုးရာသီ၊ နယုန် ဝါဆို၊ ဝါခေါင်ကိုမှူ၊ မြင့်မိုရ်မြောက်စောင်း၊ လှည့်ဦးခေါင်းသည်၊ မြီးညောင်းတောင်သို့ ချိုရှင့်။ ။ **အနောက်ကျော**မှီ၊ ဝမ်းအရှေ့၊ မျက်စောင်းစက်ရှိန်၊ ဝင်း**ဝင်းထိန်သည်**၊ နာဂိန်နေ မလေ့တည့်။

**သုံးလနေက**၊ ရွှေ့မြဲပင်၊ ယင်းမာကြိုင်သင်း၊ တော်သလင်းနှင့်၊ **သီတင်းကျွ**တ်စ၊ တန်ဆောင်လဟု၊ မာသသုံးပါးတွင်ကား ဦးခေါင်းရှေ့တွင်၊ မြောက်ကိုကျော၊ အမြီးအနောက်၊ ဝမ်းတောင် ရောက်သည်၊ မဖောက်မှန် သဘောဖြင့်။

သဇင်နှော၍၊ တောလုံးကြိုင်၊ နတ်တော်ပြာသို၊ နမျိုးပေါက်လဲ၊ တပို့တွဲဟု၊ ဆောင်းခဲနှင်းစတိုင်သော်၊ ရေနတ်ဘုန်းလှိုင်၊ ဥပပတ် ဦးခေါင်းရေတနာ၊ တောင်သို့သာသည်၊ မြောက်မှာ အမြီးမှတ်လော့။ ။ လောကဓာတ် ကျောကုန်းနေ၊ အနောက် တည့်တည့်၊ ဝမ်းကိုလှည့်သည်၊ ပတ်၏ဆယ့်နှစ်ခွေတည့်။

လေးသွယ်ဗိုလ်ခြေနှစ်လုံးသွင်း၊ ခရီးပြောင်းလွဲ ကောက်ပျိုးကြီးသော်၊ ရှောင်လွှဲအာခံတွင်းသို့။ ။ မဝင်လျှင်းနှင့် လွတ်ကင်းစေ၊ အမြီးကရှောင်၊ ခေါင်းကိုရှောက်အောင်၊ ထုတ်ချောက်မသွားလေနှင့် ဝမ်းကိုမွေ၍ ကျောကဖောက်၊ လာဘ်သပ်ပကာ၊ မိုးသို့ရှာသည်၊ လိုရာပြီးစီးမြောက်လိမ့်။ အိမ်ဆောက်၊ ကျောင်းဆောက်၊ ဘုရားတည်၊ ဦးခေါင်းတသုန်၊ ဖိမ့်ဖိမ့်တုံအောင်၊ ဂဠုန်သုတ်ရမည်တည့်။ ။ ဆဒ္ဒန်ဇာနည် အမြီးဖျား၊ ဝမ်းကို ကြွက်ဆုတ်၊ ကျောကြောင်ခုတ်သည်၊ မယုံတိုနေ့သားကို။ ။ရှာဆောက်ထား၍၊ တူးအပ်စွာ၊ ထိုလေးရပ်တွင်၊ ကြွက်နံ့ရှင်ကို၊ အရင်တူးစေရာ၏။ သဗ္ဗဘယာဝိနသန်း၊ တန်ခိုးကျက်သရေ၊ တက်သစ်နေသို့၊



ဝေဝေလွှန် ပွင့်လန်းလိမ့်၊ လက်ယာတောင်ခန်း၊ ကျွန်းဇမ္ဗူသူတော်တကာ၊ မှတ်စိမ့်ငှာဟု၊ ကဗျာမော်ကွန်းထုသည်။ ပုံ့ကြူ တန်ခိုး၊ နံ့မညှိုးသည်...နတ်မျိုးသရက္ခန်တည့်လေး။

**နဂါးပေါ်ရက်ရွေးနည်း (ရှောင်)**

| | |
|---|---|
| တနင်္ဂနွေ ဆန်းသောလ၌ | လဆန်း ၂ ရက်၊ ၃ ရက်၊ ၁၁ရက်နှင့်၊ လဆုတ် ၉ ရက်၊ နဂါးပေါ်ရက်။ |
| တနင်္လာ ဆန်းသောလ၌ | လဆန်း ၁ ရက်၊ လဆုတ် ၆ ရက်။ |
| အင်္ဂါ ဆန်းသောလ၌ | လဆန်း ၉ ရက်၊ လဆုတ် ၁၀ ရက်။ |
| ဗုဒ္ဓဟူး ဆန်းသောလ၌ | လဆန်း ၂ ရက်၊ လဆန်း ၄ ရက်။ |
| ကြာသပတေး ဆန်းသောလ၌ | လဆန်း ၁၂ ရက်၊ လဆုတ် ၂ ရက်။ |
| သောကြာ ဆန်းသောလ၌ | လဆန်း ၄ ရက် လဆုတ် ၃ ရက်။ |
| စနေ ဆန်းသောလ၌ | လဆန်း ၂ ရက်၊ လဆုတ် ၆ ရက်နေ့သည် ပေါ်နေ့ဖြစ်၍ ရှောင်ရာ၏။ |

**သတိပြုရန်။** ။"ဆန်း" ဆိုသောစကားမှာ လဆန်း(၁)ရက်နေ့တွင် ကျသောနေ့ကို "ဆန်း"သည့်နေ့ဟု ခေါ်သည်။ ဥပမာ လဆန်း(၁)ရက် တနင်္ဂနွေနေ့ကျလျှင် အဲဒီလဟာ တနင်္ဂနွေဆန်းလဟု မှတ်။

## နတ်နေရွေးနည်း

အုန်း၊ သီး၊ ဆက်၊ လာ။ တောင်၊ က၊ ရွာ၊ မှာ။ စနေထောင့်က လက်ယာရစ်ချ။

တနင်္ဂနွေနေ့ — အနောက်တောင်ထောင့်မှာ နတ်နေ၏။
သောကြာနေ့ — အနောက်အရပ်မှာ နတ်နေ၏။
အင်္ဂါနေ့ — အနောက်မြောက်ထောင့်အရစ်မှာနတ်နေ၏။
ဗုဒ္ဓဟူးနေ့ — နံနက်မြောက်အရပ်မှာ နတ်နေ၏။
စနေနေ့ — အရှေ့မြောက်ထောင့်အရပ်မှာ နတ်နေ၏။
တနင်္လာနေ့ — အရှေ့အရပ်မှာ နတ်နေ၏။
ဗုဒ္ဓဟူး မွန်းလွဲ — အရှေ့တောင်ထောင့်အရပ်မှာ နတ်နေ၏။
ကြာသပတေးနေ့ — တောင်အရပ်မှာ နတ်နေ၏။
**သတိပြုရန်**။ ။နတ်နှင့် ရင်ဆိုင်မှာ လာဘ်ရှိသည်။

## လာဘ်နေရွေးနည်း

တနင်္ဂနွေနေ့ — အရှေ့မြောက်ထောင့်အရပ်မှာ လာဘ်ရှိ၏။
သောကြာနေ့ — အရှေ့အရပ် ။
အင်္ဂါနေ့ — အရှေ့တောင်ထောင့်အရပ်မှာ ။
ဗုဒ္ဓဟူးနေ့ — တောင်အရပ်မှာ ။
စနေနေ့ — အနောက်တောင်ထောင့်အရပ်မှာ ။
တနင်္လာနေ့ — အနောက်အရပ်မှာ ။
ကြာသပတေးနေ့ — မြောက်အရပ်မှာ ။
**သတိပြုရန်**— လာဘ်နှင့် ရင်ဆိုင်မှာ နတ်ရှိသည်။

## စက်နေရွေးနည်း

စလင်းမြို့သာ၊ ကျောင်းတည်ရာ၏။ တနင်္ဂနွေထောင့်က လက်ဝဲရစ်ချ။



အင်္ဂါနေ့ — အရှေ့မြောက်အရပ်မှာ စက်နေ၏။
ဗုဒ္ဓဟူးနေ့ — နံနက် မြောက်အရပ် ။
ကြာသပတေးနေ့ — အနောက်မြောက်ထောင့်အရပ်မှာ ။
သောကြာနေ့ — အနောက်အရပ်မှာ ။
တနင်္လာနေ့ — အနောက်တောင်အရပ်မှာ ။
စနေနေ့ — တောင်အရပ်မှာ ။
ဗုဒ္ဓဟူးနေ့မွန်းလွဲ — အရှေ့တောင်အရပ်မှာ ။
တနင်္ဂနွေနေ့ — အရှေ့အရပ်မှာ ။

## သမားညိုရက်ရွေးနည်း (ရှောင်)

| | | | | |
|---|---|---|---|---|
| တန်ခူးလ | = | တနင်္ဂနွေ | စနေ | သမားညို |
| ကဆုန်လ | = | တနင်္လာ | အင်္ဂါ | ။ |
| နယုန် | = | ဗုဒ္ဓဟူး | ကြာသပတေး | ။ |
| ဝါဆိုလ | = | သောကြာ | စနေ | ။ |
| ဝါခေါင်လ | = | တနင်္ဂနွေ | တနင်္လာ | ။ |
| သီတင်းကျွတ်လ | = | ကြာသပတေး | သောကြာ | ။ |
| တန်ဆောင်မုန်းလ | = | စနေ | တနင်္ဂနွေ | ။ |
| နတ်တော်လ | = | စနေ | တနင်္ဂနွေ | ။ |
| ပြာသိုလ | = | တနင်္ဂနွေ | တနင်္လာ | ။ |
| တပို့တွဲလ | = | အင်္ဂါ | ရာဟု | ။ |
| တပေါင်းလ | = | ကြာသပတေး | သောကြာ | ။ |

## သမားညိုရွှက်ရွေးနည်းလက်ာ

ဦးနှဲ၊ ခူဓိ၊ လက်ပန်, သီတင်း၊ အင်ကြင်း၊ ဆူးလေ၊ သပြေ၊ အနမ်း၊ အုန်းထန်းအကုန် စုရုံးပုံသည် ရှောင်တုံသမားညိုနေ့များတည်း။

### သမားဖြူရက်ရွေးနည်း (ရှောင်)

မည်သည့် လဆန်းရက်ဖြစ်စေ၊ လဆုတ်ရက်ဖြစ်စေ။

| | | |
|---|---|---|
| ၁-ရက်နေ့၌ | = | စနေ၊ တနင်္ဂနွေ။ |
| ၂-ရက်နေ့၌ | = | တနင်္ဂနွေ။ |
| ၃-ရက်နေ့၌ | = | သောကြာ၊ ကြာသပတေး။ |
| ၄-ရက်နေ့၌ | = | ကြာသပတေး။ |
| ၅-ရက်နေ့၌ | = | ဗုဒ္ဓဟူး။ |
| ၆-ရက်နေ့၌ | = | တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊စနေ။ |
| ၇-ရက်နေ့၌ | = | သောကြာ။ |

### ရက်ယုတ်မာရွေးနည်း(ရှောင်)

| | | |
|---|---|---|
| တန်ခူးလ၊ ဝါဆိုလ | = | ၆-ရက် |
| ကဆုန်လ၊ တပို့တွဲလတွင် | = | ၄-ရက် |
| နယုန်လ၊ တော်သလင်းလတွင် | = | ၈-ရက်။ |
| ဝါဆိုလ၊ဝါခေါင်လ၊တန်ဆောင်မုန်းလတွင် | = | ၁၀-ရက်။ |
| သီတင်းကျွတ်လ၊ ပြာသိုလတွင် | = | ၁၂-ရက်။ |
| နတ်တော်လ၊ တပေါင်းလတွင် | = | ၂-ရက်။ |

၎င်းနေ့တို့သည် လဆန်းဖြစ်စေ၊ လဆုတ်ဖြစ်စေ မည်သည့် နေ့မဆို ရက်ယုတ်မာဖြစ်သဖြင့် ရှောင်ရာ၏။

### ရှမ်းရက်ရွေးနည်း (ရှောင်)

| | | |
|---|---|---|
| တန်ခူးလ၊ ကဆုန်လ | = | ၈-ရက်။ |
| နယုန်လ၊ ဝါဆိုလ | = | ၂-ရက်။ |
| ဝါခေါင်လ | = | ၉-ရက်။ |
| တော်သလင်းလ၊ သီတင်းကျွတ်လ | = | ၃-ရက်။ |
| တန်ဆောင်မုန်းလ | = | ၅-ရက်။ |
| နတ်တော်လ | = | ၃-ရက်။ |
| ပြာသိုလ၊ တပေါင်းလ | = | ၄-ရက်။ |
| တပို့တွဲလ | = | ၇-ရက်။ |



၎င်းရက်တို့သည် လဆန်း၊ လဆုတ် မည်သည့်ရက်မဆို ရှမ်းရက်ဖြစ်၍ ရှောင်ရာ၏။

### မဟာရက်ကြမ်းရွေးနည်း (ရှောင်)

| | | |
|---|---|---|
| တန်ခူးလ | လဆန်းလဆုတ် | ၅-ရက်။ |
| ကဆုန်လ၊ နယုန်လ | ။ | ၆-ရက်။ |
| ဝါဆိုလ၊ ဝါခေါင်လ | ။ | ၁-ရက်။ |
| တော်သလင်းလ၊ သီတင်းကျွတ်လ | ။ | ၂-ရက်။ |
| တန်ဆောင်မုန်းလ၊ နတ်တော်လ | ။ | ၃-ရက်။ |
| ပြာသိုလ၊ တပို့တွဲလ | ။ | ၄-ရက်။ |
| တပေါင်းလ | ။ | ၅-ရက်။ |

၎င်းရက်တို့သည် မဟာရက်ကြမ်းဖြစ်၍ ရှောင်ရာ၏။

### ရက်ပုပ်များရွေးနည်း (ရှောင်)

| | | |
|---|---|---|
| လဆန်း-လဆုတ် | ၁-ရက်၊ | တနင်္ဂနွေ။ |
| ။ | ၄-ရက်၊ | တနင်္လာ။ |
| ။ | ၆-ရက်၊ | အင်္ဂါ။ |
| ။ | ၉-ရက်၊ | ဗုဒ္ဓဟူး။ |
| ။ | ၈-ရက်၊ | ကြာသပတေး။ |
| ။ | ၇-ရက်၊ | သောကြာ။ |
| ။ | ၈-ရက်၊ | စနေ။ |

## နံနှင့် ဓာတ်ရွေးနည်းဇယား

| မီး | | မြေ | | လေ | | ရေ | |
|---|---|---|---|---|---|---|---|
| တေဇောဓာတ် | | ပထဝီဓာတ် | | ဝါယောဓာတ် | | အာပေါဓာတ် | |
| အ<br>၁–နံ<br>မီးခဲ<br>ဓာတ်ဖို | ဋ္ဌော<br>၀–နံ<br>မီးလျှံ<br>ဓာတ်မ | ဂ<br>၂–နံ<br>မြေရိုးရိုး<br>ဓာတ်ဖို | ဗျော္ဘ<br>၅–နံ<br>ကျောက်မြေ<br>ဓာတ်မ | စ<br>၃–နံ<br>လေပြေ<br>ဓာတ်ဖို | ရေ<br>၈–နံ<br>လေပြင်း<br>ဓာတ်မ | ဝံ<br>၄–နံ<br>ရေ<br>ဓာတ်ဖို | သော<br>၆–နံ<br>ရေခဲ<br>ဓာတ်မ |

**အမှာ** – ၎င်းနေ့, နံများသည် ဓာတ်ဖက်ဖြစ်၍ ဓာတ်ရိုက် ဓာတ်ဆင်တွင် အလွန်အရေးကြီးပါသည် ဂြိုဟ်ခွင်အရ လည်း သမသတ်ဖြစ်ပါသည်။



### အတွင်းဓာတ်ဖက်ရွေးနည်း (ဆောင်)

အဋ္ဌော၊ ဂဗ္ဘော၊ စရေ၊ ဝံသော၊ ဓာတ်ဖက်မှတ်ကုန်လေ။

တနင်္ဂနွေ နှင့် စနေ။
တနင်္လာ နှင့် ကြာသပတေး။
အင်္ဂါ နှင့် ရာဟု။
ဗုဒ္ဓဟူး နှင့် သောကြာ။

### အတွင်းဓာတ်ရန်ရွေးနည်း (ရှောင်)

ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ။

တနင်္ဂနွေ နှင့် ဗုဒ္ဓဟူး။
တနင်္လာ နှင့် အင်္ဂါ။
ရာဟု နှင့် ကြာသပတေး။
စနေ နှင့် သောကြာ။

### အပြင်ရန်ရွေးနည်း (ရှောင်)

ဦးညို၊ ခေမာ၊ သုတာ၊ ဝေရီ။

တနင်္ဂနွေ နှင့် အင်္ဂါ။
တနင်္လာ နှင့် ကြာသပတေး။
သောကြာ နှင့် စနေ။
ဗုဒ္ဓဟူး နှင့် ရာဟု။

### အတွင်းရန်ရွေးနည်း(ရှောင်)

တနင်္ဂနွေ နှင့် ဗုဒ္ဓဟူး။
တနင်္လာ နှင့် သောကြာ။
စနေ နှင့် ကြာသပတေး။
အင်္ဂါ နှင့် ရာဟု။

(အိမ်ထောင်ဖက်မရွေးအပ် အထူးရှောင်)

### အပြင်မိတ်ရွေးနည်း(ဆောင်)

အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း။

တနင်္ဂနွေ နှင့် ကြာသပတေး။
တနင်္လာ နှင့် ဗုဒ္ဓဟူး။
အင်္ဂါ နှင့် သောကြာ။
စနေ နှင့် ရာဟု။

### အတွင်းမိတ်ရွေးနည်း(ဆောင်)

တနင်္ဂနွေ နှင့် သောကြာ။
တနင်္လာ နှင့် ရာဟု။
အင်္ဂါ နှင့် ကြာသပတေး။
စနေ နှင့် ဗုဒ္ဓဟူး။

(အိမ်ထောင်ဖက် ရွေးနိုင်သည်)

### မိတ်၊ ရန်၊ ဥဒါသိန် ရွေးနည်း

တနင်္ဂနွေနှင့် မိတ် = တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး။
ရန် = သောကြာ၊ စနေ။
ဥဒါသိန် = ဗုဒ္ဓဟူး၊
တနင်္လာနှင့် မိတ် = တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
ရန် = မရှိ
ဥဒါသိန် = အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ စနေ။
အင်္ဂါနှင့် မိတ် = တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး။
ရန် = ဗုဒ္ဓဟူး။
ဥဒါသိန် = သောကြာ၊ စနေ။



ဗုဒ္ဓဟူးနှင့် မိတ် = တနင်္ဂနွေ၊ သောကြာ
ကြာသပတေးနှင့်မိတ် = တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ။
ရန် = ဗုဒ္ဓဟူး၊ သောကြာ။
ဥဒါသိန် = စနေ။
သောကြာနှင့် မိတ် = ဗုဒ္ဓဟူး၊ စနေ။
ရန် = တနင်္ဂနွေ၊ တနင်္လာ။
ဥဒါသိန် = အင်္ဂါ၊ ကြာသပတေး။
စနေနှင့် မိတ် = ဗုဒ္ဓဟူး၊ သောကြာ။
ရန် = တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ။
ဥဒါသိန် = ကြာသပတေး။

### အိမ်ထောင်ဖက်ရွေးနည်း(ဆောင်)

ဦးသာ၊ စိန်ပန်း၊ ဒါန်းလှ၊ ကိုရှာ၊ ဥစ္စာဖက်မှတ်ပါ။

တနင်္ဂနွေ နှင့် သောကြာ။
အင်္ဂါ နှင့် ကြာသပတေး။
စနေ နှင့် ဗုဒ္ဓဟူး။
တနင်္လာ နှင့် ရာဟု။

### အိမ်ထောင်ရန်ဖက်ရွေးနည်း(ရှောင်)

မွှော၊ သောက၊ အင်း၀၊ ရာဇ၊ အိမ်ထောင်ဖက် အသက် မရှည်ရာ။

စနေ နှင့် ကြာသပတေး။
သောကြာ နှင့် တနင်္လာ။

တနင်္ဂနွေ နှင့် ဗုဒ္ဓဟူး။
ရာဟု နှင့် အင်္ဂါ။

**အိမ်ထောင်ပျက်–တြိရန်း၊ စတုရန်း၊ ပဥ္စပွတ်၊ ဆပွတ်ရွေးနည်း(ရှောင်)**

| | | | |
|---|---|---|---|
| မိမိမွေးနေ့မှ | ၃– | မြောက်နေ့သည် | တြိရန်း။ |
| ။ | ၄– | ။ | စတုရန်း။ |
| ။ | ၅– | ။ | ပဥ္စပွတ်။ |
| ။ | ၆– | ။ | ဆပွတ်။ |

**မှတ်ရန်**။ ။တြိရန်းနှင့် ဆပွတ် = အိမ်ထောင်မပြုရ။
စတုရန်းနှင့် ပဥ္စပွတ် = ။
ပဥ္စပွတ်နှင့် ဆပွတ် = ။

**နေ့ထပ် အိမ်ထောင်ဖက်ရွေးနည်း**

အုန်းအစ်၊ ဖက်ရာကောင်းလှစွာ၊ ကြာကြာလျှင်ပေါ့၊ စောစောလင်သေ၊ ဝေဝေးပြင်း၊ မင်းမင်းချမ်းသာ သာသာသုခ၊ တတ္တအသေ၊ နေ့ထပ်မှတ်ကုန်လေ။

တနင်္ဂနွေသားသမီးချင်း အိမ်ထောင်ပြုမူ စီးပွားဖြစ်၏။
တနင်္လာ ။ ချမ်းသာ၏။
အင်္ဂါ ။ လင်ယောကျ်ားသေတတ်၏။
ဗုဒ္ဓဟူး ။ မကြာခဏ ရန်ဖြစ်တတ်၏။
ကြာသပတေး။ ချမ်းသာသုခနှင့် ပြည့်စုံ၏။
သောကြာ ။ စိတ်ချင်းမတိုက်ဆိုင်(သို့)စီးပွားဖြစ်၏။
စနေ ။ အသက်ရှည်စွာ မနေရ၊ ကွဲတတ်၏။



**မြေခွဲရက်ရွေးနည်း**

ဥဒေါင်းညီပြာ လက်ယာမှာခဲ။ လက်ဝဲမှာခဲ သားရွှေခဲ၊
တနင်္ဂနွေ၊ စနေ၊ အင်္ဂါ၊ ကြာသပတေး လက်ယာ
သောကြာ၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ လက်ဝဲ
(၎င်းနေ့နှင့် လွဲခဲ့သော် မြေဆိုးဟု မှတ်ရမည်)

**မြေအဖို–အမ ရွေးနည်း**

အောင်စံမြတ်သူ အဖိုယူ ကြွင်းသူမမှာ အမမှတ်၊ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့မြေကိုက်မူ အဖို၊ ကျန်နေ့များ အမ။

(၎င်းနေ့က လွဲခဲ့သော် မြေဆိုးဟု မှတ်ရမည်)

**မြေအစွယ်ရာရွေးနည်း**

**သစ်ယာ ဧကေ၊ ကျုံမွှ၊ ဒွေး၊ အုန်းဆီးနှော၊ တယောဒါ ဈွော**။ သောကြာ၊ ဗုဒ္ဓဟူး မြေကိုက်သော် အစွယ်တချောင်းရာ။
တနင်္လာ၊ ကြာသပတေး အစွယ်နှစ်ချောင်းရာ။
တနင်္ဂနွေ၊ အင်္ဂါ၊ စနေ အစွယ်သုံးချောင်းရာ။
(၎င်းကလွဲသော် မြေဆိုးဟု မှတ်)

**လက်သည်းလှီးရက်ရွေးနည်း**

တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ လက်သည်းလှီး။

အင်္ဂါ၊ စနေ လက်သည်းမလှီးရ။

**ကိန္နယုဂ်ရက်ရွေးနည်း(ရှောင်)**

လဆန်း ၂–ရက်တော်မှာ ကိန္နယုဂ် တောတွင်
သစ်မခုတ်ကောင်း။

| | | | |
|---|---|---|---|
| လဆန်း | ၄–ရက်တောင်မှာ | ကိန္နယုဂ် | တောင်မတက်ကောင်း။ |
| ။ | ၈–ရက်ဥယျာဉ်မှာ | ။ | ဥယျာဉ်မှာ သစ်ပင်မစိုက်ကောင်း။ |
| ။ | ၁၀–ရက်မြစ်မှာ | ။ | မြစ်တွင်းဆင်း ရေမကူးကောင်း |
| ။ | ၁၂–ရက်မိန်းမမှာ | ။ | မိန်းမနှင့် မသွား–မလာကောင်း။ |
| ။ | ၁၄–ရက်အမှုကိစ္စမှာ | ။ | မင်္ဂလာ–အမှုကိစ္စ မပြုကောင်း။ |
| လဆုတ် | ၃–ရက်လယ်ယာမှာ | ။ | လယ်ယာစိုက်ပျိုးခြင်း၊ ရိတ်ခြင်းမပြုကောင်း။ |
| ။ | ၇–ရက်မင်းမှာ | ။ | မင်းထံမသွားကောင်း။ |
| ။ | ၉–ရက်မြေမှာ | ။ | မြေကို မတူးမဆွကောင်း။ |
| ။ | ၁၃–ရက်အမှုကိစ္စမှာ | ။ | မင်္ဂလာအမှုကိစ္စ မပြုကောင်း။ |

## နေ့အလိုက် ကျက်သရေတည်ပုံ ရွေးနည်း

| | | |
|---|---|---|
| တနင်္ဂနွေနေ့ | ကျက်သရေ | ဦးခေါင်းမှာ နေသည်။ ခေါင်းသန့်ရှင်းအောင်ထားပါ။ |
| တနင်္လာနေ့ | ။ | ပခုံးမှာနေသည်။ ပခုံးကို နံ့သာဆီမွှေးလိမ်းပေးပါ။ |



| | | |
|---|---|---|
| အင်္ဂါနေ့ | ကျက်သရေ | ကျောကုန်းမှာနေသည်။ ကျောကုန်းကို သန့်ရှင်းစွာထားပါ။ |
| ဗုဒ္ဓဟူးနေ့ | ။ | နှာခေါင်းမှာနေသည်။ နှာခေါင်းကို အမွှေးအကြိုင်များ လိမ်းပါ။ |
| ကြာသပတေးနေ့ | ။ | လက်ရုံးမှာ နေသည်။ လက်ရုံးကို သန့်ရှင်းအောင်ထားပါ။ |
| သောကြာနေ့ | ။ | ဣခြေမှာနေသည်။ ဣခြေကို စောင့်ထိန်းပါ။ |
| စနေနေ့ | ။ | တစ်ကိုယ်လုံးမှာ နေသည်။ တစ်ကိုယ်လုံး သန့်ရှင်းစွာနေပါ။ |

## ရသေ့ကျော်ကိန်းရွေးနည်း (ရှောင်)

| | |
|---|---|
| တန်ခူး၊ ဝါခေါင်၊ နတ်တော်လတို့မှာ လဆုတ် | (၇)ရက်ရှောင်။ |
| ကဆုန်၊ တော်သလင်း၊ ပြာသိုလတို့မှာ ။ | (၈)ရက်ရှောင်။ |
| နယုန်၊ သီတင်းကျွတ်၊ တပို့တွဲလတို့မှာ ။ | (၉)ရက်ရှောင်။ |
| ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်းလတို့မှာ။ | (၁၀)ရက်ရှောင်။ |

### "လ"ဒဏ်သင့် နေ့ရက်ရွေးနည်း (ရှောင်)

တန်ခူး၊ ဝါခေါင်၊ နတ်တော် ၅-တေး၊ စနေ၊ ရှောင်။
ကဆုန်၊ တော်သလင်း၊ ပြာသို ၁-နွေ၊ ၂-လာ၊ ရှောင်။
နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ ၆-ကြာ၊ ၄-ဟူး၊ ရှောင်။
ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း ၃-ဂါ၊ ရာဟု၊ ရှောင်။

### သတင်းစကား မှန်၊မမှန်ရွေးနည်း

အုတ်ရစ်စံထား၊ မှန်စကား၊ ကျွန်မသား စကားမမှန်ရာ၊
တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေ နေ့များတွင် ကြားသော သတင်းစကား မှန်၏။
တနင်္လာ၊ ကြာသပတေး၊ သောကြာနေ့များတွင် ကြားသော သတင်းစကားသည်မမှန်။

### ကုန်ပစ္စည်းဝယ်ရန် နေ့ရွေးနည်း

လွန်းဘုံသာ ဝယ်ပါလေ၊ အောင်ကျော်စံနှောင်း မဝယ်ကောင်း။
ဗုဒ္ဓဟူး၊ကြာသပတေး၊သောကြာနေ့များတွင် ဝယ်ပါ။
တနင်္ဂနွေ၊တနင်္လာ၊အင်္ဂါ၊စနေနေ့များတွင် မဝယ်နှင့်။

### အဆင့်ဆင့်နိုင်သော နံရွေးနည်း

အုန်း၊ ဆံ၊ ဆီ၊ ထွေး၊ တောင်၊ ဖေး၊ လင်း၊ သက်၊ သီး၊ ခက်၊ ကင်း၊ ပုံ၊ ပန်း၊ အုံ၊ နံရ ဟူသမျှ၊ နိုင်ကြအဆင့်ဆင့်။

**အဓိပ္ပာယ်။**

အုန်း-တနင်္ဂနွေနံကို ဆံ-အင်္ဂါနံက နိုင်၏။
ဆီ-အင်္ဂါနံကို ထွေး-စနေနံက နိုင်၏။
တောင်-စနေနံကို ဖေး-ဗုဒ္ဓဟူးနံက နိုင်၏။



လင်း-ဗုဒ္ဓဟူးနံကို သက်-သောကြာနံက နိုင်၏။
သီး-သောကြာနံကို ခက်-တနင်္လာနံက နိုင်၏။
ကင်း-တနင်္လာနံကို ပုံ-ကြာသပတေးနံက နိုင်၏။
ပန်း-ကြာသပတေးနံကို အုံ-တနင်္ဂနွေနံက နိုင်၏။

ထို့ကြောင့် တနင်္ဂနွေ သားသမီး စသည်တို့သည် အင်္ဂါနံ စသည်တို့ကို အကျိုးမပေးဟု မှတ်ရာ၏။ ကျန်နေ့များနည်းတူ မှီး၍ ယူလေ။

### နားထွင်းနားသနေ့ရွေးနည်း

အုံ၊ လဲ၊ နာ၊ ကျင်၊ စွာ နားသ မပြုရာ။
ရွှေ ပန်း၊ ခေါ်ထ နေ့နှစ်ဝ နားထွင်းနားသ မင်္ဂလာပ။
တနင်္ဂနွေ၊ဗုဒ္ဓဟူး၊စနေ၊တနင်္လာ၊အင်္ဂါ
နားထွင်း၊နားသမပြုလုပ်ရ။
ရာဟု(ဗုဒ္ဓဟူးနေ့ နေ့၁၂-နာရီကျော်)၊ ကြာသပတေး
နားထွင်း၊နားသပြုလုပ်ရာ၏။

### ကြွေးပေးရာ မပေးရာသော နေ့ရွေးနည်း

ငါ့သားထွေး၊ ကြွေးမပေးနှင့်။
ဥစ္စာဝင်ပွား၊ ကြွေးပေးဖွား။
တနင်္လာ၊သောကြာ၊စနေ ကြွေးမပေးအပ်။
တနင်္ဂနွေ၊အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး ကြွေးပေးရာ၏။

### နေ့အလိုက်ခေါင်းဆေးနည်း

တနင်္ဂနွေနေ့ ခေါင်းဆေးမှု မြောက်အရပ် မျက်နှာပြု၍ ခေါင်းဆေး စုတ်လာဘ်ရမည်။

တနင်္လာနေ့ ခေါင်းဆေးမူ တောင်အရပ်မျက်နှာပြု၍ ခေါင်းဆေး မင်းစိုးရာဇာ၊ အထက်လူကြီး ချစ်ခင်မည်။

အင်္ဂါနေ့ ခေါင်းဆေးမူ အရှေ့ကိုမျက်နှာပြု၍ ခေါင်းဆေး စတ်လာဘ်ရမည်။ ကြီးမြင့်သူက ကြည့်ရှုမည်။

ဗုဒ္ဓဟူးနေ့ ခေါင်းဆေးမူ တောင်အရပ်မျက်နှာပြု၍ ခေါင်းဆေး ကျက်သရေမင်္ဂလာတိုးမည်။ မိတ်ဆွေကောင်းနှင့် တွေ့မည်။

ကြာသပတေးနေ့ ခေါင်းဆေးမူ အနောက်အရပ်မျက်နှာပြု၍ ခေါင်းဆေး၊ ပစ္စည်းဥစ္စာ တိုးပွားမည်။ ဆုလာဘ်ရမည်၊

သောကြာနေ့ ခေါင်းဆေးမူ အရှေ့တောင်အရပ် မျက်နှာပြု၍ ခေါင်းဆေး၊ ရတနာ(၇)ပါးရမည်။

စနေနေ့ ခေါင်းဆေးမူ အနောက်တောင်အရပ် မျက်နှာပြု၍ ခေါင်းဆေး၊ ဘုန်းကျက်သရေတိုးမည်။

## "လ"အလိုက် ခေါင်းဆေးနည်း

၁။ တန်ခူးလဆန်း(၂)ရက် ခေါင်းဆေးမူ အနာရောဂါ ကင်းရှင်းမည်။

၂။ ကဆုန်လဆန်း(၂,၃,၄)ရက် ခေါင်းဆေးမူ ဘေးဥပဒ် အန္တရာယ် ပျောက်ကင်းမည်။

၃။ နယုန်လဆန်း(၃)ရက် ခေါင်းဆေးမူ အသက်ရှည်မည်။

၄။ ဝါဆိုလဆန်း(၃,၆,၇,၈)ရက် ခေါင်းဆေးမူ အသက်ရှည်မည်။

၅။ ဝါခေါင်လဆန်း(၂,၃,၅,၇)ရက် ခေါင်းဆေးမူ လူ နတ် ချစ်ခင်မည်။



၆။ တော်သလင်းလဆန်း(၃,၄,၅)ရက် ခေါင်းဆေးမူ အနာရောဂါကင်းရှင်း၍ အသက်ရှည်မည်။

၇။ သီတင်းကျွတ်လဆန်း(၃,၄,၅,၆)ရက် ခေါင်းဆေးမူ ရောဂါကင်းရှင်း၍ ချမ်းသာမည်။

၈။ တန်ဆောင်မုန်းလဆန်း(၂,၃,၄,၅,၆)ရက် ခေါင်းဆေးမူ အကြီးအကဲ ဥက္ကဋ္ဌဖြစ်မည်။

၉။ နတ်တော်လဆန်း(၃,၅,၆,၉)ရက် ခေါင်းဆေးမူ အသက်ရှည်မည်။

၁၀။ ပြာသိုလဆန်း(၄,၆,၇)ရက် ခေါင်းဆေးမူ ပျော်ရွှင်စွာနေရမည်။

၁၁။ တပို့တွဲလဆန်း(၃,၆,၇)ရက် ခေါင်းဆေးမူ အကြံအစည်အောင်မြင်မည်။

၁၂။ တပေါင်းလဆန်း(၅,၇,၈)ရက်ခေါင်းဆေးမူ စတ်လာဘ်ဝင်မည်။ ရွှေငွေရမည်။

## ခေါင်းလျှော်ရက်ရွေးနည်း

ကရင်သားမွေး၊ ခေါင်းမဆေးနှင့်။
အိုးစည်တီး၊ ပြီးအောင်လျှော်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ ကြာသပတေး ခေါင်းမလျှော်ရ။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ ခေါင်းလျှော်နိုင်သည်။

## ဆံ-ငဖြတ်ရက်ရွေးနည်း

မွေးနေ့၊ သောကြာ၊ တနင်္လာ၊ ကေသာ၊ ဆံဖြတ် မပြုအပ်။
(ကျန်နေ့များ ဆံပင်ဖြတ်နိုင်သည်။)

## ခေါင်းရိတ်ရက်ရွေးနည်း

အောင်မကောင်း၊ ခေါင်းအလှ၊ စကွေကွင်း၊ ဝမ်းစည်းစိမ်၊ တိန်အနာ၊ သာဘုန်းရှိ၊ တိ၊ ခြွေရွေ၊ ဆံရိတ်လေ။

၁။ တနင်္ဂနွေနေ့ ခေါင်းရိတ်မူ– မကောင်းပါ ရှောင်။
၂။ တနင်္လာနေ့ ။ လှပတင့်တယ်မည်။
၃။ အင်္ဂါနေ့ ။ မကောင်း ရှောင်။
၄။ ဗုဒ္ဓဟူးနေ့ ။ စည်းစိမ်ဥစ္စာတိုးမည်။
၅။ ကြာသပတေးနေ့ ။ အနာရောဂါဖြစ်မည်။
၆။ သောကြာနေ့ ။ ဘုန်းကျက်သရေတိုးမည်။
၇။ စနေနေ့ ။ အခြွေအရံပေါများမည်။

**မှာထားချက်–** **ဆံဖြတ်ဆိုသည်မှာ ဆံရစ်၊ ဆံထောက်၊ ဘိုကေ စသည့် ဖြတ်တောက်ခြင်းကို ဆိုလိုသည်။**
**(ခေါင်းရိတ်ဆိုသည်မှာ ခေါင်းတုံးရိတ်ခြင်းကို ဆိုလို သည်။)**

## ရေချိုးရက်ရွေးနည်း

ငါ့သားရွှေတောင်၊ ရေကိုရှောင်။
အောင်စံဖြိုး၊ ရေချိုးလေ။
တနင်္လာနေ့၊ သောကြာနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့ ရေမချိုးရ။
တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့ ရေချိုးရာသည်။

## ခေါင်းရိတ်၊ ရေချိုး၊ အမျိုးမျိုးရွေးနည်း

သိဘို့တုံ့ရှောင်း၊ နားနာညောင်းလော့၊ ခေါင်းမရိတ်ရာ၊ တနင်္လာနှင့်၊ သောကြာထိုနေ့၊ ရောဂါတွေ့အံ့။ ။မှတ်လေ ခေါင်းလျှော်၊ တော်၏ညနေ၊ ရန်မျိုးပြေအံ့။ ။ရေမချိုးရာ၊



နေသာယှဉ်းချိန်၊ ကိုယ်ပိန်ဘေးဒဏ်။ ။မမှန်စကား၊ ကျမသားလျှင်၊ ကြားလျှင်အမှန်၊ ညစ်ထန်အိုင်ရိုင်း၊ ဆိုင်းမထားရာ၊ လှည်းမှာစနေ၊ လေ့ကိုသောကြာ၊ ခွေးမှာကားတောင်၊ ကြောင်ကို မြောက်ပေ၊ မွေးအပ်လေ၏။ ။နေ့မြတ်တနင်္ဂနွေ၊ သွင်းလေစပါး၊ လှံဓားဆန်မျိုး၊ ကောင်းကျိုးအင်္ဂါ၊ စနေမှာမူ၊ ဝယ်ပါကျွဲနွား၊ ပုလဲမှတ္တာ၊ ကျောက်မျိုးမှာကား၊ သောကြာကောင်းလှ၊ ဗုဒ္ဓယာမြေ၊ ဝယ်လေလုပ်ဆောင်၊ ကောင်းအောင်ကြွယ်ဖြိုး၊ ပုဆိုးအဝတ်၊ ကောင်းထွတ်တနင်္လာ၊ ရွှေငွေမှာမူ၊ ကြွက်ကြာသပတေး၊ ဆေး မသွင်းရာ၊ သောကြာဗုဒ္ဓ၊ စနေဝေးရပ်၊ သွားလတ်ရှောင်ကြဉ်၊ စာသင်ကြာသပတေး၊ စာရေးသောကြာ၊ အင်္ဂါစနေ၊ ပေးလေ ဆေးဝါး၊ ကုန်ကားယူကြ၊ သာမှုယူပါ၊ မဝယ်ရာမူ၊ အနာခံငြား၊ သူ့အားငွေကြေး၊ မချေးဖို့ရာ၊ သောကြာထိုနေ့၊ တောင်း၍ရခဲ၊ လက်သည်းဖြတ်ရာ၊ စင်စွာကျုံးယူ၊ များဗိုလ်လူတို့၊ ကျက်ယူ၊ သေချာ၊ မှတ်အပ်စွာ သည်၊ နောင်လာကိုယ်သို့ စီးပွားတည်း။

## ရှောင်ရန်အခါကရိဏ်းရွေးနည်း

ကိစ္စတွေတွေ၊ ဆောင်ကြပေက၊ ရှောင်လေနေ့ည၊ ကရိဏ်း ပြအံ့၊ ဆန်းထလေးရက်၊ ဆယ့်လေးရက်မူ၊ လေးချက်ခေါ်တွင်၊ နေဝင်သည်မှ၊ သန်ခေါင်ကျတည့်၊ ညကိုရှောင်ကြဉ်၊ ထိုပြင်မှာ လည်း၊ ဆန်းလာရှစ်ရက်၊ ဆယ့်ငါးပြော်မူ၊ နေထွက်သည်မှ၊ မွန်းတည့်ကျတည်း၊ ရှောင်ကြနေကို၊ ကရိဏ်းဆို၏၊ ထိုပြင် လဆုတ်၊ အဟုတ်သုံးရက်၊ တရက်စေ၊ ထိုနဝမ္မ၊ ညသန်ကောင်က၊ နေဝင်ကျအောင်၊ ညဥ့်ကိုရှောင်ဘိ၊ ကရိဏ်းသိ၏၊ ထိုပြည့် လဆုတ်၊ ရေထုတ်သွတ္တာ၊ ဆယ့်လေးမှာမူ၊ မွန်းသာတည့်က၊

နေပင်ကျတည့်၊ ရှောင်ကြဉ်အပြီး၊ ကရိုဏ်းမိုး၏၊ ကျမ်းကြီးရာဇ၊ မတ္တဏ်မှလျှင်၊ ညွှန်ပြလာတိုင်း၊ ကရိုဏ်းသင့်ခါ၊ များစွာကိစ္စ၊ ဆောင်မိကြမူ၊ မွမွကြေညက်၊ သဘော်ပျက်သို့၊ အသက်ကိုမှ၊ ယုံမှားရသည့်၊ အာကဗိသျှကရိုဏ်းတည်း။

**အခိပ္ပာယ်ကောက်ချက်–**

၁။ လဆန်း (၃) ရက် (၁၄)ရက်တွင် နေဝင်မှ သန်ကောင်အထိ ကရိုဏ်းပြ၏။

၂။ လဆန်း (၈) ရက် (၁၅)ရက်တွင် နေထွက်မှ မွန်းတည့်အထိ ကရိုဏ်းပြ၏။

၃။ လဆုတ် (၃) ရက် (၉)ရက် (၁၀)ရက်တွင် သန်ကောင်မှ နေထွက်နှင့် မွန်းတည့်မှ နေဝင်အထိ ကရိုဏ်းပြ၏။

၄။ လဆုတ် (၇) ရက် (၁၄)ရက်တွင် မွန်းတည့်မှ နေဝင်အထိ ကရိုဏ်းပြ၏။

**မှာထားချက်–** ဤကဲ့သို့ ကရိုဏ်းပြသော ရက်များတွင် မည်သည့်အခါမဆို အမှုကိစ္စ မဆောင်ရွက်ရ၊ ဆောင်ရွက် ပြုလုပ်ခဲ့သော် ဘေးဥပဒ်အန္တရာယ်များ၍ အသက်ပါပျက်စီးတတ်လေသည်။

## ဂြိုဟ်စာအရပ်ရွေးနည်း

ဂြိုဟ်ဂြိုဟ်စာ၊ ရပ်မျက်နှာက၊ ဆယ်ဖြာအသီး၊ မြေခံကြီးတွင်၊ ထွန်းညီးတိတြာ၊ မြေခံမှာမူ၊ မျက်နှာစနေ၊ ပြုတုံလေရှင့်၊ တစ်ထွေတနင်္လာ၊ ဗုဒ္ဓါတောင်ခွင်၊ အင်္ဂါအင်္ဂ၊ ပြဿဒ်ရှေ့တောင်၊ ဘေးမျိုးရှောင်လေ့။ ။ထို့နောက်ဗုဒ္ဓါ၊ ထားရာအရှေ့၊ ကြွက်နေကောင်းကင်၊ သောကြာလျှင်ကား၊ မြေတွင်ပြုလေ၊ စနေရှေ့မြောက်၊ ရာဟုရောက်က၊ မြောက်ကိုသာယူ။ ကိတ်မူပါယတ်၊



ပြုလတ်နောက်မြောက်၊ မိတ္တုရောက်က၊ ကြွက်နောက်ရပ်ခွင်၊ ပြုချင်လေလော့၊ ဆယ်အင်ဂြိုဟ်စာ၊ ပွင့်ရာတူရှု၊ မျက်နှာမူအုံ၊ များတူကိစ္စ၊ ဟူသမျှကို၊ ခဏာကုန်စင်၊ ပြီးအောင်မြင်သည်၊ ဤလျှင်ဂြိုဟ်စာဆယ်ပါးတည်း။ ။

**အခိပ္ပာယ်ကောက်ချက်**

၁။ တနင်္ဂနွေ မြေခံ = ဂြိုဟ်စာပွင့်ရာ အနောက်တောင်ထောင့်အရပ် မျက်နှာမူ၍ အမှုကိစ္စ ဆောင်ရွက်လျှင် အောင်မြင်မည်။

၂။ တနင်္လာ မြေခံ = ဂြိုဟ်စာပွင့်ရာ တောင်အရပ်မျက်နှာ မူ၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

၃။ အင်္ဂါ မြေခံ = ဂြိုဟ်စာပွင့်ရာ အရှေ့တောင်ထောင့်အရပ် မျက်နှာမူ၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

၄။ ဗုဒ္ဓဟူး မြေခံ = ဂြိုဟ်စာပွင့်ရာ အရှေ့အရပ်မျက်နှာမူ၍အမှုကိစ္စဆောင်ရွက်ပါ၊ အောင်မြင်၏။

၅။ ကြာသပတေး မြေခံ = ဂြိုဟ်စာပွင့်ရာ အထက် ကောင်းကင်အရပ် မျက်နှာမူ၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

၆။ သောကြာ မြေခံ = ဂြိုဟ်စာပွင့်ရာ မြေကြီးအောက်အရပ် မျက်နှာမူ၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

၇။ စနေ- မြေခံ = ဂြိုဟ်ဇာပွင့်ရာ အရှေ့မြောက်ထောင့်အရပ်မျက်နှာမူ၍ အမှုကိစ္စဆောင်ရွက်ပါ၊ အောင်မြင်၏။

၈။ ရာဟု မြေခံ = ဂြိုဟ်ဇာပွင့်ရာ မြောက်အရပ်မျက်နှာမူ၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

၉။ ကိတ် မြေခံ = ဂြိုဟ်ဇာပွင့်ရာ အနောက်မြောက်ထောင့်အရပ် မျက်နှာမူ၍ အမှုကိစ္စဆောင်ရွက်ပါ၊ အောင်မြင်၏။

၁၀။ မိတ္တူ မြေခံ = ဂြိုဟ်ဇာပွင့်ရာ အနောက်အရပ်မျက်နှာပြု၍ အမှုကိစ္စ ဆောင်ရွက်ပါ၊ အောင်မြင်၏။

**မှတ်ထားချက်-** ဤ ဂြိုဟ်ဇာအရပ်ကို အိမ်၊ ကျောင်း-စသည့် ပန္နက်ရိုက်သည့်အခါပေးတွင် ပန္နက်ရိုက်သူ မျက်နှာမူရာ ဂြိုဟ်ဇာကို အသုံးပြုကြသည်။

## မြေခံကြီး ၁၀-ပါးရွေးနည်း (လဆန်း)

၁။ လဆန်း ၁-ရက်၊ ၁၁-ရက် ကြာသပတေးမြေခံ။ (ကြံတိုင်းအောင်-ဆောင်တိုင်းမြောက်)

၂။ လဆန်း ၂-ရက်၊ ၁၂-ရက် ဗုဒ္ဓဟူးမြေခံ။ (လာဘ်ရမည်)

၃။ လဆန်း ၃-ရက်၊ ၁၃-ရက် အင်္ဂါမြေခံ။ (ခြေ၊ လက် ထိခိုက်တတ်သည်။)

၄။ လဆန်း ၄-ရက်၊ ၁၄-ရက် တနင်္လာမြေခံ။ (ပစ္စည်းဥစ္စာရမည်။)



၅။ လဆန်း ၅-ရက်၊ ၁၅-ရက် တနင်္ဂနွေမြေခံ။ (မကောင်း။)

၆။ လဆန်း ၆-ရက်၊ မိတ္တူမြေခံ။ (သေကြေ၊ ပျက်စီးတတ်သည်။)

၇။ လဆန်း ၇-ရက်၊ ကိတ်မြေခံ။ (ပူဇော်ချီးမြှင့်မှုခံရမည်။)

၈။ လဆန်း ၈-ရက်၊ ရာဟုမြေခံ။ (ဘေးအန္တရာယ်ရှိသည်။)

၉။ လဆန်း ၉-ရက်၊ စနေမြေခံ။ (ဆင်းရဲဒုက္ခ တွေ့တတ်သည်။)

၁၀။ လဆန်း ၁၀-ရက်၊ သောကြာမြေခံ။ စိတ်လက် အေးချမ်းမည်။)

**မှတ်ထားချက်-** ဤမြေခံကြီး ၁၀-ပါးနှင့် ဂြိုဟ်ဇာရက်ရွေးရသည်။

## မြေခံကြီး ၁၀-ပါးရွေးနည်း (လဆုတ်)

၁။ လဆုတ် ၁-ရက်၊ ၁၁-ရက် မိတ္တူမြေခံ။ (သေတတ်သည်။)

၂။ လဆုတ် ၂-ရက်၊ ၁၂-ရက် ကိတ်မြေခံ။ (ပူဇော်ချီးမြှင့်ခံရမည်။)

၃။ လဆုတ် ၃-ရက်၊ ၁၃-ရက် ရာဟုမြေခံ။ (ဘေးအန္တရာယ်ရှိသည်။)

၄။ လဆုတ် ၄-ရက်၊ ၁၄-ရက် စနေမြေခံ။ (ဆင်းရဲဒုက္ခတွေ့တတ်သည်။)

၅။ လဆုတ် ၅-ရက်၊ ၁၅-ရက် သောကြာမြေခံ။ (ချမ်းသာသုခပြည့်စုံမည်။)

၆။ လဆုတ် ၆-ရက်၊ ကြာသပတေးမြေခံ။ (အောင်မြင်မှုအပြည့်ရမည်။)

၇။ လဆုတ် ၇-ရက်၊ ဗုဒ္ဓဟူးမြေခံ။ (လာဘ်ရမည်။)

၈။ လဆုတ် ၈–ရက်၊ အင်္ဂါမြေခံ။ (ခြေလက် အနာတရဖြစ်မည်။)

၆။ လဆုတ် ၉–ရက်၊ တနင်္လာမြေခံ။ (ဥစ္စာပစ္စည်းရမည်။)

၁၀။ လဆုတ် ၁၀–ရက်၊ တနင်္ဂနွေမြေခံ။ (စီးပွားဥစ္စာ လျော့တတ်သည်။)

မှာထားချက်– ဤမြေခံကြီး ၁၀–ပါးနှင့် ဂြိုဟ်စာရက်ရွေးရသည်။

## တောင်သူလယ်ယာ သိစရာ

### နွားအကြောင်း သိကောင်းစရာ

**နွားနှာခေါင်းဖောက်နည်း**

နွားသတ္တဝါသည် လူထက်အင်အားကြီးသော သတ္တဝါဖြစ်လေသည်။ ထို့ကြောင့် မြင်းကို ဇက်ကြိုးနဲ့ ထိန်းသလို နွားကျတော့ နှာခေါင်းကြိုးနဲ့ထိန်းရပေတယ်။ နွား၏ ငယ်နိုင်ဟာ နှာခေါင်းကြိုးပင်ဖြစ်ပေ၏။

နွားနှာခေါင်းဖောက်ရာမှာ (၈)လက်မခန့်ရှိသော မန်ကျီးသားအနှစ် (သို့မဟုတ်) ရှားသားအနှစ်ကို တစ်ဖက်ချွန်၍ ဖောက်ကြပေသည်။ ဖောက်ရာတွင် နွားနှာခေါင်းဖောက်မည့်နေရာကို လက်မနှင့် လက်ခလယ်ဆိုင်ပြီး စမ်းကြည့်လျှင် အသားအပါးဆုံးနေရာကို ခပ်ချိုင့်ချိုင့်တွေ့ရပေမည်။ ရိုးရိုးအလိုအားဖြင့် အဲဒီနေရာကို ဖောက်လိုက်ရုံပါပဲ၊ ကြိုးနုသေးသေး သုံးလွန်းတင် (ထန်းပင်ပေါက်လျှော်နှင့် ကျစ်သောကြိုး)နှင့် တပ်လျှိုပြီး ဦးချိုနောက် ချည်ထားလိုက်လျှင် ပြီးသွားတာပါပဲ။



သို့သော် နှာဖျားကပ်ဖောက်လျှင် ထိန်းလို့ လွယ်ကူ၏။ နှာခေါင်းကြိုးကိုင်လျှင် အကိုင်မခံတတ်၊ ဆေးတိုက်ရခက်တတ်သည်။ နှာရင်း ကပ်ဖောက်လျှင် အရှန်းသန်သည်၊ ထိန်းသိမ်းရခက်တတ်သည်။

မြိုင်ပွဲဝင်နွားများကျတော့ နှာခေါင်းအဖျား ကပ်ဖောက်တာတွေ့ရဖူးပါသည်။ အပေါ်ဘက်ကလည်း ကပ်ဖောက်ကြပါသည်။ ထို့ကြောင့် နွားတစ်ကောင်လုံးကို နှာဖားကြိုးနဲ့ ထိန်းထားရသည့်အတွက် နှာခေါင်းဖောက်မှန်ကန်ရန် အလွန်အရေးကြီးပါသည်။

### နွားကောင်းတို့၏ အင်္ဂါလက္ခဏာ

၁။ ထိပ်ကွက်
၂။ မြီးစွတ် (အမြီးရင်းဖြူ၊ အဖျားဖြူ)
၃။ ဆီးကျား၊ ဝမ်းကျား
၄။ ကြံစုံ (ထိပ်ကွက်၊ မြီးစွတ်၊ ခြေလေးဘက်ဖြူ)
၅။ ရှစ်မပိတ် (ထိပ်ကွက်[၁]၊ မြီးစွတ်[၂]၊ ဆီးကျား[၃]၊ ဝမ်းကျား၊ လေးဘက်ခွာစုံဖြူ[၄])
၆။ နပြာနက်
၇။ နပြာစိမ်း
၈။ နှာရောင်ကျား
၉။ နှာရောင်ရှည်
၁၀။ စအု (နွားအဖြူ)
၁၁။ မျက်ကွင်းညို
၁၂။ ဦးချို (ညို)

**မှာထားချက်–** ထိပ်ကွက်လျှင် မြီးစွတ်များ၏။ ဆီးကျားလျှင် ဝမ်းကျား၏။ နပြာစိမ်းများ ဦးချိုညိုတာများ၏။ နပြာနက်များ မျက်ကွင်းညိုတာများ၏။ နှာရောင်ကျားမှ ကျောရိုးမြီးခေါင်းအထိ ဖြူပြာရောင်များ၏။

## နွားညှို့များ၏ လက္ခဏာ

၁။ နဝါမျက်ကျား
၂။ နဝါဖင်ဖြူ
၃။ သမင်မွေးချိုရှည်
၄။ နဝါကျားချိုရှည်
၅။ နဝါအမြီးနီ
၆။ နှနီချိုရင်းမွေးဝါ

**မှာထားချက်–** နွားအညှံ့ဆုံးမှာ အဝါ။ အဝါမွေးပါသော နွား။ ဒုတိယအညံ့ဆုံးနွားမှာ နီ,ဝါ အမွေးပါသော နွား။ တတိယအညံ့ဆုံးမှာ အနီအမွေး။ နွားဝါ, နွားနီတို့မှာ များသောအားဖြင့် ထိပ်ကွက်၊ မြီးစွတ်၊ ဆီးကျား၊ ဝမ်းကျားရှသည့် နွားကောင်းတို့အင်္ဂါလက္ခဏာများ မပါကတ်။ အပြာ၊ နက်ပြာ၊ အပြာစိမ်း၊ အညိုစသည့် အမွေးပါသော နွားများသာလျှင် နွားကောင်းတို့၏ အင်္ဂါလက္ခဏာပါတတ်သည်။

### ထိပ်ကွက်

ထိပ်ကွက်ဆိုရာ၌– အဖြူမွေး ညောင်ရွက်ပုံဖြစ်စေ၊ အဝိုင်းဖြစ်စေ၊ အရှည်ဖြစ်စေ ပါသောနွားများသည် အမြီးစွတ်လည်းများတတ်သည်။ (ထိပ်ကွက်မှ အမြီးဖျားရင်းဖြူတတ်သည်။) လယ်ယာလုပ်ကိုင်ရာတွင် တစ်ဖက်နွားကိုအကျောမပေး၊ အတိုင်



ကျကျ အလှည့်ကျကျ ကျရာဖက်က တာဝန်ကျေသော နွားများဖြစ်လေသည်။ တုတ်ကိုင်ရန်မလို၊ ကိုင်ရတွယ်ရလွယ်ကူသက်သာသောနွားများ ဖြစ်၍ မွေးမြူရန် အလွန်သင့်မြတ်လေသည်။

### မြီးစွတ်

မြီးစွတ်ဆိုသည်မှာ–အမြီးအရင်းဖြစ်စေ၊ အဖျားဖြစ်စေ၊ ဖြူသောနွားကို ဆိုလိုသည်။ (အမြီးတစ်ခုလုံး အဖြူမဟုတ်) ၎င်းနွားမျိုးသည် တောင်ယာ လုပ်ငန်းခွင်မှာ ခိုင်းလို့ကောင်းသော နွားများဖြစ်သည်။ အစားလည်းကောင်း ဝီရိယလည်းကောင်း၊ အတိုင်–အလှည့်မရွေး ခိုင်းလို့ ကောင်းလှ၏။ ထို့ကြောင့် တောင်သူဦးကြီးများ အကြိုက်များလှပေ၏။(မြီးစွတ်–မူ–ထိပ်ကွက်)။

### ဆီးကျားဝမ်းကျား

ဆီးကျား ဝမ်းကျားသောနွားသည် ရှေ့ခြေရာကို နောက်ခြေက အနည်းဆုံး (၄)လက်မခန့် ကျော်လေသည်။ ဝင်အင်မတန်လေးမူ ရှေ့ခြေရာ နောက်ခြေရာ ထပ်လျက်ကျ၏။ တုတ်ကိုင်မောင်းရန်မလို။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများ မွေးမြူရန် အလွန်ကောင်းလှပေ၏။

### လေးဘက်ခွာစုံဖြူ

လေးဖက်ခွာစုံ အဖြူရစ်ပါသော နွားများသည် အစားကောင်း၊ ထမ်းပိုးကောင်း ထိပ်ကွက်၊ မြီးစွတ်၊ ဆီးကျား၊ ဝမ်းကျားများကဲ့သို့ ကောင်းသောနွားမျိုး ဖြစ်လေသည်။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများ မွေးမြူသင့်လှပေသည်။

**ရှစ်စပိတ်**

ရှစ်စပိတ်ဆိုသည်မှာ ထိပ်ကွက်[၁]၊ မြီးစွတ်[၂]၊ ဆီးကျား[၃]၊ ဝမ်းကျား[၄]၊ ရှေ့ဘယ်လက်[၅]၊ ရှေ့ညာလက်[၆]၊ နောက်ဘယ်ခြေ[၇]၊ နောက်ညာခြေ[၈] စသည့် ရှစ်မျိုးဖြူသောနွားများကို ခေါ်ပါသည်။ ၎င်းနွားမျိုးသည် အထက်ဆိုခဲ့ပြီးသော နွားများထက် ပို၍ကောင်းလှပေသည်။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများ မွေးမြူအပ်လှပေသည်။

**နပြာနက်**

နပြာနက်နွားများသည် အမြီးညိုရောင်ရှိတတ်၏။ အားအင်အလွန်ပြည့်ဝ၏။ အတိုင်–အလှည့် မရွေး၊ မြေပြင်တောင်တက် မရွေး၊ ကောင်းသည်။ အစားကောင်းသည်။ အစာမရွေး၊ မိုးထဲရေထဲ နေရာမရွေး၊ တစ်ဖက်နွား အသာမခံ၊ နှင်တံလွတ်နွားများဖြစ်ပေသည်။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများ အလွန်နှစ်သက်ကြပေသည်။

**နပြာစိမ်း ဦးချို**

နပြာစိမ်း နွားများသည် ကျောကုန်းမှာ ပြာစိမ်းစိမ်းအမွေးရှိသည်။ ဦးချို ညိုရောင်ရှိတတ်သည်။ ဦးခေါင်းထိပ်လည်း စိမ်းတတ်သည်။ ဘယ်နေရာပဲ စိမ်းစိမ်း အလွန်ကောင်းသောနွားများဖြစ်ပေသည်။ အလှမောင်း၊ ပြိုင်ပွဲဝင်၊ တောင်ယာလုပ်၊ တစ်ကောင်တည်း ဆီဆုံတပ်မောင်း စသည့်ကောင်းခြင်းလက္ခဏာများနှင့် ပြည့်စုံလေ၏။ တောင်သူဦးကြီးများ အလွန်နှစ်သက်သော နွားမျိုးဖြစ်ပေသည်။



**နှာရောင်ကျား**

နှာရောင်ကျားဆိုသည်မှာ ထိပ်ကွက်နေရာမှ နှာခေါင်းထိဖြူသော စိမ်းဖန့်ဖန့်ရှိသော၊ စိမ်းပြာပြာရှိသော၊ အရောင်ကျားသော နွားကိုဆိုလိုသည်။ များသောအားဖြင့် အပြာမွေးပါသောနွားများသာ နှာရောင်ကျားများ၏။ ထိုနှာရောင်ကျားနွားမျိုးသည် အစာရွေးသည်မှအပ အခြားဆိုဖွယ်ရာမရှိပေ။ ကိုင်ဖူး နိုင်းဖူးသူများ အလွန်နှစ်သက်ကြလေသည်။

**နှာရောင်ရှည်**

နှာရောင်ရှည်နွားဆိုသည်မှာ မြင်း၏နှာတံကဲ့သို့ ခပ်ခုံးခုံးရှည်သော နှာတံကိုဆိုလိုပါသည်။ ၎င်းနွားမျိုးသည် အားအင်နည်းသည်မှအပ အခြားဆိုဖွယ်မရှိ၊ အကောင်ခပ်လှိုလှိုများ၏၊ မြေပြင်နိုင်းရာတွင် ဘက်မရှိအောင် ကောင်းလှ၏။ နွားရှည်တတ်၏။ ထို့ကြောင့် တောင်ယာဦးကြီးများ မွေးမြူအပ်သော နွားမျိုးဖြစ်ပေသည်။

**စာအု**

စာအုဆိုသည်မှာ အဖြူရောင်နွားများကို ဆိုလိုသည်။ နပြာစိမ်းခပ်ဆင်ဆင် နွားများဖြစ်ပေသည်။ မှန်မှန်နှင့်အလွန်ကောင်းသော နွားမျိုးဖြစ်၏။ တစ်ဖက်နွားကို အကဲခတ်သွားတတ်၏။ တစ်ဖက်နွားထုံထိုင်းမှ သူလည်းအေးအေးသွားတတ်သည်။ တစ်ဖက်နွား သွက်လက်မှ သူလည်းအကျောမခံ လိုက်တတ်၏။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများ မွေးမြူအပ်သော နွားမျိုးဖြစ်ပေသည်။

**မျက်ကွင်းညို**

မျက်ကွင်းညိုသော နွားများသည် အမွေးနီရင့်များပေသည်။ သူလည်းပဲ အားကျမခံ၊ တစ်ဖက်နွားကို အကျောမပေးတတ်။ အစာကောင်း အစာမရွေးဘဲ သဲတော၊ ဖုတ်တောများတွင် ခိုင်းလို့ကောင်းသည်။ တောင်သူဦးကြီးများ မွေးမြူအပ်သော နွားမျိုးဖြစ်သည်။

**မှာထားချက်**– အထက်ပါ နွားကောင်းတို့ အင်္ဂါလက္ခဏာများပါသော်လည်း အောက်တွင် ဖော်ပြသောအကြောင်းအရာပါသည့် နွားများကို သတိထားပါ။

## သတိထားရန်နွားများ

**တင်ပါးနိမ့်လျှောသည့်နွား**

တင်ပါးနိမ့်လျှောသည့်နွားများမှာ အစာရွေးတတ်သည်။ မြက်ခြောက်များ မစားလို၊ မြက်စိမ်း၊ မြက်စိုမှစားလိုသည်။ ကောက်ရိုးခြောက် ဘယ်လောက်ပဲကျွေးကျွေး အသားပြည့်ဖြိုးပြီး 'ဝ'လာသည်မရှိတတ်။ လယ်ယာအလုပ်ခွင် ခိုင်းရာတွင် ပေကပ်ကပ်ရှိတတ်သည်။ ခါးကုန်းပြီး တစ်ဖက်နွားကို ခို၍လိုက်တတ်သည်။ ရေသာခိုမှေးလိုက်တတ်သည်။ ခိုင်းနွားအဖြစ်သုံးသော်လည်း အင်အားမရှိ။ အသားစားအတွက် မွေးသော်လည်း အသားမဖြစ်။ ထို့ကြောင့် နွားသဘောနားလည်သူများက အသုံးမပြုလိုကြ။

**ဝါစေ့ပြောက်နွား**

ဝါစေ့လုံးလေးများကဲ့သို့ အပြောက်အကျားပါသော နွားကို "နွားသမင်"ဟု ခေါ်ကြသည်။ ၎င်းနွားမျိုးမှာ အစာရွေး



တတ်သည်။ အိပ်သည့်အခါ မတ်တတ်အိပ်တတ်သည်။ ဝပ်၍အနေနည်းတတ်သည်။ အအိပ်အနေနည်းတတ်သည်။ အမြဲတမ်းစားမြုပ်ပြန်၍ နေတတ်သည်။ အင်အားချည့်နဲ့သည်။ ဝန်ပေါ့ခိုင်းရာမှာ ကောင်းသော်လည်း ဝန်လေးနှင့် ခိုင်းလို့မကောင်း။ ခရီးရှည်သွားလျှင် အစားပျက်တတ်သည်။ နှာခေါင်းထိပ်မှာ ချွေးများထွက်လေ့ရှိတတ်သည်။ ထို့ကြောင့် ခိုင်းနွားအဖြစ် မသုံးလိုကြ။ မသုံးထိုက်ပေ။

**အသားပွသောနွား**

အသားပွသောနွားသည် အကောင်ကြီးသော်လည်း အင်အားချည့်နဲ့တတ်သည်။ ရေငန်၊ဆားငန်များနှင့်အစာကျွေးလျှင် အလွန်သဘောကျ၍ နှာခေါင်းနှစ်အောင် လိုက်ကာလိုက်ကာစားတတ်သည်။ နွားမွေးသူများသည် အစားကောင်းတဲ့နွားကို အလွန်နှစ်သက်ကြသည်။ သို့သော် အသားပွအစားကောင်းနွားကိုတော့ ရှောင်တတ်ကြသည်။ ဝန်လေးခိုင်းရာတွင် ဝပ်တတ်သည်။ တောင်ယာထွန်ယက်သည့်အခါ မဆိုသာသော်လည်း လယ်ထွန်သည့်အခါ သုံး၍မကောင်း။ ထို့ကြောင့် နွားအကြောင်း နားလည်သူများက ရှောင်ကြသည်။

**ခြေခွင်သောနွား**

ခြေထောက်ပါသောသတ္တဝါများသည် ခြေကို အများဆုံးအားကိုးပြုကြသည်။ ထို့ကြောင့် ခြေခွင်သောနွားသည် ရိုးရိုးတမ်းသွားသည့်အခါတွင်ပင် ရှေ့လက်ခြေရာကို နောက်ခြေက မကျော်နိုင်ပေ။ တောင်ယာခွင်ခိုင်းရာမှာ အသုံးမဝင်။ တစ်ဖက်နွားသည် သူ့ကိုယ်ပင်သယ်ဝေးရသလို တစ်ဖက်စောင်းဖြစ်နေ

တတ်သည်။ နွားကောင်းများလက္ခဏာပါသော်လည်း ခြေခွင်နွားများကို အခြေမခိုင်သည့်အတွက် နွားသဘော နားလည်သူများက ရှောင်တတ်သည်။

**သွားကြားရေယိုနွား**

သွားကြားရေယိုနွားဆိုသည်မှာ နွားသွားစုံတဲ့အခါမှာ ရှေ့သွား(၈)ချောင်းရှိသည်။ ၎င်းသွားများ အဖျားကြီးပြီး အရင်းသေးနေသောနွားကို သွားကြားရေယိုနွား၊ နောက်တစ်မျိုးက သွားတစ်ချောင်းနှင့်တစ်ချောင်း အရင်းရောအဖျားပါ မထိဘဲ တစ်ချောင်းစီ ဖြစ်နေသောနွားကို သွားကြားရေယိုနွားလို့ ခေါ်ကြသည်။ ၎င်းနွားမျိုးသည် မြေမှာကပ်ပေါက်နေသည့် မြက်နုများကို ကောင်းစွာ ကိုက်ဖြတ်မစားတတ်။ မျက်ပင်ရှည်များကိုသာ လျှာနှင့်သိမ်း၍ စားတတ်သည်။ အသက်ငယ်ငယ်နှင့် သွားများကျိုးတတ်သည်။ ထို့ကြောင့် နွားအကြောင်းနားလည်သူများက နွားကောင်းတို့၏ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော်လည်း သွားအကျိုးမြန်ခြင်း၊ မြက်နုများကို ကိုက်ဖြတ်မစားတတ်ခြင်းတို့ကြောင့် ရှောင်ရှားတတ်ကြသည်။

**ချိုတယ်လူးနွား**

"တယ်လူး" ဆိုသည့်စကားမှာ မျက်စိနှစ်လုံးအနက်မှ တစ်လုံးပျက်နေခြင်း၊ နားရွက်နှစ်ဖက်ရှိသည့်အနက်မှ တစ်ဖက်တိုနေခြင်း၊ သေးနေခြင်း၊ ချိုနှစ်ဖက်ရှိသည့်အနက်မှ တစ်ဖက်နဲ့နေခြင်းကို ခေါ်သည်။ နဲ့နေသည်ဆိုရာ၌ နွားငယ်လေးများ၏ ဦးချိုသည် ခိုင်မြဲမနေဘဲ လှုပ်နဲ့ပြီးနေသလို အသက်ကြီးမှ ဦးချိုသည် ခိုင်မြဲသွားတတ်သည်။ တချို့နွားများသည် အသက်ကြီး



သော်လည်း ဦးချိုများသည် ခိုင်မြဲမနေဘဲ အရေဖျားပေါ်မှာပေါက်နေသလို လှုပ်နဲ့နဲ့နေတတ်သည်။ တစ်ချို့မှာ ဦးချိုတစ်ဖက်က ခိုင်မြဲပြီး ကျန်တစ်ဖက်က အရေဖျားမှာ တွယ်နေသလို လှုပ်နဲ့နဲ့နေတတ်သည်။ ဤနွားမျိုးကို "ချိုတယ်လူး"လို့ ခေါ်ကြသည်။ ချိုတယ်လူးနွားများသည် တစ်ကိုယ်ကောင်းဆန်တတ်သည်။ အစာကျွေးရာမှာ တစ်ဖက်နွားကို လုစားတတ်ခြင်း၊ ရန်လိုခြင်း၊ နွားချင်းဖော့လိုခြင်းစသည်ဖြင့် ဗိုလ်ကျတတ်ခြင်း၊ သူနဲ့လိုက်ဖက်ညီရန် ဘက်ရွေးဖို့ ခက်ခဲတတ်သည်။ ထို့ကြောင့် နွားကောင်းများ အင်္ဂါလက္ခဏာရှိသော်လည်း တယ်လူး "ချိုတယ်လူး" နွားများကို ရှောင်တတ်သည်။

**ခြေလက်ခါသောနွား**

ခြေလက်ခါသောတတ်သောနွားသည် နေရာသန့်သန့် ကြိုက်တတ်သည်။ နေရာမသန့်ဘဲ ချေးသေးများနှင့် မအိပ်တတ်၊ မနေတတ်။ ခွာကြားတစ်ခုခုရှိနေလျှင် ခါထုတ်တတ်သည်။ နေရာမသန့်လျှင် မတ်တတ်ရပ်ပြီးနေတတ်သည်။ လူကိုလည်း ကန်ကျောက်တတ်သည်။ ချေးသေးကို အမြဲ သန့်ရှင်းအောင် လုပ်ပေးမှ အိပ်တတ်လေ့ရှိသည်။ ထို့ကြောင့် တာဝန်ကြီးလေသည့်အတွက်ကြောင့် မွေးမြူသူများ စိတ်မရှည်ကြဖြစ်တတ်သည်၊

**ခြေလက်ဆာသောနွား**

ခြေလက်ဆာသောနွားမှာ သွားတဲ့အခါမှာ ခြေကို ဆာ၍ ဆာ၍ (ယမ်း၍ဝေ့၍) သွားတတ်သည်။ ခြေဖျား မြေကြီးနဲ့ ခတ်သွားတတ်သည်။ ကုန်းဆင်းကုန်းတက် ထမ်းပိုးမထိန်းတတ် တောင်ဆင်းတောင်တက် မထိန်းတတ်သည့်အတွက် လူရေ

နွားပါ ဒုက္ခဖြစ်တတ်၍ နွားကောင်းတို့၏အင်္ဂါလက္ခဏာနှင့် ညီသော်လည်း ခြေဆာမှု ရှောင်အပ်၏။

**ဦးခေါင်းတိုသောနွား**

ဦးခေါင်းတိုသောနွားသည် ထိန်းကျောင်း၍ ခက်ခဲသည်။ ခြစည်းရိုးခုန်ကျော်သွားတတ်သည်။ ဝေ့သည့်နေရာမှာ ဖွဲကောင်းသည်။ အစားကောင်းသည်။ သို့သော် နွားရူးကဲ့သို့ မိုးရိပ်လေရိပ်ကျလျှင် ခုန်ပေါက်မြူးထူးပြေးလွှားနေတတ်သည်။ အလုပ်ခွင်မှ ရုန်းကန်ထွက်သွားတတ်သည်။ ထို့ကြောင့် နွားကောင်းများ အင်္ဂါလက္ခဏာပါသော်လည်း ဦးခေါင်းတိုသောနွားများကို မွေးမြူရန် ကြောက်ကြသည်။

**အမွေးရှည်သောနွား**

အမွေးရှည်သောနွားမှာ အစားအစာရွေးသည်။ အင်အားချည့်နဲ့သည်။ မောလွယ်၊အမောပြေလွယ်ဖြစ်တတ်သည်။ ခရီးဝေးသွားလျှင် နှာခေါင်းကို ရေမှုတ်ပေးမှ အမောပြေတတ်သည်။ ဝန်ပေါ့မှာ နိုင်းလို့ကောင်းသည်။ ဝန်လေးခိုင်းလျှင် ဝပ်နေခြင်း၊ ဘေးဖယ်သွ ခြင်း စသည့်အပြုအမူများရှိတတ်သည်။ ထို့ကြောင့် နွားကောင်းအင်္ဂါလက္ခဏာပါသော်လည်း မွေးမြူသူများ ရှောင်ရှားတတ်ကြသည်။

**နှာခေါင်းပွသောနွား**

နှာခေါင်းပွသောနွားများသည် အစားကောင်း အစားကြမ်း၊ ရေသောက်ကြမ်း၊ တချို့နှာခေါင်းပွသောနွားမှာ နှာခေါင်းပေါက်ကျယ်ပြီး မြင်းနှာခေါင်းကဲ့သို့ ရှိတတ်သည်။ ယင်းနွားမျိုးသည် ကြိုးဖြတ်တတ်ခြင်း၊ ကြိုးကိုကိုက်ဖြတ်ခြင်း၊ နှာစောင်းတိုက်၍



ဖြတ်ခြင်း စသည့်အကျင့်များကြောင့် ပိုင်ရှင်များ ထိန်းကျောင်းရခက်ခဲဖြစ်ရတတ်သည်။ နွားခိုင်းသူများသည် အစားကောင်းသော နွားကို အလွန်သဘောကျသော်လည်း နှာခေါင်းပွနွားများ အစားကောင်းပုံကိုတော့ ကြောက်ကြသည်။ ရေရှားသည့်အရပ်ဆိုလျှင် ကျွေးမွေးရန် အလွန်ဝန်လေးလှသည်။ ထို့ကြောင့် နွားကောင်းများ၏ အင်္ဂါလက္ခဏာပါသော်လည်း နှာခေါင်းပွနွားများကို မွေးမြူရန် ရှောင်ကြသည်။

**လည်တိုသောနွား**

လည်တံတိုသောနွားများသည် လယ်ယာခွင်နိုင်းရာတွင် အားကောင်း၏။ စိတ်ရှူးဖောက်တတ်၏။ ထမ်းပိုးဂျစ်များကို ချိုးပစ်တတ်၏။ တစ်လက်ကိုင်ကောင်း၏။ အကြောမသိသူ ကိုင်ရန်မလွယ်ကူ။ များသောအားဖြင့် အလှည့်ဖက်(လက်ယာဖက်က ထားသုံးမှ သင့်လျော်၏။ ကုန်းဆင်းကုန်းတက်၊ တောင်ဆင်းတောင်တက်၊ အထိန်းအသိမ်းအလွန်ကောင်းသည်။ သို့သော်သူ့ကို မနိုင်သူများ (အကြောင်းမသိသူများ) ကိုင်ရန်မလွယ်ကူ။

**လည်ရှည်သောနွား**

လည်ရှည်သော နွားများမှာ မြေပြင်နိုင်းရာတွင် ခေါင်းဆတ်ကာဆတ်ကာ သွားလာပုံ လှပ၏။ သဲတော၊ ရွှံ့တော၊ ရေပြင်ခိုင်းရာမှာ အားအင်နည်းပါး၍ မကောင်း။ သက်လုံမကောင်း။ အမောမခံနိုင်။ နွားကောင်းအင်္ဂါလက္ခဏာပါသော်လည်း လည်တံရှည်သောနွားကို လယ်ယာလုပ်ငန်းခွင် သုံး၍ မကောင်း ဖြစ်တတ်သည်။

## လယ်ယာထွန်ယက်နည်း

လယ်ကွက်ကိုဖြစ်စေ၊ ယာကွက်ကိုဖြစ်စေ စ၍ထွန်တော့မည်ဆိုလျှင်–

အဋ္ဌော၊ ဂဇ္ဇော၊ စရေ၊ ဝံသေ–နှင့် ထွန်ရပါမည်။

၁။ အဋ္ဌော၊ အရှေ့မြောက်ထောင့်နှင့် အနောက်တောင် ထောင့်။
(အရှေ့တောင်ထောင့်ကစ၍ထွန်ပါ။)

၂။ ဂဇ္ဇော၊ အရှေ့အရပ်နှင့်အနောက်အရပ်။။
(တောင်ဘက်ကစ၍ အရှေ့အနောက်ထွန်ပါ။)

၃။ စရေ၊ အရှေ့တောင်ထောင့်နှင့်အနောက်မြောက်ထောင့်။
(အရှေ့မြောက်ထောင့်ကစ၍ထွန်ပါ။)

၄။ ဝံသေ၊ တောင်အရပ်နှင့်မြောက်အရပ်။
(အရှေ့ဘက်စပ်ကစ၍ တောင်မြောက်ထွန်ပါ။)

**မှတ်ထားရန်–** အဋ္ဌော–ဂဇ္ဇော–စရေ–ဝံသေ–ပြည့်သွားတော့ (၄)စပ်ရသွားပြီ။ နောက်ထပ် အဋ္ဌော ဂဇ္ဇော ပြန်ထွန်လျှင် (၈)စပ် ကျပါသည်။ နဂါးလှည့်နဲ့ ထွန်လိုက စ၍ ထွန်ချိန် နဂါးပါးစပ်ထဲ မရောက်ရန် သတိပြုပါ။

## မိုးနှင့်လေကို အကဲခတ်နည်း

တောင်သူလယ်သမား ဦးကြီးများမှာ မိုးနှင့်လေဟာ မိတ်ဆွေဖြစ်သလို တစ်ခါတစ်ရံ ရန်သူသဘော်လည်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် မိုးနှင့်လေကို အကဲခတ်နိုင်ရန် လိုပေလိမ့်မည်။

လူပုဂ္ဂိုလ်တို့သည် အသိဉာဏ်ပညာရှိသောသူများ ဖြစ်ကြသော်လည်း အချို့နေရာမှာ လူတို့ မသိနိုင်သော အကြောင်းအရာများကို သတ္တဝါ–တိရစ္ဆာန်များက ကြိုတင်၍ သိတတ်ကြပေသည်။ ဥပမာ ကုလားအုတ်များသည် သဲမုန်တိုင်းကျရောက်တော့မည့် လက္ခဏာကို လူတို့အရင်သိမှုများရှိသလို အခြားတိရစ္ဆာန်များမှာလည်း သူတို့သင်္ကေတများနှင့် သိထားသောအရာများရှိကြလေသည်။ သို့ဖြစ်၍ မိုးနှင့်လေကို ကြိုတင်ခန့်မှန်းနိုင်ရန် လူတို့နှင့် အနေရင်းနှီးသော ကျီးငှက်များမှတစ်ဆင့် ခန့်မှန်းနိုင်ရန်မှာ အောက်ပါအတိုင်း သတိရှိပါလေ။

ကျီးကန်းသည် သစ်ပင်မြောက်ဘက်သစ်ကိုင်းတွင် အသိုက်လုပ်မူ ဒီနှစ်အဖို့ တောင်လေတိုက်မည်။ တောင်ဘက်မှ မိုးအလာများမည်။ သစ်ကိုင်းအဖျားပိုင်း အသိုက်လုပ်မူ လေပြင်းမတိုက်။ အကယ်၍ သစ်ပင်အရင်းပိုင်း အသိုက်လုပ်မူ ဒီနှစ်အဖို့ လေပြင်းတိုက်ခတ်မည်။ (ကျန်အပိုင်းဆင်ခြင်၍ သိပါလေ။)

## စပါးပင်စိုက်သည့်အခါ သတိပြုရန်

တောင်ဘက်လေတိုက်ခတ်မည့်နှစ်တွင် စပါးစိုက်မူ တောင်ဘက်ကို မျက်နှာမူပြီး စိုက်ပါ။ အကြောင်းကား စပါးစိုက်သူတောင်ဘက်မျက်နှာမူစိုက်သော် စပါးပင်သည် တောင်ဘက်သို့ ခပ်ကိုင်းကိုင်းဖြစ်နေမည်။ ထို့ကြောင့် လေတိုက်ခတ်မှုဒဏ်ကို ခံနိုင်ပါသည်။ အကယ်၍ စပါးပင် မြောက်ဘက်ကိုင်းနေလျှင် တောင်ဘက်လေတိုက်ခတ်လိုက်လျှင် ခါးကျိုးပြီး အပင်လဲသွားနိုင်သည်ကို သတိပြုပါ။

## မိုးဦး–မိုးလယ်–မိုးနှောင်း

မိုးဦး, မိုးလယ်, မိုးနှောင်းကို ခန့်မှန်းရာမှာ ဖွတ်လောင်း (ဖွတ်ပေါက်စ) အမြီးကိုကြည့်၍ ခန့်မှန်းနိုင်သည်။ ဖွတ်၏အမြီး

သည် အဝါတစ်ရစ်၊ မိုးသားရောင်တစ်ရစ်နှင့် အဝါ-မိုးသား ရောလျက် အပိုင်းပိုင်းရှိသည်။ အဝါရောင်ကား လေ၊ မိုးသားရောင်ကား မိုး၊ မိုးသားနှင့်အဝါ ရောပြီး ပြောက်ကျားဆိုလျှင် မိုးလေ။

၁။ အမြီးဖျား-ဝါမူ မိုးဦးမကောင်း (လေကျမည်)
၂။ အမြီးဖျား-မိုးသားရောင်ရှိမူ မိုးဦးကောင်း၏။
၃။ အမြီးဖျား-အဝါမိုးသား ပြောက်ကျားနေမူ မိုးဦး ရော၍ နေမည်။
(ကျန်အပိုင်း မှီး၍သိပါလေ။)

## မိုးခေါင်မည့်လက္ခဏာ

၁။ မိုးတွင်းအခါ ပုရွက်ဆိတ်များ ရေအိုးအောက် (သို့) အအေးဓာတ်ရှိရာ ဝင်နေလျှင် မိုးခေါင်တတ်သည်။
၂။ မိုးတွင်းအခါ ဖားသတ္တဝါများ ကုန်းပေါ်တက်အစာရှာ ကျက်စားလျှင် မိုးခေါင်တတ်သည်။
၃။ ဖားသတ္တဝါများ အသံမမည်၊ နည်းလျှင် မိုးခေါင်တတ်ပါသည်။
၄။ လယ်ပုစွန် (ကဏန်း) ရေစပ်တွင်ပေါ်မူ မိုးခေါင်တတ်၏။
၅။ ရေသတ္တဝါများ ကုန်း၊ ကုန်းသတ္တဝါများ ရေ ကျက်စားလျှင် မိုးခေါင်တတ်၏။

## ထွန်သွားတပ်နည်း

၁။ ထွန်သွားတစ်ချောင်း တပ်၍ထွန်မူ ချမ်းသာသုခပြည့်စုံအံ့။
၂။ ထွန်သွားသုံးချောင်းတပ်၍ထွန်မူ စားသောက်ဖွယ်ရာ ပေါများအံ့။



၃။ ထွန်သွား ငါးချောင်းတပ်၍ထွန်မူ ပစ္စည်းဥစ္စာ ပေါများအံ့။
၄။ ထွန်သွား ဆယ်ချောင်းတပ်၍ထွန်မူ ဘုန်းကျက်သရေ တိုးပွားအံ့။

## မျိုးကြဲရက်ရွေးနည်း

၁။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် မျိုးကြဲလေ။ (ပြဿဒါးရက် လွတ်စေ)
၂။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ နေ့များရှောင်။

## လအလိုက် ပိုးကျရက်ရွေးနည်း

| | | |
|---|---|---|
| တန်ခူးလ | = | အင်္ဂါနေ့ |
| ကဆုန်လ၊ သီတင်းကျွတ်လ | = | သောကြာ၊ |
| နယုန်၊ တော်သလင်း၊ နတ်တော်လ | = | ဗုဒ္ဓဟူး၊ |
| ဝါဆိုလ၊ တန်ဆောင်မုန်းလ | = | စနေ၊ |
| ဝါခေါင်လ၊ တပို့တွဲလ | = | ကြာသပတေး၊ |
| ပြာသိုလ | = | တနင်္ဂနွေ၊ |
| တပေါင်းလ | = | တနင်္လာ။ |

## ပိုးကျရက်ရွေးနည်း

**မည်သည့်လဆန်း လဆုတ်မဆို**

(၁) ရက်၊ (၆) ရက်၊ (၇) ရက်၊ (၁၂) ရက်၊ (၁၃) ရက်များ ပိုးကျရက်။

## စပါးကျီသွင်းနေ့ ရွေးနည်း

၁။ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စပါးသွင်း။
၂။ တနင်္လာ၊ ကြာသပတေး၊ စနေ စပါးမသွင်းရာ။

## မောင်းဆင်နည်း

လောကီလူများ၊ မျိုးလေးပါးတို့၊ မှတ်သားကြည်ညို၊ မောင်းဆင်လိုမူ၊ မပိုမသာ၊ ခေါင်းမှာတစ်ချက်၊ နားရွက်ထက်၌၊ ပတ်လျက်သေချာ၊ တိုင်းပြီးကာမှ၊ ကောင်းစွာစီမံ၊ တစ်ပြန်ခေါင်းထား၊ သုံးပြန်ခါးတည့်၊ မှတ်သားပြီးနောက်၊ နောက်ပြီးနှစ်ပြန်၊ အမှန်ဆင်ပါ၊ ညင်သာသာနှင့်၊ ထောင်းခါလည်းညက်၊ ဆန်ကောင်းထွက်၏၊ တစ်ချက်စီရင်၊ မြေပြင်ဆုံတယ်၊ ကျွန်းခေါက်နွယ်တည့်၊ အံ့ဖွယ်ကောင်းဆုံး၊ မောင်းတုံးနဘဲ၊ လွန်ထူးကဲလှ၊ ပျဉ်းမခါးတိုင်၊ မြဲနိုင်သေသပ်၊ လည်ညှပ်ရုံးသား၊ စိုက်ထားပြီးမှတ်၊ သံသတ်ကျည်မွေ့၊ သုံးဆွဲလေ့မူ၊ တစ်နေ့တခြား၊ မောင်းသံကြားက၊ စီးပွားချမ်းသာ၊ ရဖို့ရာ၏၊ ရောဂါလည်းကင်း၊ အပင်းလည်းကျ၊ မောင်းသုခသည်၊ မှတ်ကြအများ၊ လူရှင်တည်း။

### မောင်းဆင်နည်းသံပေါက်

၁။ မောင်းတုံးရှည်စွာ၊ ဆယ့်လေးထွာ၊ တွင်းခါစတုခါးလျှင်ပြု။

၂။ ရှစ်ထွာမှာကား၊ လည်ညှပ်ထား၊ မှတ်သားမယွင်းမူ။

၃။ ဆယ့်တစ်ထွာတွင်၊ ကျည်မွေ့ပင်၊ ဦးလျှင်ကျန်သုံးစု။

**အဓိပ္ပာယ်ကောက်ချက်**

အထွာအားဖြင့် (၁၄)ထွာ။ (အတောင်အားဖြင့် မောင်းတုံးအရှည် [၇] တောင်) လေးထွာမှာ ခါး (ဝင်ရိုး) ပေါက်ဖောက်ရမည်။ ရှစ်ထွာမှာ လည်ညှပ်တိုင် တစ်ဖက်တစ်တိုင်စိုက်ရမည်။ ဆယ့်တစ်ထွာမှာ ကျည်မွေ့တပ်ပြီး ကျန်သုံးထွာမှာ ဦးခေါင်းပိုင်းဖြစ်လေသည်။



## အသုံးပြုရန် သစ်သားများ

မောင်းတုံးအရှည် ၁၄–ထွာ (၇)တောင်၊ လုံးပတ်ဖြက်-လက်မ၊ ဒု ၄–လက်မ ရှိရမည်။ သစ်မှာနဘဲသား။ ခါးတိုင်ကိုဦးမသား။ လည်ညှပ်တိုင် (၂) တိုင်မှာ ရုံးသား၊ ကျည်မွေ့များ သံကွင်းတပ်ရမည်။ အောက်ခံ..ောင်..ွက်(ဆုံ)ကျွန်းသားပ်ရမည်။

၎င်းမောင်း ပြုလုပ်ပြီး မည်သည့်နေရာမဆို ထားနိုင်သည်။

### ယောက်မလုပ်နည်း

ပထမ ယောက်မ၏ အရွယ်ပမာဏကို လျှာထားပါ။ ်းအရွယ်ကို ကြိုးနှင့်ပတ်၊ ၎င်းကြိုး ဆန့်လိုက်ပြီး ကြိုးအရှည်ာက် လက်လေးသစ်ပိုရမည်။

**်းလင်းချက်**– ယောက်မအရွယ် (၄) လက်မရှိမူ ကြိုးနှင့်ပတ်လိုက်လျှင် ကြိုးသည် (၈)လက်မရှိ၏။ ၎င်း(၈)လက်မကို နောက်ထပ်(၄)လက်မ ပေါင်း (၁၂)လက်မဖြစ်၏။ ထို့ကြောင့် ယောက်မအရွယ်(၄)လက်မရှိမူ အရွက်အပေါ် အမြီး(၁၂) လက်မရှိရမည်။ အားလုံးပေါင်း (၁၆) လက်မရှိရမည်။

### ဖိုခွင်နောက် လုပ်နည်း

| | | |
|---|---|---|
| အကြီးဆုံး | လုံးပတ် | ၃–ထွာ၊ |
| အငယ်ဆုံး | လုံးပတ် | ၄–သစ်၊ |
| အမြင့် | | ၁–ထွာ၊ |

### ကောက်သစ် ဆန်စားသော နေ့ရွေးနည်း

ကောက်သစ် စ၍စားမည်ဆိုလျှင် အနန္တော အနန္တငါးပါး်းထိပ်ထား၍ လှူဒါန်းပူဇော်ပြီးမှ ပြဿဒါးရက်လွှတ်သောဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များတွင် စတင်၍ား‌သောက်ရာ၏။

## သစ်ပင်ပန်းမာလ်စိုက်ပျိုးရန်

### မစိုက်ရာသော သစ်ပင်များ

ကျမ်းမြတ်အဆီ၊ မိန့်ခွန်းချီ၍၊ သေချာမှတ်ပိုက်၊ မစိုက်ရာငြား၊ သစ်ပင်များကို၊ စကားချီမြ၊ စီကာပြလိမ့်၊ ဌာနတည်ရာ၊ ရှေ့မျက်နှာ၌၊ မည်သာကျော်ခေါင်၊ ညောင်နှင့်သပြေ၊ မစိုက်လေနှင့်၊ စိုက်လေသော်ငြား၊ စီးပွားယုတ်နွဲ့၊ အကျိုးပဲ့လိမ့်၊ မှတ်ဖွဲ့မသွေ၊ တောင်နေသျှစ်ရှား၊ ဖီးခြိမ်း ငှက်ပျော၊ သဘော်အမှန်၊ အနောက်ရံက၊ လက်ပံနှင့်ထိမ်၊ ပြင်းရှိန်မှန်စွာ၊ မြောက်မျက်နှာဟု၊ ဥတ္တရာရပ်၊ မှတ်လေမကွာ၊ သညာထူးဆန်း၊ သဖန်းသျှစ်ရှား၊ မစိုက်ငြားနှင့်၊ ကြေထွားပျက်စီး၊ ပြုန်းတီးတတ်သည်၊ မျိုးလေးမည်တို့၊ သာကြည်ဝနေ၊ ရှောင်ဖွယ်ပြသည်၊ လောကတန်ဆောင်၊ ဉာဏ်ကြီးတည်း။

### စိုက်ရာသောသစ်ပင်များ

လောကဝေါဟာ၊ လူတို့ရွာတွင်၊ ပေါ်ရာဓလေ့၊ အရှေ့မျက်နှာ၊ စိုက်ဖွယ်ရာကား၊ နိူင်ရေမြလား၊ ကြခတ်ဝါးနှင့်၊ ညွန့်ထွားသဖန်း၊ ခေါ်မြန်းရှေ့ဆောင်၊ ရွှေရောင်သရဖီ၊ တောင်ဆီပုန်ညက်၊ တုတက်မဲ့ဆောင်၊ အနောက်တောင်မှာ၊ အုန်းသာစိုက်ငြား၊ အနောက်များနှင့် တောင်ကားကံ့ကော်၊ မြောက်သော်ကားသီး၊ ကျော်ချီးအုံလောက်၊ အရှေ့မြောက်က၊ ဥသျှစ်စသည်၊ ရက္ခသညာ၊ ကျမ်းမှာအလိုက်၊ စိုက်ကြကုန်ပါ၊ မျိုးလေးဖြာတို့၊ ပြည်ရွာကစ၊ ထိုမှတစ်ဖြာ၊ အိမ်ရာကျောင်းကန်၊ ကောင်းမွန်သုခ၊ လာဘများ ထွေ၊ လက်ယက်ရေသို့၊ တဲ့ဇွေဖက်ပြိုက်၊ မနိုပ်စက်ရာ



ရှစ်မျက်နှာက၊ လာသည့်ဘေးရန်၊ မြူဆံမထိ၊ မငြိဥပဒ်၊ ပျောက်ပျက်တတ်သည်၊ ကျမ်းမြတ်အဆီ၊ မိန့်ခွန်းတည်း။

### နေ့အလိုက်သစ်ပင်စိုက်နည်း

၁။ တနင်္ဂနွေနေ့ ဥ၊ အုသည့် အပင်များစိုက်၊
(အာလူး၊ မြေပဲ၊ ကြက်သွန် စသည့်အပင်မျိုးများ)။

၂။ တနင်္လာနေ့ မွှေးကြိုင်သင်းပျံ့သော အပင်များစိုက်
(ပန်းပင်စသည်များ)။

၃။ အင်္ဂါနေ့ အရွက် အသုံးပြုရသောအပင်များစိုက် (ကွမ်းရွက်)

၄။ ဗုဒ္ဓဟူးနေ့ အခွံ၊ အခေါက် အသုံးပြုရသောအပင်များစိုက်၊
(သနပ်ခါး၊ သီး၊ သစ်ကြပိုး စသည်များ)။

၅။ ကြာသပတေးနေ့ အနံ့၊ အစေ့ အသုံးပြုရသောအပင်များစိုက်။

၆။ သောကြာနေ့ အသီးစားရသော အပင်များစိုက်။

၇။ စနေနေ့ အညွန့် အဖူး အသုံးပြုရသောအပင်စိုက်။

### သစ်ပင်မစိုက်အပ်သောအရပ်ရွေးနည်း

၁။ အရှေ့အရပ် ညောင်ပင်၊ သပြေပင်၊ မစိုက်ရ။

၂။ တောင်အရပ် ရှစ်ရှား၊ ငှက်ပျော၊ သင်းဘောပင်။

၃။ မြောက်အရပ် ရှစ်ရှား၊ သဖန်းပင် မစိုက်ရ။

၄။ အနောက်အရပ် လက်ပံပင်၊ ထိမ်ပင်မစိုက်ရ။

### သစ်ပင်စိုက်အပ်သော အရပ်ရွေးနည်း

၁။ အရှေ့အရပ် သဖန်း၊ ကြခတ် စိုက်။

၂။ အရှေ့တောင်အရပ် သရဖီ ။

၃။ တောင်အရပ် ပုန်ညက် ။

၄။ အနောက်တောင်အရပ် အုန်းပင် ။
၅။ အနောက်အရပ် ရှားပင် ။
၆။ အနောက်မြောက်အရပ် ကံ့ကော် ။
၇။ မြောက်အရပ် သီးပင် ။
၈။ အရှေ့မြောက်အရပ် ဥသျှစ်ပင် ။

## မွေးသင့်မွေးရာ သတ္တဝါ

### မမွေးအပ်သော သတ္တဝါ (၉) မျိုး

၁။ ခွေးကြောင်၊
၂။ ကြက်ပြာ၊
၃။ ကြက်ညို၊
၄။ ကြောင်နက်၊
၅။ ခိုအပြာ၊
၆။ နှုတ်ခမ်းတွဲသောလူ၊
၇။ နွားရူး၊ နွားနှမ်း၊
၈။ မြင်းအဝါ၊
၉။ ဟိုင်းဆင်။

### စုနစ်နေ့သားသမီး နွားမွေးနည်း

၁။ တနင်္ဂနွေသားသမီး – နွားဖြူ၊ နွားနီမွေး။
၂။ တနင်္လာသားသမီး – နွားနီ–ပြောက်ကျားမွေး။
၃။ အင်္ဂါ–ဗုဒ္ဓဟူးသားသမီး – နွားနီကျား။
၄။ ကြာသပတေး / သောကြာ / စနေ } သားသမီး – နွားပြာ။



### စုနစ်ရက်သားသမီး မြင်းမွေးနည်း

၁။ တနင်္ဂနွေသားသမီး – အမွေး နီညိုရောင်မွေး။
၂။ တနင်္လာသားသမီး – အမွေး အုန်းခွံရောင်မွေး။
၃။ အင်္ဂါသားသမီး – အမွေး အနက်ရောင်မွေး။
၄။ ဗုဒ္ဓဟူးသားသမီး – လေးဖက်ခွာစုံ–ဖြူအမွေး နီနီရဲရဲမွေး။
၅။ ကြာသပတေးသားသမီး – အမွေး ညိုပြာရောင်မွေး။
၆။ သောကြာသားသမီး – အမွေး ရွှေရောင်မွေး။
၇။ စနေသားသမီး – အမွေးနီ (သို့) နက်ရောင်မွေး။

### ခရီးသွားရှောင်ရန်ဗိလာရက်

ခရီးသွားလာ၊ ရှောင်အပ်စွာသည်၊ ဗိလာရက်နေ့၊ စွဲမှတ်လေလော့၊ ရှစ်ထွေမှန်စွာ၊ တစ်နေ့တာတွင်၊ သေချာပိုင်းခြား၊ ပြပြီးငြားမှ၊ နေ့ကားတနင်္ဂနွေ၊ ရှောင်လေအပ်စွာ၊ သုံးခါအနောက်၊ ငါးခါနောက်တည့်၊ ခြောက်ရပ်တောင်ခွင်၊ ဗိလာမြင်၏။ ။ ထို့ပြင်တနင်္လာ၊ ကောအဋ္ဌ၊ နှစ်ဝရှေ့တောင်၊ ခွေးရှောင်မြောက်ပါး၊ ဆကားနောက်တောင်၊ အမြဲရှောင်လော့။ ။ထိုနှောင်အင်္ဂါ၊ အဋ္ဌာဇကော၊ ရှောင်ကြနောက်မြောက်၊ သုံးအနောက်တည့်၊ တက်ရောက် နောက်တောင်၊ ကျရောက်ရှောင်လေ၊ ဗိလာနေ၏။ တစ်ထွေဗုဒ္ဓါ၊ ကောအဋ္ဌ၊ ရှောင်ကြရှေ့မြောက်၊ လေးရောက်နောက်ခွင်၊ ငါးလျှင်မြောက်ပါး၊ ဗိလာငြား၏။ ။ရက်ကားကြာသပတေး၊ ခွေးချိန်အခါ၊ ပြဗ္ဗာအရှေ့၊ ငါးထွေရှေ့တောင်၊ သတ်မှာဘောင်တည့်၊ ရှောင်ကြလေရာ၊ ရက်သောကြာကား၊ ခွေးမှာနောက်တောင်၊ သုံးရှောင်ရှေ့မြောက်၊ ဆ–ရောက်တောင်ပါး၊

ရှောင်လေငြားရှင့်၊ တခြားစနေ၊ လေးထွေနောက်တောင်၊
ရှောင်လေငါးမြောက်၊ ခြောက်မှာရွေ့ခွင်၊ ဗီလာမြင်၏။ ။
ဆင်ခြင်မဲ့ချေ၊ သွားမိလေက၊ ပျက်ကြေစီးပွား၊ ဘေးရန်များလျက်၊
ငါးပါးခန္ဓာ၊ ပျက်တတ်စွာသည်၊ ဘယ်ခါမလွဲစဖူးတည်း။

**ပရိဝါရ အာယုစသော အရပ်ရွေးနည်း**

မိမိမွေးနံရှိရာ အရပ်ကြိုဟ်ကစ၍ လက်ယာရစ်ရေ။ ပရိဝါရ
အာယု နဂရ ဘုမ္မိ ဂဟပတိ တေဇ ဥာန သိရီ ဟုရေ။

သိအပ်ကုန်စွာ၊ မျိုးလေးဖြာတို့၊ မှတ်ရာဇာကန်၊ ကိုယ့်
မွေးနံက၊ အမှန်လက်ယာ၊ ရေတုံပါဘိ၊ ပရိဝါရ၊ အရပ်မှန်လျှင်၊
မွေးနံလည်းပြု၊ အာယုရပ်ခွင်၊ နံဝင်စိုက်ကောင်း၊ တကြောင်း
နဂရ၊ တည်ထပြည်ရွာ၊ ဘုမ္မိမှာကား၊ ထားပါသင်းချိုင်း၊
ဆိုင်းနှင့်ရေအိမ်၊မြှုပ်တိမ်သွေးသံ၊ တစ်ဖန်ဂဟပတိ။ ထားဘိ
ကျီကျ၊ တေဇအမွန်၊ ထီးတန်းခွန်နှင့်၊ ကျောင်းကန်ဘုရား၊
တည်ထားတုံဘိ၊ ဟတ္ထိဂေါဏ၊ မဟိံသတို့၊ ဥာနထားရာ၊
သိရီမှာမူ၊ လယ်ယာကန်ချောင်း၊ ပြုအပ်ကောင်းသည်၊ မြဲကြောင်း
မှတ်စေ ကုန်သတည်း။

**ပရိဝါရ အာယုစသည် ရွေးနည်းတစ်နည်း**

လောကီရှာန်ရ၊ တာပသတို့၊ သုံးကြစေရာ၊ မိန့်ခဲ့မှာသည်၊
နောင်လာလူများ၊ အမျိုးသားတို့၊ မှတ်သားကုန်ဘိ၊ ပရိဝါရ၊
အရပ်မှလျှင်၊ သီသဆေးခြင်း၊ ရေတွင်းရေကန်၊ တစ်တန်လက်မှု၊
ဆင်ခြင်ပြုလော့၊ အာယုရပ်ဝယ်၊ ကြီးငယ်သစ်ပင်၊ နံတူလျှင်မူ၊
မစိုက်ထူနှင့်၊ ရပ်နဂရ၊ ဒေသအကြော၊ ငှက်ပျော်စိုက်ဘိ၊
အပြစ်ရှိလိမ့်၊ ဘုမ္မိမှာဝယ်၊ ကျင်ငယ်ကျင်ကြီး၊ လောဟိသွေးမွှန်၊



မသွန်လေကောင်း၊ ဦးခေါင်းမဆေး၊ ဝေးစေဘို့တည့်၊ ရှောင်အပ်
ဘိ၏။ ဂဟပတိ၊ ထားဘိကျီကျ၊ ခေါင်းဆေးရ၏၊ ဥယျာဉ်နှုတ်
ပယ်လော့ဆိုရှင့်၊ တေဇကိုကျောင်း၊ မဏ္ဍပ်လောင်း၍၊ ဆောက်
ကောင်းလှစွာ၊ ရက္ခာသစ်ပင်၊ မယှဉ်မစိုက်၊ ဥာနဒွဲကား၊ ကျွဲ-
နွား-ဘဏ္ဍာ၊ ထားပါဆင်မြင်း၊ တွင်းကိုတူးဖြို၊ ထိုပြင်တစ်ပါး
ရပ်သိရီတွင်၊ နတ်ကွန်းစင်နှင့်၊ ပန်းပင်မွေးစွာ၊ မစိုက်ရာတည့်
မှာမှာသမျှ၊ ရှောင်ပါရက၊ ရှည်လှအသက်၊ တည်လျက်စည်းစိမ်၊
ထိန်ထိန်တန်ခိုး၊ နေ့တိုင်းတိုးလိမ့်၊ ကောင်းကျိုးလူတို့ချမ်းသာ
တည်း။

**နေ့တို့၏ အမြစ် အညွန့်**

| | | | | | |
|---|---|---|---|---|---|
| တနင်္ဂနွေ | သားသမီးတို့ | အမြစ် | စနေ | အညွန့် | ၂-လာ |
| တနင်္လာ | 〃 | 〃 | ၁-နွေ | 〃 | ၃-ဂါ |
| အင်္ဂါ | 〃 | 〃 | ၂-လာ | 〃 | ၄-ဟူး |
| ဗုဒ္ဓဟူး | 〃 | 〃 | ၃-ဂါ | 〃 | ၅-တေး |
| ကြာသပတေး | 〃 | 〃 | ၄-ဟူး | 〃 | ၆-ကြာ |
| သောကြာ | 〃 | 〃 | ၅-တေး | 〃 | ၀-နေ |
| စနေ | 〃 | 〃 | ၆-ကြာ | 〃 | ၁-နွေ |

**ခုနစ်ရက်သားသမီးတို့ နေရန် (ဆောင်)**

၁။ တနင်္ဂနွေ၊ တနင်္လာ သားသမီးတို့-ဆင်းရဲဒုက္ခရောက်မူ ကုန်းမြင့်မြေရှိရာအရပ် (တောင်တန်းဒေသ) အရပ်မှာနေ။

၂။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီးတို့ ဆင်းရဲဒုက္ခရောက်မူ မြစ်ချောင်းအနီး (မြစ်ဝကျွန်းပေါ် အရပ်မှာနေ)။

## ဆွေးနွေးတိုင်ပင်ရန် နေ့သင့်ရွေးနည်း (ဆောင်)

| | | | |
|---|---|---|---|
| တနင်္ဂနွေ | သားသမီးတို့တိုင်ပင်ရန်မှာ | ဗုဒ္ဓဟူး | သားသမီး |
| တနင်္လာ | ။ | ကြာသပတေး | ။ |
| အင်္ဂါ | ။ | သောကြာ | ။ |
| ဗုဒ္ဓဟူး | ။ | စနေ | ။ |
| ကြာသပတေး | ။ | တနင်္ဂနွေ | ။ |
| သောကြာ | ။ | တနင်္လာ | ။ |
| စနေ | ။ | အင်္ဂါ | ။ |

## (၇)ရက်သားသမီးတို့ မပြုကောင်းသောအရပ် (ရှောင်)

တနင်္ဂနွေသားသမီး၊ စနေသားသမီးတို့-

အနောက်မြောက်အရပ် အလှူမပေးကောင်း။

တနင်္လာသားသမီး၊ ကြာသပတေးသားသမီးတို့-

အရှေ့မြောက်အရပ် အလှူမပေးကောင်း။

အင်္ဂါသားသမီး၊ ရာဟုသားသမီးတို့-

အရှေ့တောင်အရပ် အလှူမပေးကောင်း။

ဗုဒ္ဓဟူးသားသမီး၊ သောကြာသားသမီးတို့-

အရှေ့တောင်ရပ် အလှူမပေးကောင်း။

## ခေါင်းဆီလိမ်းရက် ရွေးနည်း

တနင်္ဂနွေနေ့ ခေါင်းဆီလိမ်းမူ အဆင်းလှ၏။ ဗုဒ္ဓဟူးနေ့ ခေါင်းဆီလိမ်းမူ ကျက်သရေတိုးအံ့။ သောကြာနေ့ ခေါင်းဆီလိမ်းမူ လာဘ်ပေါများအံ့။ စနေနေ့ခေါင်းဆီလိမ်းမူ အရာခပ်သိမ်းအောင်မြင်အံ့။ (ကျန်နေ့များ လုံးဝမကောင်း ရှောင်ကြဉ်ပါ။)



## အသက်နေ ရွေးနည်း

| | | |
|---|---|---|
| တနင်္ဂနွေနေ့ | ဦးခေါင်းတွင် | အသက်နေ၏။ |
| တနင်္လာနေ့ | မေးဖျားတွင် | ။ |
| အင်္ဂါနေ့ | ကျောကုန်းတွင် | ။ |
| ဗုဒ္ဓဟူးနေ့ | ။ | ။ |
| ကြာသပတေးနေ့ | လျှာတွင် | ။ |
| သောကြာနေ့ | ဏ္ဍမြွေတွင် | ။ |
| စနေနေ့ | ခြေတွင် | ။ |

အထက်ပါနေ့များတွင် အသက်တည်ရာဌာနတို့ကို မထိခိုက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပါ။

## လှေအမျက်ရွေးနည်း

စုနစ်ရက်သား၊ မျိုးလေးပါးတို့၊ မှတ်သားစိမ့်ငှာ၊ ထားခဲ့ရှာအံ့၊ ရက်ကြာသပတေး၊ လာ၍မေးမူ၊ မတွေးကျမ်းလာ၊ သစ်လှည်းကာမူ၊ ပြဗ္ဗာရှေ့ရပ်၊ လည်း၏မှတ်လော့၊ ကောင်းမြတ်သင့်လှ၊ ပထမတွင်၊ မြသွင်ခနောက်၊ သုံးလုံးဆောက်၏၊ သို့နောက်တဖြာ၊ ဦးမှာမလွဲ၊ ရွှေချုဆွဲလျှင်၊ ပါမြဲမှတ်လေ၊ တထွေပုံပြင်၊ မင်းထိုင်တွင်၌၊ မျက်ရှင်မျက်ကျား၊ ပါတုံငြားလိမ့်၊ ဒိပ်ပွားချမ်းသာ၊ တိုးတက်လာ၍၊ ဥစ္စာမနေ၊ လိုတိုင်းရအံ့၊ ကောင်းလှညွှန့်လူ၊ ဝယ်ကြယူလော့၊ ရှေ့သူအမှာ၊ မလွဲရာတည်။

သောကြာနေ့ကား၊ လှည်းငြားမြောက်ခွင်၊ ဦးတွင်ပထမ၊ မျက်လှငါးသွယ်၊ ဆိုဖွယ်တခြား၊ ပံ့ဘွားမြားခနောက်၊ မောက်လျှံဖြာဖြာ၊ ချောက်ပိုင်းမှာမူ၊ ကြာ၏ပမာ၊ မျက်ကောင်းပါလိမ့်၊

တစ်ဖြာထို့ပြင်၊ ပွဲတွင်မလွဲ၊ ရွှေချူဆွဲလျှင်၊ မမြဲပင်တည့်၊ ကောင်းကင်တက်တို့၊ ပြည့်စုံဖြိုး၍၊ မညှိုးသုခ၊ လိုတိုင်းရအံ့။

ထိုမှတထွေ၊ နေ့စနေကား၊ လှည်းလှေသစ်ပင်၊ နောက်တောင်ခွင်တည့်၊ ကျမ်းလျှင်အလာ၊ ဦးမှာပထမ၊ တတိယနှင့်၊ ဇယပိုင်း မှာ၊ ယက္ခစွယ်ပြူး၊ ဘီလူးခေါင်းနေ၊ တစ်ထွေထိုမှ၊ ပဥ္စမနှင့်၊ ဆဋ္ဌပိုင်းမှာ၊ မျက်ကွယ်ပါလိမ့်၊ လေးမှာငါးရှစ်၊ ပါလစ်ခွံဝက်၊ တစ်ချက်ဆိုရေး၊ လိပ်ချေးတတ်ကြိတ်၊ အတိတ်ကျမ်းလာ၊ ပါမြဲမှာ၏၊ ရှောင်ပါကုန်ချေ၊ မဝယ်လေနှင့်၊ ထိုလှေသည်ကား၊ လူကြိုက်များလိမ့်၊ မှတ်သားစေချင်၊ လတာဆင်သည်၊ ထိုတွင် ရေးမှု မလွဲတည်း။

[တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးတို့ကို အဝယ်အခြမ်းမှာ ရှောင်ကြဥ်ရာသော နေ့စုဖြစ်၍ မဆိုပြီ။]

## ကုန်အပေါ်အရှား တွက်နည်း

ဂေါဇာတည်ထုတ်၊ ဆယ်ခုနုတ်၊ စားကုပ်ခုနစ်သာ။
ကြွင်းငြားတစ်ခု၊ စပါးပြု၊ နှစ်ခုပုဆိုးသာ။
သုံးခုဝါမျိုး၊ လေးခုဖြိုး၊ ရှားရိုးငရုတ်မှာ။
ငါးခုအရေ၊ မပေါ်ထွေ၊ ခြောက်နေအရွက်သာ။
သုဥ်းလေတုံပြန်၊ အသီးမှန်၊ ဧကန်ရှားပါးရာ။

**အဓိပ္ပာယ်ကား–** သိလိုသော ကောဇာသက္ကရာဇ်ကိုတည်၊ ၁၀–နုတ်၊ အကြွင်းကို ၇–နှင့်စား၊ ၁–ခုကြွင်းလျှင် ထိုနှစ်စပါးရှားမည်။ ၂–ကြွင်းလျှင် ပုဆိုးအဝတ်ရှားမည်။ ၃–ခုကြွင်းလျှင် ဝါးမျိုးရှားပါးမည်။ ၄–ခုကြွင်းလျှင် ငရုတ်ကုန်ရှားပါးမည်။ ၅–ကြွင်းလျှင် အရေနှင့်စပ်ဆိုင်သော ကုန်များရှားပါးမည်။ ၆–ကြွင်းလျှင် အရွက်နှင့်စပ်ဆိုင်သော ကုန်များရှားပါးမည်။ အကြွင်းမရှိ သုဉ်းလျှင် အသီးနှင့်စပ်ဆိုင်သော ကုန်များရှားပါးမည်။ ဤသို့ သိမှတ်ရာသတည်း။



## ရောင်းဝယ်ရေး သင့်, မသင့်တွက်နည်း

ရောက်သက်ကယ်တဲ့ တည်တို့ပါ၊ ရောင်းလိုရာ ကုန်နံ့နှော တယ်၊ သော–ဘုံဋ္ဌိကာ၊ ဒွေး ပဉ္စာ၊ မမြတ်ကယ်ပါသေး၊ တစ်–သုံး ဆင်နံ့တို့၊ ကြွင်းပြန်လျှင် ဧကန်မြတ်ပါလိမ့်၊ မှတ်ရော့ သူငွေး။

**အဓိပ္ပာယ်ကား–** ကုန်ရောင်းလိုသော သူ၏ အသက်ကိုတည်၊ ရောင်းလိုရာကုန်၏ နံနှင့်ပေါင်း၊ ၎င်းကို ၆–စား၊ ၂–ခု၊ ၅–ခု ကြွင်းလျှင် မမြတ်။ ရှုံးတတ်၏။ ၁–ခု၊ ၃–ခု၊ ၄–ခုကြွင်းလျှင် အမြတ်အစွန်းများတတ်သည်။ ၎င်းကုန်ကို ကူးသန်းရောင်းဝယ်ခြင်း ပြုပါလေ။

## အဝတ်ပုဆိုးချုပ်ရာနေ့အဟော (လဆန်း အဖို့)

| | | | |
|---|---|---|---|
| လဆန်း | ၁–ရက်နေ့ | အဝတ်ပုဆိုးချုပ်မှု | အမျိုးခုနစ်ဆက်ပြတ်အံ့။ |
| ။ | ၂–ရက်နေ့ | ။ | လာဘ်ရအံ့။ |
| ။ | ၃–ရက်နေ့ | ။ | အလိုခပ်သိမ်း ပြည့်စုံအံ့။ |
| ။ | ၄–ရက်နေ့ | ။ | ဘေးတွေ့အံ့။ |
| ။ | ၅–ရက်နေ့ | ။ | ဥစ္စာရတနာရအံ့။ |
| ။ | ၆–ရက်နေ့ | ။ | ဖျားနာအံ့။ |
| ။ | ၇–ရက်နေ့ | ။ | နှလုံးမသာဖြစ်အံ့။ |

| | | | |
|---|---|---|---|
| လဆန်း | ၈–ရက်နေ့ | ။ | ဘေးသင့်အံ့။ |
| ။ | ၉–ရက်နေ့ | ။ | ရန်များအံ့။ |
| ။ | ၁၀–ရက်နေ့ | ။ | နှလုံးမသာရှိအံ့။ |
| ။ | ၁၁–ရက်နေ့ | ။ | နှလုံးမသာရှိအံ့။ |
| ။ | ၁၂–ရက်နေ့ | ။ | ဥစ္စာရတနာရအံ့။ |
| ။ | ၁၃–ရက်နေ့ | ။ | ဥစ္စာရတနာ ပြည့်စုံအံ့။ |
| ။ | ၁၄–ရက်နေ့ | ။ | အစား ဆန်ရေ ပေါများအံ့။ |
| ။ | ၁၅–ရက်နေ့ | ။ | ။ |

**(လဆုတ်–အဖို့)**

| | | | |
|---|---|---|---|
| လဆုတ် | ၁–ရက်နေ့ | အဝတ်ပုဆိုးချုပ်မှု | အဖျားအနာ ရောက်အံ့။ |
| ။ | ၂–ရက်နေ့ | ။ | အနာရောဂါကြီးရောက်အံ့။ |
| ။ | ၃–ရက်နေ့ | ။ | သူတစ်ပါးတို့ နှိပ်စက်အံ့။ |
| ။ | ၄–ရက်နေ့ | ။ | အဆွေအမျိုးခင်အံ့။ |
| ။ | ၅–ရက်နေ့ | ။ | မြတ်သောဥစ္စာရအံ့။ |
| ။ | ၆–ရက်နေ့ | ။ | အပြစ်သင့်အံ့။ |
| ။ | ၇–ရက်နေ့ | ။ | အဆွေအမျိုး ဥစ္စာရအံ့။ |
| ။ | ၈–ရက်နေ့ | ။ | ကျွန်ပြေးအံ့။ |
| ။ | ၉–ရက်နေ့ | ။ | ဥစ္စာရတနာရအံ့။ |
| ။ | ၁၀–ရက်နေ့ | ။ | အပြစ်သင့်အံ့။ |
| ။ | ၁၁–ရက်နေ့ | ။ | ဥစ္စာရအံ့။ |
| ။ | ၁၂–ရက်နေ့ | ။ | ဥစ္စာပစ္စည်းပျက်စီးအံ့။ |



| | | | |
|---|---|---|---|
| လဆုတ် | ၁၃–ရက်နေ့ | ။ | ပြည့်စုံကြွယ်ဝအံ့။ |
| ။ | ၁၄–ရက်နေ့ | ။ | စပါးဆန်ရေပေါများအံ့။ |
| ။ | ၁၅–ရက်နေ့ | ။ | ပြည့်စုံကြွယ်ဝအံ့။ |

## မဝယ်အပ်သည့်အခါ

အကြင်သူသည် အိမ်တွင် အတူတကွ လက်ဆုံစားသော မယား, သမီး, ချွေးမ, တူမ, ကျွန်မ တို့၌ နှုတ်ပိုက်ကိုယ်ဝန် ရှိသည့်အခါကို ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လှေ၊ လှည်း စသည် တို့ကို မဝယ်မယူအပ်။ ဝယ်ယူမိချေသော် ထိုဥစ္စာတို့သည် သေပျောက်ပျက်စီးရာ၏။ ကိုယ်ဝန်ဆောင် မိန်းမသော်လည်း ပျက်စီးရာ၏။ ထိုဥစ္စာရှင်သည်လည်း အသက်မရှည်ရာ၊ ရောင်ကြဲ့ရာ၏။ အပင်ပန်းကြီးလှသော်ကား ညီသားနောင်မယ် သမီး ယောက်ဖ အဆွေအမျိုးတို့ကို ဝယ်စေရာ၏။ ဝယ်ပြီးနောက် ထိုသူများထံ ရက်လည်အောင်သိမ်းမြန်းထားစေရာ၏။ ရက်လည် ပြီးသော်ကား သိမ်း၍ယူစေအပ်၏။ သည်မှတစ်ပါး ဆင်၊ မြင်း ကျွဲ၊ နွားတို့ကို နှစ်အစုံတွင် မဝယ်ကောင်း၊ သေပျောက်ပျက်စီး တတ်၏။ တာမရှည်ရာ။ ရောင်ကြဲ့အပ်၏။

## အတတ်ပညာသင်ရသောနေ့

ရာသီမြတ်ဘိ၊ ပြစ်မရှိတွင်၊ ရဝိဇီဝါ၊ သောကြာထွန်းတောက် ဤသုံးရက်ဝယ်၊ သုနက္ခတ္တ၊ ဆောင်အပ်လှသည့်၊ ဖုံသျှဟာသဒ အခြသည်၊ မိဂသီစိတြ၊ အသသသိသနှင့်၊ မူလထင်ရှား၊ ခုနစ်ပါ မြတ်၊ အကောင်းထွတ်၌၊ အတတ်တကာ၊ သင်ကုန်ရာဟု

ကျမ်းလာဖော်ပြ၊ ဤပုညဝဋ္ဋသုံးပါး၊ အောင်သွေမျှားထက်၊ ထွတ်ဖျားအကြီး မစေသော်။

**အဓိပ္ပာယ်ကား**-မြတ်သောရာသီတွင် တနင်္ဂနွေ၊ ကြာသပတေး၊ သောကြာ-ဤသုံးနေ့တွင်၊ တစ်နေ့နေ့ကြုံစေ၊ နက္ခတ်မှာလည်း ဖုဿျှဟဿဒ ဘဒြ မိဂသီ စိတြ အဿလိဿ မဂ်လာ အခါကောင်းတွင် အတတ်တကာတို့ကို သင်ကြားရသော် ကောင်းလှ၏ ဟူလို။

## ထီပေါက်-မပေါက် တွက်နည်း

မူလ ဂေါဇာ၊ သက္ကရာ၊ နှစ်ဖြာပေါင်း၍ရော။
မွေးနံဂြိုဟ် သက်၊ ကိုယ့်အသက်၊ ရောစွက်တစ်ဖန်နှော။
ဗျည်းသုဉ်းဆ ဒွါ ကျခဲ့ရာ၊ ထီသာပေါက်မည်ဟော။

**အဓိပ္ပါယ်ကား**-ယခုနှစ်အဖို့ ထီပေါက်မပေါက်ကို သိလိုလျှင် ထိုပုဂ္ဂိုလ်၏ မူလသက္ကရာဇ်နှင့် ယခုရောက်သော ဂေါဇာသက္ကရာဇ်ကို ရောရမည်။ ၎င်းနောက် မွေးနံဂြိုဟ်သက်ရောက်နှင့် ရောက်ရှိသော အသက်ကို ထပ်မံ၍ ရောရမည်။ ရောနှော၍ အားလုံးဂဏန်းမှာ (၂၆၀၅)ဖြစ်လျှင် ဤနှစ်အဖို့ ထီပေါက်ကိန်းရှိသည်ဟု ဟောရမည်။

**ဥပမာ**။ ။သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် မွေးဖွားသော အင်္ဂါသားမှာ ယခုနှစ် ထီပေါက် မပေါက် သိလိုလျှင် တွက်နည်းမှုကား... မူလသက္ကရာဇ် ၁၂၆၀နှင့် ယခုဂေါဇာသက္ကရာဇ် ၁၂၉၉ ပေါင်း၊ ၂၅၅၉ ရ၏။ ၎င်းတွင် အသက် ၃၉ နှစ် အင်္ဂါဂြိုဟ်သက် (၈)ကိုရော၊ ၂၆၀၅ (ဗျည်းသုဉ်းဆဒွါ)ဖြစ်၏။ ၎င်းပုဂ္ဂိုလ်မှာ ယခုနှစ် ထီပေါက်ကိန်းရှိသည်ဟု ဟောရမည်။



လဆန်းမြေခံ

| | |
|---|---|
| ၁ | မ |
| ၂ | က |
| ၃ | က |
| ၄ | မ |
| ၅ | က |
| ၆ | မ |
| ၇ | က |
| ၈ | မ |
| ၉ | မ |
| ၁၀ | က |
| ၁၁ | က |
| ၁၂ | မ |
| ၁၃ | က |
| ၁၄ | က |
| ၁၅ | က |

လဆုတ်မြေခံ

| | |
|---|---|
| ၁ | က |
| ၂ | မ |
| ၃ | မ |
| ၄ | က |
| ၅ | မ |
| ၆ | က |
| ၇ | မ |
| ၈ | က |
| ၉ | က |
| ၁၀ | မ |
| ၁၁ | က |
| ၁၂ | က |
| ၁၃ | မ |
| ၁၄ | က |
| ၁၅ | က |

**မှတ်ထားချက်**။ ။မ,အက္ခရာ မကောင်းယူ၊ က,အက္ခရာ ကောင်းသည်ယူ။

လဆန်းတိထိမြေခံ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅ | ၄ | ၃ | ၂ | ၁ | ၁၀ | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ |
| က | က | မ | က | မ | မ | က | မ | မ | က | က | က | မ | က | မ |

လဆုတ်တိထိမြေခံ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀ | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ | ၁၀ | ၉ | ၈ | ၇ | ၆ |
| မ | က | မ | မ | က | က | က | မ | က | မ | မ | က | မ | မ | က |

**မှတ်ထားချက်။** ။မ,အက္ခရာ မကောင်းယူ၊ က,အက္ခရာ ကောင်းသည့်ယူ။



## တိထိမြေခံ ပါဠိ

ရဝိနေက္ခယံ စန္ဒရာ လာဘာဠ္ဌ ဘောမံ ဒုက္ခဠ္ဌ ဗုဒ္ဓခနံ ဂုရုဝရံ သောကြာသ သိဒ္ဓိတံ သတ္တေစ အဂ္ဂိဘယံ၊ ရာဟုစ ကလဟံ ကိတ္တေစ မဟာလာဘံ မိတ္တုဒ မရဏံ ဘဝေ။

(နန္ဒာ၊ ဘဒြာ၊ ဇေယျာ၊ ရိတ္တာ၊ ပုဏ္ဏာ)

## တိထိတွက်နည်း

ဆောင်အံ့သော တိထိကိုတည်၊ ၅ နှင့်စား။ ၁–ခုကြွင်းမူ နန္ဒာတိထိ။ ၂–ခုကြွင်းမူ ဘဒ္ဒရာတိထိ။ ၃–ခုကြွင်းမူ ဇေယျာ တိထိ။ ၄–ခုကြွင်းမူ ရိတ္တာတိထိ။ သုညကြွင်းမူ ပုဏ္ဏာတိထိ။ ဤငါးပါးသော တိထိတို့တွင်၊ ရိတ္တာတိထိ၌ ကျောင်း, ကန်, ဘုရားတည်ထားခြင်းနှင့် အမှုခပ်သိမ်းရှောင်ကြလေ။

### တိထိငါးမျိုး ကရားဇောက် ဖယားပုံ

| အမည် | နန္ဒာ | ဘဒ္ဒရာ | ဇေယျာ | ရိတ္တာ | ပုဏ္ဏာ. |
|---|---|---|---|---|---|
| တိထိ | ၁ | ၂ | ၃ | ၄ | ၅ |

## တိထိဟောလက်ာ

အခါပေးရာ၊ မျိုးလေးဖြာတို့၊ နန္ဒာတိထိ၊ ကြိုက်ညီသောခါ၊ ကျောင်းဝိဟာနှင့်၊ တည်ရာဘုရား၊ တံတားခင်းရန်၊ ရေကန် ရေတွင်း၊ အခင်းကိစ္စ၊ ဟူသမျှကို၊ ပြုရသော်ကား၊ အကျိုး များ၏။

တခြားဘဒ္ဒရာ၊ တိထိမှာလည်း၊ ကေသာထုံးခြင်း၊ နားထွင်း မင်္ဂလာ၊ အိမ်ရာဆောင်နှင်း၊ အခင်းကိုသာ ပြုဖို့ရာ၏။

မှန်စွာသည်၊ တိထိဇေယျ၊ ရန်ခအောင်ကြောင်း၊ စည်မောင်းရိုက်ဆော်၊ စစ်တော်ချီသွား၊ တရားဆင်ရာ၊ အောင်စေရာ၏။

မကွာမုချ၊ ရိတ္တကြုံလျှင်း၊ ထိုးကွင်းလက်ဖွဲ့၊ ပြစ်မှဲ့ဆေးဝါး၊ နာဖျားအကယ်၊ ပြုဖို့လွယ်၏။

အကယ်ဇီဝ၊ ကြုံလေကမူ၊ ပုဏ္ဏာတိထိ၊ ကျိန့်ဘဏ္ဍာဥစ္စာသိုမှီး၊ တစ်သီးရတနာ၊ ခုနစ်ဖြာတို့၊ ဝယ်ရာမဘောက်စိန်ကျောက်သွေးမှု၊ အစုစုကို၊ ပြုအပ်လှစွာ၊ ကောင်း၏မှာသည်အခါပေးဖို့ မခဲတည်း။

## တိထိအကျယ်တွက်နည်း

ထိုနေ့ တိထိကို သိလိုသော် ၁၄-တည် ရောက်သောလ၏ ရက်ကိုနှော(ပေါင်း) ၁၅-နှင့်စား၊ အကြွင်းမှာ ထိုနေ့တိထိဖြစ်၏။

## တိထိငါးမျိုး ကရားဇောက်ဇယား

| နန္ဒာ | ဘဒ္ဒရာ | ဇေယျာ | ရိတ္တာ | ပုဏ္ဏာ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |

## တိထိကိန်းသေတွက်နည်း

မည်သည့် လဆန်း-လဆုတ်မဆို...

၁။ ၁-ရက်၊ ၆-ရက်၊ ၁၁-ရက် - ပုဏ္ဏာတိထိ။
၂။ ၂-ရက်၊ ၇-ရက်၊ ၁၂-ရက် - နန္ဒာတိထိ။
၃။ ၃-ရက်၊ ၈-ရက်၊ ၁၃-ရက် - ဘဒ္ဒရာတိထိ။



၄။ ၄-ရက်၊ ၉-ရက်၊ ၁၄-ရက် - ဇေယျာတိထိ။
၅။ ၅-ရက်၊ ၁၀-ရက်၊ ၁၅-ရက် - ရိတ္တာတိထိ။

## နန္ဒာတိထိအခါ ဆောင်ရန်

နန္ဒာတိထိအခါကား... ၁-လုံး၊ ၆-လုံး၊ ၁၁-လုံး တို့မှာ နန္ဒာတိထိဖြစ်သည်။ ထိုနန္ဒာတိထိအခါတွင် ပြုလုပ်ဆောင်ရွက်ရမည်များမှာ... ဘုရားတည်ခြင်း၊ ထီးတင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်တိုင်ထူခြင်း၊ ပျိုးကြဲခြင်း၊ ကျောင်းဆောက်ခြင်း၊ မင်းထံခစားခြင်း၊ အလှူပေးခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း စသည် ပြုလုပ်ရာ၏။

**မှတ်ထားချက်။** ။၎င်းကိစ္စများကို ဘဒ္ဒရာတိထိအခါတွင် ပြုလုပ်ခဲ့သော် ပျက်စီးမည်မှတ်။

## ဘဒ္ဒရာတိထိအခါ ဆောင်ရန်

ဘဒ္ဒရာတိထိကား... ၂-လုံး၊ ၇-လုံး၊ ၁၂-လုံး တို့သည် ဘဒ္ဒရာတိထိဖြစ်သည်။ ဘဒ္ဒရာတိထိအခါတွင် ပြုလုပ်ဆောင်ရွက်ရမည်များမှာ... နားထွင်းမင်္ဂလာပြုခြင်း၊ သျှောင်ထုံးခြင်း၊ အမည်နာမ မှည့်ခေါ်ခြင်း၊ ကတိစာချုပ်ပြုလုပ်ခြင်း၊ အရှင်စကားဆိုခြင်း၊ ဝန်ခံခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရ၏။

**မှတ်ထားချက်။** ။၎င်းကိစ္စများကို ဇေယျာတိထိ အခါတွင် ပြုလုပ်မိခဲ့သော် နေ့ရှိတိုင်း ပျက်စီးတတ်သည်မှတ်။

## ဇေယျာတိထိအခါ ဆောင်ရန်

ဇေယျာတိထိကား... ၃-လုံး၊ ၈-လုံး၊ ၁၃-လုံးတို့ဖြစ်သည်။ ဇေယျာတိထိအခါတွင် ပြုလုပ်ရမည့်ကိစ္စများမှာ စစ်ချီ

စစ်တက်ခြင်း၊ တရားဆုံးဖြတ်ခြင်း၊ မြို့ရွာတည်ခြင်း၊ တံတင်းတိုင်, တံခါးတပ်ခြင်း၊ သစ္စာပြုခြင်း တို့ကို ပြုလုပ်ရ၏။

**မှတ်ထားချက်။** ။၎င်းကိစ္စများကို ရိတ္တာတိထိအခါတွင် ပြုလုပ်ခဲ့သော် ပျက်စီးတတ်သည်။

### ရိတ္တာတိထိအခါ ဆောင်ရန်

ရိတ္တာတိထိကား... ၄-လုံး၊ ၉-လုံး၊ ၁၄-လုံး တို့ဖြစ်သည်။ ရိတ္တာတိထိအခါတွင် ပြုလုပ်ရမည့်ကိစ္စများမှာ... ဆေး ဖော်ခြင်း၊ အဆောင်လက်ဖွဲ့ထိုးခြင်း၊ သစ်ပင်ကောက်ပင် ဖြတ်လှဲရိတ်သိမ်းခြင်း၊ လှေကားထောင်ခြင်း၊ အိမ်သစ်တက်ခြင်း၊ ခမဲပေးခြင်း၊ ဘိသိက်မြှောက်ခြင်း၊ ရောဂါဝေဒနာ စတင်ကုသခြင်း တို့ကို ဆောင်ရွက်ရ၏။

**မှတ်ထားချက်။** ။၎င်းအမှုကိစ္စတို့ကို ပုဏ္ဏာတိထိအခါပြုလုပ်ခဲ့သော် ပျက်စီးတတ်၏။

### ပုဏ္ဏာတိထိအခါ ဆောင်ရန်

ပုဏ္ဏာတိထိကား... ၅-လုံး၊ ၁၀-လုံး၊ ၁၅-လုံး တို့ဖြစ်သည်။ ပုဏ္ဏာတိထိအခါတွင် ပြုလုပ်ဆောင်ရွက်ရမည်များမှာ... စပါးကျီသွင်းခြင်း၊ ဥစ္စာပစ္စည်းသိုဝှက်ခြင်း၊ 'အတတ်ပညာ စ၍သင်ခြင်း၊ ဂါထာမန္တရား ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အမိအဖ တို့ကို ပူဇော်ခြင်း၊ ရတနာရွှေငွေ ဝယ်ယူခြင်း၊ လက်ဝတ် တန်ဆာပြုလုပ်ခြင်း တို့ကို ဆောင်ရွက်ရာ၏။

### အမှုကိစ္စအဝဝကို နေ့အလိုက် အခါပေးပုံ

၁။ တနင်္ဂနွေနေ့၌ ၃-ဖဝါးရှိမူ သိကြားစောင့်၏။
၂။ တနင်္လာနေ့၌ ၅- ။ ဗိဿနိုးစောင့်၏။



၃။ အင်္ဂါနေ့၌ ၄-ဖဝါးရှိမူ ခြသေ့်စောင့်၏။
၄။ ဗုဒ္ဓဟူးနေ့၌ ၃- ။ ဆဒ္ဒန်ဆင်မင်းစောင့်၏။
၅။ ကြာသပတေးနေ့၌ ၅- ။ ဗြဟ္မာမင်းစောင့်၏။
၆။ သောကြာနေ့၌ ၃- ။ မာရ်နတ်မင်းစောင့်၏။
၇။ စနေနေ့၌ ၇- ။ အသူရိန်စောင့်၏။

### 'နေ့'အလိုက် အခါမှန်,မမှန်သိရန်

၁။ တနင်္ဂနွေနေ့ အခါမှန်မူ၊ အရှေ့မြောက်အရပ်က လူနှစ်ယောက် ရန်ဖြစ်မည်။

၂။ တနင်္လာနေ့ အခါမှန်မူ၊ အရှေ့အရပ်ကို လူနှစ်ယောက် လက်တွဲလာမည်။

၃။ အင်္ဂါနေ့ အခါမှန်မူ၊ အရှေ့တောင်အရပ်က လူနှစ်ယောက် လျှို့ဝှက်သောစကား ပြောကြားလာမည်။

၄။ ဗုဒ္ဓဟူးနေ့ အခါမှန်မူ၊ တောင်အရပ်က အခြေလေးချောင်း စီး၍ ပန်းပန်လျက်လာမည်။

၅။ ကြာသပတေးနေ့ အခါမှန်မူ၊ အနောက်အရပ်က လူ ငါးယောက် သီချင်းဆို၍ လာမည်။

၆။ သောကြာနေ့ အခါမှန်မူ မြောက်အရပ်က လူသုံးယောက် လက်နက်ကိုင်၍ ဖြစ်စေ၊ သံခမောက်ဆောင်း၍ဖြစ်စေ လာမည်။

၇။ စနေနေ့ အခါမှန်မူ၊ အနောက်တောင်အရပ်က မျက်စိ ပျက်သူဖြစ်စေ၊ မီးလှုံ့ဖြစ်စေ မြင်လာမည်။

## နေ့အလိုက် ဆောင်ရန်အခါ

လူရှင်လေးပါး၊ အမျိုးသားတို့၊ လျှင်လျှားခဏ၊ ကြောင်းကိစ္စကြောင့်၊ သွားကြဆောင်ရာ၊ ရှိသောခါဝယ်၊ ရက်မှာမလွတ်၊ ဖြစ်ခဲ့လတ်မူ။

နေ့မြတ်တနင်္ဂနွေ၊ ညနေနံနက်၊ တစ်ချက်ချက်ပင်၊ ရိပ်ထွက်ဆယ်ဖဝါး၊ အချိန်အားဖြင့်၊ ဆယ့်ငါးမှန်မှန်၊ စရထွန်းပြန်၍၊ တစ်ဖန်ထိပ်တက်၊ အက္ခရာ'အ'၊ လှလှရေးရှောင်း၊ တောင်းဟန်ပြုကာ၊ သွားလေပါမူ၊ အာကာပျံသွား၊ ဂဠုန်အားကို၊ နဂါးနိုင်လေ၊ အခါပေတည်း။

ဖြူငွေစန္ဒာ၊ တနင်္လာမူ၊ ငါးဖြာဖဝါး၊ ရှိကြွားအခါ၊ သဏ္ဍာဒသ၊ စရ ထွန်းချလျက်၊ 'လ'ကိုနံဖူး၊ အထူးရေးပြန်၊ အိပ်ဟန်ပြုသွား၊ ကျားကိုသမင်၊ အောင်မြင်မကြာ၊ နိုင်သောပါတည့်။

အင်္ဂါထိုရပ်၊ ရိပ်ထွက်ရှစ်ဖဝါး၊ ပြည့်ကြွားမနေး၊ ဆယ့်လေးစရထွန်း၊ ဖြောင့်တန်းနှာသီး၊ စာရေးပြီးမှ၊ မီးမှာလက်ကင်၊ သွားလေချင်သော်၊ တောတွင်သီဟ၊ သားများဘကို၊ ယုန်ကနိုင်လေ၊ အခါပေတည်း။

ဗုဒ္ဓဟူးနေ့မှာ၊ လေးဖြာမှန်လှ၊ ဖဝါးရတွင်၊ တေရသဆိုက်၊ စရထွန်းလိုက်လျှင်၊ *လျှာ၌ရရေး၊ အေးမြရေဝယ်၊ မှန်နယ်ကြည့်ချို၊ စူဠနီကို၊ ပါရမီဉာဏ်ကျော်၊ မဟော်သဓာ၊ နိုင်သောခါတည့်။

နေ့မှာကြာသပတေး၊ ရိပ်ပြေးထွက်ကြွား၊ သုံးဖဝါးနှင့်၊ ထွန်းကြွားဆယ့်တစ်၊ ညှပ်ရိုးစစ်၍၊ ရေးလစ်ပဓောက်၊ တံခါး



ပေါက်ထွင်း၊ ထွက်ဝင်ခါခါ၊ ယတြာဆင်သွား၊ ကောင်ကြောင်ပါးကို၊ ကြွက်ကားနိုင်လေ၊ အခါပေတည့်။

ခေါ်ထွေသောကြာ၊ ဒွါဒသာဖွား၊ ချိန်ရောက်ကြွားသော်၊ ထိုလားစရထွန်း၊ ရင်ညွန့်စွန်း၌၊ ကောင်းလွန်း'သ'ရေး၊ လုံးသေးလုံးကြီး၊ သစ်သီးကိုစား၊ သွားရကြွားမူ၊ ခွေးကားဆိတ်ကို၊ နိုင်ထမသွေ၊ အခါပေတည့်။

စနေနေ့မှာ၊ နဝါဖဝါး၊ အချိန်အားတွင်၊ ဆယ်ဖဝါးလှလှ၊ စရထွန်းပြ၍၊ 'ထ'ကိုချက်ချင်း၊ ရေးခြင်းလှတုံ၊ ငြင်းခုံ၍သွား၊ မြွေ၏သားကို၊ ဘားကနိုင်လေ၊ အခါပေတည့်၊ ဆောင်လေသမျှ၊ ကိစ္စပြီးမြောက်၊ ချမ်းသာရောက်သည်၊ ဘေးပျောက်သိကြား အခါပေတည်း။ ။

## အပိုင်း(၃)

# အတိတ်,နိမိတ် အဟောများ

### နိမိတ်အဟောကို ပြခြင်း

နိမိတ်ဟောရန်၊ လက်ပြအံ့၊ သွားရန်သွားခွင့်၊ ဆောင်ခွင့် ဆောင်ရန်၊ မူကြိုက်စွ၊ ရှိသမျှပင်၊ နောက်ကငိုသံ၊ ခြေဆတ်ဟန်ကား၊ နောက်သံကောင်းမည်၊ မယွင်းလည်လော့၊ ဘေးသည်တွေ့ရ၊ မှန်မှုချတည့်၊ ရှေ့ကဤသို့၊ တွေ့သည်တို့လည်း၊ ကောင်းဖို့မကြ၊ ရှေ့သို့လျှံလည်း၊ ပြန်လည်ကာမှ၊ ချမ်းသာရမည်။

ထိုမှတစ်ချက်၊ လက်ယာဘက်မှ၊ အသက်ဆုံး၍၊ ဘေးကြီးတွေ့အံ့၊ ထိုရှေ့လက်ဝဲ၊ တွေ့မြဲအမှန်၊ ခြေဆတ်ဟန်နှင့်၊ ငိုသံ့ဆူးခြား၊ နိမိတ်ကြားမူ၊ အများတို့လျှင်၊ တစ်ယောက်ပင်တည့်၊ အောင်မြင်နိုင်ရေး၊ ဥပဒ်ဘေးသည်၊ စင်ပြေးလွင့်ပျောက်ရာ၏တည်း။

မြေနှင့်အိမ်မြှောင်၊ ခွေးကြောင်လင်းတ၊ ဥဇိုးစသည်၊ ရောက်ထတောင်ပို့၊ ပျားပို့စွဲလျက်၊ လင်းစီငှက်က၊ လင်းဝက်ကြိုးကြာ၊ သာလိကာများ၊ တောသားချိုးခါ၊ သတ္တဝါသဗ္ဗ၊ အဘူတဟု၊ ပုဗ္ဗအနှောင်း၊ မဖြစ်ကောင်းကို၊ သိကြောင်းစင်စစ်၊ မေးလစ်သောခါ၊ လာသည့်ခဏ၊ ဘဝါပြ၍၊ နှောထသုံးခု၊ မြှောက်မှုပဥ္စ၊ သတ္တနှင့်စပါး၊ ကြွင်းငြားစန္ဒ၊ သောကြာဗိဝါ၊ ငြိုပြဟ်ဗုဒ္ဓါကား၊ ရှားစွရွှေငွေ၊ အခြေသက်ရှိ၊ လိုဘိဥစ္စာ၊ ရလေရာ၏၊ အင်္ဂါစနေ၊ တစ်ထွေသူရနွ၊ ပါပငြိုပြဟ်စင်၊ ကြွင်းသည်



မြင်မူ၊ အလျှင်မနှေး၊ ဦးဆေးမင်္ဂလာ၊ ပရိတ်နာ၍၊ နွားလေအိမ်ကို၊ စွန့်လေ ဆိုလော့။

သိလိုတစ်ထောက်၊ အနောက်အရပ်၊ မြောက်ရပ်ကေန်၊ လေးတန်ဒိသာ၊ လာဘ်ကြီးလာ၏၊ မြဗ္ဗာအဂ္ဂိ၊ ဒက္ခိနောက်တောင်၊ တိတ်တဘောင်ကား၊ ကုန်အောင်ဥစ္စာ၊ ပျက်စီးရာသည်၊ မှတ်ပါအများ ရှင်လူတည်း။

### ပျား,နကျယ်စွဲ နိမိတ်အဟော

ပျားလည်းကောင်း၊ နကျယ်လည်းကောင်း၊ အရှေ့အိမ်စွန်း၌စွဲမူ ပူပင် သောကရောက်အံ့၊ အိမ်ပြောင်းလေ။

အနောက်ခေါင်တိုင်တွင်စွဲမူ ဥစ္စာရအံ့၊ ပျောက်အံ့။

တောင်စွန်းကစွဲမူ သူဆဲရေးအံ့၊ နာဖျားရာ၏၊ အိမ်ပြောင်းလေ။

မြောက်ကစွဲမူ အဆွေအမျိုး ဥစ္စာပေးလာအံ့။

တောင်ထုပ်ကစွဲမူ ထိုပျား,နကျယ်ကို အစာပေး၊ ရှင်အောင်ရာ၏။

အရှေ့တောင်ထောင့်ကစွဲမူ သမီးကညာရအံ့။

အနောက်တောင်ထောင့်ကစွဲမူ ခိုးသူ ဝင်ရာ၏၊ သတိထားလေ။

အနောက်မြောက်ထောင့်ကစွဲမူ ဆွေမျိုးဥစ္စာ လာပေးအံ့။

အရှေ့မြောက်ထောင့်ကစွဲမူ ရွှေငွေလာဘ်ရရာ၏။

အရှေ့အိမ်ခေါင်ကစွဲမူ ကြောင့်ကြများရာ၏။

အနောက်အိမ်ခေါင်ကစွဲမူ ဥစ္စာပျောက်တတ်၏။

အထက်ထုပ်ကစွဲမူ သားယောကျာ်းရရာ၏။

တောင်အရပ်ကစွဲမှ မကောင်း။

ပေါင်းကွပ်အလယ်ကစွဲမှ ရန်အောင်ရာ၏။

သင်းဖြူးအောက်ကစွဲမှ မင်းပူဇော်ခံရအံ့။

အိပ်ရာအောက်ကစွဲမှ မြတ်သောဥစ္စာရအံ့။

ဝတ်သောပုဆိုးတွင်စွဲမှ သူတကာတို့ထက် မြတ်၏၊ ဥစ္စာလာပေး၏။

တံခါးရွက်တွင်စွဲမှ လာဘ်ကြီးရအံ့။

စဖိုကိုစွဲမှ ကျွန်သမီးရအံ့။

လှေကားအောက်စွဲမှ ကျွန်ရ၏။ ပျောက်ပြီးသောဥစ္စာလည်း ရရာ၏။ အနာအဖျား များတတ်၏။ ဤကဲ့သို့ သုံးချက်ထွက်သည်ကို ဆင်ခြင်၍ ယူကြပါကုန်။

ဆင်ကပ်၊မြင်းကပ်တွင်စွဲမှ ခိုက်ရန်ဖြစ်၏၊ ရန်အောင်အံ့လည်းဟူ၏။ ဤသို့နှစ်ချက်ထွက်ကို ဆင်ခြင်၍ ယူကြကုန်။

လှံရိုးတွင်စွဲမှ ရန်အောင်၏။

နတ်အုန်းတွင် ဖျား မြောက်အရပ်က/ လာ၍ စွဲသော်ကောင်းစားပြီးသောသူ ဟူ၏၊ ဆင်းရဲသားကောင်းစား၏။ နံနက်အခါ အိမ်ဝန်းကျင် ပျံလာမူကား ဗိုလ်ပါသခင်ဖြစ်၏။

လှေမှာစွဲမှ ဖျားနာ၏။ ရောင်း၍ပစ်လေ၊ မစီးလေနှင့်။

မြားမှာစဲမှ ဖျားနာ၏၊ ရန်တွေ့၏၊ အောင်၏။

အိပ်ရာကပ်အောက်ကစွဲမှ ကြွယ်ဝ၏။

အရှေ့ကလာ၍စွဲမှ ဥစ္စာပျောက်၏၊ သတိထားလေ။

တောင်ကလာ၍စွဲမှ ကြောင့်ကြဗျာပါများ၏။

အနောက်တောင်ထောင့်ကလာ၍စွဲမှ မင်းလာဘ်ပေး၏။



နေထွက်သောအခါ အရှေ့ကလာ၍စွဲမှ သူကြီးဖြစ်၏။

မွန်းတည့်သောအခါ တောင်ကလာ၍စဲမှ အဆွေအမျိုးရောက်၏။

နေ[illegible]က်ကလာ၍စွဲမှ အမည်ရ၏။

အရှေ့ကလာ၍ အနောက်ကစွဲမှ နှလုံးမသာဖြစ်၏။

အနောက်ကလာ၍ အရှေ့ကစွဲမှ လာဘ်ကြီးရအံ့။

မြောက်ကလာ၍ အနောက်ကစွဲမှ ကောင်း၏။

အရှေ့တောင် အနောက်တောင်ထောင့်အရပ်က လာ၍ အနောက်မြောက်ကစွဲမှ အခြေလေးခု ဥစ္စာရအံ့။

အနောက်မြောက်ကလာ၍ အနောက်မြောက်ကစွဲမှ အခြေလေးခု ဥစ္စာရအံ့။

အနောက်မြောက်ကလာ၍ အရှေ့မြောက်ကစွဲမှ မင်းပူဇော်ရအံ့။

တောင်ကလာ၍ မြောက်ကစွဲမှ ဥစ္စာရအံ့။

မြောက်ကလာ၍ တောင်ကစွဲမှ အိမ်ပျက်အံ့။

အရှေ့ခေါင်ပျောက်စွဲမှ ဥစ္စာပျောက်အံ့၊ သတိထားလေ။

တောင်လျှောက်စွဲမှ ဥစ္စာချမ်းသာအံ့။

မြောက်လျှောက်စွဲမှ ငွေရအံ့၊ ချမ်းသာအံ့။

တောင်ထုပ်ကစွဲမှ ဥစ္စာရအံ့။

တောင်အရပ်ကစွဲမှ မယားရအံ့။

တောင်ဘရံကစွဲမှ ဘေးသင့်အံ့၊ မြန်မြန်လွှဲပြောင်းလေ။

အရှေ့မြောက်ကစွဲမှ လာဘ်ရ၏။

ထုပ်လျှောက်ကစွဲမှ ငွေရ၏၊ မယားရ၏။

အနောက်မြောက်ထောင့်က ထုပ်လျောက်စွဲမူ အဆွေအမျိုး ဥစ္စာပေး၏။

အိမ်ရှေ့ကစွဲမူ မကောင်းအမှုရှုပ်တတ်၏။

**မှာထားချက်။** ။ငှင်း ပျား၊ နကျယ်၊ ပျားဆုပ်ပနီ–သုံးမျိုးလုံးကို ယူ၍ မည်။

## ခြပုန်းစွဲ နိမိတ်အဟော

ခြသည် လျောက်တွင်လည်းကောင်း၊ ခေါင်တိုင်တွင် လည်းကောင်း နေထွက်အခါစွဲမူ ဆင်းရဲအံ့၊ အလယ်တိုင်စွဲမူ ကျက်သရေတိုးအံ့၊ ကြံစည်သော်အောင်အံ့။ တောင်ကစွဲလာသော် အခြံအရံ တိုးအံ့။ မြောက်ကစွဲလာသော် အဆွေခင်ပွန်း တိုးအံ့။ အနောက်က စွဲလာမူ သမီးကညာရအံ့။ အရှေ့ကစွဲမူ လာဘ် ရအံ့။

## လင်းတနား နိမိဘ်ကောက်အဟော

လက်ယာမည်ရ၊ ငှက်လင်းတ၏၊ မူလအကြောင်း၊ နိမိတ် ပေါင်းကို၊ ထုံးဟောင်းဖွေရှာ၊ ဟောရိုးမှာအံ့၊ အစာချီကာ၊ မြောက်ကလာ၍၊ ချာချာတစ်ဖန်၊ ရှေ့သို့ပျံသော်၊ လာဘ်လာဘ၊ လာဘ်ကြီးရလိမ့်၊ ထိုမှတစ်ဖန်၊ နောက်သို့ပျံမူ၊ သွားရန်ရှိလည်း၊ ကိုယ်ချုပ်တည်းလော့၊ ဘေးလည်းလမ်းမှာ၊ ပျက်စီး ာသည်၊ လက်ယာငှက်တွေ့–ယဘောတည်း။

လင်းတလက်ယာ၊ မြောက်ကလာ၍၊ ပြဗ္ဗာရှေ့က၊ နားလာကမူ၊ ဘယဘေးကြီး၊ အပြီးမှန်ထွေ၊ ပျက်စီးချေ၍၊ မွဲလေ တတ်စွာ၊ မြောက်ကလာ၍၊ တစ်ခါမြောက်သို့၊ ပျံပြန်တို့မူ၊ ကောင်းမှု့မင်္ဂလာ၊ လာဘ်ပေါ်ရလိမ့်၊ ဒက္ခိဏာရပ်၊ ပြဗ္ဗာရပ်သို့၊



ပျံလတ်ပေ ာသော်၊ မတော်မကောင်း အကြောင်းတို့ဝယ်၊ အန္တရာယ် တည့်၊ နောက်ဝယ်ပစ္ဆိ၊ ပျံလေဘိမူ၊ ဟောတိသုခ၊ စည်းစိမ်ရအံ့ ကြွယ်ဝချမ်းသာ၊ ရှိစုံပါလိမ့်၊ ပြဗ္ဗာရှေ့က၊ လာလေကမူ၊ ဒုက္ခ မှန်စွာ၊ ဆင်းရဲပါလိမ့်၊ ဒက္ခိဏာထ၊ ဘယဘေးရောက်၊ မြောက် ဥတ္တရ၊ ရပ်ကလာမူ၊ ချမ်းသာသုခ၊ ကောင်းကျိုးရလိမ့်၊ မုခ မယွင်း မှတ်လေမင်း။

## အရပ်စွဲ လင်းတနား နိမိတ်အဟော

၁။ အရှေ့အရပ်မှလာ၍နားမူ စီးပွားပျက်အံ့၊ အန္တရာယ်ရှိအံ့၊ မီးလောင်တတ်အံ့။

၂။ မြောက်အရပ်မှလာ၍နားမူ ခိုက်ရန်ဖြစ်ပွားအံ့။

၃။ တောင်အရပ်မှလာ၍နားမူ သေတတ်၏။

၄။ အနောက်တောင်အရပ်မှလာ၍နားမူ သူခိုး‚အခိုးခံရအံ့။

၅။ အနောက်မြောက်အရပ်မှလာ၍နားမူ မိန်းမရအံ့။ (မိန်းမများနေအိမ်ဖြစ်လျှင် လင်ကောင်းရအံ့)

၆။ အနောက်မြောက်အရပ်မှလာ၍နားမူ စီးပွား လာဘ်လာဘ ရအံ့။

၇။ မြောက်အရပ်မှလာ၍နားမူ လာဘ်ကြီးရအံ့။

၈။ အရှေ့မြောက်အရပ်မှလာ၍နားမူ မင်းပူဇော်ခံရအံ့။

## အချိန်စွဲ လင်းတနား နိမိဘ်အဟော

၁။ နေဝင်ဆည်းဆာအချိန်မှာနားမူ လာဘ်ကြီးရအံ့။

၂။ သူငယ်အိပ်ချိန်မှာနားမူ စိတ်မချမ်းမသာဖြစ်ရအံ့။

၃။ သန်းခေါင်ယံနားမူ လာဘ်ကြီးရအံ့။

၄။ မိုးသောက်အရုဏ်တက်နားမူ ရန်ဘေးရှိအံ့။

၅။ မိုးစင်စင်လင်းချိန်နားမှု ရွှေ့ငွေရအံ့။
၆။ နေတက်အခါနားမှု စီးပွားတက်အံ့။
၇။ မွန်းတည့်အချိန်မှာနားမှု ဘေးဥပဒ်ရှိအံ့။
၈။ မွန်းလွဲအချိန်မှာနားမှု ချမ်းသာအံ့။

**လင်းတမျက်နှာမူရာအရပ်စွဲ နိမိတ်အဟော**

၁။ အရှေ့သို့ မျက်နှာမူ၍နားမှု စီးပွားပျက်အံ့။
၂။ အရှေ့တောင်သို့ ။ ရန်ဘေးတွေ့အံ့။
၃။ တောင်သို့ ။ နာဖျားအံ့။
၄။ အနောက်တောင်သို့ ။ သူခိုး,အခိုးခံရအံ့။
၅။ အနောက်သို့ ။ မိန်းမရအံ့၊ဥစ္စာရအံ့။
၆။ အနောက်မြောက်သို့ ။ လာဘ်ရအံ့။
၇။ မြောက်သို့ ။ လာဘ်ကြီးရအံ့၊ အခြွေအရံများအံ့။
၈။ အရှေ့မြောက်သို့ ။ မင်းပူဇော်ခံရအံ့။

**လင်းတအစာချီနားခြင်း နိမိတ်အဟော**

လင်းတသည် အစာကိုချီ၍လာနားမှု နားရာ၊ လာရာ အချိန်မရွေး ကောင်းစားအံ့၊ ချမ်းသာအံ့၊ ရတနာခုနစ်ပါးရအံ့။

**လင်းတအစာအန် နိမိတ်အဟော**

၁။ အရှေ့ အရပ်ကလာ၍အန်မှု ဥစ္စာပစ္စည်းရအံ့။
၂။ အရှေ့တောင် ။ မင်းပူဇော်အံ့၊ အန္တရာယ်ကင်းအံ့။
၃။ အနောက်တောင် ။ မရသေးသောဥစ္စာရအံ့။



၄။ အနောက် အရပ်ကလာ၍အန်မှု မိန်းမကောင်းရအံ့။
၅။ အနောက်မြောက် ။ ထူးမြတ်သည့်လာဘ်ရအံ့။
၆။ မြောက် ။ လည်ဆွဲတန်ဆာရအံ့။
၇။ အရှေ့မြောက် ။ မင်းပူဇော်ခံရအံ့။

**လင်းတအသံပြု၍နားခြင်း နိမိတ်အဟော**

၁။ လင်းတ တစ်ခွန်း၊ နှစ်ခွန်း၊ သုံးခွန်း၊ လေးခွန်းမြည်၍နားမှု ဝမ်းမြောက်ဝမ်းသာရှိအံ့။
။ ငါးခွန်းမြည်၍နားမှု ချမ်းသာအံ့။
။ ခြောက်ခွန်းမြည်၍နားမှု စိတ်မချမ်းမသာဖြစ်အံ့။
။ ခုနစ်ခွန်းမြည်၍နားမှု စိတ်ချမ်းသာရအံ့။

**အိမ်ခေါင်မိုးခွေးတက်ခြင်း နိမိတ်အဟော**

။ အရှေ့မှတက်၍ အနောက်သို့ဆင်းမှု စီးပွားဥစ္စာပျက်စီးတတ်၏။
။ အရှေ့တောင်ကတက်၍ အနောက်မြောက်ကဆင်းမှု ခိုက်ရန်ဖြစ်တတ်၏။
။ တောင်ကတက်၍ မြောက်ဆင်းမှု သေတတ်၏။
။ အနောက်တောင်ကတက်၍ အရှေ့မြောက်ဆင်းမှု သူခိုးအခိုးခံရတတ်၏။
။ အနောက်ကတက်၍ အရှေ့ဆင်းမှု စုတ်လာဘ် ရရှိတတ်၏။
။ အနောက်မြောက်ကတက်၍ အရှေ့တောင်ဆင်းမှု စီးပွားတက်တတ်၏။
။ မြောက်ကတက်၍တောင်ဆင်းမှု လာဘ်ကြီးရတတ်၏။

၈။ အရှေ့မြောက်ကတက်၍ အနောက်တောင်ဆင်းမူ မင်းပူဇော် ခံရထတ်၏။

**မှာထားချက်။** ။တက်သော အရပ်သည် အဓိက၊ ဆင်းသောအရပ်သည် သာမညဖြစ်သည်။ မကောင်းသောအရပ်မှ တက်မူ လူကို သန့်ရှင်းစင်ကြယ်စွာ ပြုပြင်နေထိုင်ပါ၊ မွေးနံ့အရပ်မှာ ခေါင်းလျှော်ပါ။

## ကျီးသာနိမိတ် အဟော

၁။ အရှေ့တည့်တည့်မှသာလာမူ ချစ်ခင်သူရောက်လာအံ့။
၂။ အရှေ့တောင်ကသာလာမူ ကြီးသူရောက်အံ့၊ မီးသတိထား။
၃။ တောင်ကသာမူ မိတ်ဆွေလာအံ့၊ ဟင်းကောင်းပို့လာအံ့။
၄။ အနောက်တောင်ကသာမူ တပည့်သားမြေးလာအံ့၊ သူခိုး သတိထား။
၅။ အနောက်အရပ်ကသာမူ စုတ်နှင့်အတူ မိတ်ဆွေလာအံ့၊ ဘေး အန္တရာယ်လည်း ရှိအံ့။
၆။ အနောက်မြောက်ကသာမူ လက်အောက်ငယ်သား ရောက် လာအံ့။
၇။ မြောက်ကသာမူ သမီးကညာရောက်လာအံ့၊ သတင်းစကား ကောင်း ကြားရအံ့။
၈။ အရှေ့မြောက်ကသာမူ ပူဇော်ချီးမြှင့်မည့်သူရောက်အံ့၊ လာဘ် ရအံ့။

## ကိုယ်ပေါ်ကြွက်အိမ်မြှောင်ကျ နိမိတ်

၁။ ဦးခေါင်းထက်ကျမူ ဆင်းရဲတတ်၏။
၂။ လက်ဝဲပေါင်ပေါ်ကျမူ ဆွေကွဲမျိုးကွဲဖြစ်အံ့။



၃။ လက်ယာပေါင်ပေါ်ကျမူ ချမ်းသာအံ့။
၄။ ညာလက်ရုံးပေါ်ကျမူ စားကောင်းသောက်ဖွယ်ရအံ့။
၅။ ဘယ်လက်ရုံးပေါ်ကျမူ ငတ်မွတ်ဆင်းရဲဒုက္ခတွေ့အံ့။
၆။ ကျောပေါ်ကျမူ အနာအဖျားဖြစ်အံ့၊ ရန်များအံ့။
၇။ ရင်သားပေါ်ကျမူ စီးပွားဥစ္စာတိုးတက်အံ့။
၈။ ခါးပေါ်ကျမူ အဝတ်အစားကောင်းရအံ့။
၉။ ဝမ်းဗိုက်ပေါ်ကျမူ လင်မယားစကားများရအံ့။
၁၀။ အင်္ဂါဇာတ်ပေါ်ကျမူ လင်မယားကွဲတတ်၏။
၁၁။ လက်ယာပေါင်ပေါ်ကျမူ ချမ်းသာအံ့။
၁၂။ လက်ဝဲပေါင်ပေါ်ကျမူ ရန်များအံ့။
၁၃။ ညာခြေသလုံးပေါ်ကျမူ စုတ်ကြီးလာဘ်ကြီးဝင်အံ့။
၁၄။ ဘယ်ခြေသလုံးပေါ်ကျမူ သား၊မယားနှင့် ခိုက်ရန်များအံ့။
၁၅။ ညာခြေဖဝါးပေါ်ကျမူ လာဘ်ကြီးရအံ့။
၁၆။ ဘယ်ခြေဖဝါးပေါ်ကျမူ ဆင်းရဲဒုက္ခများအံ့။

## 'လ'စွဲမြေလျှင်လှုပ် နိမိတ်ဟော

ဘူမဟိန်လျှင်၊ ဣန္ဒြေမဲ့၊ တုန်လှုပ်ခဲ့သော်၊ ထဲအကြောင်း၊ မှတ်နားညောင်းလော့။

တပေါင်းလမှာ။ ။မြို့ရွာပျက်အံ့၊ မပျံ့မပျူး။
လတန်ခူးမှာ။ ။သြဇာမြေနှ၊ သီးနှစ်စုကို၊ သတ္တရုရန်ကြုံ ရှင်းရှင်းကုန်လိမ့်။
ကဆုန်လတွင်။ ။သစ်ပင်သစ်သီး၊ မကြီးထိမ်ပြု။
နယုန်လမူ။ ။မိန်းမကိုယ်ဝန်၊ အမှန်ယွင်းယို။
ဝါဆိုလကား။ ။လူဗိုလ်များမင်း၊ ကင်းအံ့လူဘောင်။

| | |
|---|---|
| ဝါခေါင်လမှူ။ | ။ပြည်သူတစ်ဖော်၊ ဆင်းရဲမြှော်လိမ့်။ |
| တော်သလင်းကား။ | ။ပုဏ္ဏားရဟန်း၊ ပင်ပန်းပေတတ်။ |
| သီတင်းကျွတ်မှူ။ | ။အထွတ်ညာထား၊ မိဖုရားခေါင် ခ ရောင်အံ့။ |
| တန်ဆောင်မုန်းလှူပ်။ | ။မှူးမတ်ချုပ်တို့၊ တအုပ်တအား၊ ဗျူ ဆံဖျား၊အသက်ထားလိမ့်၊ အခြားကိုေ |
| လနတ်တော်ကို။ | ။ပွဲကြီးလိုအံ့။ |
| ပြာသိုလထဲ။ | ။ပျက်ပြိုကွဲလိမ့်။ |
| တပို့တွဲမှူ။ | ။ပြည်သူချက်စီ၊ ပညာရှိတို့၊ ထိလိ မင်းရှိန်၊ နှလုံးပိန်သည်၊ မဟိန်ဘူင် ကထာသည်။ |

## အခါမဲ့ ခြေလျင်လှူပ် နိမိတ်အဟော

ယူအချိန်လျှင်၊ တူက်ကိန်းဆင်သော်၊ ဤတွင်မိသား၊ လင်္ လှူပ်ရား၊ ကျွဲနွားဆင်မြင်း၊ ခပင်းပြည်ရွာ၊ ဥပဒ်ဖြာလိမ့် ခြင်းရာပြီသား၊ လင်္ဂမှုအလျှောက်၊ မင်းသားပျောက်မည်၊ မေထုန် သည်ကား၊ တိုင်းပြည်ပုန်ကန်၊ တစ်ဖန်လုယက်၊ မှုစွက်ကရကာ၌ သက်ကြီးမြတ်သူ၊ အပြစ်ယူလိမ့်၊ တွက်ယူမှန်လှ၊ သိဟ်တွင် ကျမူ၊ သဗ္ဗဟိန်၊ ကြိကြိသရွေ့၊ လေ့ယုတ်မာ၊ ကန်လယ် မှာမူ၊ ပညာရှိတို့၊ ခန္ဓာချို့အံ့။ တူသို့ရောက်လျှင်၊ စစ်မက်ဆင် ကာ၊ ဗြိစ္ဆာမှုတ်ရှား၊ ချောက်ချားသမူ၊ ခနဲ့ဦးသော်၊ မလျော်သသူ မင်းဖြစ်မှုလိမ့်၊ ထို့တူမကာရ၊ ပြည်ပငြိုငြင်၊ ကုံတွင်မူကား လုံခြာကိုင်ခြင်း၊ စစ်မက်ခင်း၍၊ ခပင်းပြည်သူ၊ ပူအံ့ဆက်ဆက် မိန်လင်္ဂဦလည်း၊ ပျက်စီးအံ့ရာ၊ မြို့ရွာမကောင်း၊ ထောင် ထောင်း



ကြေကြာ၊ ပြေးသွားရပ်ခွင်၊ ရွာတွင်လှုမဲ့၊ ဖြစ်ခဲ့ညှိုးပိန်၊ ခန္ဓာ မှိန်သည်၊ အချိန်ယူသည့်အခါတည်း။

## နေ့စွဲမြေငလျင်လှူပ် နိမိတ်အဟော

လှူကပိန်လျှင်၊ ပက္ခဒိန်ဆင်လျက်၊ ချင့်တွက်ကေန်၊ အမှန် မယွင်း၊ နှလုံးသွင်းလော့။ တနင်္ဂနွေ၊ ဤမြေလှူပ်ရှား၊ တိုင်းကား ပြည်ရွာ၊ စည်ပင်သာအံ့။ တနင်္လာမူ၊ ဩဇာမြေကြီး၊ လုပ်သီး ဆောင်တာ၊ ပေါစွာကြွေ့ကြွေ့။ အင်္ဂါနေ့မူ၊ ခိုးသူဓားပြ၊ စစ်မက် ထ၍၊ မဝရေစာ၊ ပြည်ရွာညစ်ညူး။ ဗုဒ္ဓဟူးမူ၊ ဆင်ဖြူရတနာ၊ ကညာသမီး၊ တိုင်းကြီးပြည်ဝေး၊ ရောက်လာရေးတည့်။ ကြာသ ပတေးက၊ လှူပ်သမျှမှာ၊ စကြာအလျှာ၊ ပစ္စေကာနှင့်၊ သမ္မာ သမ္ဗုဒ္ဓ၊ ဘုရားအလောင်း၊ သဓ္ဓေအောင်း၏။ တစ်ကြောင်း သောကြာ၊ မြေလှူပ်ကာမူ၊ ရာဇာပျက်ပြောင်း၊ ပြည်တိမ်းစောင်း၍၊ အပေါင်းဗိုလ်လှူ၊ အိုးသို့ဆူအံ့။ ဇမ္ဗူဤမြေ၊ စနေသော်ကား၊ ပုဏ္ဏားပုရောဟိ၊ မင်းကြီးဆရာ၊ ဥစ္စာကြွယ်ဝ၊ နေပြည့်လတ်၊ အမတ်ပူရှိန်၊ နှလုံးပိန်သည်၊ ကဝိန်လူတို့၊ ဆရာတည်း။

## နေ့စွဲလ,အိမ်ဖွဲ့ နိမိတ်အဟော

၁။ တနင်္ဂနွေနေ့–လအိမ်ဖွဲ့မူ၊ မိုးကောင်းအံ့၊ ပြည်ရွာသာယာ ဝပြောအံ့။

၂။ တနင်္လာနေ့–လအိမ်ဖွဲ့မူ၊ မိုးတစ်စေ့တစောင်းရွာအံ့။

၃။ အင်္ဂါနေ့–လအိမ်ဖွဲ့မူ၊ လေမိုးကောင်းအံ့၊ ကောက်ကြီး ကောက်လတ်ပေါအံ့။

၄။ ဗုဒ္ဓဟူးနေ့–လအိမ်ဖွဲ့မူ၊ မိုးကောင်းအံ့၊ ပြည်ရွာဝပြော သာယာရှိအံ့။

၅။ ကြာသပတေးနေ့-လအိမ်ဖွဲ့မူ၊ မိန်းမရတနာ မင်းမှာ ရောက်အံ့၊ ဆင်ဖြူဆင်မြတ်ရတနာလည်း ရောက်အံ့။

၆။ သောကြာနေ့-လအိမ်ဖွဲ့မူ၊ ပြည်ထဲ-သူဌေး သူကြွယ်တို့ ရောက်လာအံ့၊ ဖြစ်လာအံ့။

၇။ စနေနေ့-လအိမ်ဖွဲ့မူ၊ ပြည်ရွာသုဥ်းအံ့၊ မကောင်း။

### နေ့ဖွဲ့ နေအိမ်ဖွဲ့ နိမိတ်အဟော

၁။ တနင်္ဂနွေနေ့-နေအိမ်ဖွဲ့မူ၊ ပြည်ရွာမီးလောင်အံ့။

၂။ တနင်္လာနေ့-နေအိမ်ဖွဲ့မူ၊ အဆင်းလှသောမိန်းမ သမီး ကညာရတနာ ရောက်အံ့။

၃။ အင်္ဂါနေ့-နေအိမ်ဖွဲ့မူ၊ မင်းလျာ၊ မင်းလောင်းရောက်အံ့။

၄။ ဗုဒ္ဓဟူးနေ့-နေအိမ်ဖွဲ့မူ၊ ရန်စစ်ဖြစ်အံ့။

၅။ ကြာသပတေးနေ့-နေအိမ်ဖွဲ့မူ၊ အမတ်တို့တွင် မင်း မြှောက်အံ့။

၆။ သောကြာနေ့-နေအိမ်ဖွဲ့မူ၊ မင်း၌ ရွှေငွေရတနာရအံ့။

၇။ စနေနေ့-နေအိမ်ဖွဲ့မူ၊ ပြည်ရွာသာယာအံ့၊ မိုးလည်း ကောင်းအံ့။

**အဟောကား**

နေထွက်ဦးကဖွဲ့မူ ထမီဝတ်တို့သေအံ့။ အရှေ့က နေ အိမ်ဖွဲ့မူ မင်းစိုးတို့**စစ်ထိုး**ကြအံ့။ မွန်းတည့်ဖွဲ့မူ ဘုရားသော်မှ နိဗ္ဗာန်စံရအံ့။ **စစ်မက်**ကြီးဖြစ်အံ့။ နေဝင်ဖွဲ့မူ ပြည်ထဲသခင် ဘုရင်နာသအံ့၊ စစ်ကြီးရောက်အံ့။ နေတစ်ခြမ်းရှိဖွဲ့မူ ပြည်ရွာ ချောက်ချားအံ့။



### နက္ခတ်နိမိတ်အဟော

၁။ စိတြနက္ခတ် အရောင်ညှိုးသော် စမ္ပါနဂိုရ်ပြည် မငြိမ် မသက်ရှိအံ့။

၂။ သွာတိနက္ခတ် အရောင်ညှိုးသော် ဥဝေတီပြည် မငြိမ် မသက်ရှိအံ့။

၃။ အနုရာဓနက္ခတ် အရောင်ညှိုးသော် သင်းတွဲပြည် မငြိမ် မသက်ရှိအံ့။

၄။ ဇေဋ္ဌနက္ခတ် အရောင်ညှိုးသော် ကမ္ဘောဇပြည် မငြိမ် မသက်ရှိအံ့။

၅။ ဝိသာခါနက္ခတ် အရောင်ညှိုးသော် ဝေသာလီပြည် မငြိမ် မသက်ရှိအံ့။

၆။ သတ္တဘိသျှနက္ခတ် အရောင်ညှိုးသော် ကောသမ္ဗီပြည် မငြိမ် မသက်ရှိအံ့။

၇။ ပြုဗ္ဗာပရပိုဒ်နက္ခတ် အရောင်ညှိုးသော် ရာဇဂြိုဟ်ပြည် မငြိမ် မသက်ရှိအံ့။

၈။ သရဝဏ်နက္ခတ် အရောင်ညှိုးသော် မောရပြည် မငြိမ် မသက်ရှိအံ့။

၉။ ဓနသိဒ္ဓိနက္ခတ် အရောင်ညှိုးသော် သိမ်းပြည်၊ ရှမ်းပြည် မငြိမ်မသက်ရှိအံ့။

၁၀။ ရေဝတီနက္ခတ် အရောင်ညှိုးသော် ကုရုပဏ္ဍုနဂိုရ်ပြည် မငြိမ် မသက်ရှိအံ့။

၁၁။ အဿဝတီနက္ခတ် အရောင်ညှိုးသော် ပုဂံပြည် မငြိမ် မသက်ရှိအံ့။

၁၂။ ဘရဏီနက္ခတ် အရောင်ညှိုးသော် ကပိလဝတ်ပြည် မငြိမ်မသက်ရှိအံ့။
၁၃။ ကြတ္တိကာနက္ခတ် အရောင်ညှိုးသော် ယွန်းပြည် မငြိမ်မသက်ရှိအံ့။
၁၄။ မိဂသီနက္ခတ် အရောင်ညှိုးသော် ယွန်းပြည် မငြိမ်မသက်ရှိအံ့။
၁၅။ ပုဗ္ဗာဖဂ္ဂုနီနက္ခတ် အရောင်ညှိုးသော် ကိလင်္ဂရာဇ်ပြည် မငြိမ်မသက်ရှိအံ့။
၁၆။ အဿလိဿနက္ခတ် အရောင်ညှိုးသော် ဇင်းမယ်ပြည် မငြိမ်မသက်ရှိအံ့။
၁၇။ မာဃနက္ခတ် အရောင်ညှိုးသော် အမရဝတီပြည် မငြိမ်မသက်ရှိအံ့။
၁၈။ ပြုဗ္ဗာဘရဂုဏီနက္ခတ် အရောင်ညှိုးသော် ဗာရာဏသီပြည် မငြိမ်မသက်ရှိအံ့။
၁၉။ ဥတ္တရာဘရဂုဏီနက္ခတ် အရောင်ညှိုးသော် မိတ္ထိလာပြည် မငြိမ်မသက်ရှိအံ့။
၂၀။ ဖုသျှနက္ခတ် အရောင်ညှိုးသော် ပဲခူးပြည် မငြိမ်မသက်ရှိအံ့။

## နက္ခတ်နိမိတ်ဟော (တစ်နည်း)

၁။ ဝိသာခါနက္ခတ်နှင့် အင်္ဂါကြယ်ထိခိုက်မှု လူနာ၊ လူဖျားရောဂါများအံ့။
၂။ အင်္ဂါကြယ် တိုး၍အရောင်ထွန်းသော် မင်း၏သားကြီး သမီးကြီးတို့ ပျက်စီးသေကြေကြအံ့။



၃။ ရောဟနီနက္ခတ်နှင့် ဖျောက်ဆိတ်ကြယ် ထိခိုက်မှု လေပြင်းစွာ တိုက်ခတ်အံ့၊ မီးကြီးစွာလောင်မည်။
၄။ သွာဒိနက္ခတ်၊ စိတြနက္ခတ် ထိခိုက်မှု ရာဟုဂြိုဟ်စီးပြန်မူ နံရောက်ရာ တိုင်းပြည်၌ မီးကဲ့သို့ပူပြင်း ငက်မွတ်ရှားပါးအံ့၊ ယောက်ျားတစ်ယောက်ကို မိန်းမတစ်ကျိပ်ရှာအံ့။

## တိမ်တံခွန်နိမိတ်အဟော

၁။ တနင်္ဂနွေနေ့ အနောက်က တိမ်တံခွန်ထွက်မူ အရှေ့အရပ်မှ ပျက်လေအံ့။ အရှေ့မှာလည်း အမှန်စစ်မက်ဖြစ်လေအံ့။
၂။ တနင်္လာနေ့ အရှေ့မှ တိမ်တံခွန်ထွက်မူ အနောက်မှ ဥပဒ်ဖြစ်လေအံ့။
၃။ အင်္ဂါနေ့ တိမ်တံခွန်ထွက်မူ မြစ်တစ်ဖက်မှ ဥပဒ်ဖြစ်လေအံ့။
၄။ ဗုဒ္ဓဟူးနေ့ တိမ်တံခွန်ထွက်မူ သူကောင်းချင်းဥပဒ်ဖြစ်အံ့။
၅။ ကြာသပတေးနေ့ တိမ်တံခွန်ထွက်မူ မင်းမှာ ယတြာပြုရအံ့။
၆။ သောကြာနေ့ တိမ်တံခွန်ထွက်မူ အဆင်းလှသော မိဖုရား ရတနာရောက်အံ့။
၇။ စနေနေ့ တိမ်တံခွန်ထွက်မူ မြေငလျင်လှုပ်အံ့။

## ကြယ်တံခွန် နိမိတ်အဟော

၁။ ကြယ်တံခွန်သည အရှေ့မျက်နှာကထွက်မူ ထိုအရပ်ပျက်စီးအံ့။

၂။ တောင်အရပ်ကထွက်မူ တောင်မျက်နှာက တိုင်းပြည်မြို့ရွာ သာယာဝပြောအံ့။

၃။ အနောက်အရပ်ကထွကမူ အနောက်မျက်နှာ ပြည်ရွာဇနပုဒ် မသာမယာရှိအံ့။

၄။ မြောက်အရပ်က ကြယ်တံခွန်ထွက်မူ ပြည့်ရှင်ဥပဒ်ကင်းအံ့ တိုင်းပြည်သာယာဝပြောစည်ပင်အံ့၊ ကြယ်ထိုကို နေ့စဉ် မှတ်၍ကြည့်သော် ထွန်းသည့်ကြယ်နံရောက်ရာ မြို့ပြည် သာယာဝပြောစည်ပင်အံ့။

## အိမ်တွင်းမှိုပေါက် နိမိတ်အဟော

အိမ်းတွင်မှိုပေါက်မူ ရတနာသုံးပါး နတ်တကာတို့အား အလှူပေး။ ဇလပ်ရွက်၊ ကင်းပွန်းသီး ရှာ၍ထား၊ လိုသောအခါ ဥသျှစ်ရေနှင့် ဖျော်၍ ခေါင်းဆေးလေ၊ ဦးခေါင်းဆေးရသော အကျိုးကား ကောင်းသည်ဖြစ်၏။

## သစ်ရွက်နိမိတ်အဟော

ခုနစ်ရက်သားသမီးတို့ အကြောင်းကိစ္စ တစ်စုံတစ်ခုရှိ၍ မေးမြန်းလာသည်ရှိသော် ဟောလိုသောဆရာတို့က မေးမြန်း လာသူကိုဖြစ်စေ၊ အခြားတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မည်သည့် သစ်ရွက် တစ်ရွက်ရွက်ကို ဆောလျင်စွာ အမြန်ခူးရမည်။ ၎င်းခူး လာသည့် သစ်ရွက်ကို ကြည့်ရှု၍ အဟောထုတ်ရမည်မှာ...

ရင်းပြတ်လျှင် မရဏ၊ ဖျားပြတ်က ပျောက်ဥစ္စာ၊ ပေါက်ပါလျှင် ခိုက်ရန်ပွားတယ်၊ ဘေးများလှုပါ၊ ရွက်လှ မှာ ချမ်းသာ၍ ကျော်စော၊ လာဘ်ပေါင်းအထွေထွေနှင့်၊ ဥဒကေရေယဉ်ပေါင်းသို့၊ ကောင်းသည့်ဖက်ဟော...။



**အဓိပ္ပာယ်**

၎င်းသစ်ရွက်၌ အရင်းက အပြတ်ပါသည်ကို တွေ့လျှင် သူနာမေးသော် အသေအပျောက်ရှိမည်။ ချမ်းသာခဲမည်ဟူ၍ ဟောရ၏။ ဥစ္စာပျောက်မှုကား မရပြီဟူ၍ ဟောရာ၏။

၎င်းသစ်ရွက်တွင် အဖျားကပြတ်သည်ကိုတွေ့လျှင် သူနာ မေးသော် အတော်တာရှည်မည် ဟောရမည်။ ဥစ္စာပျောက်မေး မှုကား မရတော့ အဆုံးဟောရမည်။

၎င်းသစ်ရွက်၌ အပေါက်မြင်ခဲ့လျှင် သူနာကမေးသော် အသေအပျောက်မမြင် ရောဂါတာရှည်ဦးမည်ဟု ဟောရမည်။ ဥစ္စာပျောက်မေးမှုကား မရပြီဟု ဟောရမည်။ ၎င်းဥစ္စာ လူတို့ ကြောင့် ခိုက်ရန်ဖြစ်ပွားတတ်သည်ဟု ဟောရမည်။

၎င်းသစ်ရွက် အပေါက်, အပြတ်, အနာအဆာလွတ်ပြီးကာ ပကတိအနေတွေ့လျှင် သူနာလာမေးမူ လျင်မြန်စွာပျောက်ကင်း ချမ်းသာရာ၏။ ဥစ္စာပျောက်မေးမှုကား နှစ်ရက်၊ သုံးရက် အတွင်း၌ သတင်းစကားသော်လည်း ကြားရအံ့၊ ဥစ္စာကိုသော် သည်း ပြန်ရအံ့ဟူ၍ ဟောရမည်။

## အိမ်မြှောင်စုတ်ထိုး နိမိတ်အဟော

လူတို့နေရာ၊ အိမ်ဂေဟာ၌၊ သတ္တဝါအိမ်မြှောင်၊ ရှောင် ဘခင်တည့်၊ မြည်လာဘိသော်၊ သတိထားရာ၊ နိမိတ်မှာကား၊ ...န်စွာမုချ၊ ရှေ့ရပ်ကလျှင်၊ မြည်ထစူးစူး၊ အိမ်မြှောင်ကျူးသော် ...ထူးလာဘ၊ ရွှေ့ငွေစသည်၊ ရအံ့မလွဲ၊ သူဆင်းရဲပင်၊ ဖြစ်... ...ျှင်လည်း၊ လူတွင်ထင်ပေါ်၊ မင်းပူဇော်၍၊ အဟော... ...ျိုးမြှောက်ပအံ့။

ထိုမှမရွေ့၊ အရှေ့တောင်က၊ မြည်ကျလာရောက်၊ ကျွန်ပျောက် နွားပြေး၊ ရွှေ့ငွေ့ကြေးလည်း၊ ရန်ဘေးမတုံး၊ ပျက်ပြုန်းတတ်စွာ၊ ဟောပါလေတော့။

တစ်ဖြာဒက္ခိ၊ တောင်တည့်တည့်က၊ မြည်ဘိလေရာ ကညာစစ်ပြီ၊ ကုမ္မာရီဟု၊ မဒီနုပျော်င်း၊ ခြေနှစ်ချောင်းလျှင်၊ စုတ်ကောင်းဝင်မည်၊ ဟောအပ်သည်တည့်။

တစ်လီနောက်တောင်၊ အရပ်ချောင်က၊ အိမ်မြောင်မြည်ငြား၊ နွားနှင့်ဒါသ၊ ပြေးပျောက်ရအံ့၊ ထိုမှတစ်ဖန်၊ နောက်စူးစူးကား၊ မြည်ငြားပေသော၊ ရတနာရွှေငွေ၊ ခြွေရွှေကျွန်ကျေး၊ မနေးရမည်၊ လာဘ်မျိုးစည်လိမ့်။

တစ်လီနောက်မြောက်၊ မဖောက်ဒေသ၊ အသံပြုမူ၊ ဓနုစုတ်လာဘ်၊ ဝင်မည်မှတ်လော၊ မြောက်ရပ်စူးစူး၊ အထူးသဒ္ဒ၊ နိမိတ်ပြသော်၊ ရာဇပူဇော်၊ ချွတ်ချော်မလွဲ၊ ခံရမြဲပင်၊ ၎င်းပြင်လည်း၊ ဝင်မည်လာဘ၊ ရွှေ့ငွေစသည်၊ မုချဟောလေ။

တစ်ထွေမှတ်ကြောင်း၊ ဦးခေါင်းထက်က မြည်၍ပြုမူ၊ လာဘဖုံးလွှမ်း၊ ငွေယုန်စန်းသို့၊ အေးချမ်းသုခ၊ ဓနဖြာဖြာ၊ လာဘ်မိုးရွာသည်၊ ဟောပါနိမိတ်–စကားတည်း။

## ကြွက်မြည် နိမိတ်အဟော

ကြွက်သည် အိမ်၏အလယ်၌ တစ်စုံတစ်ခုသော အစာကို ချီ၍မြည်မူ အိမ်ကိုမီးသင့်လောင်အံ့။

ကြွက်သည် တစ်စုံတစ်ခုသော အစားအစာကို အိမ်တွင်းသို့ သွင်းမူလည်းကောင်း၊ ကြောင်စားကြွင်း ကြွက်၏အရေ စသည်



ကျလတ်သော်လည်းကောင်း ရွှေ့ငွေရတနာ လာဘ်လာဘ ဥစ္စာရအံ့။

ကြွက်သည် သန်းခေါင်အခါတွင် စိုက်စိုက်မြည်မူ မိမိနေသောအိမ်မှ ကွေကွင်းအံ့။ သူခိုး–သူကြွယ်ပင်ဖြစ်သော်လည်း ဆင်းရဲငြိုငြင်အံ့။

ကိုယ်ထက်မြင့်အောင် ကြွက်သည်ခုန်မူ ချစ်ခင်သော မယားနှံအံ့၊ ပူဆွေးသောက တွေ့တတ်အံ့။ ကြွက်သည် အရှေ့အရပ်က စိုက်စိုက်မြည်မူ နေအိမ် ကျက်သရေတိုးအံ့။ ကြွက်သည် အနီးအနား ကြုတ်ကြုတ်စက်စက်မြည်မူ ၎င်းအိမ်မှ ကွေကွင်းအံ့။ မီးသော်လည်း လောင်အံ့။ ကြွက်သည် အနီးအနား တုတ်တုတ်မြည်မူ ခိုက်ရန်ဖြစ်အံ့။ ကြွက်သည် အနီးအနား အောက်အောက်သံမြည်မူ သူတစ်ပါးတို့ မြတ်နိုးအံ့။ ကျက်သရေတိုးတက်အံ့။

ကြွက်သည် အနီးအနား တက်တက်မြည်မူ စုတ်လာဘ်ရအံ့၊ တိတ်တိတ်မြည်မူ သူတစ်ပါးနှင့် ခိုက်ရန်ဖြစ်အံ့၊ ခိုက်ခိုက်မြည်မူ သူတစ်ပါးတို့ ချစ်ခင်မြတ်နိုးအံ့၊ သက်သက်မြည်မူ အနာရောဂါရောက်အံ့၊ မြက်မြက်မြည်မူ မင်းဘေးမင်းဒဏ်သင့်အံ့၊ ကြက်ကြက်မြည်မူ ဥစ္စာရွှေငွေပျောက်အံ့၊ ထူးမြတ်သော ဘောဇဉ်ကို စားရအံ့လည်းဟော။

## တောင်ပို့ပေါက် နိမိတ်ဟော

လူ့ရွာလောက၊ ဘုံဌာနှ၌၊ သိကြားစေတောင်း၊ နိမိတ်ကြောင်းမူ၊ မှတ်နာယူလော့၊ လူတို့ဂေဟာ၊ ရှေ့ဌာန၌၊ ရောက်ထ

တောင်ပို့၊ ရှိခဲ့ဘိုလျှင်၊ အကြင်အိမ်သူ၊ ခပ်သိမ်းသူတို့၊ ဆာမှု မရှိ၊ ဘေးမထိဘဲ၊ မဏိရတနာ၊ ဥစ္စာရွှေငွေ ရတို့ပေအံ့။

တစ်ထွေမကျွာ၊ ရပ်ပစ္ဆာမှ၊ ပေါက်လာတုံက၊ မိတ္တကလျာ၊ သူတော်စွာကို၊ သေချာမုချ၊ ရအံ့ဟောပါ။ ဒက္ခိဏက၊ ရောက်လာ လေငြား၊ မယားဣတ္ထိ၊ ကညာမိကို ရမည်ဆို၏။

ထိုမှတစ်ဖြာ၊ ဥတ္တရာဟု၊ မြောက်မျက်နှာက၊ ပေါက်ထ လေရာ၊ ဥစ္စာစပါး၊ ရွှေငွေပွားအံ့၊ မှတ်သားဖကန်၊ ရှေ့မြောက် ယံမှ၊ ရောက်ထတောင်ပို့၊ မချို့ထင်ရှား၊ သူတစ်ပါးသော်၊ လာဘ် ပူဇော်အံ့။

ထိုရော်တစ်၊ ရပ်အဂ္ဂိတွင်၊ ပေါက်လေလျှင်ကား၊ အိမ်ရာ များကို၊ မမှားမုန်ဘိ၊ မီးဘေးထိအံ့၊ မှတ်သိလေဆောင်၊ အနောက် တောင်တွင်၊ ရှိလေလျှင်ကား၊ မြင်း–နွားအသေ၊ ရလိမ့်ဟောလေ၊ တစ်ထွေမှတ်လော၊ အတတ်ဟောရာ၊ ကျမ်းဋ္ဌမှာသည်၊ လက်ာ သွန်ပြ–အကျဉ်းတည်း။

## လက်သည်းပွင့် နိမိတ်ဟော

၁။ လက်မပွင့်မှု အဆွေအမျိုး မိတ်ရင်းဆွေနီးများနှင့် ကွေကွင်း ရမည်။

၂။ လက်ညှိုးပွင့်မှု အချစ်ဦးရည်းစားနှင့် စကားများ၍ကွဲမည်။

၃။ လက်ခလယ်ပွင့်မှု မိန်းမရမည်၊ ယောကျ်ားရမည်။

၄။ လက်သူကြွယ်ပွင့်မှု သူတစ်ပါး၏ အချီးအမြှောက်ခံရအံ့။

၅။ လက်သန်းပွင့်မှု အခြွေအရံ တိုးပွားမည်။ စီးပွားဥစ္စာ တိုးတက်မည်။

**ထားချက်။** ။ယောကျ်ား–လက်ယာ၊ မိန်းမ–လက်ဝဲ။



## အသားလှုပ်နိမိတ်ဟော

လူတို့ ကိုယ်ကာယ အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့၌ လှုပ်ခြင်းသည် သွေး, လေ, ဥပဒ်ကြောင့်လည်းလှုပ်၏။ ဖြစ်လို ပျက်လိုသောနိမိတ်ကြောင့်လည်းလှုပ်၏။ ထိုလှုပ်ခြင်း ၂–ပါး တို့တွင် သွေး, လေ, ဥပဒ်ကြောင့် လှုပ်ခြင်းကို ပယ်၍၊ ဖြစ်လို ပျက်လိုသော နိမိတ်ကြောင့် လှုပ်ခြင်းကို စိတ်နှလုံး မှတ်ပိုက် ပြီးလျှင် ဟုဉ်ကြည့်သင့်သည့်အတိုင်း ဟုဉ့်ကြည့်ခြင်းကို ပြုပါက မုချလောကဋ္ဌဖြစ်သော အကျိုးကျေးဇူးကို ခံစံရလိမ့်မည်ဟု ပညာရှိတို့ ဆိုကြကုန်၏။

၁။ ထိပ်လှုပ်မှု မင်းပူဇော်ခံရအံ့၊ ချစ်သောအဆွေခင်ပွန်းနှင့် လည်း တွေ့ကြုံရအံ့။

၂။ လက်ဝဲဦးကင်းလှုပ်မှု သတင်းကောင်းကြားရအံ့၊ အကြံ အစည် ထမြောက်အောင်မြင်အံ့။

၃။ လက်ယာဦးကင်းလှုပ်မှု လာဘ်ရအံ့။

၄။ လက်ယာအထက်မျက်ခုံးလှုပ်မှု လာဘ်ရအံ့၊ အဆွေခင်ပွန်း ကောင်းနှင့် တွေ့ကြုံရအံ့လည်းဟူ၏။

၅။ လက်ဝဲအထက်မျက်ခုံးလှုပ်မှု အကြံအစည်အောင်အံ့၊ ခင်ပွန်း ကောင်းတွေ့ရအံ့လည်းဟူ၏။

၆။ လက်ယာအောက်မျက်ရေခံလှုပ်မှု သူတစ်ပါးတို့နှင့် ခိုက်ရန် အမျက်ဒေါသရှိရအံ့၊ ချစ်သူနှင့်တွေ့ကြုံရအံ့၊ မယားရအံ့ ဟူ၏။

၇။ လက်ဝဲအောက်မျက်ရေခံလှုပ်မှု ငိုယိုရအံ့၊ ဆင်းရဲအံ့လည်း ဟူ၏။

၈။ လက်ယာနားလှုပ်မှု ချမ်းသာသုခရအံ့။

၉။ လက်ဝဲနားလှုပ်မူ သူတစ်ပါးနှင့် ခိုက်ရန်ဒေါသဖြစ်ရအံ့၊ ဥစ္စာရအံ့ဟူ၏။
၁၀။ လက်ယာဘက်နှာခေါင်းလှုပ်မူ ချစ်သူ့ခင်သူများအံ့၊ ခင်ပွန်းကောင်းရအံ့လည်း ဟူ၏။
၁၁။ လက်ဝဲဘက်နှာခေါင်းလှုပ်မူ ချမ်းသာသုခကိုရအံ့။
၁၂။ ဦးခေါင်းလှုပ်မူ ငယ်ပျိုသူလည်း မိန်းမရတနာကို ရအံ့၊ ကြီးသူတို့မှာလည်း လာဘ်ရအံ့။
၁၃။ လက်ယာအောက်နှုတ်ခမ်းလှုပ်မူ မကောင်းစကား ဆိုရအံ့၊ ခိုက်ရန်ဖြစ်အံ့လည်းဟူ၏။
၁၄။ လက်ဝဲအောက်နှုတ်ခမ်းလှုပ်မူ အဝေးဆောင်းပါးစကားကြားရအံ့။
၁၅။ လက်ယာအထက်နှုတ်ခမ်းလှုပ်မူ ချစ်သောသူနှင့် စကားဆိုရအံ့။
၁၆။ လက်ဝဲအထက်နှုတ်ခမ်းလှုပ်မူ သူတစ်ပါးတို့နှင့် ရန်ခိုက်အမျက်ဒေါသ ပွားရအံ့။
၁၇။ မေးလှုပ်မူ စကားကြောင့် အမှုဖြစ်အံ့၊ ဆင်ခြင်လေ။
၁၈။ လည်လှုပ်မူ အဝတ်တန်ဆာဆင်ယင်ရအံ့၊ ရွှေ၊ ငွေရအံ့၊ ထင်ရှားအံ့၊ သူပူဇော်ခြင်းကို ခံရအံ့။
၁၉။ လက်ယာပခုံးလှုပ်မူ မယားကောင်းရအံ့၊ ဆင်, မြင်း ရအံ့၊ မိန်းမနှင့်ခိုက်ရန်ပြဂ်အံ့လည်း ဟူ၏။
၂၀။ လက်ဝဲပခုံးလှုပ်မူ ဥစ္စာလာဘ်ရအံ့၊ တစ်ပါးသူနှင့်ရန်ဖြစ်အံ့လည်း ဟူ၏။
၂၁။ လက်ယာဘက်ဆီးစပ်လှုပ်မူ ထင်ရှားကျော်စောအံ့။
၂၂။ လက်ဝဲဘက်ဆီးစပ်လှုပ်မူ လူလိမ်နှင့်တွေ့၍ ပျက်စီးအံ့၊ ဥပဒ်ဖြစ်အံ့လည်းဟူ၏။



၂၃။ ကျောလှုပ်မူ အဝတ်အစားရအံ့။
၂၄။ လက်ယာလက်ရုံးလှုပ်မူ ခင်ပွန်းရအံ့၊ အမြိန်အရသာစားရအံ့၊ ချစ်သောသူ ဥစ္စာပေးလာအံ့။
၂၅။ လက်ဝဲလက်ရုံးလှုပ်မူ သူတစ်ပါးဥစ္စာပေးလာအံ့၊ ချစ်သူ၏ဥစ္စာကိုရအံ့။
၂၆။ လက်ယာဘက်ဖဝါးလှုပ်မူ အမြိန်အရသာ စားရအံ့။
၂၇။ လက်ဝဲလက်ဖဝါးလှုပ်မူ မကောင်း၊ ဦးခေါင်းဆေးပါ။
၂၈။ လက်ယာရင်ဘတ်လှုပ်မူ ဆိုးဘွယ်ရာမရှိ ကောင်းအံ့၊ စိတ်နှလုံးချမ်းသာအံ့လည်း ဟူ၏။
၂၉။ လက်ဝဲဘက်ရင်ဘတ်လှုပ်မူ စိတ်နှလုံးတွေဝေအံ့။
၃၀။ ချက်လှုပ်မူ ဥစ္စာရအံ့၊ ကောင်းသောခင်ပွန်းရအံ့။
၃၁။ လက်ယာဝမ်းပြင်လှုပ်မူ အမြိန်အရသာကောင်း စားရအံ့။
၃၂။ လက်ဝဲဝမ်းပြင်လှုပ်မူ လာဘ်ရအံ့။
၃၃။ နှလုံးသားလှုပ်မူ ခင်ပွန်းကောင်းသော်လည်းကောင်း၊ ဥစ္စာသော်လည်းကောင်းရအံ့။
၃၄။ လက်ယာပါးပြင်လှုပ်မူ အမြိန်အရသာကောင်းစားရအံ့။
၃၅။ လက်ဝဲပါးပြင်လှုပ်မူ တစ်ပါးသူနှင့်စကားများရအံ့။
၃၆။ လက်ျာနဖူးလှုပ်ရှားမူ အခြံအရံများအံ့။
၃၇။ လက်ဝဲနဖူးလှုပ်မူ တစ်ပါးသူနှင့် အမျက်ဒေါသဖြစ်ပွားအံ့။
၃၈။ ဣန္ဒြေလှုပ်မူ မယားကောင်းရအံ့၊ သူတစ်ပါးတို့နှင့် စကားဆိုရအံ့လည်းဟူ၏။
၃၉။ အင်္ဂါဇာတ်လှုပ်မူ ဥစ္စာပျောက်အံ့။
၄၀။ လက်ယာဘက်လည်ကုပ်လှုပ်မူ ရွှေငွေဥစ္စာတိုးအံ့။
၄၁။ လက်ဝဲလည်လှုပ်မူ ဥစ္စာပျောက်အံ့။
၄၂။ လက်ယာနှာခေါင်းလှုပ်မူ သူဥစ္စာပေးလာအံ့။

၄၃။ လက်ဝဲနှာခေါင်းလှုပ်မှု အစိုးရသူတို့ ပူဇော်အံ့။
၄၄။ လက်ယာတင်သားလှုပ်မှု ဆင်မြင်းစီးရအံ့၊ သူတစ်ပါးတို့ ရန်ပြုလာအံ့လည်းဟူ၏။
၄၅။ လက်ဝဲတင်သားလှုပ်မှု ချမ်းသာစွာနေရအံ့၊ မိန်းမကြောင့် ဥပဒ်ဖြစ်အံ့။
၄၆။ ခါးလှုပ်မှု ဥစ္စာပျောက်အံ့။
၄၇။ လက်ယာပေါင်လှုပ်မှု အကျိုးကျေးဇူးပေးအံ့။
၄၈။ လက်ဝဲပေါင်လှုပ်မှု ချစ်သောသူနှင့် စကားဆိုရအံ့။
၄၉။ လက်ယာပဆစ်လှုပ်မှု ကောင်းသောလာဘ်ရအံ့။
၅၀။ လက်ဝဲပဆစ်လှုပ်မှု ခိုက်ရန်ဖြစ်အံ့၊ ရှောင်လေ။
၅၁။ လက်ဝဲခြေသလုံးလှုပ်မှု မိန်းမနှင့်မျက်လိုကြအံ့၊ မိန်းမ ဥပဒ်မှုလာအံ့။
၅၂။ လက်ယာမြင်းခေါင်းလှုပ်မှု ကောင်း၏။
၅၃။ လက်ဝဲမြင်းခေါင်းလှုပ်မှု ကျွန်ရအံ့၊ သူဖျက်လာအံ့။
၅၄။ လက်ယာခြေဖဝါးလှုပ်မှု ကောင်း၏။ အဆွေခင်ပွန်းဆီသို့ သွားရအံ့၊ ခရီးမရှိသောအရပ်သို့သွားရအံ့။
၅၅။ လက်ဝဲခြေဖဝါးလှုပ်မှု ကြီးသောသူတို့အတွက် စိုးရိမ်ကြောင့်ကြရအံ့။
၅၆။ လက်ယာခြေလှုပ်မှု ထမီဝတ်ရန်ပြုလာအံ့။
၅၇။ လက်ဝဲခြေလှုပ်မှု မယားနှင့်မျက်လိုကြအံ့။
၅၈။ လက်ယာဘက်သားမြွတ်လှုပ်မှု အိမ်တွင်းရှိဥစ္စာပျောက်အံ့။
၅၉။ လက်ဝဲသားမြွတ်လှုပ်မှု ကောင်းသော ဥစ္စာရအံ့။
၆၀။ လက်ယာလက်လှုပ်မှု မင်းပူဇော်ခံရအံ့။
၆၁။ လက်ဝဲလက်လှုပ်မှု ဥစ္စာလာဘ်ရအံ့။

**အသားလှုပ်ကျမ်းပြီး၏။**

အပိုင်း(၄)

# ယတြာပြုနည်းအမျိုးမျိုး

## နေ့စွဲ–ယတြာပြုနည်း

**တနင်္ဂနွေနေ့**

တနင်္ဂနွေနေ့၊ ဖျားနာတွေ့မူ၊ ယူလေဆန်မှုန့်၊ နှတ်သီးစုန့်နှင့်၊ ဂဠုန်အဆင်း၊ ရုပ်လုပ်လျှင်းမူ၊ ထမင်းမုန့်ပဲ၊ နို့ခဲသကြား၊ ရသာမြိန်ရှက်၊ ငှက်ပျောခွက်ဝယ်၊ ဟင်းရွက်သစ်သီး၊ ရှာမှီမကျန်၊ ပန်းမာလ်ဟူသည်၊ ခုနစ်မည်နှင့်၊ အညီထည့်ပြီး၊ ထီးလေးမျက်နှာ၊ ထောင့်ကြက်လျှာနှင့်၊ နံ့သာပေါက်ပေါက်၊ ကြီးမြှောက်ဆွတ်ဖျန်း၊ ထုံမွှမ်းကြိုင်ကြိုင်၊ မီးကိုင်တင့်မော၊ ပြောင်ပြောင်နှောမှ၊ ဦးနှမ်မော ဗုဒ္ဓရက္ခ၊ ဓမ္မရက္ခ၊ သံဃရက္ခ၊ သွားဟာ၊ ခုနစ်ခါလျှင်၊ မန်းမှုတ်နှင်မှ၊ မိန်းမတ၍၊ နိုပ်ချလေသဲ၊ သုံးကြိမ်သဲလျက်၊ ပါယက်ချက်သို့၊ ဆောင်ယူပို့သော်၊ မချိရောဂါ၊ ခန့်ကျန်းမာ၍၊ တေဇာဖြိုးမြ–တက်စေသော်။

**တနင်္လာနေ့**

တနင်္လာမည်၊ ဖျားနာတည်မူ၊ ကျား၏ရုပ်သွင်၊ ပြီးစွာဆင်မူ၊ သည့်ပြင်သဗ္ဗ၊ ကြွင်းသမျှကား၊ ရှေးကနည်းတူ၊ လုံးစုံယူလျက်၊ လူလှုလျှံညီ၊ မီးတိုင်ညီ၍၊ ဦးယကွနိ၊ ယကွနိ၊ သွားဟ၊ ဟာယ်ဘီးလူးမ၊ နင်ထွက်၍သွားလေတော့၊ မမေ့မနှန်၊ ခုနစ်တန်တည့်၊ မန်းလိုက်ဘိမှ၊ ရှေးကနည်းတူ၊ သွဲ့ယူကာလျက်၊ တူရူပြဇွာ၊ ဆောင်ယူပါသော်၊ ဝေဒနာဆင်းရဲ၊ ဖျားနာရှဲ၍၊ ရှင်မြဲစဉ်ဆက်–မပျက်သော်။

**အင်္ဂါနေ့**

အင်္ဂါမည်နေ့၊ ဖွားရှိတွေ့မူ၊ ခြသေ့်ရုပ်ပုံ၊ လုပ်ပြီးတုံမှ လုံးစုံစီရင်၊ ရှေးနည်းဆင်၍၊ ရောင်တွင်ထွန်းပ၊ မီးတိုင်ပြလျက် ဥုံယက္ခ၊ ယက္ခသန္တိသွားဟာ၊ ခုနစ်ခါရေ၊ မန်းလိုက်လေမှ၊ ရှေးနည်းဖြင့် သွယ်ယူမြင့်၍၊ ရန်ဆင့်နရတီ၊ ပို့ဆောင်ဘိလေ ဗျာဓိပျောက်ကြေ၊ ရှင်းရှင်းပြေ၍၊ သမ်းဝေမကဲ့–ကွက်စေသော်

**ဗုဒ္ဓဟူးနေ့**

ဗုဒ္ဓဟူးနေ့တွင်၊ ဖွားနာချင်မူ၊ ဆင်ရုပ်အတု၊ ပြီးစွာပြု၍ ရှေးမူစုံညီ၊ နည်းကိုမှီလျက်၊ ရောင်ညီတင့်ရမာ၊ မီးတိုင်နှော၍၊ ဥုံနမေတိသွားဟာ၊ ခုနစ်ခါလျှင်၊ မန်းမှုတ်တင်မှ၊ ရှေးသွင်မလွဲ၊ သွဲ့ကာဆွဲလျက်၊ မလွဲဥတ္တရာ၊ ဆောင်ပို့ပါသော်၊ ရောဂါကင်း ပြတ်၊ ရှင်းရှင်းလွတ်၍ ဥပဒ္ဒဝေါ၊ သက်စေသော်။

**ကြာသပတေးနေ့**

ကြာသပတေးရက်၊ ဖွားနာတက်မူ၊ ကြွက်၏သဏ္ဌာန် လုပ်တုံပြန်မှ၊ ထည့်ရန်ဇာ့ရေ၊ ရှေးနည်းဖွေလျက်၊ ဝေဝေလျှံဝါ၊ မီးတိုင် ဖြာ၍၊ ဥုံသုတိယာ၊ ကရောတိရာ၊ ကရောတိသွားဟာ ခုနစ်တန်၊ မန်းမှုတ်ပြန်မှ၊ ရှေးဟန်မထူး၊ သွဲ့တုံဦးကျယ်၊ စူးစူး တောင်ခွင်၊ ပို့သတင်းသော်၊ ကင်းစင်ဝေဒနာ၊ ဘေးရောဂါသည်၊ လွတ်ကာခဏ၊ ပျောက်စေသော်။

**သောကြာနေ့**

သောကြာနေ့ဝယ်၊ ဖွားနာတွယ်မူ၊ အကယ်ပွူးရုပ်၊ ပြီးစွာ လုပ်မှ၊ ပေါင်းချုပ်ယှဉ်ပြိုင်၊ ရှေးနည်းဆိုင်လျက်၊ မီးတိုင်ရောင် ဝါ၊ ထွန်းလင်းဖြာ၍၊ ဥုံဝိသာယာသွားဟာ၊ ခုနစ်ခါကြိုက်၊



မန်းမှုတ်လိုက်မှ၊ ရှေးဦးနည်းမှီ၊ သွဲ့တုံပြီးမှ၊ တစ်သီးနောက်ပါး၊ ဆောင်ယူသွားသော်၊ ဖွားနာပျောက်ဆုတ်၊ စက်နှင့်ခုတ်သို့၊ မယုတ်ဥပဒ်၊ ကင်းရာသော်။

**စနေနေ့**

စနေနေ့ကား...ဖွားနာငြားမူ၊ နဂါးရုပ်သွင်၊ ဖန်စီရင်က၊ ထို့ပြင်နည်းတုံ၊ ရှေးကပုံပြင်၊ ရောင်ဟုံတိုင်ချော၊ မီးလျှင်နှော ၍၊ ဥုံနမော၊ မဟာယက္ခာ၊ သဗ္ဗယက္ခာ၊ ပလာယန္တိ၊ မန်းဘိ ခုနစ်ကြိမ်၊ မန္တန်နှိမ်မှ၊ မွေ့သိမ်ရှေ့တု၊ သွဲ့မှတ်ပြုလျက်၊ ရက်ရှု အဂ္ဂိ၊ ပို့သည်ရှိသော်၊ ဗျာဓိဥပဒ်၊ ကြွင်းမဲ့ပြတ်၍၊ နတ်နှယ် ဘုန်း၊ ထွန်းတက်စေသော်။

**ရာဟု**

ဗုဒ္ဓဟူးနေ့ဟု၊ ရက်အပြုတွင်၊ ရာဟုအဝင်၊ မွန်းယိမ်းတွင် ၌၊ ဖွားနာခိုက်မူ၊ ထိုလိုက်မသွင်း၊ သိန်းရုပ်သွင်းမှ၊ ရှေးခင်းသော တွေ့၊ စီရင်စေလျက်၊ ရောက်တွေ့ပြန့်ပြော၊ မီးတိုင်နှော၍၊ ဥုံနမော တိသွားဟာ၊ ခုနစ်ခါမန်း၊ မန္တန်မွမ်းမှ၊ ရှေးညွှန်းသောတု၊ ဘွဲ့မှတ်ယူလျက်၊ တူရူဧသန်၊ ပို့ပိမ့်မှန်သော်၊ နာဒဏ်ပြတ်ခြ၊ ရှိန်ပူစဲသည်၊ ခွာရှဲရောဂါ၊ ကင်းစေသော်။

**ငြိုဟ်ဒသာညှံ့သူ ယတြာပြုနည်း**

ငြိုဟ်စီးဒသာညှံ့သောသူသည် ရောဂါဘေးရန်များတတ် သည်။

ပြုရန် ယတြာကား–ဘုရားမှာ ပန်းသက်စေ့ ကပ်လှူခြင်း၊ ဆီမီးကပ်လှူခြင်း၊ ဤသို့ ယတြာပြုပြီးသောအခါ ရောဂါဘေးရန် ပျက်ပြား၍ သွားမည်။

**အသက်ရှည်ရန် ယတြာဘုရားထုး၍ ကိုးကွယ်နည်း**

မိမိတို့မွေးနံ့ ၊ ၁စ်သားကို ဘုရားထု၍ မြင့်မြတ်သောနေရာမှာ ထားပြီး ကိုးကွယ်ဆည်းကပ်လျှင် အသက်ရှည်မည်၊ ဘုရားထု၍ ကိုးကွယ်ရန် သစ်သားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တနင်္ဂနွေနေ့သား - အင်။
တနင်္လာနေ့သား - ဂန့်ဂေါ်။
အင်္ဂါနေ့သား - ညောင်။
ဗုဒ္ဓဟူးနေ့သား - လွှန်။
ကြာသပတေးနေ့သား - ပေါက်။
သောကြာနေ့သား - သီး။
စနေနေ့သား - ထိမ်။

ဤမွေးနေ့သင့် အသားတို့ကို ဘုရားထု၍ ကိုးကွယ်လျှင် အသက်ရှည်၏ဟု ဆိုလိုသည်၊ ယခုအခါ သားငယ် သမီးငယ် အသေအပျောက် များသောသူတို့မှာ ၎င်းနည်းအတိုင်း သားသမီးတို့ နံသင့်သစ်သားကို ဘုရားထု၍ ကိုးကွယ်မှု သူငယ်တို့ အသက်ရှည်ရာ၏။

**စီးပွားများရန် ယတြာဘုရားထု၍ ကိုးကွယ်နည်း**

ကိုယ့်မွေးနံမှ၊ ရေတွက်ဆသော်၊ သုံးကြလေဌား၊ နံအသားကို၊ ဘုရားကိုယ်တော်ထု။

ဝဏ္ဏနာမာန၊ သက္ကာရ၊ နိစ္စအမြဲပြု၊ စီးပွားဥစ္စာ၊ ရတနာများစွာ တောင်နှယ်စု

တနင်္ဂနွေနေ့သား - ညောင်။
တနင်္လာနေ့သား - လွှန်။



အင်္ဂါနေ့သား - ပေါက်။
ဗုဒ္ဓဟူးနေ့သား - သီး။
ကြာသပတေးနေ့သား - ထိမ်။
သောကြာနေ့သား - အင်။
စနေနေ့သား - ကျွန်း။

ဤကြိုရန် နံ့သစ်သားကို ဘုရားထု၍ ကိုးကွယ်ရမည် ဆိုလိုသည်။

**မြဲမြံတည်တံ့ရန် ယတြာဘုရားထု၍ ကိုးကွယ်နည်း**

ကိုယ့်မွေးနေ့ ရှေ့နောက်ကျသည့်၊ နှစ်ဝနံများ၊ ထိုသစ်သားကို ဘုရားထုလေသင့်။

တည်ကြည်မြဲမြံ၊ ချမ်းသုခံ၊ ဝင်းလျှံစန်းနှယ်ပွင့်။

တနင်္ဂနွေနေ့သား - ထန်ကျင့်။
တနင်္လာနေ့သား - သြဇာ။
အင်္ဂါနေ့သား - ကလိန်။
ဗုဒ္ဓဟူးနေ့သား - စိန်ပန်း။
ကြာသပတေးနေ့သား - ဝါးဘဲ။
သောကြာနေ့သား - ပိတောက်။
စနေနေ့သား - သစ်အယ်။

ဤနံသင့်အသားတို့ကို ဘုရားထု၍ ကိုးကွယ်မှု တည်တံ့မြဲမြံ၏ဟု ဆိုလိုသည်။

**လင်းတဖျိုင်းနား ယတြာပြုနည်း**

အိမ်ပေါ်မှာ၊ လင်းတနားရင်လ၊ စကားတတ်ကျေးကိုတင်၊ နဝရတ်ရေစင်ဖျန်းတယ်၊ ချမ်းသာလိမ့်ထင်။ ဖျိုင်နားလျှင်၊ တိတ္ထုံတွင်အပေဟာ။ ။ဆီခွက်ကိုတင်ကာထားရ၊ စီးပွားပြန့်ပြော။ ။

## ငှက်နားခြင်းနှင့် ပြုရာသောယတြာ

စွန်၊ မြင်းစီးငှက်၊ ရေကြက်၊ ကြိုးကြာငှက်၊ ထောက်ရှာငှက်၊ တိမ်ညင်းငှက်၊ ဘုမ္မတီးငှက်၊ ဇီးကွက်၊ ငှက်ဆိုး၊ လင်းဝက်ငှက် ၎င်းဖော်ပြထားသော ငှက်အပေါင်းတို့တွင် လူတို့နေသော အိမ်ခေါင်မိုးပေါ်သို့ တကောင်ကောင် တက်နားခဲ့လျှင် ကြီးစွာသော ဘေးအန္တရာယ်တို့မှစ၍ ဥစ္စာစည်းစိမ်တို့သည် လျော့ပါးခြင်းကို ဖြစ်စေတတ်သော အနိဋ္ဌာရုံတို့ကို ပျောက်ပျက်ခြင်းအလို့ငှာ အိုးသစ်ထဲ၌၊ သပြေပန်း၊ မြေဇာပန်း၊ ထိမ်ပန်း၊ ၁၂–ရာသီပန်းတို့ကို စိုက်ထားပြီးမှ သုသီလပုဂ္ဂိုလ်ကျော် ရဟန်းတော်တို့ကို ပင့်ဖိတ်ပြီးလျှင် ဘုရားဒေသနာ ကမ္မဝါစာ ရွတ်ဖတ်ခြင်းတို့မှစ၍ ပရိတ်မွန်းခြင်း၊ မေတ္တာတော်ရေကို သွန်းဖျန်းခြင်းတို့ကို ပြုလုပ်ပြီးလျက် ယခင်ငှက်နားသောနေရာကို တက်ပြီးလျှင် ပရိတ်တော်ရေကို ပက်စေလေ။ ၎င်းပန်းတို့ကိုလည်း အိမ်လေးထောင့် စိုက်ခြင်း၊ ထိုးထားခြင်း တို့ကို ပြုလုပ်ပါလေ။ ကောင်းသောဣဋ္ဌာရုံဖြစ်၍ ကျောက်သံပတ္တမြား၊ စပါးဆန်ရေ၊ ရွှေ ငွေ၊ ကျွဲ၊ နွား၊ ကျွန်ကျေးများနှင့် ပြည့်စုံခြင်းတို့ကို ဖြစ်လိမ့်မည်၊ အသက်လည်းရှည်တတ်၏။ သူခပ်သိမ်းတို့လည်း ချစ်ခင်စုံမက် တတ်သည်။

## တောင်ပို့ပေါက်ခြင်းနှင့် ပြုအပ်သော ယတြာ

တောင်ပို့ အိမ်အောက်ကရှိသော် အယုဓက်အင်း၊ အဋ္ဌမုခ်အင်းနှင့် ခေါင်းဆေးလေ။ အိမ်ဦးအောက်ရှိသော် နဝဒွါရအင်းနှင့် ခေါင်းဆေးလေ။ ရေအိမ်အောက်ရှိသော် နဝဇောင်းအင်းနှင့် ခေါင်းဆေးလေ။ ကြမ်းပြင်အောက်ရှိသော် ဘမ္ဗဒီပအင်းနှင့် ခေါင်းဆေးလေ။ အိမ်စသည်တို့ကို စွန့်၍ ဘူမ်နက်သန်ရှိ၍၊ ကောင်းသော လက်ဖမိုးနှင့်တူသော မြေမှာနေလေ။

အိမ်ရှေ့မှာရှိမူ ရန်ခပ်သိမ်းကင်းအံ့။

တောင်ကရှိမူ ချမ်းသာအံ့။

အနောက်ကရှိမူ သားမြေးကျေးကျွန်နှံအံ့။

အနောက်မြောက်ထောင့်ကရှိမူ ခိုးသူဝှက်ဖန်များအံ့ ပယ်လေ။

မြောက်ကရှိမူ စပါးများအံ့။

အရှေ့တောင်ထောင့်ကရှိမူ သူပူဇော်ခံရအံ့။

## အိပ်မက်၌ ယတြာပြုနည်း

အကုံရ ရသေ့တိတ္ထိကျမ်းအဆို မကောင်းသော အိပ်မက်တို့ကို မြင်မက်ခဲ့လျှင် ရတနာသုံးပါး မိဘဆရာတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်းစောင့်သုံးခြင်းကို ပြုလုပ်လျှင် မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက်ရာသည်။

ကောင်းသောအိပ်မက်တို့ကို မြင်မက်ခဲ့မူ၊ ပေါ့ပေါ့ဆဆ မနေရာ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်း၍၊ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ ဆံရာမိဘတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်း စောင့်သုံးခြင်းတို့ကိုပြုမူ အကျိုးပေးလတ္တံ့သော အိပ်မက်ဖြစ်မူ၊ သန့်ရှင်းစင်ကြယ်စွာ အကျိုးပေးတတ်လေသည်။

## ငှက်နားယတြာပြုနည်း

လင်းတဝံလို၊ ထိုထိုငှက်များ၊ အိမ်မှာနား၊ ပျက်ပြားဘေး ဒဏ်ရ၊

ရေပြည့်အိုးမှာ၊ သပြေရွက်၊ နေဇာထည့်ပြီးမှ။
ပရိတ်ရွတ်ကာ၊ ရေနှင့်သာ၊ နားရာဆေးကြောကြ။
ပန်းကိုတစ်ဖန်၊ လှူစေပန်၊ ဘေးရန်ကွယ်ရှင်းပ။

## ကျက်သရေတိုးတက်အောင် ယတြာပြုနည်း

ကြက်သရေတိုးရန်၊ ခွန့်မိန့်ပြန်၊ မြဲမြဲမှတ်သိုထား။
သီရိရပ်မှာ၊ နေ့လိုက်သာ၊ ပြုရာကုသိုလ်များ။
ဖွား၊ တနင်္ဂနွေ၊ ဖြစ်ခဲ့ပေ၊ ပြုလေစေတီများ။
နေ့တနင်္လာ၊ ထိုသူမှာ၊ ပြုရာလှူတစ်နည်း။
အင်္ဂါသားမှာ၊ တံခွန်သာ၊ စိုက်ပါမှန်မမှား။
ဗုဒ္ဓဟူးဖွားလတ်၊ ကျောင်းစရပ်၊ ပြုအပ်ဂူလိုဏ်များ။
တန်ဆောင်းစရပ်၊ ပြုလတ်ရေတွင်း၊ တံတားခွင်း၊ ဖွားခြင်း ဂုရုသား။
သောကြာတန်ဆောင်၊ စိုက်တည်ထောင်၊ ထွန်းပြောင်သီရိ ဖွား။
တံခွန်ကြီးစွာ၊ စိုက်သင့်ပါ၊ နေ့မှာစနေသား၊
ထွန်းကျက်သရေ၊ ရွှန်းလျက်ဝေ၊ တက်နေပုံအလား။

မိမိမွေးနံ အရပ်ကစကဲ၍ ပရိဝါရ အာယု နဂရဘူမိ- ဂဟပတိ တေဇ ဌာန သီရိဟု ရှစ်မျက်နှာ ရေတွက်ပြီးလျှင် သီရိကျရာ အရပ်၌ နေ့သားကို အလိုက်ပြုလေ၊ ကျက်သရေ ကိုးတက်အံ့ဟူ၏။



## သက်ရောက်ဂြိုဟ်စား ယတြာပြုနည်း

ဗေဒင်သက်ရောက် ယတြာအဟော ရှစ်ပုဒ်နှင့် ဂြိုဟ်စီး ဂြိုဟ်နင်း၊ ဂြိုဟ်စာကျွေးနည်း၊ ဂြိုဟ်ခေါ်နည်း၊ ဆုတောင်းနည်း တို့ကို ဗေဒင်ဟောသောဆရာများ တတ်သိနားလည်ထိုက်သည့် အားလျော်စွာ သက်ရောက် ယတြာနည်းကစ၍ ရှင်းလင်းဖော်ပြ လိုက်ပါအံ့။

## တနင်္ဂနွေသက်ရောက် ယတြာအဟောလင်္ကာ

အဖျားအနာ၊ ရှိသောအခါမူ၊ စင်စွာသန့်ရှင်း၊ ခေါ်ဝယ်ကျင်း ၍၊ ထမင်းဖြူထွား။ ငါးနှင့်သစ်သီး၊ ဆီမီးတံခွန်၊ ပန်းမွှန် ဝါနီ၊ ခုနစ်စီလျှင်၊ တောင်ချိုဝဲသုန်၊ ဂမ္ဘုန်အပြောက်၊ အမောက် ကြွားကြွား၊ နဂါးအညို၊ လူကိုအဖြူ၊ ကြက်မူအနီ၊ စီစဉ်ထူးဆန်း၊ မကားရဲရွှေသား၊ အရုပ်ငါးနှင့်၊ ကိုယ်အားခုနစ်ပတ်၊ သွယ်ဝယ် လပ်၍၊ အမှတ်မယွင်း၊ တနင်္ဂနွေ၊ ထိန်ဝေရောင်လျှံ၊ နေထွက်မှန် ကို၊ သေန်ရပ်သို့၊ ပူဇော်ပို့သော်၊ ထိုမြို့မချွတ်၊ နာလွတ်တုံချင်၊ နံပင်ဘုရား၊ ရှင်စောများကို၊ တင်ငြားဆွမ်းပန်း၊ ရှေ့ယွန်းမြောက် ပါ၊ ရွာသူအားလည်း၊ မုန့်ငါးကြော်ကာ၊ ဖို့လေပါလော၊ ရသာ မြိန်မြတ်၊ ငှလိပ်ဖွတ်ဥက၊ စသည်ထိုထို၊ ဆိမ့်မျိုးကိုလည်း၊ လွှတ်လို သောသူ၊ ရောင်လေဟူ၏။ လွယ်ကူပျောက်လိမ့် ရောဂါတည်း။

## တနင်္လာသက်ရောက် ယတြာအဟောလင်္ကာ

မအီမသာ၊ သူငယ်နာ၍၊ ချမ်းသာရာဆေး၊ လာ၍ပေးမူ၊ ဘထွေးဘကြီး၊ ဝရီးချစ်ခင်၊ ဆင်သည့်ဥစ္စာ၊ သူ့တန်ဆာကို၊ ကိုယ်မှာမရှိ၊ ချွတ်ဘိရကား၊ ညွန့်သားလှုလှု၊ စု ်ဟာဘ်ထူ၏။ အဖြူအပြောက်၊ ခွင့်ရောက်ခင်းကျင်း တနင်္လာသား တည်ငြား

ဤခြေ၊ ရှေ့ကနေ၍ ပေးစေဆက်ဆက်၊ ဆယ်ငါးရက်နှင့်၊
ခြောက်ရက်တိုင်က၊ သက်သာရလိမ့်၊ ခြေမှာလက်မှာ၊ ယားယံ
စွာ၍၊ အနာတရ၊ ပေါက်တတ်လှ၏။ ဖြစ်ကပြေလို၊ ငှက်ညို
ချေးနီ၊ စုံစီခြယ်လယ်၊ စားသွယ်ထူးလည်၊ ခုနစ်မည်နှင့်၊
တစ်လီမြောက်ချောင်၊ အရှေ့တောင်သို့၊ ရောက်အောင်ပို့က၊
သုံးပန်လှအား၊ ယုယသွယ်လယ်၊ ရည်ကိုးကွယ်က၊ အလွယ်
ဆက်ဆက်၊ ရှေ့သုံးရက်နှင့်၊ လေးရက်တိုင်က၊ ချမ်းသာရလိမ့်–
ထိုမှခပ်သိမ်းအနာတည်း။

## အင်္ဂါသက်ရောက် ယတြာအဟောလင်္ကာ

ကိုယ်လုံးကိုက်ခဲ၊ လှိုက်လှဲကျင်နာ၊ ဝမ်းထဲမှာလည်း၊
ရောဂါပိတ်သွေး၊ အနာပေးလိမ့်၊ နည်းဝေးမြေပြင်၊ ရှေ့တောင်
ခွင်သို့၊ မရှင်မပျ၊ သွားရာကလျှင်၊ ထိတ်လှသောထွေ၊ လဲပြို
လေ၍ တစ္ဆေနတ်ဆိုး၊ ရက္ခဖိုဝ်းလည်း၊ မျက်ညိုးဝေလောင်၊
ထိုတောင်အရှေ့၊ သစ်ပင်တွေ့က၊ တွေ့လေအခိုက်၊ ဖမ်းစား
လိုက်၏၊ ခေါ်၍ခင်းလျက်၊ ငှက်ပျောရွက်နှင့်၊ မချက်မဖုတ်၊
ကြက်ပြုတ်ထမင်း၊ ညိုဝင်းထွန်းပြောင်၊ တမ်ဆောင်တံခွန်၊
ပန်းမွှန်သစ်သီး၊ ဖြင်ညီးရှေးရှု၊ ခုနစ်ခုမလွဲ၊ ယှဉ်မှီတွဲလျက်၊
ရေအရက်လည်း၊ ဆွတ်ပက်၍ဖျန်း၊ မကာရုံးရွှေတူ၊ လူမှုတလီ၊
ခြသေ့်နီနှင့်၊ စုံစီကြီးသား၊ နွားကာ အညို၊ ကိုယ်ကိုရစ်ပတ်၊
ခုနစ်ထပ်တည့်၊ လှည့်၍ပြီးလျှင်၊ ရှေ့တောင်ခွင်သို့၊ ပို့တင်
ဆက်ဆက်၊ ရှေ့သုံးရက်နှင့်၊ လေးရက်တိုင်ခါ၊ လွတ်ချမ်းသာ
သိမ့်၊ အင်္ဂါရပ်က၊ အားရနှစ်ထောင်း၊ ပေးပါတောင်း၍၊
အကောင်းသောက်လျှာ၊ မပေးရာတွင်၊ ရှာသူဖမ်းစား၊ အငြိုး

13
A



ထား၏၊ နွားသားရှာ၍၊ အင်္ဂါနေ့ကို၊ အရှေ့တောင်ခွင်၊ ပို့ပေ
ချင်သည်၊ အောင်မြင်လွတ်မြောက်အခါတည်း။

## ဗုဒ္ဓဟူးသက်ရောက် ယတြာအဟောလင်္ကာ

အနာအဖျား၊ ရှိငြားပူစပ်၊ ရောဂါကပ်၍၊ စိတ်လာဘ်
ထွေထွေ၊ လိုပလေ၍၊ အခြေနှစ်ချောင်း၊ ပေးမှကောင်း၏။
အားတောင်းကုမ၊ မသင့်ကမူ၊ ဒကိဏဒိသာ၊ တောင်မျက်နှာက
မသာမျက်ညိုး၊ ရက္ခဖိုဝ်းနှင့်၊ နတဆိုးတစ္ဆေ၊ ဖမ်းစားလေ၏၊
လွတ်စေချင်မူ၊ ခေါ်တွင်သန့်ရှင်း၊ ကြာဖက်ခင်း၍၊ ထမင်းနှင့်ငါး၊
ပန်းကားသုံးလီ၊ ဖြူနီအဝါ၊ လှုံဖြာဝင်းပြောင်၊ တန်ဆောင်ဆီမီး၊
ခြားသီးသွယ်လစ်၊ ခုနစ်စီစု၊ နှစ်ခုရုပ်သွင်၊ လုပ်ဆောင်လျှင်မူ၊
ရွှေစင်နှုန်းတမ်း၊ မကာရုံးနဂါး၊ အနီသားနှင့်၊ ဂက်ကားအမည်၊
ရုံးစီစဉ်ကာ၊ တောင်လက်ယာသို့၊ လူးလားသွားငြား၊ ရေကန်
ပါးဝယ်၊ နားမိလိမ့်မည်၊ ယင်းရန်ဆီသို့၊ ပို့လေအမြဲ၊ တတွဲထိုရွှေ
ဗုဒ္ဓနေ့တွင်၊ ရှေ့ကရောင်ဖြူ၊ နေထွက်ပြုက၊ ဥရုတိုင်ရစ်၊
ပါးကျစ်ကျစ်တွင်၊ ဖြူသစ်ပုဆိုး၊ ကောင်းမျိုးသန့်ရှင်း၊ သင်ဖြူ
ခင်း၍၊ ထမင်းမှာမူ၊ ဆန်ဖြူဆွတ်ဆွတ်၊ သုံးတန်ဖွတ်၍၊
ပြည့်လတီအိုးသစ်၊ စလောင်းသစ်နှင့်၊ တူးခြစ်မဲ့ငြား၊ ချက်ပြီး
ထားမှ၊ မုံ့ငါးကြော်ချက်၊ လဖက်အုန်းရော၊ ဆွမ်းငှက်ပျော
လည်း၊ သဘောမျှညီ၊ ခုနစ်စီလျှင်၊ ဖြူနီနှံ့သာ၊ စမ္ပါကရမက်၊
မွှေးရေဖက်၍၊ နေထွက်ကတင်၊ နေဝင်းဝင်၍၊ အိမ်တွင်လူသား
စားလေပါလော၊ ညခါလေးချက်၊ ခတ်ပြီးနက်၍၊ ဆက်ဆက်
မသင့်၊ ဆန်ကောနှင့်လျှင်၊ မြောက်မြင့်ချီးလွှား၊ ရှာသူအားကို
စီ ပွားခန့်ထွက်၊ ပေးစေဆက်က၊ ခြောက်ရက်တိုင်လျှင်၊ ချမ်းသာ
မြင်လိမ့်၊ ကိုတွင်ရှိန်ပူ လွတ်ကင်းတည်း။

## စနေသက်ရောက် ယတြာအဟောလင်္ကာ

စုန်း ဖုတ်, ပြိတ္တာ၊ နတ်မိစ္ဆာကြောင့်၊ ဖျားနာလည်းရ၊
သွေးပြည်ကျ၏၊ ဒေါသဆင့်လောင်း၊ ရှင်ကြောင်းမတည်၊
မအီမသာ၊ ခြေပါဒရက်၊ တက်သည်ပူဆာ၊ ဝမ်းနာပေက၊ ဝေးစေ
နွားသား၊ နမ်းဆီများကို၊ မစားစေလို၊ ရှောင်လေဆိုလော့၊ သူ့အို
သူငယ်၊ သေလွယ်တတ်စွာ၊ ဆန်ကောလှုဝယ်၊ ဖြူစွာသန့်ရှင်း၊
ထမင်းခြောက်ဆုပ်၊ ချုပ်ချုပ်နွေးနွေး၊ မီးသွေးသုံးခဲ၊ အမဲခြောက်
တစ်၊ ခူနစ်ပတ်သွဲ၊ ရှုဘွဲ့တူရူ၊ စနေဟူသား၊ ရှေ့ဖြူဖြောင့်ဖြောင့်၊
နောက်တောင်ထောင့်သို့၊ မှောင့်ရောင့်ရန်ပ၊ ချမ်းသာရအောင်၊
ပို့သလေပါ၊ ရွာသူမှာလည်း၊ ညခါစည်ကြီး၊ လေးချက်တီးက၊
ပြီးလျှင်အသင့်၊ ယခင်ထောင့်စပ်၊ စနေရပ်သို့၊ ပို့အပ်စွာလှ၊
ပို့ပေကမူ၊ ထဲပမငြိမ်၊ စိုးရိမ်လောင်အပ်၊ ပူပင်သရွေ့၊ ချမ်းသာ
တွေ့လိမ့်၊ မရွေ့နလုံးသာယာတည်း။

## ကြာသပတေးသက်ရောက် ယတြာအဟောလင်္ကာ

အပျိုအရွယ်၊ နှမ်းနယ်စိတ်ညစ်၊ နာတုံလစ်မူ၊ ခြေနစ်ချောင်း
ဖြင့်၊ ပေးမှသင့်၏၊ မရင့်နုစွာ၊ သူငယ်မှာကား၊ မာတာပိတာ၊
မိဘဘိုးဘွား၊ ဆွေဝါးမျိုးနီး၊ ဘကြီးဘထွေး၊ ခမည်းပေးသား၊
မြတ်လေးရတနာ၊ ဥစ္စာပိုးတည်၊ ပျောက်စရှိလျှင်၊ အမိအဖ၊
လှုပစေချင်၊ ဆင်သည့်ရွှေငွေ၊ ချွတ်မသွေသည်၊ ပေးဝေမှား၊
နဂါးအညို၊ ခြေကိုအနီ၊ စုံစီရောရီ၊ သစ်သီးခုနစ်မည်၊ ပန်း
ငါးလီနှင့်၊ နို့ရည်ထောပတ်၊ ဖြူဆွတ်ပေါက်ပေါက်၊ ညီဆောက်
ထွန်းပြောင်၊ တန်ဆောင်ငါးတိုင်၊ ယှဉ်ပြိုင်နီးဝေး၊ ဦးခေါင်း
ဆေး၍၊ ချင့်တွေးမျှော်ကြည့်၊ နေမွန်းတည့်ကို၊ သွယ်လှုပ်ပက်ကာ၊



၁စ်လေပါက၊ ပူဆာပျက်ပျက်၊ ရှေ့နှစ်ရက်ကို၊ သက်သက်
သာသာ၊ ကျန်းကျန်းမာလိမ့်၊ တောင်ညာမြောက်ကျ၊ တောင်ရပ်
ကလည်း ဖြူစွာမာတင် ငါးစီးရှင်နှင့်၊ နှောင်ခွင်ပိုင်စား၊ မိဖုရာ
ဘို့၊ ဖမ်းစား၍သာ၊ ဘေးရောက်လာရှင့်၊ ကြာသပတေး၊ မင်းဘေး
ချမ်းမြေ့၊ ထိုနေ့မယွင်း၊ နွားရိုင်းသွင်းကို၊ ခင်းကျင်းစီရင်၊ ဖက်စိမ်
သွင်း၍၊ ပစ်တင်လေပါ၊ အနောက်မှာလည်း၊ ရွာသူအားချ၊ ပါယပ်
ကတုံ၊ ဒေါသစွန်းငြိ၊ သားရဲရှိ၏၊ ဗျာဓိလွှတ်စေ၊ ပစ်ပါလေ
လော့၊ နေ့ရေခန့်တွက်၊ ရှေ့ငါးရက်နှင့်၊ ခြောက်ရက်ရှိက၊
သက်သာရလိမ့်၊ ဆန်းလတက်နေ ပမာတည်။

## ရာဟုသက်ရောက် ယတြာအဟောလင်္ကာ

သုသာန်သင်းချိုင်း၊ လုတ်တိုင်းရပ်မြေ၊ သွာမိလေ၍၊
အနေမသာ၊ ဝမ်းတွင်းမှာလည်း၊ လောင်ဆာပူလတ်၊ ရှိတတ်
မများ၊ ဝက်အသားကို၊ ရှောင်းရှားမရှိ၊ စားလေမိ၍၊ မချိပြင်းပြ၊
အနာရ၏၊ နောက်ကထင်ရှား၊ မိဖုရားအား၊ စားဖွယ်ရှိသေ၊
ပူဇော်လေလော့၊ အနေမြဲစွာ၊ ပါရပ်ဘဲဝယ်၊ သားရဲသွယ်ညို့၊
မှင်ရဲတို့ကို၊ ပို့လေဟန်နှင့်၊ မကြာသင့်တည်း၊ ယခင်အရပ်၊
နောက်မြောက်စပ်၌၊ လန့်ဖြတ်မူးဝေ၊ လဲပြိုလေ၏၊ ထိုမြေ
တတ်မား၊ အစားပေးမှ၊ ချမ်းသာရအံ့၊ ဖလရှိ၊ ဝက်သားကိုလျှင်၊
နှစ်လိုတိမ်းပါး၊ မစားစေလို၊ ရှောင်ရေဆိုလော့၊ သူအိုသူငယ်၊
သေလွယ်တတ်လှ၊ မရဏကို၊ လောကသုံးဆိုင်၊ ထွတ်ဘုန်
နိုင်လျှင်၊ မပိုင်ချေဘဲ၊ သို့ကဘဲလည်း၊ ရှောင်လွဲကပ်ခက်၊ သည်
ကြိုဟ်ထက်ဝယ်၊ အသက်ကျခါ၊ ကြိုဟ်တကာထက်၊ ရှောင်
ထွေထွေ၊ ဖြတ်တတ်ချေသည်၊ မြဲစေသုံးဝ ရတနာတည်။

## သောကြာသက်ရောက် ယတြာအဟောလင်္ကာ

သူ့အိုသူငယ်၊ ဖျားနာတွယ်မူ၊ ညာဘက်မဆန့်၊ မြောက်ရပ်ထံက၊ တစ္ဆေဖမ်း၏၊ ငြိမ်းချမ်းလွယ်ကူ၊ လွတ်လိုမူကား၊ နွားဖြူ ခွေးနီ၊ စုံစီဖြိုးမောက်၊ ပေါက်ပေါက်တစ်ဆင့်၊ သင့်အောင်ခင်းကျင်း၊ ထမင်းငါးကြော်၊ မွှေးလှော်နံ့သာ၊ ပန်းနီဝါနှင့်၊ ကြက်လျှာတံခွန်၊ ခုနစ်တန်စီ၊ စုံညီမယွင်း၊ ခေါဝယ်ကျင်းမှ၊ လုပ်ခင်းစီရင်၊ တောင်မှာတင်၍၊ ရေစင်အရက်၊ ပြည့်နက်မိုးမောက်၊ ဝါကျည်တောက်နှင့်၊ မေ့လောက်စီးပွား၊ ဆန်စပါးလည်း မပြားစေဘိ၊ တစ်ဆုပ်ထည့်၍၊ မွန်းတည့်မတ်စွာ၊ နေ့သောကြာကို၊ သွားရာရပ်သို့၊ ပို့လေဆက်ဆက်၊ ရွှေငါးရက်နှင့်၊ ခြောက်ရက်တိုင်လျှင်၊ ချမ်းသာဝင်လိမ့်၊ ဖြူစင်ဥစ္စာ၊ မြင်းမှာဖြူမဲ၊ နွားဆိတ်ကျွဲလည်း၊ ငင်းနည်းဖြင့်၊ ခမည်းလျင်လျင်၊ ပေးစေချင်သည်၊ ဖြိုးနှင့်ဥပဒ်ကင်းရာတည်း။

## တံခွန်လုပ်နည်းလင်္ကာ


တနင်္ဂနွေဂြိုဟ်မင်း၊ နီခြင်းတျာတျာ၊ စန္ဒာကျားမင်း၊ ဖြူခြင်းလွှလွှ၊ ဘောမခြင်သေ့၊ ဘုန်းငွေ့ရွှေကူ၊ ဆင်မူအစိမ်း၊ အေးငြိမ်းရေးသာ၊ နဂါးအနက်၊ ကြွက်ကားအဝါ၊ ဟိုင်းမှာအပြောက်၊ ထိုနောက်ပူးမှာ၊ ဂြိုဟ်သောကြာမူ၊ အပြာစင်စစ်၊ ကိုယ်လျှင်ဖြစ်သည်၊ ပူညစ်ကင်းပေး၊ ရန်ဘေးမလာ၊ တစ်ရာသက်ရှည်၊ တည်အံ့မှန်သည်၊ တံခွန်လုပ်ရိုး၊ ကျမ်းလာတည်း။

## ဂြိုဟ်စားခွက်လုပ်နည်းလင်္ကာ

တနင်္ဂနွေဂြိုဟ်မင်း၊ ဝန်းခြင်းစက်ငွေ့၊ အရှေ့တနင်္လာ၊ အင်္ဂါသုံးထောင့်၊ အဖြောင့်ဗုဒ္ဓ၊ သံလျက်ပြ၏၊ ဇီဝဂြိုဟ်မင်း၊



လေးထောင့်ခင်းလေ၊ စနေမှာမူ၊ လပြည့်ဟူ၏၊ မှတ်ယူသောကြာ၊ ဂြိုဟ်မင်းမှာကား၊ ငါးထောင့်ထားလျှော့၊ ဆင်အားသန်မာ၊ တေဇောကြီးမား၊ ဟိုင်းနတ်သားမူ၊ ပုံတူခိုးက၊ တခြမ်းလတည်း၊ လုပ်ထကျမ်းရိုး ပမာတည်း။



## ဂြိုဟ်ပင့်ရမည့်အချိန်အခါ

တနင်္ဂနွေ၊ အင်္ဂါ၊ သောကြာဂြိုဟ်သည် ကျီးမနိုးခင်စား၍ ရှင်းအချိန်မှာ ပင့်ရမည်။

တနင်္လာဂြိုဟ်သည် ရောင်နီလာမှစားသည်။

ကြာသပတေးဂြိုဟ်သည် နေဝန်းမြင့်မှစားသည်။

စနေဂြိုဟ်သည်၊ မွန်းလတ် ၉ နာရီ၊ ၁၀ နာရီမှ စား၏။

ဗုဒ္ဓဟူးဂြိုဟ်သည် နည်းတူ။

ရာဟုဂြိုဟ်သည် နေမွန်းတည့်မှစား၏။

ထိုဂြိုဟ်မင်းတို့ကို အချိန်မရောက်မီ ပြင်ဆင်ထားပြီးလျှင် အချိန်ကျမှ ဂြိုဟ်များကို ပင့်ရမည်။

## ဂြိုဟ်ခေါ်–ဂြိုဟ်ပင့်လင်္ကာ

ဩော်...နမော–သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩော်...နမော–သဗ္ဗ ဓမ္မာနုဘာဝေန၊ ဩော်...နမော–သဗ္ဗသံဃာနုဘာဝေန၊ အရှေ့မြောက်ထောင့်၊ စောင့်**သည်မသွေ**၊ အမြဲနေသည်၊ တနင်္ဂနွေမည်ခြင်း–ရှင်နတ်မင်း၊ (မည်သည့်နေ့**သား**)**သ**ဒ္ဓါပွား၍၊ စိတ်ထားကြည်ဖြူ၊ ဆွမ်းလှူပါသည်၊ ဩဇာပျံ့မွှေး၊ သလေးထမင်း၊ ဖက်စိမ်းခင်း၍၊ ကျင်းကာစီရင်၊ အသင့်**ယှဉ်မှ**၊ အစဉ်သင့်စွာ၊ ရှေးဆရာတို့၊ မိန့်မှာသောတိုင်း၊ ထုံးပိုင်းမ**ကျန်**၊ **တံခွန်ဆီမီး**၊ ညီးညီးဝင်းဝါ၊ ကွမ်းယာလက်ဖက်၊ နံ့သက်မွှေးကြူ၊ ပန်းဖြူပန်းနီ၊ စုံစီသစ်သီး၊ အုန်းသီးယိုနှင့်၊ ထိုပြင်တစ်ချက်၊ ငှက်ပျောချိုလှျော်၊ ဤစားတော်ကို၊ စားတော်ခေါ်လျှင်း၊ ရှင်ဂြိုဟ်မင်းသည်၊ ရွှင်ရွှင်ပပ၊ မမပရ်၊ ဘောဇနံကို၊ ဣဒံ ဘုဥ္ဇာ ဟိ... ဟေ... ဟေ... ဘုဥ္ဇာဟိ။



**မှတ်ချက်။** ။မည်သည့်နေ့သား၊ သဒ္ဓါပွား၍၊ ဆိုသောနေရာ ပြုလုပ်သူ ကာယကံရှင်နေ့ကို ထည့်သွင်း ရွတ်ဆို

## ပါပဂြိုဟ် ၄ ပါးကို ၁ ပါးစီပင့်ရန်

### ၁–တနင်္ဂနွေဂြိုဟ်ပင့်ရန်

သေံဒိသာ ရပ်ခန်းဝါတွင် ယူဇနာငါးဆယ် ပတ္တမြားရွှေဖလ် ဖိတ်ဖိတ်လျှံသည် ဗိမာန်လယ်၌ အနွယ်ကသသပ သမ္မုတဖြင့် အင်္ဂတိုင်းသား လွှန်ထင်ရှား၍ များသည်နာမ သူရဇ္ဇနှင့် သူရိယ တိတြာ ဘာနုမာသူရော အဂ္ဂရောထည် ဝေရောဇန တမနက ဒိဥပတ်ရဝိ အစရှိသော ဂုဏ်ဝိသေသ ဘွဲ့ထူးရလျက် ကမ္ဘာ့ကျက်သရေ မြင့်မိုရ်လှည့်ဆောင် လေးကျွန်ဟောင်ကို ထွန်းရောင်ဝေသည့် တနင်္ဂနွေမည်ရင်း အာဒိဆိုပေသည့် ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာပြင်းထန် ရှင်ဂြိုဟ်မင်းတို့ကို အကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ သောကြာ အမည်ရှိသော ဤအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဥ္စ ပရ စေတနာ ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဇောဖြောင့်တည်လျက် ဆုရည်ပန်ထွာ ပူဇော်ပါမည် လှူရှာရပ်ထံ ကျွန်ုပ်မန်သည် အဘိက္ကန္တ ဆန်းကြယ်လှသား ဂြိုဟ်နတ်ရဝေ စံနန် ဇွေကို ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ဆယ်မြတ်ရတနာ စီခြယ်မွှက်သား တန်ဆာညီးညီ ဂဠုန်ယာဉ်စီး၍ အပြီးကြွရောက်တော်မူပါလော့။ ။ဩော်...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊

အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ဂြိုဟ်မင်းကြွရောက်တော်မူပါလော့။

## ၃–အင်္ဂါဂြိုဟ်မင်းပင့်ရန်

အဂ္ဂိနေယ ဌာနပညတ် ရှေ့တောင်အရပ်၌ နဝရတ် ကိုးဖြာစီခြယ်မွမ်းလျက် ယူဇနာဆယ့်ငါး အကျဉ်းအားဖြင့် ကြွားကြွားရောင်လျှံ ဘုံဗိမာန်နှင့် သဏ္ဍာန်မကွဲ ရှားမိးခဲသို့ ရဲရဲညီးဝါမည်သညာလည်း ဘောမဂုဇ လောဟိတဟု ကြံ့ရရက္ခ် ပဟိသုတစသည်နာမံ ဘွဲ့မည်ခံလျက် ဘုန်းကံဣဒ္ဓိ တန်ခိုးရှိသည် **အဝိစိ**တိုင်းနေ ပရမေသွာ နတ်ရာဇာ၏ သည်းခြာသြရတ် မြဲစောင့်ကြပ်၍ မည်မှတ်ဝေါဟာ ကျော်စောစွာသည် အင်္ဂါမည်ရှင်းဘောမဆိုသည့်–ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင်း ရှင်ဂြိုဟ်မင်းတို့ကို အကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာ အမည်ရှိသော ဤအိမ်ရှင်အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဥ္စ ပရ စေတနာ ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဖောဖြောင့်တည်လျက် ဆုရည်ပန်ထွာ ပူဇော်လိုသည် ဖြစ်ပါ၍ လူ့ရွာရပ်ထံ အကျွန်ုပ်တောင်းပန်သည် အဘိက္ကန္တ ဆန်းကြွယ်လှသား ဂြိုဟ်နတ်ရဝေ စံနန်းဘွေကို ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် အမြတ်ရတနာ စီခြယ် မွှာသား တန်ဆာညီးညီး ခြသေ့်ယာဉ်စီး၍ အပြီး ကြွရောက်တော်မူပါလော့။ ။သြောင်း...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ဂြိုဟ်မင်း ကြွရောက်တော်မူပါလော့။



## ၇–စနေဂြိုဟ်ပင့်ရန်

နရတိချောင်၊ နောက်တောင်တစ်ကြော၊ ထောင့်ရပ်ပြောသည့်၊ တေဇောတက်စွာ၊ ရဟာတ်စကြာ၊ ရောင်စုံဖြာသား၊ တိတြာဒသ၊ ရောဇနဟု၊ မာဂအေကွရာ၊ နတ်မယ်မှာမူ၊ သင်္ချာဖွဲ့ထုံး၊ ဆယ့်သုံးယူဇနာ၊ ဘုံကြီးသာဝယ်၊ စောရာတထွေ၊ စနေစရော၊ ဓါနောတဂု၊ အစပြုသည်၊ များမှုပရိယာယ်၊ ဘွဲ့ထူးခြယ်သား၊ တိုင်းနယ်မှတ်စွဲ၊ ရဠနာမ၊ ကာယန္တယ်စပ်၊ အနတ်နတ်မူ၊ ဂြိုဟ်မြတ် တနင်္ဂနွေ၊ မွေးမေမည်ဘိ၊ အာသိရာဇာ၊ နတ်ကလျာ၏၊ သည်းချာမျက်ဖြေ၊ ဘုန်းရောင်ဝေသည့်၊ စနေမည်ရင်း၊ သောရိဆိုပေသည့်၊ ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင်း ရှင်ဂြိုဟ်မင်းကို အကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာ အမည်ပါသော ဤအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဥ္စ ပရ စေတနာ သုံးတန်ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဖောဖြောင့် တည်လျက် ဆုရည်ပန်ထွာ ပူဇော်လိုသည် ဖြစ်ပါ၍ လူ့ရွာရပ်ထံ အကျွန်ုပ်တောင်းပန်ရာသို့ အဘိက္ကန္တ ဆန်းကြွယ်လှသား ဂြိုဟ်နတ်ရဝေ စံနန်းဘွေကို ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ဆယ်မြတ်ရတနာ စီခြယ်မွှာသား တန်ဆာညီးညီး နဂါးယာဉ် စီး၍ အပြီး ကြွရောက်တော်မူပါလော့။ ။သြောင်း...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ဂြိုဟ်မင်း ကြွရောက်တော်မူပါလော့။

## ၈–ရာဟုဂြိုဟ်ပင့်ရန်

ပါရပ်ဒီသာ၊ နောက်မြောက်ညာတွင်၊ ခန္ဓာကြီးကျယ်၊ တန်ခိုးကြွယ်သည့်၊ အန္တယ်ဂန္ဓလ၊ ကလိင်္ဂတိုင်းသူ၊ မူရာခွဲ့လှ၊ သိဟိကဟု၊ သူ့မခေါင်မိ၊ နတ်ဒေဝီ၏၊ သိင်္ဂီရင်နှစ်၊ သားတော်ဖြစ်၍၊ စင်စစ်ဝေါဟာ၊ အာနန္ဒမူ၊ သိဟိကာသုတ၊ ဥပရဓော၊ သူ့ရာရောဟု၊ လေးဦးပရိယာယ်၊ ဗိမာန်ဝယ်က၊ နှိုင်းဖွယ် သင်္ချာ၊ မရှိပါတည့်၊ စန္ဒာသူရိယ၊ နေနှင့်လကို၊ မာသနှစ်ချုပ်၊ နဝင်းအုပ်၍၊ ပေတ်ဝေါဟာ၊ ဖမ်းတတ်ရာသား၊ တေဇာကြီးထု၊ မုန်းတိုင်းကို ပြုတတ်သည့်၊ ရာဟုမည်ရင်း၊ မြတ်ရာကို ခိုပေသည့် ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင်း ရှင်ဂြိုဟ်မင်းကို ကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာအမည်ပါသော ဆွမ်းအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဉ္စ ပရ စေတနာ သုံးတန်ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဖောဖြောင့် တည်လျက် ဆုရည်ပန်ထွာ ပူဇော်လိုသည် ဖြစ်ပါ၍ လူ့ရွာရပ်ထံ အကျွန်ုပ် တောင်းပန်ရာသို့ အဘိက္ကန္တ ဆန်းကြွယ်လှသား ဂြိုဟ်နတ်ရဝေ စံနန်းဘွေက ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ဆယ်မြတ် ရတနာ စီခြယ်မွှာသား တန်ဆာညီးညီး ဟိုင်းယာဉ် စီးလျက် အပြီး ကြွရောက်တော်မူပါလော့။ ။ဩောင်း...အာဂန္တု၊ အာဂန္တု၊ အာဂန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ဂြိုဟ်မင်း ကြွရောက်တော်မူပါလော့။



## သောမဂြိုဟ်မင်း ၄ ပါးကို ၁ ပါစီ ပင့်ရန်

## ၂–တနင်္လာဂြိုဟ်ပင့်ရန်

ပြုဗ္ဗာဒိသာ၊ ရပ်ခန်းဝါတွင်၊ သင်္ချာတွက်ရိုး၊ လေ့ဆယ့်ကိုးဟု၊ ဖြိုးဖြိုးယူဇနာ၊ ဗုဒ္ဓကိုမှန်၊ ယုန်ရုပ်ဟန်ဖြင့်၊ ဗိမာန်သာဝယ်၊ သော်တာစန္ဒ၊ သ,သင်္ကာဟု၊ စသည်အများ၊ ဘွဲ့မည်များလျက်၊ လှည့်သွားအာကာ၊ ယုဂန်ချာမှ၊ လေးဖြာကျွန်းပတ်၊ တာရာမြတ်နှင့်၊ နက္ခတ်ခပင်း၊ ရောင်စုံကျင်း၍၊ ထင်စေတတ်သည်၊ ပညတ်ဝေါဟာ၊ တနင်္လာဟု၊ သညာမည်လျှင်း၊ တိုင်းရောနဂ၊ သမုဒ္ဒမှ၊ အစနဂိုရ်၊ နတ်ထံကို၊ ခိုပေသည့်၊ ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင်း ရှင်ဂြိုဟ်မင်းကို အကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာအမည်ပါသော ဤအိမ်ကြီးရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဉ္စ ပရ စေတနာသုံးတန်ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဖောဖြောင့် တည်လျက် ဆုရည်ပန်ထွာ ပူဇော်လိုသည် ဖြစ်ပါ၍ လူ့ရွာရပ်ထံ အကျွန်ုပ် တောင်းပန်ရာသို့ အဘိက္ကန္တ ဆန်းကြွယ်လှသား ဂြိုဟ်နတ်ရဝေ စံနန်းဘွေက ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ဆယ်မြတ် ရတနာ စီခြယ်မွှာလျက် တန်ဆာညီးညီး ကျားယာဉ် စီး၍ အပြီးတိုင် ကြွရောက်တော်မူပါလော့။ ။ဩောင်း... အာဂန္တု၊ အာဂန္တု၊ အာဂန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ဂြိုဟ်မင်း ကြွရောက်တော်မူပါလော့။

## ၄–ဗုဒ္ဓဟူးဂြိုဟ်ပင့်ရန်

တောင်ဒက္ခိဏာ၊ ရပ်ခန်းဝါတွင်၊ ဘင်္ဂါဂြဟာ၊ ဝိမာသနှင့် အမျှတူစွာ၊ ယူဇနာမူ၊ ပဥ္စာဒသ၊ ကျယ်ဝန်းလှသား၊ ရတနဝေယံ၊ နန်းဘုံပျံဝယ်၊ ပျော်စံနိစ္စ၊ ဘောင့်ပေရသည်၊ စန္ဒပုဏ္ဏော ဝိဘူဒေါနှင့်၊ ဥဒယျောဗုဒ္ဓ၊ စသည်သွယ်သွယ်၊ ပရိယာယ်တည် တိုင်းနယ်ရဋ္ဌ၊ မာဂဓတွင်၊ ရတနာ့သဝန်စာ၊ တနင်္လာ၏ သည်းချာပုတ္တာ၊ ဥတ္တမဖြင့်၊ တေဇလျှံမြူး၊ တန်ခိုးထူးသည် ဗုဒ္ဓဟူးမည်ရင်း ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင် ရှင်ဂြိုဟ်မင်းကို ကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာအမည်ရှိသော ဤအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုပ္ဖ မုဥ္စ ပရ စေတနာ ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဓာဖြောင့် တည်လျက် ဆုရည်ပန်ထွာ ပူဇော်ပါမည် လူ့ရွာရပ်ဌာန် အကျွန်ုပ် တောင်ပန်ရာသို့ အဘိက္ကန္တ ဆန်းကြယ်လှသား ဂြိုဟ်နတ်ရဝေ စံနန်းဘွေက ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ဆယ်မြတ် ရတနာ စီခြယ်မွှာလျက် တန်ဆာညီးညီး ဆင်ယာဉ်စီး၍ အပြီးတိုင် ကြွရောက်တော်မူပါလော့။ ။ဩောင်း...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ပျော်ခင်းသာယာ ဤအိမ်ဂေဟာသို့ ကြွရောက်တော်မူပါလော့၊

## ၅–ကြာသပတေးဂြိုဟ်ပင့်ရန်

ပစ္ဆိမဒိသာ နောက်မျက်နှာတွင် ယူဇနာတွက်ဖွဲ့ တစ်ဆယ့်ခုနစ် စင်စစ်ထွန်းဝါ ဘုံကြီးသာ၍ သူရာမန္တီ အင်္ဂီရသောဂါဂီသောနှင့် ဇီဝေါဂုရု ဗုရာသရိယ ဖြဟ[illegible]ဒိ စသည့် နာမံ ဘွဲ့ထူးခံလျက် အင်္ဂသည်ီ တိုင်းဌာနီဝယ် သိင်္ဂီရသ ရသေ့လှ၏ ပုတ္တရင်သွေး ဘုန်းရောင်ပြေးသည် ကြာသပတေးမည်ရင်း ဂုရု ဆိုပေသည့် ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင် ရှင်ဂြိုဟ်မင်းကို အကျွန်ုပ် ဆွမ်းဒါယကာ–ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, သောကြာအမည်ရှိသော ဤအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုပ္ဖ မုဥ္စ ပရ စေတနာ ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဓာစိတ်တည်လျက် ဆုရည်ပန်ထွာ ပူဇော်ပါမည်။ လူ့ရွာရပ်ထံ ကျွန်ုပ် တောင်းပန်ရာသို့ အဘိက္ကန္တ ဆန်းကြယ်လှသား ဂြိုဟ်မင်းရဝေ စံနန်းဘွေက ကိုးထွေနဝရတ် ရောင်စုံလျှပ်သည့် ပြာသာဒ်ဖြိုးဖြိုး ဆယ်မျိုးရတနာ စီခြယ်မွှာသည် တန်ဆာညီးညီး ကြွက်ယာဉ်စီး၍ အပြီးတိုင် ကြွရောက်တော်မူပါလော့။ ။ဩောင်း...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ပျော်ခင်းသာယာ ဤအိမ်ဂေဟာသို့ ကြွရောက်တော်မူပါလော့။

## ၆–သောကြာဂြိုဟ်ပင့်ရန်

ဥတ္တရဒိသာ မြောက်မျက်နှာ၌ ယူဇနာဆယ့်ကိုး ရောင်စုံမိုးသည် ဖြိုးဖြိုးဝင်းဝါ ဗိမာန်သာဝယ် ဒိသာမန္ဒ ပရောဟိတ ဥသနာဘဂ္ဂဝါ သင်္ဂါဘရဂု ဘွဲ့မည်ပြ၍ ကြီးထတေဇာ အာဏာရလျက် သာတဗျူနွယ်လာ သုဓာတာ၏ သည်းချာသတ်မှတ် လောကဓာတ်တွင် ကောင်းမြတ်ချမ်းသာ ပေးတတ်စွာသည် သောကြာမည်ရင်း သီရိဆိုပေသည့် ရှင်ဂြိုဟ်မင်း။

ကောင်းချီးမင်္ဂလာ ယခုအခါတွင် တေဇာထန်ပြင်း ရှင်ဂြိုဟ်မင်းကို ကျွန်ုပ် ဆွမ်းဒါယကာ-ဒါယိကာမနှင့် မခြား သပုတ္တဒါရေ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, စနေ, ကြာသပတေး, ရာဟု, သောကြာအမည်ရှိသော ဤအိမ်ရှင် အသီးသီး သားသမီးအပေါင်း သူတော်ကောင်းတို့က ပုဗ္ဗ မုဋ္ဌ ပရ စေတနာ ပြဋ္ဌာန်းပါ၍ သဒ္ဓါစိတ်ကြည် ဖောဖြောင့် တည်လျက် ဆုရည်ပန်ထွာ ပူဇော်ပါမည် လူ့ရွာရပ်ထံ ကျွန်ုပ် တောင်းပန်သည် ဤအိမ်ဂေဟာသို့ အဘိက္ကန္တ ဆန်းကြယ် လှသား ဂြိုဟ်မင်းရဝေ စံနန်းဘွေက ကိုးထွေနဝရတ် ရောင်စုံ လျှပ်သည့် ပြာသာဒ်ဖြိုးဖြိုး ဆယ်မျိုးရတနာ စီခြယ်မွှာသည် တန်ဆာညီးညီး ပူးယာဉ်စီး၍ အပြီးတိုင် ကြွရောက်တော်မူ ပါလော့။ ။သြော်...အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ကျေးကျွန်ခပင်း၊ နတ်တသင်းတို့နှင့် ပျော်ခင်းသာယာ ဤ အိမ်ဂေဟာသို့ ကြွရောက်တော်မူပါလော့။

**တနင်္ဂနွေဂြိုဟ်ဆုတောင်း**

အရှေ့မြောက်ဆန်၊ ရပ်ဓသန်ဝယ်၊ ရောင်လျှံညီးညီး၊ ဂဠုန် စီး၍၊ ဘုန်းထီးဝေဝေ၊ ခြောက်နှစ်နေသား၊ ရန်ထွေရှင်းလင်း၊ ပါပမင်းဟု၊ တနင်္ဂနွေ၊ ဘုန်းရောင်ဝေနှင့်၊ တိမ်ခြေလုစ်ဖြိုး-ရဝိဂြိုဟ်။ ။မလိုမုန်းထား ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍ တစ်ဆယ်၊ နှိပ်နယ်သက်ခတ်၊ ဥပဒ်ဆယ့်ခြောက်၊ လန့်ကြောက် တုံအေး၊ ဘေးတစ်ဆယ့်ငါး၊ အများဆက်ဆံ၊ ကံသုံးဆယ်နှစ်၊ ဒိစစ်ထွေလာ၊ နာကိုးဆယ်ခြောက်၊ ဂရောက်ဂရက်၊ အိပ်မက် ဘပေါင်၊ နားထောင်စနည်း၊ ကမ္ဘည်းအတိတ်၊ နိမိတ်နမက်၊



အချက်မကင်း၊ ယိုယွင်းကြမ္မာ၊ ဒသာလှဲ့ဖောက်၊ သက်ရောက် ပါပ၊ ဝန်းကျလဲနိုး၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်ဘွင်းဂြိုဟ်သွား၊ ဂြိုဟ်စားဂြိုဟ်ပျက်၊ ဂြိုဟ်ထွက်ဂြိုဟ်ဝင်၊ ထို့ပြင်မယွင်း၊ တြင်းနဝင်း၊ ပျက်ခြင်းမရှိ၊ စပ်ဘိပြိုင်နွဲ၊ ယှဉ်လွဲကူးသန်း၊ စန်းလွန်းပြတ်သတ်၊ နက္ခတ်ယိမ်းယိုင်၊ သုံးပင်တိုင်လဲ၊ မခိုင် သောအား၊ အတိုးပွား၍၊ အသွားချို့ယွင်း၊ ပူပြင်းသောက၊ ဗျာပါရနှင့်၊ ဒုက္ခစွန်းငြိ၊ ရောက်စစ်ရှိလည်း၊ ဆန်ချည်မြုခြမ်း၊ မှုမသန်းအောင်၊ ဘေးဘျမ်းဆီးတား၊ ကျွန်ုပ်အားကို၊ သနား လွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

**အင်္ဂါဂြိုဟ်ဆုတောင်း**

အဂ္ဂိချမ်းမြေ့၊ ရှေ့တောင်ကျေ့ဝယ်၊ ခြင်္သေ့စီးလျက် ရှစ်နှစ် သက်ဖြင့်၊ မပျက်စဉ်လာ၊ ထင်ရှားစွာတည့်၊ အင်္ဂါခေါ်ဆို-ဘောမဂြိုဟ်။ ။မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ (လ) ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

**စနေဂြိုဟ်ဆုတောင်း**

နှရတီချောင်၊ အနောက်တောင်ဝယ်၊ ရန်မှောင်ပယ်လင်း၊ နဂါးမင်းထက်၊ စီးလျှင်းတုံလစ်၊ သက်ဆယ်နှစ်ဖြင့်၊ မြန်လစ် မသွေ၊ တန်ခိုးချွေသည်၊ စနေမည်ခေါ်ဆို၊ ပါပဂြိုဟ်၊ မလို မုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ (လ) ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

**ရာဟုဂြိုဟ်ဆုတောင်း**

အနောက်မြောက်တွင်၊ ပါပခွင်ကား၊ ဟိုင်းဆင်ပေါက်ကြီး၊ စွယ်မဲ့စီးလျက်၊ ခိုင်ဖြိုးသွယ်လစ်၊ တဆယ့်နှစ်လျှင်၊ ရန်မြိမ်

ဘမူ၊ နေမှတ်ပြုသည်၊ ရာဟုခေါ်ဆို၊ မြတ်သောဂြိုဟ်၊ မလို
န်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ (လ) ကျွန်ုပ်အားကို၊
သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

## တနင်္လာဂြိုဟ်ဆုတောင်း

အရှေ့ပြဇ္ဇာ၊ ဝိဒေဟာဝယ်၊ တိမ်ငှနှင့်နီး၊ ကျွားထက်စီး
၍၊ ရေမှိုးတွက်စစ်၊ ဆယ့်ငါးနှစ်တိုင်၊ ခွင်ရပ်ပိုင်သည်၊ ဘုန်း
ပွိုင်နဂိုရ်၊ စန္ဒြဂြိုဟ်။ ။ဆိုလေရာရာ၊ အသင့်သာလျှင်၊
သကာလိုလို၊ သူ့နားချိုလျက်၊ ထိုထိုရှေ့နောက်၊ တောင်မြောက်
ခရီး၊ ဝေးနီးဘယ်ညာ၊ သွားရာရာလည်း၊ ချမ်းသာလှပ၊ လာဘ်
ကောင်းရ၍၊ လုံ့လအားသန်၊ သုံးပါးကံဖြင့်၊ ကြံတိုင်းလည်း
အောင်၊ ဆောင်တိုင်းလည်းမြောက်၊ လွေ့လောက်စီးပွား၊ စပါး
ဆန်ရေ၊ ရွှေငွေကျောက်သံ၊ ကိုယ့်ထံတွင်မြဲ၊ ကျွဲနွားခြွေရွေ
မိုးမြေလယ်ယာ၊ ပဒေသာသို့၊ ကျွန္တာသယ၊ တတိုင်းခိုင်ဖြိုး၊
ရည်တိုင်းပြီးသည်၊ မငြီးမငွေ့၊ တစ်နေ့မပျက်၊ ချရေစက်နှင့်၊
လက်မလွှတ်ကင်း၊ ကျင့်သီတင်းလည်း၊ မယွင်းထိန်ညီး၊ သူတော်
နည်းဖြင့်၊ စောင့်စည်းကိုယ်နှုတ်၊ အားထုတ်လုံ့လ၊ ထံကြွ
လျှမ်းလျှမ်း၊ နိုးချမ်းပေါ့ပါး၊ သူ့အားမျှကာ၊ ချမ်းသာပေးနိုင်၊
ကြံခိုင်လက်ရုံး၊ နှလုံးမပြင့်၊ ရွှေကြာပွင့်သို့၊ သူနှင့်ရောပြွမ်း၊
သူ့စိတ်ဝမ်းကို၊ ခွဲခြမ်းသိမြင်၊ ပညာရှင်နှင့်၊ ဘယ်တွင်မရွေ့၊
နေ့တိုင်းတွေ့လျက်၊ ညဥ့်နေအုပ်ထွေ၊ ခြွေရွေသန့်ရှင်း၊
သတင်းပျံ့မွှေး၊ နီးဝေးထင်ပေါ်၊ ကြားကျော်အောက်ထက်၊
ကြောက်ရှက်ချုပ်စောင့်၊ တော်ဖြောင့်မှန်လှ၊ အာယုစသား၊ ဗလ



ငါးဆိုင်၊ ကောင်းဆုံးတိုင်အောင်၊ တုပြိုင်မဲ့ငြား၊ ကျွန်ုပ်အားကို၊
သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည့်၊ ဂြိုလ်မင်းမစေသော်။

## ဗုဒ္ဓဟူးဂြိုဟ်ဆုတောင်း

တောင်ဒက္ခိဏာ၊ ရပ်လက်ယာ်ဝယ်၊ ယာဥ်သာပေါက်ကြီး၊
ဆင်ထက်စီးလျက်၊ ရန်မီးပယ်လစ်၊ ဆယ့်ခုနစ်လျှင်၊ စင်စစ်
တွက်ရေ၊ စောင့်မြဲနေသား၊ မြူတေကျေးဖူး၊ ဂုဏ်အထူးနှင့်၊
ဗုဒ္ဓဟူးခေါ်ဆို၊ ဗုဒ္ဓဂြိုဟ်။ ။(လ) ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊
ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်းမစစေသော်။

## ကြာသပတေးဂြိုဟ်ဆုတောင်း

အနောက်မျက်နှာ၊ ပစ္ဆိမာဝယ်၊ လျှံဝါရွှန်းစက်၊ ကြက်ယာဉ်
ထက်ဝယ်၊ တက်လျက်စီးလစ်၊ ဆယ့်ကိုးနှစ်တည့်၊ ရန်မြစ်ပယ်
ခွာ၊စောင့်ရှောက်လာသည့်၊ ကြာသပတေး၊ မင်းဘေးလွတ်ခို၊
ဂုရုဂြိုဟ်။ ။(လ) ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်း
သည် ဂြိုဟ်မင်းမစစေသော်။

## သောကြာဂြိုဟ်ဆုတောင်း

မြောက်ဥတ္တရာ၊ ရပ်ခန်းဝါဝယ်၊ ချမ်းသာစံစံ၊ ပူးယာဉ်
ပျံထက်၊ စိုးစံတုံလစ်၊ နှစ်ဆယ့်တစ်လျှင်၊ မည်ဖြစ်သညာ၊ ရပ်
သောကြာဝယ်၊ တေဇောညွှန့်လူ၊ ဘရဂုဟု၊ ဘုန်းကြူးညွတ်စို၊
သောကြာဂြိုဟ်။ ။(လ) ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊
ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်းမစစေသော်။

အပိုင်း(၅)

# ဗိသုကာကျမ်း

## မြေငါးမျိုး

**၁။ မြေပုဏ္ဏား**

ခပ်သိမ်းသော မြေတို့တွင် အဆင်းဖြူမှုကား၊ မြေပုဏ္ဏားတည်း၊ ထိုမြေပုဏ္ဏားထက်၌- အိမ်ဆောက်နေမူကား၊ ချမ်းသာရအံ့၊ ဥစ္စာလည်းများအံ့၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့နှင့်ပြည့်စုံအံ့၊

ထိုမှတပါးမြေအင်္ဂါဖြူသော အဆင်းရှိသော၊ ဘုမ္မိနက်သန် အရပ်ကား၊ မြေပုဏ္ဏားပေတည်း။ငင်းမြေကား နွားနို့ အစာလိုအံ့၊ အနံ့တည်းဟူသော ဂန္ဓာရုံကား၊ ကြာတံဆိပ် အနံ့ကဲ့သို့ရှိ၏။ ထိုမြေတွင် အိမ်ဆောက်၍နေမူ ဘုန်းကျက်သရေတိုးအံ့၊ စည်းစိမ် ချမ်းသာ ရတနာရွှေငွေ များအံ့၊အခြွေအရံများအံ့။

**၂။ မြေမင်း**

ခပ်သိမ်းသော မြေတို့တွင် နီသော အဆင်းရှိမှုကား၊မြေမင်းတည်း။ငင်းမြေ၏-အနံ့တည်းဟူသော ဂန္ဓာရုံကား ခမောက်ပန်း အနံ့ကဲ့သို့ ရှိ၏။ထမင်းဟင်း အရသာစုံစားလို၏။ ထိုမြေထက်၌ အိမ်ဆောက်လိုနေမူ အကြီးအကဲဖြစ်အံ့၊ မင်းဖြစ်အံ့။

**၃။ မြေကျွန်**

ခမ်းသိမ်းသောမြေတို့တွင် အဆင်းမည်းသော မြေကား၊ မြေကျွန်တည်း။ သေရည်သေရက်အစာကိုလိုအံ့၊ ငင်းမြေ၏အနံ့



တည်းဟူသော ဂန္ဓာရုံကား ညှီညှီနံ့ ရှိ၏။ ထိုမြေထက် အိမ်ဆောက်လုပ်၍ မနေရာ။ ဥယျာဉ်၊လယ်ယာလုပ်၍ ထားအပ်၏။

**၄။ မြေပကတိ**

ခမ်းသိမ်းသောမြေတို့တွင် အဝါရောင်အဆင်းရှိသော မြေကား၊ ပကတိမြေမည်၏။ ငင်းမြေ၏အနံ့တည်းဟူသော ဂန္ဓာရုံကား၊ ပူပူအနံ့ရှိ၏။ အစာသော်ကား၊ ဆင်သားကို အလိုရှိ၏၊ ထိုမြေကား ရဟန်းတော်တို့ကျောင်းဆောက်၍နေခြင်းငှာလျော်၏။

**၅။ မြေကောသပံသုပလောဒက**

ခပ်သိမ်းသော မြေတို့တွင် အပြာရောင်အဆင်းရှိသော မြေကား၊ ကောသပံသု ပလောဒက မြေမည်၏။ အစာသော်ကား၊ သားတစ်ကိုလိုအံ့၊ ငင်းမြေကား၊ ဘုရင်မင်းမြတ်တို့ မြို့ပြတည်၍ နေအပ်သောမြေတည်း၊ ထိုမြေ၏အနံ့တည်းဟူသော ဂန္ဓာရုံကား ပဒုမာကြာပွင့် အနံ့ကဲ့သို့ရှိ၏။ ငင်းမြေ၌လည်း သဏ္ဍာန်အားဖြင့် လပြည့်ဝန်းပမာ စည်မျက်နှာကဲ့သို့ ရှိ၏။

## မြေအနေထား၏ အကျိုး

၁။ ညီညွတ်စွာ ရှိသောမြေ၊ ဒူးလေးကိုင်းကဲ့သို့ ရှိသောမြေ၊ လခြမ်းကဲ့သို့ ရှိသောမြေ၊ နွားဦးခေါင်းပမာ ရှိသောမြေ၊ ထိုမြေများပေါ်တွင် အိမ်ရာဆောက်လုပ်နေသော် စီးပွားချမ်းသာ၊ ရတနာရွှေငွေ တိုးတက်စေတတ်၏။

၂။ ဖြူသောမြေ၊ နီသောမြေ၊ ပြာသောမြေ ထိုမြေသုံးရပ်၌လည်း လက်ယာနိမ့်၍၊ လက်ဝဲမြင့်သော်၊ ငင်းမြေပေါ်၌ အိမ်ရာဆောက် လုပ်နေမှုကား၊ မူးမတ်ဖြစ်လျှင် မင်းကြီးဖြစ်အံ့၊ သူဆင်းရဲဖြစ်မူ စီးပွားချမ်းသာ၊ ရတနာရွှေငွေ တိုးတက်အံ့။

၃။ တောင်ကမြင့်၍၊ မြောက်ကနိမ့်သောမြေ၌ အိမ်ရာဆောက်လုပ်နေသော် ထိုမြေအောက်၌ ပလ္လင်ကဲ့သို့ရှိအံ့၊ တောင်အရပ်ကအင်းသော်လည်းကောင်း၊မြေချိုင့်သော်လည်းကောင်း ရှိအံ့၊ မြောက်အရပ်က ရေစီးရှိ၏၊ အရှေ့အရပ်က ရေအိုင်ရှိ၏၊ ၎င်းမြေ၌နေသော် မြတ်သောမင်္ဂလာ၊ ရွှေငွေ ရတနာတိုးတက်အံ့၊ အမျိုးတကာကို နိုင်အံ့၊ ဩဇာအာဏာကြီးအံ့။

၄။ အနားပတ်လည် မြင့်၍၊ အထက်နိမ့်သော မြေ၌ နေသော် ထိုမြေအောက်၌ ကျောက်ရှိ၏၊ ၎င်းမြေ၌ကား၊ အကောင်းအဆိုးမှု၏။ (လျစ်လျူရှု၏)

## မြေအနေအထား၏ အပြစ်

၁။ လိပ်ခွံကုန်း ကဲ့သို့ ရှိသောမြေ၊ အိုးကိုမှောက်ထားသည့်ပမာကဲ့သို့ ရှိသောမြေ၊ မြင်းဦးခေါင်း ကဲ့သို့ရှိသောမြေ၊ လျှုလျှု လုံးလုံး ရှိသောမြေ၊ ကျပ်ခိုးရေကဲ့သို့ မည်းမည်းအရောင်ရှိသော မြေ၊ ဘီးလူးရုပ်ကဲ့သို့ ရှိသောမြေ၊ နဂါးကျစ် ကဲ့သို့ ရှိသောမြေ၊ ထိုမြေ(၇)မျိုးတို့၌၊ အိမ်ရာဆောက်လုပ်၍ မနေအပ်၊ နေခဲ့သော် စီးပွားချမ်းသာဆုတ်ယုတ်ခြင်း၊ အနာအဖျားများခြင်း ရှိအံ့။

၂။ အရှေ့မြင့်၍၊ အနောက်နိမ့်သော မြေ၌ အိမ်ရာဆောက်လုပ်နေသော် စဉ်းလဲဝန်တို၊ ကောက်ကျစ်၊ ကုန်းတိုက် ဖြစ်အံ့။

၃။ အလယ်မြင့်၍၊ အနားနိမ့်သောမြေ၊ ထိုမြေ၌ အိမ်ရာဆောက်လုပ်နေသော် ရန်များအံ့၊ ထိုမြေ၌ ကျောက်ခါးကဲ့သို့ ရှိအံ့။



## လက်သမားကျမ်း လင်္ကာ

ဝေါဟာရလူ့ ခလေ့၊ မမေ့အောင်သတိထား၊ မှတ်သားပသေချာစွာ၊ တိုင်ပေါင်းမှာ ရှောင်လို့လွှဲ၊ ပန်းမဆွဲရာ၊ ထုပ်စွပ်ကယ်မပါ၊ ရှောင်ပါလေ ယက်မ။ ထောက်တို့ကို ပိုမမောက်စေနှင့်၊ ကြမ်းအောက်နေမှ။

အိမ်ဆောက်ကို နောက်ချန်လို့၊ ဝင်းထရံ အရင်ခတ်ရင်လ၊ ပျက်စီးတက်ကျမ်းအလာ။ ။အိမ်ရာကို မလွန်ကောင်းပါဘူး၊ နောင်ကောင်းအောင် သတိထား မှတ်ထားပ သေချာစွာ။ ။ လက်သမားရယ်တို့၊ တက်ကြွားလို့ သိဖို့ရာ မှတ်ကြပါ မမှား။ ဦးရှုချီလို့ ဆောက်တယ်၊ ဘေးရောက် မမှား။

ဗိသုကာ လက်သမားငယ်တို့၊ ထားသတိ ရှိစေနော်။ ကွန်းတိုင်မှာ ဝါးကိုပိုးရင်၊ မျိုးထူးလို့ခေါ်။ ။ရှေ့နောက်ကယ်မျှော်၊ မလျော်ရှောင်ကွင်း။ ။ခေါင်ယောက်ကယ် ခွတင်နှင့်၊ မပြီးခင် ကြမ်းကိုဖောက်တယ်၊ ဝမ်းပေါက်လို့ဟင်း။

ရှေ့ခေါင်တိုင် သုဝဏ္ဏရယ်လို့၊ ဝေါဟာရမည်တွင်။ ။ လယ်ခန်းတွင်ဟန်တူလှ၊ နောက်သော်ကယုဉ်။ ။ အိမ်ဦးနှင့် ကြမ်းပြင်၊ ကြမ်းမဝင်လွတ်ထား။ ရှေးဆရာခေါ်သမုတ်တယ်၊ ကျမ်းယုတ်စကား။

ထုပ်မစွပ် ယက်မလျှိုရင်၊ ကျမ်းဆိုချင် အလျောက်။ ။ ဥစ္စာရွှေငွေ ပျောက်မယ်၊ ဝမ်းပေါက်ခေါင်ရောက်။

ကြမ်းပေါ်မှထောက်ကို မောက်ရင်လ၊ မှိုပေါက်လို့ခေါ်ပါ။ သားမြေးမြစ် စဉ်ဆက်မှာ၊ တိုးမတက်ရာ။ ။ မပြီးခင် ဝင်း

ကာလျှင်၊ ခြံလှော၍သာ့ခေါ်မြဲ။ ။ ဗိသုကာ ကျမ်းလာရှိတယ်၊ ထားသတိစွဲ။

ထိုတိုင်သည်တိုင်ညှိလို့၊ ထိခိုက်လျှင် ပုံသေမှတ်ပါရော့။ အမြီးခတ် ခေါ်ဝေါ်။ ။ ထိခိုက်သော် မတော်ရန်များ၊ ထိုအိမ်မှာမငြိမ်သက်တယ်၊ ဒေါသမျက်ပွား။

စရွေးခံ ထုပ်ထက်ကြီးရင်လ၊ ထီးဆောင်းတဲ့ မှတ်ကြလေ။ ထုပ်စွန်းထက် စရွေးရှည်လျှင်၊ ရှောင်ပေကြမလွဲ။ ကျမ်းဆရာ နှစ်ဖြာမိန့်တယ်၊ မှတ်စိမ့်အမြဲ။

ဦးရှုတဲ့ရဝေ၊ မှန်မသွေ ထုပ်ပြိုင်ထမ်း၊ ရှေ့ခန်းကပေ။ ကြင့်နှင်းတဲ့ပိုမနေ၊ လယ်ခန်းပေမလွဲ။ ။ အုန်းသီး သပြေရောက်တယ်၊ နောက်ခန်းကပဲ။

## အိမ်ဆောက် "လစွဲ" အဟောလင်္ကာ

လောကမှတ်ဖွယ်၊ လူတို့ဝယ်ကို၊ တင့်တယ်စေကြောင်း၊ သိသင့်ကောင်းဟု၊ အိမ်ကျောင်းကြီးကျယ်၊ ဆောက်တည်နေအပ်မနေအပ်ကို၊ ပညတ်ရွေးပြု၊ သိအပ်မှုဖြင့်၊ ဥတုသုံးဝ၊ ဆယ့်နှစ်လတွင်၊ စင်စစ်ဆေးကြော၊ သိစိမ့်သောဟု၊ ထုတ်ပြောသေချာ၊ မှတ်သားနာလော့၊ စစ္စာရှေးဦး၊ လတန်းချီး၍၊ ပျံ့ပျူးစေတာ၊ ဆောက်တက်မှာကား၊ များစွာခနေ၊ ကြွယ်ဝပြည့်စုံ၊ တိုးတက်တုံအံ့။ ။ ကဆုန်လကား၊ စပါးဆန်ရေ၊ ပေါများပေတုံ၊ နှုတ်ယုန်မှာသ၊ ဤသည်လကို၊ တည်ထမှန်စွာ၊ ဆောက်တည်မှာကား၊ မှန်စွာမရဏ၊ ရောက်တက်လှ၏။မခွပုံသေ၊ မယွင်းချေသည့်။ ။မသွေမခွ၊ ဝါဆိုလမှာ၊ ယွင်းထဥစ္စာ၊ ပျက်စီးရာအံ့။ သိသာစေအောင် ထိုသည်နောင်၌၊ ဝါခေါင်ဤလ၊ ဆောက်မိ



ကမူ၊ ခနဥစ္စာ၊ တိုးပွားရာ၏။ သေချာမယွင်း၊တော်သလင်းလျှင်၊ ထန်ပြင်းဝေဒနာ၊ ဖျားနာမလပ်၊ ဖြစ်တို့တတ်၏။ မှတ်လော့မယွင်း၊ သီတင်းဝါကျွတ်၊ မလွတ်ဒုက္ခ၊ ကိန်းကျပုံသေ၊ တွေ့တက်ချေ၏။ ။ တစ်ထွေဟောမန္တ၊ ရောက်ထတန်ဆောင်းမုန်း၊ ဆောက်တည်သုံးသော်၊ နှလုံးမငြိမ်၊ နှောင်အိမ်ထုပ်သွင်း၊ စိတ်နေကျဉ်းလိမ့်။ ။ သတင်းရှိန်စော်၊ လနတ်တော်၌၊ ထင်ပေါ်ကျော်စော၊ ရင်ဝမ်းပြောလိမ့်။ ။ဆောင်းကြောရပ်လည်၊ ငြိမ်ဖွယ်အေးမြ၊ လကားပြာသို၊ လူဗိုလ်အများ၊ မျိုးလေးပါးတို့၊ ထင်ရှားဂုဏ်အင်၊ ချီးမြှောက်တင်လိမ့်။ ။ ထို့ပြင်မလွဲ၊ တပို့တွဲမူ၊ အမြဲဥစ္စာ၊ ပျောက်တတ်ရာ၏။ ။ စဉ်လာထုံးဟောင်း၊ ပြတ်ရှောင်းသော်၊ တပေါင်းလမှာ၊ ချမ်းသာကြွယ်ဝ၊ ကေန္တသည် ဂေဟာအိမ်ဆောက်လ ကိန်းတည်း။

## အိမ်ဆောက် "ရက်စွဲ" အဟော

ဇမ္ဗူဒီပါ၊ ကျွန်းလက်ယာတွင်၊ များစွာလူတို့၊ တည်နေတို့လျှင်၊ ဆောက်လို့ရှင်စွာ၊ အိမ်တည်ရာကို၊ သေချာပုံသေ၊ ဆိုင်ပေအံ့၊ မသွေမယွင်း၊ တနင်္ဂနွေ၊ အိမ်ဆောက်ပေမူ၊ ပူလောင်သီမီးဖြင့်လောင်ရာ၊ တနင်္လာဟု၊ ဆောက်တည်ပြုက၊ ဒုက္ခဆင်ရဲ၊ မလွဲအင်္ဂါ၊ နေ့မှာဆောက်ထ၊ ပျက်ဆီးကြလိမ့်၊ မှန်လှ... နေ့ဗုဒ္ဓဟူးက၊ မှတ်ပတရေး၊ ကြာသပတေး–သော်ကြာနေ့... မှာကား၊ ဆောက်တုံပါက၊ ခနရွှေငွေ၊ တိုးတက်ပေအံ့... ကား၊ အိမ်ဆောက်ငြားက၊ ရှားပါးတော်မွတ်၊ ဖြစ်ပေတတ်... ကျမ်းမြတ်အလာ၊ မိန့်ခဲ့မှာသည်၊ မှတ်ပါအများ၊ မျိုး...

## အိမ်ဆောက်ရာ"လတို့"၏ အကျိုးအပြစ်

တန်ခူးလအိမ်ဆောက်မူ အနာအဖျား များအံ့။

ကဆုန်လမှာ အိမ်ဆောက်မူ အနာအဖျား များအံ့။

နယုန်လ အိမ်ဆောက်မူ မယားများအံ့။ ခြွေရံပရိသတ် ပေါများအံ့။

ဝါဆိုလ အိမ်ဆောက်မူ ပစ္စည်းဥစ္စာ ပေါများအံ့။

ဝါခေါင်လ အိမ်ဆောက်မူ သားမယားများအံ့။

တော်သလင်းလ၌ အိမ်ဆောက်မူကား အနာအဖျားများတတ်၏။

သီတင်းကျွတ်လ အိမ်ဆောက်မူ အပျက်အစီး ကြီးစွာဖြစ်တတ်၏။

တန်ဆောင်မုန်းလ အိမ်ဆောက်မူ မအီမသာရှိအံ့။ စိတ်နှလုံး ပူပန်တတ်အံ့။

နတ်တော်လ အိမ်ဆောက်မူ မယားကောင်း, သားကောင်းရအံ့။ သူခပ်သိမ်းကို နှိမ်နင်းနိုင်သည် ဖြစ်အံ့။

ပြာသိုလ အိမ်ဆောက်မူ အမျိုးလေးပါးတို့ ချီးမြှောက်အံ့။

တပို့တွဲလ အိမ်ဆောက်မူ ဥစ္စာပျောက်တတ်၏။

တပေါင်းလ အိမ်ဆောက်မူ လာဘ်ကြီးစွာ ရအံ့၊ ဥစ္စာပစ္စည်း ပေါများအံ့။

## (၇)ရပ်သားသမီးနေရပ် အကျိုးအပြစ်

ထိုသို့ ဆောက်ရာတွင် တနင်္ဂနွေသားတို့သည် အရှေ့ကနေလျှင် ဆန်ရေစပါးများအံ့၊ အဖျားအနာရှိအံ့။ အရှေ့တောင်ထောင့်ကနေမူ လာဘ်ရအံ့၊ တောင်ကနေမူ ဆယ်ပါးသော



အကျိုးတို့ကို ပေးအံ့၊ အနောက်တောင်ထောင့်ကနေမူ ကျွဲ, နွား များအံ့၊ အနောက်ကနေမူ သေကြေပျက်စီးတတ်၏၊ မင်းပူဇော်ကို ခံရ၏၊ အနောက်တောင်ထောင့်ကနေမူ ပူဇော်ခံရအံ့၊ အမှုဟူသမျှ အောင်အံ့၊ မြောက်ကနေမူ ဆင်းရဲအံ့၊ မယားသေအံ့၊ အရှေ့မြောက်ထောင့်ကနေမူ သူတကာတို့ထက် မြတ်အံ့။

တနင်္လာသား အရှေ့ရှူးရှူးကနေမူ ကျွဲနွားများအံ့။ အရှေ့တောင်ထောင့်ကနေမူ မီးလောင်တတ်အံ့၊ သူတထူးတို့သည် နေ့-ည မပြတ် ဖျက်လိုကြအံ့။ အနောက်တောင်ထောင့်ကနေမူ ကျေးကျွန် ခြွေရံပရိသတ်များအံ့၊ အကြွင်းမှာ တနင်္ဂနွေနှင့်တူ၏။

အင်္ဂါသား အရှေ့ကနေမူ ချမ်းသာရအံ့၊ သူတထူးနှင့် ခိုက်ရန်ဖြစ်တတ်အံ့။ အရှေ့တောင်ထောင့်ကနေမူ ချမ်းသာရအံ့။ တောင်အရပ်ကနေမူ ချမ်းသာရအံ့။ အနောက်တောင်ထောင့်ကနေမူ သား,မြေး,ကျေးကျွန်များအံ့။ အနောက်ကနေမူ စည်းစိမ်ဥစ္စာခြွေရံပရိသတ် ပေါများအံ့။ အနောက်မြောက်ထောင့်ကနေမူ လာဘ်ရအံ့။ မြောက်ကနေမူ အနာအဖျားများအံ့၊ ဆင်းရဲတတ်အံ့၊ အရှေ့မြောက်ကနေမူ လာဘ်ရအံ့၊ ဆံရာအစရှိသောသူခပ်သိမ်းတို့ အပူဇော်ခံရအံ့။

ဗုဒ္ဓဟူးသား အရှေ့ကနေမူ ချမ်းသာရအံ့၊ လာဘ်များအံ့။ အရှေ့တောင်ထောင့်ကနေမူ သူတစ်ပါးနှင့်မျက်လိုအံ့၊ တောင်ကနေမူ ဘေးဥပဒ်အန္တရာယ် ထိခိုက်တတ်အံ့၊ သားမယား ကျေးကျွန် ခြွေရံပရိသတ် ရအံ့။ အနောက်တောင်ထောင့်ကနေမူ လာဘ်ရအံ့။ အနောက်ကနေမူ ရောဂါဥပဒ်များအံ့၊ သူတစ်ပါး

နှိပ်စက်ခြင်းကို ခံရတတ်အံ့၊ အနောက်မြောက်ထောင့်ကနေမှ အနာအဖျား များအံ့။ မြောက်ကနေမှ ကျွဲ,နွား၊ သား,မြေး ပျက်စီးတတ်အံ့။ အရှေ့မြောက်ထောင့်ကနေမှ လာဘ်–ကြီးစွာ ရအံ့။

ကြာသပတေးသား အရှေ့ကနေမှ ဥစ္စာစည်းစိမ် ပျက်စီးတတ်အံ့၊ သားမယားလည်း ပျက်စီးတတ်အံ့၊ အရှေ့တောင်ထောင့်ကနေမှ ချစ်သောသူတို့နှင့် ကွေကွင်းတတ်၏။ တောင်ကနေမှ ဥပဒ်အန္တရာယ် ရောက်တတ်သည်။ မိမိအိမ်ကိုလည်း မီးသင့်တတ်သည်။ အနောက်ထောင့်ကနေမှ ပျက်စီးတတ်သည်၊ ရောဂါဥပဒ် များတတ်အံ့။ အနောက်ကနေမှ မီးလောင်အံ့၊ သူခပ်သိမ်းတို့၏ ပူဇော်ရာဖြစ်အံ့။ အနောက်မြောက်ထောင့်ကနေမှ လာဘ်သပ်ပကာကြီးစွာ ရအံ့။ မြောက်ကနေမှ ပစ္စည်း ဥစ္စာ ပေါများအံ့၊ အနာအဖျား ရှိတတ်အံ့၊ ကျေးကျွန် ကျွဲနွား များအံ့။

သောကြာသား အရှေ့ကထားမှ ချမ်းသာရအံ့၊ သားမယားမှ ပျက်စီးတတ်အံ့။ အရှေ့တောင်ထောင့်ကနေမှ ဘေးဥပဒ် အထိ အခိုက် များတတ်အံ့။ တောင်ကနေမှ ဆင်းရဲတတ်၏။ အနောက်တောင်ထောင့်ကနေမှ ရန်သတ္တရုပျောက်အံ့။ အနောက်ကနေမှ ကျွဲနွားများအံ့။ အနောက်မြောက်ထောင့်ကနေမှ သူတစ်ပါးတို့ ပူဇော်ခြင်းကို ခံရအံ့၊ မြောက်ကနေမှ ဥစ္စာများအံ့။ အရှေ့မြောက်ထောင့်ကနေမှ မကောင်း။

စနေသား အရှေ့ကနေမှ ပျက်စီးတတ်အံ့။ အရှေ့တောင်ကနေမှ ချမ်းသာရအံ့။ တောင်ကနေမှ အခြေအရံများအံ့။



အနောက်တောင်ထောင့်ကနေမှ မကောင်း။ အနောက်ကနေမှ ချမ်းသာရအံ့။ အနောက်မြောက်ထောင့်ကနေမှ လာဘ်ကြီးရအံ့။ မြောက်ကနေမှ ဥစ္စာပေါများအံ့။ အရှေ့မြောက်ထောင့်ကနေမှ ခိုက်ရန်များအံ့။

(ဤကား–**တီထိ** နက္ခတ်မြေခံ–နံစံနှင့် တော်လျော်စွာ အိမ်ဆောက်၍ ၇–ရက်သားတို့ နေကုန်ရာသည်ကို ပြဆိုခြင်းတည်း။)

## (၇)ရက်သားသမီးတို့ အိမ်ဆောက်ရာအရပ်

တနင်္ဂနွေသားတို့ကား အိမ်မြောက်စူးစူးက ဆောက်မူ ပေါ်ထွန်းထင်ရှား။ တနင်္လာသား အရှေ့မြောက်ထောင့်က ဆောက်မူ ကောင်း၏၊ ကျော်စောထင်ရှားရာ၏။ အင်္ဂါသား အရှေ့တောင်ထောင့်ကဆောက်မူ ထင်ရှားကျော်စော၏။ ဗုဒ္ဓဟူးသား အနောက်ကဆောက်မူ ကောင်း၏၊ ဥစ္စာပစ္စည်း ပေါများ၏။ ကြာသပတေးသား အနောက်တောင်ထောင့်ကဆောက်မူ လာဘ်ပေါများ၏။ သောကြာသား အနောက်မြောက်ထောင့်က ဆောက်မူ အလွန်ထင်ရှားကျော်စော၏။ စနေသား အရှေ့မြောက်ထောင့်ကဆောက်မူ ကောင်းလှ၏၊ ဥစ္စာပစ္စည်း ပေါများ၏။

## လောကီကျမ်းတို့၏ အဆိုအမိန့်

ဤသို့ မိန့်ဆိုခဲ့သော ကျမ်းသည်ကား– သတ္တိဂြိုဟ်ကျမ်းမှလည်းကောင်း၊ ပယောဂ ယတြာကျမ်းမှလည်းကောင်း၊ ပါရာကျမ်းမှလည်းကောင်း၊ အသီးသီး ကောင်းရာကို ထုတ်ယူ၍ ပညာရှိသော ရှေးဆရာကျော်တို့သည် ဗေဒင်ကျမ်း အစရှိသော လောကီကျမ်းတို့ကို စီရင်ပေ၏။

နောက်မှစီရင်သော ပညာရှိတို့သည် ဖွားသေ ဇာတာရင်းရှိသည်မှန်လှစေ၊ မှန်ပြီးသော်လည်း အံ့ာရီ,ဗျာယ,မရဏလွတ်စေ၊ ဓာတ်ဦးဓာတ်လယ်လည်း ကြိုက်စေ၊ အထွန်းအပြန် တံခွန်တေဇလည်း ကြိုက်စေ၊ ယင်းသို့ရှိမှ စီရင်လေ။ ယင်းသစ်ကိုလည်း မမြင်နိုင်က ယတြာမှုသော သူသည် မြေပြောက်ကို မဖမ်းတတ်သောသူနှင့် တူ၏။ တတ်ပင်တတ်သော် ခက်လှလေ၏။ ပြုန်းတီးသေပျောက်လှသည်တည်း၊ တတ်နိုင်သော်ကား အမျိုးခုနစ်ဆက်ကစ၍ စီရင်သော ကျမ်းဆရာတိုင်အောင်၊ ကောင်းကြွယ်စည်ပင်၊ ကမ္ဘာဦးပညာရှင် ကျမ်းဆရာမြတ်တို့သည် ဟောထားခဲ့သည်ဟု မှတ်လေ။ ဤကဲ့သို့သော ကျမ်းဂန်အရာ ပညာရှိသော ဆရာမြတ်တို့သည် ယတြာပြုရာသော ကျမ်းအတိုင်း စီရင်သည်ရှိသော် ဘုန်းတန်ခိုးကြီးသော မင်းတို့သည် စက်တစ်ထောင်ထွက်အောင် စည်းစိမ်တို့ကို ခံစားထိုက်ပေ၏။ မင်းစည်, ဆရာစည်တီး ဖြစ်ကုန်၏ဟု မှတ်ကြလေကုန်။

## သစ်မခုတ်အပ်သော တော

အိမ်ရာဆောက်လုပ်ရန် တောအရပ်သို့ သစ်ခုတ်ခြင်းငှာ သွားကြသည်ရှိသော်၊ ၎င်းတော၌ရှိသော သစ်ပင်အပေါင်းတို့တွင်....။

ခင်ပုပ်၊ ကျီး၊ ဇွန်၊ လင်းတ၊ ငှက်တို့သည်၊ အသိုက်အမြုံ ပြုစုထား၍သော်လည်းကောင်း၊ ခေတ္တခဏ နားနေ၍သော်လည်းကောင်း၊ ထိုသစ်တို့သည် မကောင်း မခုတ်ယူရာ၏။



## သစ်ခုတ်ယူအပ်သော တော

ဝံလို၊ ဝံလက်၊ ဥဖျိုင်း၊ ကြိုးကြာ၊ ဥသြ၊ ဥဒေါင်း၊ သိန်းငှက်တောကြက်၊ တိန်ညင်၊ ဇွန်ရဲ၊ ငှက်တို့သည် အသိုက်အမြုံ ပြုလုပ်နေသော်လည်းကောင်း၊. နားနေနှင့်သော်လည်းကောင်း မြန်မြန်ခုတ်ယူရာ၏။ ထိုသစ်တောသည် မင်္ဂလာရှိသော တော ဖြစ်၍ ကြငှန်းတိုင်၊ ပြုလုပ်ရသော် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာအံ့၊ ကျေးကျွန်အခြွေအရံ ပေါများအံ့။

### မသုံးအပ်သောသစ်(၇)မျိုး

၁။ ခုတ်ဖြတ်စဥ် တွဲလွဲကျနေသော "သစ်ဆွဲချ"၊
၂။ သစ်ခွ သစ်ကိုင်းကြားတို့တွင် တင်နေသော "လူကောင်တင်"၊
၃။ အဖျားကြီး၍ အရင်းရှူးသော "သစ်ဘီးလူး"၊
၄။ အရင်းအဖျားရှူး၍ အလယ်ကြီးသော "သစ်နပုန်"၊
၅။ လမ်းကူး ချောင်းကူး သစ်၊
၆။ အပင်ချင်း အကိုင်းချင်း ကြိတ်သော "သစ်မျောက်"၊
၇။ အပင်တွင် နွယ်ရစ်ပတ်နေသော"သစ်နဂါး"၊

### သုံးအပ်သောသစ်(၂)မျိုး

၁။ အရင်းအဖျား ညီသော "သစ်ယောကျ်ား"၊
၂။ အရင်းကြီး အဖျားငယ်သော "သစ်မိန်းမ"၊

**မှာထားချက်။** ။ထိုသစ်တို့မှာ မြတ်သောသစ်များ ဖြစ်၍ မိမိနေအိမ်မှစ၍ တန်ဆောင်း, ဇရပ်, ဂူကျောင်း အစရှိသည်တို့ကို စီရင်ဆောက်လုပ်နေထိုင် အပ်သောသစ်များ ဖြစ်ပေသည်။

## သစ်တံစို့

၁။ အရင်းကြီး၍ အဖျားသေးငယ်လွန်းသော သစ်သည် သစ်တံစို့မည်၏။ (မသုံးအပ်)

**မှတ်ထားချက်။** ။ဤသို့ ဆိုအပ်ခဲ့ပြီးသော သစ်ယောကျာ်း၊ သစ်မိန်းမ တို့ကို ရွေးချယ်ရာ၌ ဆွေးသော သစ်၊ အခွံရှက်သော သစ်၊ အနာအဆာများသော သစ်တို့ကို ရွေးချယ် ပယ်ထုတ်၍ အိမ်, ကျောင်း, ဇရပ် တို့ကို ဆောက်လုပ်ရာတွင် "မီးကျော်ခြင်း"ဟူသော အပြစ်သုံးပါး ကိုလည်း သိရာ၏။

## မသုံးအပ်သော မီးကျော်သစ်(၃)မျိုး ,

ခုတ် ဖြတ်တောက်ပြီးသော သစ်တို့ကို မိမိ အလိုရှိရာသို့ မသယ်ယူမီ...

၁။ တောမီးလောင်ခြင်း၊ တောမီး ကျော်သွားသောသစ်၊

၂။ အိမ်သို့ရောက်၍ ဆောက်လုပ်မည့်ဆဲဆဲ နေအိမ်၌ တစ်စုံတစ်ယောက် သေလွန်၍ လူသေမီးကျော်သစ်၊

၃။ အိမ်သို့ရောက်၍ ဆောက်လုပ်မည့်ဆဲဆဲ နေအိမ်၌ မိန်းမမီးဖွား၍ သားဖွားမီးကျော်သစ်၊

**မှတ်ထားချက်။** ။၎င်း မီးကျော်သစ်များကို မသုံးကောင်း အကယ်၍ သုံးမိခဲ့သော် အကျိုးစီးပွား ဆုတ်ယုတ်ကုန်ရာ၏။

## သစ်အမျက်၏ အကျိုးအပြစ်

အိမ်, ကျောင်း, လှေ, လှည်း မှ စ၍ ဆောက်လုပ်မည့် သစ်များကို အမျက်ရွေးရာ၌ သစ်တစ်ချောင်းစီ တိုင်တစ်လုံးစီ စသည်ဖြင့် ဆယ်ပိုင်းပိုင်း၍ ရွေးရမည်။



**ဥပမာ။** ။တိုင်တစ်လုံးကို ဆယ်ပိုင်းပိုင်း (၁ပ-ပုံပုံ) ရမည် ဟု ဆိုလိုရင်း ဖြစ်သည်။

၁။ တစ်ပိုင်းမှာ အမျက်ပါမူ - အများသူငါချစ်ခင်အံ့၊
၂။ နှစ်ပိုင်းမှာ ။ ဘေးဒုက္ခတွေ့အံ့၊
၃။ သုံးပိုင်းမှာ ။ စားဝတ်နေရေးကောင်းအံ့၊
၄။ လေးပိုင်းမှာ ။ မယားသေတတ်အံ့၊
၅။ ငါးပိုင်းမှာ ။ သေကျေပျက်စီးအံ့၊
၆။ ခြောက်ပိုင်းမှာ ။ ကျွဲ,နွားရတတ်အံ့၊
၇။ ခုနစ်ပိုင်းမှာ ။ ချစ်ခင်သူပေါများအံ့၊
၈။ ရှစ်ပိုင်းမှာ ။ ပျက်စီးဆုံးရှုံးအံ့၊
၉။ ကိုးပိုင်းမှာ ။ လာဘ်ကြီးရအံ့၊
၁၀။ ဆယ်ပိုင်းမှာ ။ လာဘ်ကြီးရအံ့။

## သစ်အမျက်၏အကျိုးအပြစ် (တစ်နည်း)

လှေမှာရော၊ လှည်းမှာမပျဉ်း၊ ကျောင်းမှာဒြင်၊ အိမ်တွင် လှေကား၊ သစ်ကိုဆယ်ပိုင်းပိုင်း (ဆယ်ပုံပုံ)၍ ထား။

၁။ ပထမပိုင်းမှာ အမျက်ပါမူ မင်းပူဇော်ခံရအံ့၊
၂။ ဒုတိယပိုင်းမှာ ။ ချစ်သူခင်သူများအံ့၊
၃။ တတိယပိုင်းမှာ ။ ထမင်း,အဖျော် ဆန်ရေစပါးများအံ့၊
၄။ စတုတ္ထပိုင်းမှာ ။ မယားသေတတ်အံ့၊
၅။ ပဉ္စမပိုင်းမှာ ။ မိမိသေကျေပျက်စီးအံ့၊
၆။ ဆဋ္ဌမပိုင်းမှာ ။ ကျွဲ,နွားရအံ့၊
၇။ သတ္တမပိုင်းမှာ ။ မယားရအံ့၊

၈။ အဋ္ဌမပိုင်းမှာ အမျက်ပါမူ ဆင်းရဲဒုက္ခရောက်အံ့၊
၉။ နဝမပိုင်းမှာ ။ မြေယာရအံ့၊
၁၀။ ဒသမပိုင်းမှာ ။ ချမ်းသာသုခနှင့်ပြည့်စုံအံ့။

## အမျက်ကို အစာကျွေးနည်း

၁။ ပထမပိုင်းမှာ အမျက်ရှိက လမိုင်းနတ် စောင့်၏၊ မင်းပူဇော်ခံရတတ်၏၊ အပူဇော်ခံရမည်ဟု နေခဲ့သော် အဖသေတတ်၏၊ လွတ်စေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းဖြင့် တင်၊ အဖနှင့်တူသော ဥစ္စာပစ္စည်းပေးလာမည်။

၂။ ဒုတိယပိုင်းမှာ အမျက်ရှိပါက ရက္ခမည်သောနတ်စောင့်၏၊ မိတ်ဆွေကောင်း ရောက်လာမည်၊ မိတ်ဆွေ ရောက်လာမည်ဟု နေခဲ့သော် မိတ်ဆွေကောင်း သေတတ်၏၊ လွတ်စေလိုသော် ငါးပြေမကို မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၃။ တတိယပိုင်းမှာ အမျက်ရှိပါက အယောမည်သောနတ်စောင့်၏၊ ဆန်စပါး ပေါများမည်၊ ဆန်စပါး ပေါများမည်ဟု နေခဲ့သော် ဆန်စပါးနည်းပါးတတ်၏၊ လွတ်စေလိုသော် ငါးဖင်ရိုင်းမီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၄။ စတုတ္ထပိုင်းမှာ အမျက်ရှိပါက သာရမည်သောနတ် စောင့်၏၊ မယားသေတတ်သည်၊ လွတ်စေလိုသော် ငါးဖျင်းသလက်မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၅။ ပဉ္စမပိုင်းမှာ အမျက်ရှိပါက အာယက္ခမည်သောနတ်စောင့်၏၊ အိမ်ရှင်သေတတ်၏၊ မသေစေလိုသော် ငါးဖျင်းသလက်မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။



၆။ ဆဋ္ဌမပိုင်းမှာ အမျက်ရှိပါက ကေသန်မည်သောနတ်စောင့်၏၊ ဥစ္စာ ကျွဲနွား ပေါများမည်၊ ဥစ္စာ ကျွဲနွား ပေါများမည်ဟု နေခဲ့သော် ပျက်စီးတတ်၏၊ ပေါများလိုသော် ငါးခူမီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၇။ သတ္တမပိုင်းမှာ အမျက်ရှိပါက ဘြိယောဂမည်သောနတ်စောင့်၏၊ ကျွန်မိန်းမရမည်၊ ကျွန်မိန်းမရမည်ဟု နေခဲ့သော် မရဘဲ ရှိတတ်၏၊ ရစေလိုသော် ငါးဖျင်းသလက်မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၈။ အဋ္ဌမပိုင်းမှာ အမျက်ရှိပါက ဥရယောသမည်သောနတ်စောင့်၏၊ စီးပွားဥစ္စာ ကျွဲနွား ပျက်စီးမည်၊ လွတ်စေလိုသော် ငါးသန်ချိတ်မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၉။ နဝမပိုင်းမှာ အမျက်ရှိပါက သာရောမည်သောနတ် စောင့်၏၊ လာဘ်လာဘပေါများမည်၊ လာဘ်လာဘ ပေါများမည်ဟု နေခဲ့သော် လာဘ်လာဘမရဘဲ ရှိအံ့၊ လွတ်စေလိုသော် ငါးပုတ်သင်ကို မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

၁၀။ ဒသမပိုင်းအမျက်ရှိပါက ဒူရမည်သောနတ်စောင့်၏၊ သား-မြေး-ကျေးကျွန်၊ လယ်ယာမြေရမည်၊ ရမည်ဟု နေခဲ့သော် မရဘဲ ရှိအံ့။ လွတ်စေလိုသော် ငါးဖျင်းသလက်မီးဖုတ် ထမင်းတစ်ဆုပ်နှင့် တင်လေ။

## လဆန်းမြေခံရက် ရွေးနည်း

| | | | |
|---|---|---|---|
| လဆန်း | ၁-ရက် | နတ် | သေတတ်သည်။ |
| ။ | ၂-ရက် | ကညာ | ကောင်းသည်။ |

| | | | |
|---|---|---|---|
| လဆန်း | ၃-ရက် | နွား | လာဘ်ရအံ့။ |
| ။ | ၄-ရက် | ဆင် | ပျက်စီးအံ့။ |
| ။ | ၅-ရက် | ဂဠုန် | ချမ်းသာအံ့။ |
| ။ | ၆-ရက် | ဆင် | သေအံ့။ |
| ။ | ၇-ရက် | သိန္ဒော | အောင်မြင်အံ့။ |
| ။ | ၈-ရက် | ဒွန်းစဏ္ဍား | ဆင်းရဲအံ့။ |
| ။ | ၉-ရက် | ဘီလူး | သေအံ့။ |
| ။ | ၁၀-ရက် | ဗြဟ္မာ | ပူဇော်ခံရအံ့။ |
| ။ | ၁၁-ရက် | သိကြားခံ | ချမ်းသာအံ့။ |
| ။ | ၁၂-ရက် | ခွေး | ပြန်းတီးအံ့။ |
| ။ | ၁၃-ရက် | ဗြဟ္မာ | ကောင်းအံ့။ |
| ။ | ၁၄-ရက် | ဂဠုန် | ချမ်းသာအံ့။ |
| ။ | ၁၅-ရက် | သိကြား | ချမ်းသာအံ့။ |

### လဆုတ်မြေခံရက် ရွေးနည်း

| | | | |
|---|---|---|---|
| လဆုတ် | ၁-ရက် | ကညာ | အောင်အံ့။ |
| ။ | ၂-ရက် | ကျား | ဆင်းရဲအံ့။ |
| ။ | ၃-ရက် | နတ် | သောကရောက်အံ့။ |
| ။ | ၄-ရက် | နွား | လာဘ်ရအံ့။ |
| ။ | ၅-ရက် | ဆင် | ပြန်းတီးအံ့။ |
| ။ | ၆-ရက် | ဂဠုန် | အောင်မြင်အံ့။ |
| ။ | ၇-ရက် | ဒွန်းစဏ္ဍား | ပျက်စီးအံ့။ |
| ။ | ၈-ရက် | မြင်း | အောင်အံ့။ |
| ။ | ၉-ရက် | ဗြဟ္မာ | ဥစ္စာရအံ့။ |



| | | | |
|---|---|---|---|
| လဆုတ် | ၁၀-ရက် | ဘီလူး | သေအံ့။ |
| ။ | ၁၁-ရက် | ခွေး | သေအံ့။ |
| ။ | ၁၂-ရက် | သိကြား | လာဘ်ရအံ့။ |
| ။ | ၁၃-ရက် | ဝက် | ပြန်းတီးအံ့။ |
| ။ | ၁၄-ရက် | ဗြဟ္မာ | လာဘ်ရအံ့။ |
| ။ | ၁၅-ရက် | ဂဠုန် | ချမ်းသာအံ့။ |

(ဤမြေခံကို လက်သမား မြေခံဟု ခေါ်သည်။ အိမ် ကျောင်း ဇရပ် မဏ္ဍပ်နှင့်တကွ ကောင်းမှုပြုရာ ရက်ရွေးချယ်ခြင်း၌ အထူးပြုကြလေသည်။)

### (၇)ရက်သားသမီးများ ပန္နက်ချပန်းဆွဲ

လောကီလူများ၊ အကျိုးစီးပွား၊ မှတ်သားကြစိမ့်ငှာ။
ကျောင်း,အိမ်,ဆောက်က၊ ပန္နက်ချ၊ သိကြလူတကာ။
**"တနင်္ဂနွေသား"**၊ အိမ်ဆောက်ငြား၊ မှတ်သားရွေးချယ်ရာ၊
ကြာသပတေးသား၊ သောကြာသား၊ ကိုင်ငြားကြိုးကိုသာ၊
နံလျှင်နဂါး၊ စနေသား၊ နက်ထားပန္နက်မှာ၊
ဤသူသည်ကား၊ စည်းစိမ်များ၊ တိုးပွားနေ့တိုင်းသာ။
**"တနင်္လာသား"**၊ ဆောက်လိုငြား၊ စဉ်းစားသတိမှာ၊
သောကြာသားပေ၊ လူနှစ်ထွေ၊ ကိုင်လေကြိုးကိုသာ၊
တနင်္ဂနွေပ၊ ပန္နက်ချ၊ စိုက်ထဆောက်အပ်စွာ၊
ဤသူ့၌ပင်၊ ချမ်းသာမြင်၊ လူတွင်ကြွယ်ဝရာ။
**"အင်္ဂါသား"**ပင်၊ ဆောက်လိုလျှင်၊ ဆင်ခြင်မြဲမကွာ၊
စနေသားပေ၊ နှစ်ယောက်နေ၊ ကိုင်စေကြိုးကိုသာ၊

တနင်္လာပ၊ ပန္နက်ချ၊ မှန်စွာနက်စေရာ၊
ဤသူဥ္ဓပင်၊ ချမ်းသာမြင်၊ စည်ပင်များဥစ္စာ။
**"ဗုဒ္ဓဟူးသား"**ပင်၊ အိမ်ဆောက်လျှင်၊ အောင်မြင်စေဖို့ရာ၊
တနင်္လာသား၊ ဂျူန်သား၊ မမှားကြိုးကိုင်ရာ၊
ပန္နက်မမှား၊ နက်စေငြား၊ နေ့ကားအင်္ဂါသည်၊
ဤသို့ပြုက၊ များမနေ၊ မုချချမ်းသာရာ။
**"ကြာသပတေးသား"**လျှင်၊ အိမ်ဆောက်ချင်၊ ဆင်ခြင်သိဖို့ရာ၊
တနင်္လာသား၊ အင်္ဂါသား၊ မမှားကြိုးကိုင်ပါ၊
ဗုဒ္ဓဟူးသားပင်၊ ပန္နက်လျှင်၊ မြဲချင်နက်စေရာ၊
ဤသူဥ္ဓကား၊ ကြွယ်ဝငြား၊ မမှားသုခီတာ၊
**"သောကြာသား"**ပင်၊ ဆောက်လိုလျှင်၊ တအင်မှတ်ကြပါ၊
တနင်္ဂနွေသား၊ ဗုဒ္ဓဟူးသား၊ ဆွဲငြားကြိုးကိုသာ၊
ကြာသပတေးသား၊ ပန္နက်များ၊ စိုက်ထားကြစေရာ၊
ချမ်းသာတသီး၊ သူဌေးကြီး၊ အပြီးဖြစ်မည်သာ။
**"စနေသား"**ပ၊ အိမ်ဆောက်က၊ တွေးဆဆင်ခြင်ပါ၊
ကြာသပတေးလျှင်၊ ဗုဒ္ဓဟူးပင်၊ ကိုင်ချင်ကြိုးကိုသာ၊
သောကြာနေ့ဖွား၊ ပန္နက်အား၊ နက်ထားစိုက်လေပါ၊
ဤသူဥ္ဓပ၊ ပေါမနေ၊ များလှမိုးသို့ရွာ။

**အိမ်ဆောက်ရာဥ္ဓပန်းဆွဲလင်္ကာ**

အိမ်ဆောက်ပန်းဆွဲ၊ ဖော်ပြခွဲ၊ မလွဲ၊ ဤသို့လာ။
အုန္နဲဆွဲက၊ များမနေ၊ ကြွယ်ဝချမ်းသာရာ။
ပညောင်ဆွဲသော်၊ မင်းပူဇော်၊ အလျော်ငံ ၊ရော။
ရေသဖန်းပင်၊ ဆွဲလေချင်၊ လျင်လျင်ချမ်းသာရာ။



မြေဇာဆွဲလျက်၊ ရှည်တလက်၊ မပျက်တည်လေရာ။
အိမ်ထောင်ပန်းဆွဲ၊ သီဆောင်ခဲ၊ သုံးစွဲနောင်ဖို့ရာ။
လောကီသုတ၊ ရှိလိုက၊ နှုတ်ရဆောင်လေပါ။
ဤဥ္ဓ တစ်ခဏ်း၊ နိဋ္ဌိတ ်း၊ ခန်းရပ်လိုက်ပါ။

## (၇) ရက်သားသမီး ကြိုးကိုင်ပန္နက်ရိုက်

တနင်္ဂနွေသား၊ **တနင်္ဂနွေသမီး**တို့ အိမ်ဆောက်မည် စီရင်သောအခါ ကြာသပတေး သောကြာသားတို့ကို ကြိုးကိုင်စေရာ၏၊ စနေသား ပန္နက်နက်စေရာ၏၊ စည်းစိမ်ချမ်းသာများအံ့၊ အသက်ရှည်အံ့၊ သားစဉ်မြေးဆက် ကောင်းစားအံ့၊ အင်္ဂါသား, ဗုဒ္ဓဟူးသားတို့ကို ကြိုးကိုင်စေ၍ တနင်္လာသား ပန္နက်နက်စေသော် အဖျားအနာများအံ့၊ စီးပွားချမ်းသာ၊ ဘဏ္ဍာဆင်မြင်းကျွန်သင်း ကျွဲနွားတို့ ပျက်စီးလေအံ့။ **(တနင်္ဂနွေဖို့)**။

တနင်္လာသား–တနင်္လာသမီးတို့ အိမ်ဆောက်သော် သောကြာသား, စနေသားတို့ကို ကြိုးကိုင်စေ၍ တနင်္ဂနွေသား ပန္နက်နက်စေရာ၏။ ဤကဲ့သို့ ပြုလျှင် ကြွယ်ဝချမ်းသာအံ့၊ ပျော်အံ့၊ အသက်ရှည်အံ့၊ ဗုဒ္ဓဟူးသား, ကြာသပတေးသားတို့ကို ကြိုးကိုင်စေ၍ အင်္ဂါသားကို ပန္နက်နက်စေမူ ပျက်စီးအံ့ ခလွဲတည်း။ **(တနင်္လာဖို့)**။

အင်္ဂါသား–အင်္ဂါသမီးတို့ အိမ်ဆောက်လိုသော် စနေသား, တနင်္ဂနွေသားတို့ကို ကြိုးကိုင်စေ၍ ဗုဒ္ဓဟူးသားကို ပန္နက်နက်စေရာ၏၊ ဤဆိုသည့်အတိုင်းပြုလျှင် ကြွယ်ဝအံ့၊ အသက်ရှည်အံ့၊ ရောဂါဥပဒ်ကင်းစင်အံ့၊ ကြာသပတေးသား, သောကြာသားကို

ကြီးကိုင်စေ၍ ဗုဒ္ဓဟူးသားကို ပန္နက်နက်စေသည်ဖြစ်အံ့ ပျက်စီးခြင်းသို့ ရောက်ရာ၏။ **(အင်္ဂါဖို့)**။

ဗုဒ္ဓဟူးသား-ဗုဒ္ဓဟူးသမီးတို့ အိမ်ဆောက်သည်ရှိသော် တနင်္ဂနွေသား, တနင်္လာသားတို့ကို ကြီးကိုင်စေ၍ အင်္ဂါသား ပန္နက်နက်စေရာ၏။ ၎င်းအတိုင်း ပြုခဲ့သည်ရှိသော် စီးပွားချမ်းသာ တိုးအံ့၊ ရောဂါဥပဒ်ကင်းအံ့၊ မျက်နှာပွင့်လန်းအံ့၊ သောကြာသား, စနေသားတို့ကို ကြီးကိုင်စေ၍ ကြာသပတေး ပန္နက်နက်စေသော် ဥစ္စာပစ္စည်း ယုတ်လျော့တတ်သည်၊ ဘေးဥပဒ်အန္တရာယ်ရောက်တတ်သည်။ **(ဗုဒ္ဓဟူးဖို့)**။

ကြာပသတေးသား-ကြာသပတေးသမီးတို့ အိမ်ဆောက်လိုလျှင် တနင်္လာသား, အင်္ဂါသားတို့ကို ကြီးကိုင်စေ၍ ဗုဒ္ဓဟူးသားကို ပန္နက်နက်စေရာ၏။ ဆိုသည့်အတိုင်းပြုလျှင် ဘေးအန္တရာယ်အပေါင်း ကင်းစင်အံ့၊ ဥစ္စာစီးပွားတိုးတက်အံ့၊ တနင်္ဂနွေသားကို ကြီးကိုင်စေ၍ သောကြာကို ပန္နက်နက်စေသော် ပျက်စီးတတ်သည်။ **(ကြာသပတေးဖို့)**။

သောကြာသား-သောကြာသမီး အိမ်ဆောက်လိုသော် အင်္ဂါသား, ဗုဒ္ဓဟူးသားကို ပန္နက်ကြီးကိုင်စေ၍ ကြာသပတေးသားကို ပန္နက်နက်စေသည်ရှိသော် ဆွေ၇-ဆက်၊ မျိုး၇-ဆက် ကောင်းစားအံ့၊ တနင်္ဂနွေသား၊ တနင်္လာသားတို့ကို ပန္နက်ကြီးကိုင်စေ၍ စနေသားကို ပန္နက်နက်စေသည်ရှိသော် စီးပွားချမ်းသာ မင်္ဂလာတိုးအံ့၊ တနင်္လာသား အင်္ဂါသားတို့ကို ပန္နက်ကြီးကိုင်စေ၍ တနင်္ဂနွေသား ပန္နက်နက်စေမူ စီးပွားချမ်းသာ ပျက်စီးတတ်သည်။ **(စနေဖို့)**။



## တိုင်လဲလှယ်ရန်

တနင်္ဂနွေနေ့ အိမ်ဆောက်လိုမူ ဦးရှုတိုင်ဖို့ မှတ်သားထားသည့် သစ်တွင် စရွေးအောက်တစ်ထွာပြားသောအရပ်၌ အမျက်ခေါင်းပေါက်ရှိ၏။ ပယ်ချထားရမည်။ အကယ်၍ မပယ်လိုလျှင် ၎င်းဦးရှုတိုင်နှင့် အရှေ့မြောက်ကတိုင်ကို လဲလှယ်၍ထည့်။ လာဘ်ပေါများခြင်း၊ ကောင်းသောကျက်သရေတိုးတက်ခြင်း၊ အသက်ရှည်ခြင်း အစရှိသော အကျိုးထူးတို့ကို ခံစားရရာ၏။

တနင်္လာနေ့၌ အိမ်ဆောက်မူ အရှေ့မြောက်ထောင့်အရပ်၌ ထားသည့်တိုင်တွင် ယက်မအောက်က အမျက်သေးရှိလိမ့်မည်၊ ပယ်လေ၊ မပယ်လိုမူ တစ်ပါးသော လဲလိုရာတိုင်နှင့်ပင် လဲလေ။ ကျွဲ၊ နွား၊ ကျွန်၊ ကျေး၊ လာဘ်သပ်ပကာရရာ၏။

အင်္ဂါနေ့အိမ်ဆောက်မူ မြောက်စွန်း အလယ်ကထားသောတိုင်တွင် ယက်မအောက်က ခေါင်းသက်အူနာရှိတတ်၏။ ၎င်းယက်မအထက်က ပရွက်ဝင်လောက်ရုံ အခေါင်းလည်း ရှိတတ်၏။ တစ်ပါးသော တိုင်နှင့်လဲလှယ်ရာ၏။

ဗုဒ္ဓဟူးနေ့အိမ်ဆောက်မူ အရှေ့မြောက်ထောင့်တိုင်တွင် မြေပေါ်က တစ်ထောင့်ထွာအရပ်၌ အမျက်ခေါင်းရှိလိမ့်မည်၊ လဲလှယ်လိုက်၊ ပယ်လျှင်လည်းပယ်၊ လဲသောအခါ အနောက်တောင်ထောင့်ကတိုင်နှင့် လဲလှယ်ရမည်။ မပယ် မလဲလျှင် သားသမီး အစရှိသောသူတို့မှာ ခိုက်ရန်ဖြစ်ပွားများတတ်၏။

ကြာသပတေးနေ့ အိမ်ဆောက်ခဲ့လျှင် အရှေ့တောင်ထောင့်တိုင်တွင် စရွေးအောက်က အသက်အခေါင်းရှိ၏။ ပယ်ရမည်၊

မပယ်လိုလျှင် မြောက်အလယ်ကထားသော တိုင်နှင့်လဲလှယ်လေ။ ကျေးကျွန် အခြံအရံများအံ့။ ကျော်စောသတင်းထင်ရှားအံ့။

သောကြာနေ့အိမ်ဆောက်ခဲ့လျှင် အလယ်ကထားသောတိုင် အခေါင်းပေါက်ရှိ၏။ ပယ်ရမည်၊ မပယ်လိုလျှင် အနောက်တောင်ထောင့်က ထားသောတိုင်နှင့် လဲလှယ်လေ၊ မလဲလှယ်မူ ဥပဒ်ရောက်တတ်သည်။ လဲခဲ့လျှင် ချမ်းသာအံ့၊ မြတ်သော အဝတ်အစား တန်ဆာများလည်း ရအံ့။

စနေနေ့ အိမ်ဆောက်မူ အနောက်တောင်ထောင့်ကထားသော တိုင်၌ မြေပေါ်တစ်ထွာခြား အရပ်တွင် အမျက်သေးခေါင်းရှိ၏။ ဝယ်ပါဘိ၊ မပယ်ခဲ့လျှင် အရှေ့မြောက်ထောင့်ကတိုင်နှင့် လဲလှယ်၍စိုက်၊ မလဲခဲ့မူ ကိုယ့်အထက်က အကြီးအကဲဖြစ်သော သူတို့၌ ဘေးအန္တရာယ်ဖြစ်တတ်သည်။ လဲလှယ်လျှင် ကျေး၊ ကျွန်၊ ကျွဲနွား၊ ရွှေငွေလာဘ်လာဘရအံ့။

### သစ်လဲကြန်လင်္ကာရကန်

ဝိဝင့်ဒွာယ၊ ကပ်အစ၌၊ ပါပဗာဟိ၊ တပသိဟု၊ လောကီချာန်သခင်၊ သစ်သီးစာဆွတ်၊ ထမင်းမွတ်၍၊ ကိုယ်ဝတ်လျှော်တော်၊ ခြံသစ်ရေနှင့်၊ ဆူးပလွေသီး စိပ်ပုတီးကို၊ နွယ်ကြိုးလျှ ဖောက်၊ လယ်ဝယ်ရောက်သည်၊ ခလောက်ကျွဲမှာဆင်သို့။ ။ တောင်ဇရုးလက်တွင် ကိုယ်ထက်ကြပ်၊ လွယ်အိတ်လိုလို၊ ဆောက်ပုတ်လိုနှင့် နွားမအိုရေ၊ မွေးထုံတောကို၊ လန်ပေပေလုပ်၊ ပါးချုပ်ချုပ်သည်၊ ဦးထုပ်ချာစွပ်၍။ ။သူ့ပါးစပ်က မလပ်တဖွာဖွာ၊ ဒီးဒုတ်ကြွေးကြော်၊ ကြက်ကတော်တို့၊ အပေါ်တာဝ၊ အနိစ္စဟု၊ သမထမိပယ်၊ တတွတ်တွတ်လျှင်၊ အံ့ရွယ်ဘာဝနာ၊



ဖြင့်။ ။ ဘိညာဥ်ဆင္ဂာ၊ သမပတ်၊ ကသိဏ်းတန်ခိုး၊ ကောင်းကင်မိုးမှာ၊ ထမ်းတိုးဆင်ရန်၊ တုံ့ခေါက်ပြန်သည်၊ ဘုန်းလျှံရသေ့မြတ်တို့။ ။ တိုက်လောကမာတ်၊ ဉာဏ်လူ့ပြည်၊ မန္တပညာ၊ သတ္တဝါကို၊ ကရုဏာရှေ့ညွှန်၊ သစ်လဲကြန်ဟု၊ ဝေဒလွှင်မြမ်း၊ အိမ်ဆောက်ကျမ်းကို၊ ခွဲခြမ်းမိန့်ခဲ့သည်ကား။

နေ့ခုနစ်မည်အနက် တနင်္ဂနွေ၊ အိမ်ဆောက်ချေမူ၊ ဖြိုးဝေမြိုင်မြိုင်၊ ဦးရှုတိုင်၏၊ ဖူးခိုင်ညွှန့်ညှောက်၊ စရွေးအောက်မှာ၊ ထွာလောက်ရပ်ကွက်၊ ထိုအချက်တွင်၊ ခေါင်းသက်မျက်လေ ရှိမြဲပေဟု၊ ထုပ်ဖွေကျမ်းက မြွက်၏။ ။ စည်းစိမ်အသက် အန္တရာယ်၊ ပယ်လော့ချင့်ကို၊ မပယ်လိုလည်း၊ ထိုဦးရှုအား၊ ရှေ့မြောက်ပါးက၊ ထားသည်သစ်၌ လဲလှယ်စိုက်မူ၊ ဘိုးထိုက်ရတနာ၊ လာဘ်ဖြူစွာနှင့်၊ ချမ်းသာဖြိုးမောက် ကြွယ်ဝလိမ့်။

တနင်္လာဝယ်၊ အိမ်ဆောက်မိ၊ တိုင်အနောက်မြောက် ယက်မအောက်တွင်၊ ကြောက်တွယ်မျက်ဆွေး၊ အပြစ်ပေး၍၊ သားမြေးသေစစ်ရှိ၏။ ။ပယ်လိုက်ဘိက ပါယ်ပါလေ၊ မပယ်ချင်လည်း၊ သို့စင်ပါပ၊ တိုင်နှယ်မျှကို၊ ဒေါသထုတ်ခါယကြာဖြင့်၊ ကောင်းစွာလုပ်ဆောင်၊ အရှေ့တောင်က၊ စိုက်ထောင်သန့်ရှင်း၊ သစ်များမင်းနှင့်၊ တိုင်ချင်းလဲပြောင်း၊ စိုက်ထုံရှောင်းက ခြေလေးချောင်းမြတ်၊ မရချွတ်သည်၊ ဥပဒ်ပျောက်ပျက်လေသတည်း။

တောမဝါရေ အင်္ဂါနေ့ မြောက်သစ်စည်က၊ ဝေမရှာ၌၊ ယက်မကအောက်နား၊ မထင်ရှားဘူး၊ ပိုးမွှားပရွက်၊ ဝင်ထွက်လောက်ရုံ၊ မှေးမှုန်မှုန်သည်၊ အမြဲခေါင်သက်တွေ့လိမ့်။ ။ ငယ်သည်ပဟူ၍မပေါ့နှင့်၊ ကျွဲနွားဆင်မြင်း၊ သေပျောက်ယွင်းလိမ့်၊

ချက်ချင်းပယ်ဖြုတ် သို့မဟုတ်ဘဲ၊ မနှုတ်စိုက်လို၊ ပြန်သည်ဆိုမူ၊ ထိုအိမ်ဝယ်သာ၊ တောင်မျက်နှာက၊ စဉ်ကာစိုက်သစ်၊ အလယ်သစ်နှင့်၊ လှည့်ရစ်ပြန်ခေါက်၊ လဲတုံမြောက်က၊ နယ်အောက်မဆွယ်၊ ကညာမယ်ကို၊ ရဖွယ်ကိန်းခန်းသင့်၏။

ဆင်မင်းနံ့သော် ဗုဒ္ဓဟူး၊ ကျောင်းအိမ်ထိုနေ့၊ ဆောက်သရွေ့ကား၊ အရှေ့မြောက်နေ၊ တိုင်အောက်ခြေက မြေနှင့်နီးပါး၊ တစ်တောင်ခြားထွင်၊ ထင်ရှားအမြက်၊ ရှိအံ့ထွက်သည်၊ ဆက်ဆက်မလွဲဘူးတည်း။ ။သားမြေးအထူး၊ ချစ်သည့်ကျွန်၊ ထိုအမျက်ကြောင့်၊ သေပျောက်တတ်စွ၊ နုတ်ပစ်ချလော့၊ ပယောဂဉာဏ်၊ ကူလိုပြန်မူ၊ ရင္ဟာန်ဘူမိ၊ နရတိဝယ်၊ ရှိသည်တိုင်နှင့်၊ လဲသဖြင့်ကား၊ ယခင်ချစ်သူ၊ မသေမူ၍၊ အဖြူစုတ်ဝင်ပြန်အံ့။

ဂုရုရက်မှန်၊ အိမ်ရာဆောက်၊ ရေ့စွန်းကထောက်ရှည်ခွတွင်၊ ဒေါသပြစ်ဆာ၊ အခေါင်းပါ၍၊ ဝမ်းနာဝမ်းဖော၊ ပိဒ္ဓဝေါနှင့်၊ စိတ်သောကကြီးရောက်အံ့။ ။လျှင်လျှင်ပယ်ဖျောက် ထိုတိုင်ကို၊ ဗေဒင်သတ္တိ၊ ရှိမရှိကို၊ သိလိုသောထွေ၊ မပယ်နေလည်း၊ ရှိစေတော့လော၊ အလယ်ကြောက၊ ရှည်မြောက်ကွဲခိုင်၊ ခွာခေါင်တိုင်နှင့်၊ ယိမ်းယိုင်မငိုက်၊ လဲ၍စိုက်မူ၊ ကိုယ်၌ရောဂါ၊ ကင်းကွာဝေးယံ၊ ခြွေရွေရံသည်၊ ဘုန်းကံမောက်၍မိုစိမ့်။

ပူးမင်းနံ့ကြိုက်၊ သောကြာကြိုက်–ကျောင်းအိမ်ကြီးငယ်၊ ဆောက်ရာဝယ်၌၊ အလယ်ထောက်မ၊ ခွကစ၍၊ ထွာမျှဝိုင်းခြား၊ အောက်ဆီနားတွင်၊ စဉ်းစား၍ရှာ၊ အခေါင်းပါသည်၊ ရောဂါရင်ဝမ်းထိုက်လိမ့်။ ။ပယ်လိုပယ်လိုက်၊ နေလိုနေလိုက်၊ ယတြာကြောင်း၊ အဆင်းကောင်း၍၊ မင်းလောင်းပျောက်ဘိ၊ ထုံးစံရှိပြီး၊



မဖျိုမနှ၊ ခေါင်ထောက်မနှင့်၊ ဌာနသည်လှည့်၊ လဲ၍ထည့်မူ၊ စွဲသည့်ဝမ်းရင်၊ ရောဂါစင်လျက်၊ ပေါင်းဖျဉ်ကိုယ်ဝယ်၊ တန်ဆာမြတ်ကို၊ မချွတ်ရပါချေအံ့။

သောရီစနေနေ့ကိုကား–နောက်တောင်မြင့်ဖြူး၊ တိုင်ထိပ်ဖူး၌၊ ရှေးဦးစေ့စေ့၊ ကြည့်မှတွေ့သည်၊ စရွေးအောက်မှာ၊ မျက်သေးပါ၏၊ ဂေဟာမိန်းမ၊ ပုရိသလျှင်၊ ခဏသေဆုံးပါလိမ့်။

ကံတရားလည်းဟုတ်စေတော့၊ သို့ဆိုကတည်း၊ လုံ့လလည်း၍၊ ပေါင်းစည်းခုံခံ၊ ဥပါဒါန်ကြောင့်၊ ကြံစည်တိုင်းမြောက်၊ ချမ်းသာရောက်သည်၊ လန့်ကြောင့်အားမလျော့နှင့်၊ ယုတ်မာသွမ်းသော့၊ ထိုသည်တိုင်၊ နောက်မြောက်ရပ်ပျော်၊ တိုင်သူတော်နှင့်၊ နုတ်ဖော်လဲလှယ်၊ ပရိယာယ်ကြောင့်၊ အန္တရာယ်ရှင်း၊ သေဘေးကင်း၍၊ ဆင်မြင်းနွားကျွဲ၊ သောက်သောက်လဲမျှ၊ လာဘ်ပွဲလှိုင်းကြီးလှိုင်လိမ့်။ ။ပဒေသာ၊ ခိုင်ဉာဏ်ပဝေး၊ လောကလူ့ဘုံ၊ သုံးမကုန်အောင်၊ ရိပ်မြုခက်လက်၊ ဉာဏ်သီးရွက်က၊ ပြည့်နှက်ဆွတ်ချွေပေးသည်၊ ကံကြွေးပါရမီတည့်လေး။

### တံခါးထားရာ အရပ်

အိမ်တို့၌ အရှေ့တံခါးထားသော် ဥစ္စာရတနာ၊ ဆန်ေ စပါးပေါများအံ့။ ။အရှေ့တောင်ထောင့်က ထားခဲ့မူ လူ အပေါင်းတို့ ပူဇော်ခံရအံ့၊ ထင်ရှားကျော်စောအံ့။ တောင်အရပ်က ထားမူ ဥစ္စာပစ္စည်းမှစ၍ ပျက်စီးဆုံးပါးတတ်သည်။ ။အနောက်အရပ်ကသော်လည်းကောင်း၊ မြောက်အရပ်ကသော်လည်းကောင်း တံခါးထားအံ့ ဆင်းရဲတတ်သည်။ ။အနောက်တောင်ထောင့်က ထားမူ၊ ဥစ္စာပစ္စည်းဆုံးပါးတတ်၏။ ။မီးသော်လည်း သင့်ဓ

၏။ ။အနောက်မြောက်အရပ်ကထားမှု စည်းစိမ်ဥစ္စာတိုးတက်အံ့၊ လာဘ်ပေါများအံ့၊ ထင်ရှားကျော်စောအံ့။ ။အရှေ့မြောက်အရပ်ကထားမှု ကောင်းကျိုးချမ်းသာမင်္ဂလာတိုးတက်အံ့၊ လူအပေါင်းတို့ ပူဇော်ခြင်းကိုခံရအံ့။

## တံခါးမြည်သံ နိမိတ်

အကြင်အိမ်၌ ထားသော တံခါးတို့သည်၊ ခရုသင်း အသံကဲ့သို့ မြည်ခဲ့မူ၊ ကျော်စော ထင်ရှားအံ့၊ မင်းတို့ ပူးဇော်ခြင်းခံရအံ့။ ။ နွားတို့ တွန်သံကဲ့သို့ မြည်မူ၊ စည်းစိမ်ဥစ္စာတိုးပွားအံ့၊ စပါးဆန်ရေ ပေါများအံ့။ ။ ထမ်းပိုးကဲ့သို့ မြည်မူ၊ ဥပဒ်အန္တရာယ်ကင်းအံ့၊ ရန်အပေါင်းအောင်မြင်အံ့၊ ရောဂါဥပဒ်ကင်းစင်၍ အသက်ရှည်အံ့။ တစ်ပါးသော ဆရာတို့အလိုအားဖြင့်ကား–အကြင်တံခါးသည် သူငယ်တို့၏ အသံကဲ့သို့ မြည်မူ မင်းတို့ ချီးမြှောက်အံ့၊ လူတို့၏ ပူဇော်ကို ခံရအံ့။ နွားတို့မြည်သံကဲ့သို့ မြည်မူ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားပေါများအံ့၊ ဆင်တို့၏ မြည်သံကဲ့သို့ မြည်မူ မကောင်း၊ ဘေးဥပဒ်အန္တရာယ် ရောက်တတ်သည်၊ မထားလေနှင့်၊ ထမ်းပိုးကဲ့သို့ မြည်မူ ရောဂါဥပဒ်အန္တရာယ်မှ လွတ်ကင်း၍ စည်းစိမ်ဥစ္စာပြည့်စုံအံ့၊ ခြေရံပရိသတ်ပေါများအံ့၊ အသက်လည်းရှည်အံ့ဟူပေ။

## အခန်းဖွဲ့တိုင်တို့၏အမည်

အိမ်ဆောက်လုပ်သောအခါ အကြင်ဦးရူတိုင် အတွင်းမှာ ကြေးနီ၊ ကြငှန်းဖိုတိုင်အတွင်းမှာ ပတ္တမြား၊ ကုံ့မှိတိုင်အတွင်းမှာ ကြေးဖြူ၊ သပြေတိုင်အတွင်းမှာ ခဲမဖြူ၊ ကြငှန်းတိုင်အတွင်းမှာ ခဲပုပ်၊ ခုံပင်လယ်တိုင်အတွင်းမှာ သံအသီးသီး အောက်က



ခံ၍ တိုင်ထူလေ၊ ၎င်းအမည်ရ တိုင်ခြောက်လုံးတို့၏ အကြားထောက်တိုင် စသည်တို့၌ အပြစ်ပျောက်၍ ကောင်းကျိုးချမ်းသာမင်္ဂလာ ရောက်ရာ၏။ ဤဆိုခဲ့သော တိုင်ခြောက်လုံးတို့ကိုသာတွင်းစာခံ၍ စီရင်ရမည်၊ ထိုအမည်ရ တိုင်ခြောက်လုံးတို့ကိုအမည်မှတ်ရန်ကား၊ အိမ်မ၌ အခန်းများစွာရှိသော်လည်း ရှေ့စွန်(၃)ခန်း၊ (၄)ခန်းကိုသာ မှတ်ယူ၍ ထို(၃)ခန်း၊ (၄)ခန်း ရှစ်တိုင်တို့တွင် ရှေ့စွန်းဝဲယာ(၂)တိုင်မှာ ကြမ်းပြင်အဖိုသို့ ဝင်သောကြောင့် အမည်မရစကောင်း၊ ကျန်(၆)တိုင်တို့တွင် ကြမ်းပြင်တိုင်နောက် လက်ယာဘက်တိုင်ကို (ဦးရူတိုင်) ၎င်း သမသတ်လက်ဝဲဘက်တိုင်ကို ခုံပင်လယ်တိုင်ဟု မှတ်ပြီးလျှင် ဦးရူတိုင်နောက် ကြငှန်းဖိုတိုင်၊ ၎င်းနောက် ကုမ္မိတိုင်၊ ခုံပင်လယ်တိုင်၏နောက် ကြငှန်းမတိုင်၊ ၎င်းနောက်ကတိုင်ကို သပြေတိုင်ဟုအမည် အထူးကို မှတ်သားကုန်ရာ၏။

## အိမ်သစ်ဆောက်ရန် နိမိတ်တို့ကိုပြခြင်း

အိမ်တိုင်ထူသောအခါ ကြိုးလွန်းပြတ်၍ တိုင်လဲခဲ့မူမကောင်း၊ ဥပဒ်အန္တရာယ်ရောက်တတ်သည်။ ထိုကဲ့သို့ဖြစ်၍ လွတ်စေလိုမူ သစ်ဂမုန်းနီကို ကျောက်ပြင်မှာ ကောင်းစွာသွေး၍ ၎င်းလဲသောတိုင်မှာ သုတ်လိမ်းရမည်၊ ထိုသို့ မရခဲ့လျှင် ကြက်မောက်နီကိုကောင်းစွာသွေး၍ သုတ်လိမ်းလေ။ ။ အမည်ရတိုင်ခြောက်လုံးကိုဘူးမှတ်ရာ အရှေ့မြောက်တိုင်အရပ်သို့ ကြွင်းသောတိုင် ငါးတိုင်လုံးတို့ကိုလည်း ထို့အတူ မိမိအရပ်ဘက်သို့ သစ်ဖျားလည်း စရွေးဖြတ်ရာ စရွေးကျိုးမူ သားမယားဥစ္စာပစ္စည်း ပြုန်းတီးရာ၏။ လွှတ်လိုမူ အထက်ကကဲ့သို့ သုတ်လိမ်းလေ၊ အိမ်ကြော

နိမ့်၍ အရပ်မြင့်မူ အိမ်ဘားမည်၏။ ဥစ္စာပစ္စည်း ပျောက်ဖန် များ၏။ ကြောမြင့်၍ အရနိမ့်မူ အိမ်အိပ်မည်၏။ သေပျောက်ခြင်း များတတ်၏။ အရပ်ကြောညီမျှ သင့်တင့်လျောက်ပတ်မူ နွားသင့်၏။ သူခပ်သိမ်းတို့ နေထိုင်အပ်၏။ ကြွယ်ဝချမ်းသာရာ၏။ အိမ်၏အောက်ပိုင်းဝါးများ၌ နံ့သာစသော အမွှေးအကြိုင်များကို သုတ်လိမ်းခြင်းတို့သည် အန္တရာယ်အပေါင်း ကင်းငြိမ်း၍ ကောင်းကျိုးချမ်းသာမင်္ဂလာ တိုးတက်တက်ခြင်းသို့ရောက်၏။

## အိမ်အကျိုးအပြစ်တို့ကား

မြေဝင်သောတောင်ပေါင်း၊ အိမ်ရပ်ကြောတောင်ပေါင်းရင်းတို့ကို မိုက်ပြု၍တည်၊ ခုနစ်ခုစား၊ အကြွင်းကိုကြည့်၍ ဟောကုန်ရာသည်…

ဓကောဓယျော စ ဋ္ဌေ သိဒ္ဓိ၊
တြိဒုက္ခံ စတုလာဘံဝ။
ပဥ္စ မရဏံ အသုခံ၊
ဆသုညံ မဇ္ဈိမံ ဘဝေ။

ဟူသော အဟောဂါထာလာသည်နှင့် အညီ၊ တစ်ခုကြွင်းလျှင် ရန်အောင်ရာ၏၊ နှစ်ခုကြွင်းလျှင် ပြီးစီးရာ၏။ သုံးခုကြွင်းလျှင် ဆင်းရဲရာ၏။ လေးခုကြွင်းလျှင် လာဘ်ရရာ၏။ ငါးခုကြွင်းလျှင် ဆင်းရဲသဖြင့် သေကြေပျက်စီးရာ၏။ ခြောက်ခု၊ သုညကြွင်းတို့မှာ လျစ်လျူသော ကောင်းကျိုး မကောင်းကျိုးတို့ကို ဟောရာ၏။



အိမ်လေးမျက်နှာ တောင်ပေါင်း၊ ထုပ်တစ်ဖက်တောင်ပေါင်း လျောက်တစ်ဖက် တောင်ပေါင်းကို နှော၍တည်၊ မိုက်ပွဲ့ ခုနစ်ခု နှင့်စား၊ အကြွင်း ကို ရှု၍ အဟောထုတ်ရကား…

ဓကောဓဓော ဝါဏိဇ္ဇောပိ၊
ဋ္ဌေ ဓဇ္ဇော သမဏဗြာဟ္မဏော။
တြိသိပေ ာ ရာဇကေရော
စတုသ္သာနော လုဒ္ဒကောပိ။
ပဥ္စဂေါဏော ဒလိဒ္ဒေါစ၊
ဆဋ္ဌစဇ္ဇော သေဋ္ဌိနောပိ။
သုညော ဓနော အမစ္စောစ၊
ဇဝံပိဇ္ဇော သုခေါဘဝေ။

ဟူ၍ ဂါထာလာရှိသောကြောင့် တစ်ခုကြွင်းမူ တံခွန်သင့်၏၊ ကုန်သည်တို့၏ အိမ်တည်း။ နှစ်ခုကြွင်းမူ တရားသင့်၏၊ ရဟန်းဘုံဏာတို့၏ ကိန်းဝပ်ရာကျောင်းတည်း။ သုံးခုကြွင်းမူ ခြသေ့သင့်၏၊ မင်းမှုစိုးမှုတို့ကို ထမ်းသူ၏ အိမ်တည်း၊ လေးခုကြွင်းမူ သွာနဘီလူးသင့်၏၊ မုဆိုး တံငါတို့၏ အိမ်တည်း၊ ငါးခုကြွင်းမူ နွားသင့်၏၊ ဆင်းရဲသား အထီးကျန်တို့၏ အိမ်တည်း၊ ခြောက်ခုကြွင်းမူ လသင့်၏။ သူဌေးသူကြွယ်တို့၏ အိမ်တည်း၊ သုညကြွင်းမူ ဥစ္စာကြေးငွေသင့်၏၊ အမတ်စစ်သူကြီးတို့၏ အိမ်တည်း။ ။ထိုနှင့်လျော်စွာ သိကြရသဖြင့် ကောင်းသော အကျိုးတို့ကို ခွဲဖန်ပိုင်းခြား၍ ဆောက်လုပ်ကုန်ရာသည်။

ဦးရှုတိုင်၌ရှိသော အမျက်ကိုဆိုသော်ကား ဦးရှုတိုင်ကို ဆယ်ပိုင်းပိုင်း၍ ကြည့်ရှုရမည်၊ ၎င်းဦးရှုတိုင်၌ အမျက်ရောက်ရာကိုကြည့်၍ ဤသို့ ဟောရာ၏။

ပထမံ ရာဇပူဇိတံ၊ ဒုတိယံ ပီယဒဿနံ။
တတိယံ အန္နပါနဥ္စ၊ စတုတ္ထံ ဘရိယံ မရဏံ။
ပဉ္စမံ အတ္တ မရဏံ၊ ဆဋ္ဌဉ္စ ဂေါဏ လာဘကံ၊
သတ္တမံ နာရိလဒ္ဓံ၀၊ အဋ္ဌမံ ဓနိ၀ိလာသံ။
နဝမံ ဘူမိလာဘကံ၊ ဒသမံ ဓေယျမင်္ဂလံ။

ဟူသော အဟောဂါထာ လာရှိသည်နှင့်အညီ ထိုဦးရှုတိုင်၏ ဆယ်ပိုင်းတွင် ပထမအောက်ပိုင်း၌ အမျက်ပါမူ မင်းပူဇော်ခံရအံ့၊ ဒုတိယသုံးနှစ်ပိုင်း၌ အမျက်ပါမူ ချစ်သောသူတို့ကို မြင်ရရာ၏။ တတိယသုံးပိုင်း၌ အမျက်ပါမူ အဖျော်ထမင်း ရလွယ်အံ့။ စတုတ္ထလေးပိုင်း၌ အမျက်ပါမူ မယားသေရာ၏။ ပဉ္စမငါးပိုင်း၌ အမျက်ပါမူ ကိုယ်သေရာ၏။ ဆဋ္ဌမခြောက်ပိုင်း၌ အမျက်ပါမူ နွား၊ ရတနာ၊ လာဘ်ရရာ၏။ သတ္တမခုနစ်ပိုင်း၌ အမျက်ပါမူ မိန်းမ၊ ရတနာ ရရာ၏။ အဋ္ဌမရှစ်ပိုင်း၌ အမျက်ပါမူ ဥစ္စာပစ္စည်း ပျက်စီးရာ၏။ နဝမ ကိုးပိုင်း၌ အမျက်ပါမူ လယ်ယာ၊ မိုးမြေ၊ လာဘ်ရရာ၏။ ဒသမ ဆယ်ပိုင်း၌ အမျက်ပါမူ အောင်ခြင်းမင်္ဂလာရှိရာ၏။

လှေကားတိုင် လှေကားပေါင်တို့၏ ငါးပိုင်းအလယ်၌ အမျက်ရှိမူ ပျက်စီးဆင်းရဲရာ၏။ လှေကားဦးဖျား၌ အမျ**က်ပါမူ** ပြည့်ကြွယ်ဝသဖြင့် လာဘ်များရရာ၏။ လှေကားသုံးထစ်သာ တပ်မူ ကျွဲ၊ နွား တိုးတက်ရာ၏။ လှေကားငါးထစ်တပ်မူ လာဘ်ပေါများရာ၏။ ခုနစ်ထစ်တပ်မူ ဥစ္စာ တိုးပွားရာ၏။ ကိုးထစ်တပ်မူ ဥစ္စာတိုးပွားရာ၏။



အိမ်တိုင်ထူသောအခါ တိုင်၌ မရိုးပန်းဆွဲမူ အနာရောဂါကင်းရာ၏။ ပေါက်ပန်းဆွဲမူ အမှုခပ်သိမ်းအောင်ရာ၏။ အုန်းပန်းဆွဲမူ ဥစ္စာရရာ၏။ စစ်ရွက်ပန်းဆွဲမူ သား၊ မြေးများရာ၏။ ရေသဖန်းရွက်ဆွဲမူ အကြီးအကဲဖြစ်ရာ၏။ သမန်းပြက်ပန်းဆွဲမူ အောင်မြင် ပြီးစီးရာ၏။ နှောဇာမြက်ပန်းဆွဲမူ အသက်ရှည်ရာ၏။

နန်းအိမ်ဟူသမျှ၌ တံခါးမကို အရှေ့ထားလျှင် ဥစ္စာများရာ၏။ အရှေ့တောင်ကထားလျှင် မီးလောင် ပျက်စီးရာ၏။ တောင်ကထားမူ သေကြေပျက်စီးရာ၏။ အနောက်တောင်ထောင့်ကထားမူ လာဘ်သပ်ပကာ ပေါများအံ့။ အနောက်ကထားမူ သူတကာတို့ ပူဇော်အထူးကို ခံရရာ၏။ အနောက်မြောက်ကထားမူ ချမ်းသာရာ၏။ မြောက်ကထားမူ သူတကာတို့ ပူဇော်အထူးကို ခံရရာ၏။ အရှေ့မြောက်ကထားမူ အချည်းအနှီး ရှိရာ၏။

မင်းအိမ်, နန်းတော်တံခါးကို တပ်သောအခါ ခုနစ်ဖ၀ါးခြောက်ဖ၀ါး အခါတပ်ရ၏။ ကျောင်း, ဇရပ် ဆောက်သော် တံခါးမကို ငါးဖ၀ါး အခါတပ်ရာ၏။ အမတ်အိမ်တံခါးမ တပ်သောအခါ လေးဖ၀ါး အခါတပ်ရာ၏။ ကုန်သည်, ဆင်းရဲသားတို့ တံခါးမတပ်သောအခါ သုံးဖ၀ါးအခါတပ်ရာ၏။

အစောက်မှာ အ၀နှစ်ပြန်ထား၍တပ်မူ အန္တရာယ်ခပ်သိမ်းကင်းငြိမ်းခြင်းသို့ ရောက်ရာ၏။ ချမ်းသာရာ၏။ ပစ္စည်းဥစ္စာ တိုးတက်ရာ၏။ အသက်ရှည်ရာ၏။ တံခါးရွက်ကို ပိတ်ဖွင့်သောအခါ ခရုသင်းအသံကဲ့သို့မြည်မူ ချမ်းသာရာ၏။ လာဘ်သပ်

ပကာ ရရာ၏။ ဆင်သံကဲ့သို့ မြည်မူ အနာရောဂါရောက်ရရာ၏။ တမ်းပိုးသံကဲ့သို့ မြည်မူ ဘေးဥပဒ်အန္တရာယ် ရောက်တတ်သည်။ ဆင်ခြင်ရာ၏။

## လက်သမားကျမ်းကိုပြခြင်း

လောကဩ အိမ်တို့မည်သည်မှာ **"သုံးပင်နှစ်ခန်းသာလျှင် မိမိပိုင်အိမ်"**ဟု ခေါ်အပ်၏။ လေးပင်သုံးခန်းဆောက်ကြသော်လည်း အိမ်ဦးခန်းသည် မိမိပိုင် မဟုတ် ဧည့်သည် အာဂန္တုတို့ ပိုင်ဆိုင်သောအခန်းဟု ဆိုအပ်၏။ အဘယ်ကြောင့်ဆိုအပ်သနည်းဟူမူ ၎င်းအိမ်ဦးခန်းသည် ကျောင်းဇရပ်ဟူသော အထိမ်းအမှတ်ဖြင့် သံဃာတော်မြတ်၊ ဧည့်သည်မြတ်တို့ ခိုကပ်ကျိန်းဝပ်နိုင်ကြစေရန် ရည်သန်တော်တ၍ ရှေးရှေးသော လူကြီးလူကောင်း ပညာရှိအပေါင်းတို့သည် ကြမ်းတစ်ပြေးတည်း မခင်းကြ၊ အဆင့် ညီတူမျှတူမထား၊ မိမိပိုင် နှစ်ခန်းအဆင့်ကို အနိမ့်ထား၍ အိမ်ဦးခန်းကို အမြင့်ထားပြီးလျှင် ဆောက်မြဲဓမ္မတာဖြစ်ကြပေသည်။ အကယ်၍ ယက်မအဆင့် ညီမျှစွာထားသော်လည်း ကြမ်းခင်းသော် တစ်စပ်တည်း မနေစေခြင်းငှာ အိမ်ဦးခန်း ကြမ်းတွင် အထက်ပြု၍ ခင်းကြကုန်၏။

ထို့ကြောင့် အိမ်ကိုဆောက်လုပ်ကြသောအခါ "ဦးရှုကြငှန်း၊ ဆောင်ခန်းရဝေ၊ သပြေကုတ်ဟီး"ဟု ဆိုအပ်သော တိုင်ခြောက်လုံးတို့ကိုသာလျှင် သစ်ဆိုးသစ်ကောင်းရွေးချယ်ရသည်ဟု ဆရာတို့ဆိုကြကုန်သည်။ ဤတိုင်များမှတစ်ပါး အိမ်ဦးခန်းတိုင်များကို အဆိုးအကောင်း မရွေးချယ်ရာ။ အဘယ်ကြောင့်



မရွေးချယ်ရသနည်းဟူမူ ၎င်းအိမ်ဦးခန်းတို့မည်သည် ဇရပ်ကျောင်းဟူသောပညတ်သမုတ်ပြီးဖြစ်သောကြောင့် ရွေးချယ်ရန်မရှိဟု မှတ်ရမည်။

ထို့ကြောင့် အိမ်ဆောက်သောအခါ အိမ်ဦးခန်းက တိုင်သုံးလုံးကို ပယ်၍ ကျန်ခြောက်လုံးတို့တွင် ဦးရှုတိုင်ကို အဂ္ဂါထောင့်က ကျနေအောင် စိုက်ရမည်။ အခြားသောနေရာကို စိုက်မထားရ။ အဘယ်ကြောင့် စိုက်မထားရသနည်း ဟူမူ ဦးရှုတိုင်သည် မှဝံကြယ်နှင့်အတူ ပမာထားရသောကြောင့် မှဝံကြယ်ကဲ့သို့ အမြဲထားရာ၏ဟု ရှေးလောကီကျမ်းတတ် ဆရာမြတ်တို့ မိန့်ဆိုကုန်သတည်း။

၎င်းဦးရှုတိုင်သည် အဘယ်သို့သော တိုင်ကို ဦးရှုတိုင်ပြုလုပ်ရပါမည်နည်းဟု ဆိုငြားခဲ့အံ့။ ။အထက်ကဆိုခဲ့သော မိမိပိုင် တိုင်ခြောက်လုံးကို မြေဩချထားဆဲအခါ ရွှေတစ်ဆုပ်၊ ငွေတစ်ဆုပ် ပိတ်အဝတ်စသည်တို့နှင့်ထုပ်၍ ရွှေထုပ်၊ငွေထုပ်ဟု မပိုင်းခြားနိုင်သူတစ်ဦးကို ဖြစ်စေ၊ ကလေးသူငယ်ကိုပင်ဖြစ်စေ ၎င်းရွှေထုပ်–ငွေထုပ်တို့ကို ကောင်းမွန်စွာ တပ်ဆင်စေရာ၏။ ၎င်းရွှေထုပ်တင်မိသောတိုင်ကို ဦးရှုတိုင်ပြု၍ ရှေးဦးစွာစိုက်ရာ၏။ ၎င်းဦးရှုတိုင်ကို ကောင်းမွန်စွာ စိုက်ပြီးမှ အခြားသော တိုင်တို့ကို စိုက်ရာသည်။

၎င်းတိုင်တို့တွင် အမျက်အဆွေး အခွံဖုံးအုပ်၍နေသော အမျက်၊ ၎င်းအမျက်နှစ်ခုသည် တစ်ခုခုပါမူ မစိုက်ကောင်းဟု ရှေးပညာရှိတို့ ဆိုကြကုန်၏။ အကယ်၍ပင် ပါငြားသော်လည်း

အညာဖျင်, ရှော်ဖျင်, ပိတ်ဖျင်စသည်တို့ကို တစ်ခုခုချည်လျက် အမျက်ဖျဉ်၍ပြီးပြီဟု ဆိုပြီးလျှင် စိုက်ထူရာ၏။ ။အကယ်၍ ၎င်းဖျင်သုံးမျိုးတို့ကို မချည်မိသော်လည်း "ကျောင်းတွင် ကွန်းစည်၊ အိမ်တွင်လေ့ကား၊ အချုပ်ထား"ဟူသောကြောင့် လေ့ကားမှာ အမျက်မပါလျှင် အိမ်ကောင်းပြီဟုမှတ်၊ ကျောင်းတွင် ကွန်းစည်တိုင်မှာ အမျက်မပါလျှင် အကောင်းဟူ၍မှတ်လေ။ အမျက်ဆွေး,အခွံအုပ်သော အမျက်ကိုသာလျှင် ဆိုးသည်၊ အခြားသော အမျက်တို့ကို အမျက်ဆိုးဟူ၍မဆို။

လေ့ကားကောင်းလျှင် ၎င်းအိမ်သည် အိမ်ကောင်းသည်ဟု ဆိုသောကြောင့် လေ့ကားကောင်းအောင် အဘယ်သို့ လုပ်ရပါမည်နည်းဆိုဦးအံ့။ လေ့ကားကို လုပ်သော အကြင်သူတို့သည် ၎င်းလေ့ကားကိုလုပ်ရမည့်ပျဉ်ကို လွှနှင့်အလယ်ကိုခွဲ၊ ခွဲသော လွှရာရှိသော မျက်နှာနှစ်ခုကို မှတ်ထား၊ ၎င်းခွဲသောမျက်နှာကို ရင်ခေါ်သည်။ တစ်နည်း- ရင်ဘတ်ခေါ်သည်။ လွှမခွဲသော အပြင်ဘက်ကို ကျောဟုခေါ်သောမျက်နှာကို အပြင်ကနေအောင် ထား၊ အဖျားကို အဖျားချင်းနေအောင် ထား၊ အရင်းကို အရင်းချင်းနေအောင် ထား။

လေ့ကား၌ အမျက်ရွေးနည်းမှာ အကြင်လေ့ကားကို လုပ်သောသူသည် အလိုရှိရာမျှသော လေ့ကားကို ဖြတ်၍ ဆယ်ပိုင်း ပိုင်းရမည်။ ၎င်းဆယ်ပိုင်းအနက် ရှစ်ပိုင်းမှာသော်လည်းကောင်း၊ ငါးပိုင်းမှာသော်လည်းကောင်း၊ လေးပိုင်းမှာသော်လည်းကောင်း အကယ်၍ အမျက်ပါခဲ့မူ မကောင်း၊ ဤဆိုခဲ့ပြီးသည်မှတစ်ပါး အခြားသော နေရာအပိုင်းများ၌ အမျက်ပါခဲ့မူ ကောင်း၏။



## လေ့ကားအဆံတပ်ရန်မှာ

ရှေးတိတ္ထိုကျမ်းဆရာတို့သည် စုံမနှစ်ခုစလုံးပင် တပ်ကောင်း၏ဟုဆိုသည်။ လက်သမားကျမ်းဆရာတို့က မကိုသာလျှင် တပ်စေလိုသည်ဟု ဆိုသည်။ ထိုသို့ဆိုကြသည့်အတွက် နှစ်ဦးနှစ်ဝသော ကျမ်းဆရာတို့ အယူဝါဒနှစ်ပါးကို ညီအောင် မ,ကို သာလျှင် တပ်ရမည်။ စုံမတပ်ရ။

၎င်း လေ့ကား ရှစ်ပိုင်း၊ ငါးပိုင်း၊ လေးပိုင်းတွင် အမျက် မပါရာဟု ရှေးလောကီကျမ်းတတ်ဆရာမြတ်တို့ ဆိုသောကြောင့် ယခုလူတို့စကားတွင် "လေး,ငါး,ရှစ်၊ပစ်ပါဘိ"ဟု ဆိုကြသည် တစ်ရပ်၊ "လေးပေါင်ပျက်မသား၊ ငါးပိုင်းခုတ်မသား၊ ရှစ်ပိုင်းခုတ်မသား"ဟု ဆိုစမှတ်ပြုကြပေသည်။ လေ့ကားတွင်သာ မကောင်းသည် မဟုတ်ပါသေး။ လူတို့၏အသက်သည်လည်း လေးလ, လေးနှစ်, လေးဆယ်၊ ငါးလ, ငါးနှစ်, ငါးဆယ်၊ ရှစ်လ, ရှစ်နှစ်, ရှစ်ဆယ်တွင် ညှံ့တတ်သည်။ သေလျှင်လည်း သေတတ်သည်။ သို့ဖြစ်၍ ကောင်းမွန်စွာ သတိပြုကြကုန်ဟု ဆိုသတည်း။

၎င်းပြင် လေ့ကားလုပ်သည့် ကျမ်းများစွာ ရှိသည်။ ရှိပင် ရှိသော်လည်း ဂန္ထဂရုဖြစ်မည်စိုး၍ အနည်းငယ်မျှသာပြလိုက်သည်။ ၎င်းပြင် ပြထားသည်နှင့်ပင် အသုံးပြုနိုင်လောက်မည် ဖြစ်သတည်း။

## လေ့ကားတွင်ပါသော အမျက်၏ အကျိုးအပြစ်

လေ့ကားအလယ်ပိုင်း အမျက်ပါခဲ့မူ မကောင်း၊ ဥစ္စာပစ္စည်း ပျက်စီးတတ်သည်။ ဥပဒ်အန္တရာယ်လည်း အနည်းငယ်မျှ ဖြစ်

တတ်သည်။ လှေကားဦးတွင် အမျက်ပါမူ ညှို့သည်အရောက် များတတ်အံ့၊ စုတ်လာဘ်ကြီးစွာရအံ့၊ လှေကားရင်းတွင် အမျက် ရှိမူ ကျွဲနွားများရအံ့၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာအံ့။

## အိမ်တက်မင်္ဂလာ၌ အန္တရာယ်ကင်းမန္တန်

အမျိုးလေးပါးတို့သည် မိမိတို့အိမ်ကို ဆောက်လုပ်ပြီး၍ ၎င်းဆောက်လုပ်သည့်အိမ်တွင် အိမ်တက်မင်္ဂလာအခမ်းအနား၌ ဝဏ္ဏကီဆရာတို့ နတ်ယကာပြုလုပ်အပ်သော မန္တန်ကား...

ဥုံဇမ္ဗူဒီပါ၊ သချာပတ်ကုံး၊ ကျွန်းလုံးနှံ့မျှ၊ အနန္တတွင် ကြီးလှတန်ခိုး၊ အမျိုးမြတ်စွာ၊ ရှင်ဒေဝါတို့၊ ပြည်တော် လေးထောင့်၊ စောင့်သည်ထင်ရှား၊ ရှင်နတ်များတို့၊ လျင်လျား မကြာ၊ ကြွကြပါကုန်၊ သီတာရေအေး၊ ခြေလက်ဆေး၍၊ အမွှေး နံ့ကြူ၊ သုံးတော်မူလော့၊ ဖြူစင်လွလွ၊ အဝတ်စ်ထောင်၊ ပြောင်ပြောင်ရွှန်းရွှန်း၊ လက်ပန်းဝန်းဆက်၊ ချက်ပြုတ်စုံလင်၊ ချိုချဉ်မလွတ်၊ ဆွတ်ဆွတ်ခူးယူ၊ ထမင်းဖြူနှင့်၊ ထုံကြူမထွန်း၊ စိရွှန်းကောင်းစွာ၊ လျှာဝယ်အေးချို၊ ယိုလည်းမကြွင်း၊ ထုံသင်း ပျံ့မွှေး၊ ဆေးကွမ်းအုန်းသီး၊ ငှက်ပျော်သီးနှင့်၊ မပြီးရသာ၊ ကျွေးမွေးပါ၏၊ ဒေဝါထင်ရှား၊ ရှင်နတ်များတို့၊ ရွှင်အားကြည်ဖြူ၊ သုံးတော်မူလော့၊ စိုက်ထူထင်ရှား၊ ဤလှေကားတွင်၊ မျက်ကား စင်လျက်၊ အမြစ်ထွက်ရာ၊ ရွေးချယ်ပါ၏၊ အိမ်မှာအမြစ်၊ လှေကားဖြစ်၍၊ အဆစ်အမျက်၊ အတက်အဆင်း၊ တွင်းက အောက်၊ ရွေးကောက်သန့်စင်၊ ပြုစီရင်၍၊ အိမ်တွင်တည်စိုက် ထိခိုက်ဘေးဒဏ်၊ ဥပဒ်ရန်လည်း၊ ဆုံခြမ်းမြူမျှ၊ မဖြစ်ရအောင် စောင်မစေသား၊ ရှင်နတ်များတို့၊ နှစ်ပါးအိမ်ရှင်၊ စီးပွားရှင်မူ



ဖြိုးအင်ပြည့်စွာ၊ ပုဏ္ဏမာသို့၊ ပုတ္တာမိတရ၊ ဒါသဒါသီ၊ ပြည့်ညီ များစွာ၊ လယ်ယာလုပ်ခင်း၊ ဆင်းမြင်းကျွဲနွား၊ မြေသားကစ၊ ဆန်းသစ်လသို့၊ ကဲဆတပိုး၊ တက်တိုးမြဲမြဲ၊ ကျောက်သံပတ္တမြား၊ ပြည့်စုံကြွားလျက်၊ ပေါများရွှေငွေ၊ မိုးကြီးစွေသို့၊ ရေစင်သီတာ၊ ကဲ့ပမာလျှင်၊ ချမ်းသာစေသား၊ နတ်ရှင်များတို့၊ တံခါးပေါက်တွင်၊ နေ့တိုင်းဝင်လျက်၊ ကောင်းအင်ပြည့်ဖြိုး၊ ကောင်းကျိုးမင်္ဂလာ၊ လွှန်ချမ်းသာ၍၊ ရာကျော်သက်ရှည်၊ တည်ပါစေသား၊ ရှင်နတ် များတို့... ဩဘင်းဓေယျတု၊ သဗ္ဗမင်္ဂလံ။

ဤသို့ ဆိုအပ်ပြီးသော မန္တန်နှင့်၊ နတ်ယကာပွဲတို့ကို ပူဇော်ကျင်ပပြီးမှ အိမ်တက်ခြင်းမင်္ဂလာကို ပြုကုန်ရာသည်။ ထိုသို့ ဆိုခဲ့သည့်အတိုင်း ညီစွာပြုခဲ့ပါလျှင် ကိုးဆယ်ခြောက်ပါး သော ရောဂါဥပဒ်အန္တရာယ် အစရှိသည်တို့မှ ကင်းစင်လွင့် ပျောက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ တိုးတက်ခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ ကြံစည်တိုင်း ပြီးမြောက်အောင်မြင်ခြင်း အစရှိသော အကျိုးတို့ကို ခံစားရကုန်အံ့ ဟူ၏။

## အိမ်သစ်တက်ရာ ယတြာ

အကြင်သူအပ်သိမ်းတို့သည် မိမိတို့နေအိမ်ကို ဆောက်လုပ် ၍ ပြီးသည့်နောက် ယတြာပြုရာသည်ကား... အိမ်သစ်တက် သောအခါ အိမ်ရှင်ယောက်ျားသည် ဝါကြမ်းကိုကိုင်စေ၍၊ မိန်းမကား ဓာတ်တော်ကို ကိုင်စေ၍ တက်ရာ၏။ အိမ်သစ်တွင် ထားရာသည်ကား ဖြူသောဆန်ကို အိမ်အလယ်တွင်ထား။

အရှေ့တောင်ထောင့်က ဆင်စွယ်ခေါင်းလောင်း၊ ချွန်းခေါင်း အစရှိသည် တို့ကိုထား၊ ကျောက်ပျဉ်၊ ကျောက်သားမဟာပိန္နဲထား။

အနောက်တောင်ထောင့်က ပုဆိုး အဝတ်အစားထားရမည်။

အနောက်က စပါးထားရမည်။

အနောက်မြောက်ထောင့်အရပ်က ပုန်းရည်ကိုထားရမည်။

မြောက်စူးစူးက နွားနို့ထောပတ်ကို ထားရမည်။

လှေကားရင်းက ထမင်းတောင်းကို ထားရမည်။

အရှေ့မြောက်ထောင့်အရပ်က အုန်းခိုင်–ထန်းခိုင်–ကွမ်းသီးခိုင်တို့ကို ထားရမည်။

အိမ်၏အလယ်တွင်ကား ဥစ္စာဟူသမျှ ထားရမည်။

ပြည့်သော ရေရှိသောအိုးကို အရှေ့အရပ်၌ ထားရာ၏။

သူကြွယ်လက္ခဏာရှိသောသူတို့သည် ရှေးဦးပထမ တက်ပါစေလေကုန်။

၎င်းဆိုခဲ့သည့်အတိုင်း မရွက်ဆောင်နိုင်ကြမူ မိမိတို့ စွမ်းအားရှိသမျှ ဆောင်ရွက်စီရင်ကုန်ရာ၏။

**အိမ်သစ်ပူဇော်ရန်ဆေး**

ဆိပ်ဖူး၊ လင်းနေ၊ ကြောင်ပန်းရွက်၊ ရှိန်းခို၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆေးဒါန်း၊ ကန့်တိုက်၊ ဂမုန်း ရနိုင်သမျှကို နှမ်းဆီနှင့် ဖျော်၍ အရင်းကစ၍ အဆစ်အမြစ်တို့ကို သုတ်လိမ်းရမည်။ (စုလန်ပုခုံးတန်းကို မသုတ်လိမ်းဘဲ လွှတ်ထားမည်။

နံ့သာဖြူ၊ နံ့သာနီ၊ ပန်းဥ၊ပန်းရင်း၊ ပန်းပေါင်း၊ ဂမုန်းပေါင်းဖုံးမသိမ်–စသည်များကို အမွှေးနံ့ပေါင်းစုံနှင့် ပူဇော်ရာ၏။

အပိုင်း(၆)

# အိပ်မက်တိတ္ထုံကျမ်း

## အိပ်မက်အကျိုးပေး

ညဦး တစ်နှစ်အတွင်း၊ သန်ကောင် လခွဲအတွင်း၊ သန်လွဲ ၃နှစ်ရက်အတွင်း၊ မိုးသောက်မက်သော် တစ်လအတွင်း အကျိုးပေးသည်။

## သောက်သည်ကို စွဲ၍ မက်ခြင်း

၁။ နို့ကို ရွှေခွက်နှင့်ထည့်၍သောက် မက်သော် လာဘ်ကြီးရရာ၏။

၂။ မြစ်ရေကို သောက် မက်သော် သူတကာတို့ထက် ကျော်စောထင်ရှားအံ့။

၃။ နွားနို့သောက် မက်သော် ဥစ္စာများအံ့။ (**သူတစ်ပါးတို့**အပေါ်၌ မိမိကကျေးဇူးပြုရရာ၏။)

၄။ သမုဒ္ဒရာရေသောက် မက်လျှင် အလွန်ကောင်း၏။

၅။ ပျားရည်သောက် မက်သော် ကြီးသမျှအောင်၍ လာဘ်ကြီးရရာ၏။

၆။ နှမ်းဆီသောက် မက်သော် ကြောင့်ကြစိုးရိမ်ခြင်း ဟူသမျှပျောက်ကင်းရာ၏။

၇။ ရေသောက် မက်သော်လည်းကောင်း၊ နို့ဟူသမျှသောက် မက်သော်လည်းကောင်း၊ မင်းအရာရှိဖြစ်၏။

၈။ သေအရက်သောက် မက်သော် စိုးရိမ်ကြောင့်ကြများရ၏။ (လာဘ်ကြီးရရာ၏လည်းဟူ၏။)

## စားသည်ကို စွဲ၍ မက်ခြင်း အဟော

၁။ သစ်သီးမှည့် သခွါးသီးမှည့် လက်သုပ် အမြိန်အရသာစား မက်သော်လည်းကောင်း၊ အုန်းသီး ထန်းသီးစား မက်သော်လည်းကောင်း လာဘ်ရအံ့။

၂။ ရှောက်သီး သံပရာသီးစား မက်သော် ရန်သတ္တုရ ပျောက်ကင်း၏။

၃။ မန်ကျည်းသီးစားသည် မက်သော် သူတော်ကောင်း ဖြစ်အံ့။

၄။ ငရုတ်,ချင်းစား မက်သော် သူတကာတို့ ဆရာဖြစ်ရအံ့။

၅။ ဟင်းမျိုး, သား, ငါး၊ အရွက်ဟူသမျှစား မက်သော် လာဘ်ရအံ့။

၆။ လိပ်, ငါးစား မက်သော် စပါး,ဆန်ရေများအံ့။

၇။ လိပ်ဥ, ဖွတ်ဥ မှစ၍ ဥမျိုးမှန်သမျှစား မက်သော် ယခု ဆင်းရဲသော်လည်း ကြွယ်ဝချမ်းသာ ဖြစ်ရအံ့။

၈။ သူကောင်းစား မက်သော် စစ်သူကြီးဖြစ်အံ့။

၉။ ထမင်းစား မက်သော် လာဘ်ရအံ့။

၁၀။ ရွှေခွက်နှင့်ထည့်၍ ထမင်းစားရသည် မက်သော် လာဘ်ရအံ့။

၁၁။ အပုပ်စားမက်သော် လာဘ်ရအံ့။
(၎င်းအပုပ်စားပြီး အန် မက်သော် မကောင်းပေ။)

၁၂။ ထမင်းစား မက်သော် ရသော ကျွန်အလုပ်အကျွေးကြောင့် ဗျာပါဒကြီးအံ့။

၁၃။ မိကျောင်းသားကိုစား မက်သော် လာဘ်ကြီးရအံ့။

၁၄။ လူသားစား မက်လျှင် ကျေးရွာ, ဆင်, မြင်း ရအံ့။



၁၅။ ချိုးသား, ကြက်သားစား မက်လျှင် လာဘ်ရရာ၏။

၁၆။ ငါးစိမ်း, သားစိမ်းစား မက်သော် မယားသူ့အိမ်နှံရရာ၏။

၁၇။ ကွမ်းရွက်, သစ်ရွက်စားရသည် မက်သော် ပုဆိုးကောင်းရရာ၏။

၁၈။ ကြက်ငှက်စသော တိရစ္ဆာန် ခြေဖျား အတောင်ဖျား ဟူသမျှကိုစား မက်သော် ချမ်းသာရရာ၏။

## မြင်သည်ကိုစွဲ၍မက်ခြင်း

၁။ မိမိ၏အူကို ထုပ်၍ ပြည်ပတ် မက်သော် တိုင်းပြည်ကို အစိုးရသောဘုရင်မင်းဖြစ်အံ့။ ၎င်း မိမိအူကို ထုတ်၍ ရွာကိုပတ် မက်သော် ရွာသူကြီးဖြစ်အံ့။ သူတကာတို့ထက် အကြီးအကဲဖြစ်အံ့။

၂။ ကောင်းကင်၌ နေ,လကြွတ်သည်ကို မြင်မက်သော် မင်းနှင့်တူသောသားကို ဖွားမြင်အံ့။

၃။ ဆင်းတုရုပ်ပွား တရားဟောသည်ကို ကြားနာရ မက်သော် ကျော်စောအံ့။

၄။ ဆင်းတုရုပ်ပွား ကြွသွားတော်မူသည်ကို မက်သော် ဘုန်းကျက်သရေ တိုးအံ့။

၅။ တောင်ဖျားတက် မက်သော်၊ အရပ်လေးမျက်နှာက လာ မက်သော် လာဘ်ရအံ့။

၆။ အသီးရှိသော သစ်ပင်ကိုတက် မက်သော် နောက်မှ ချမ်းသာရအံ့။

၇။ အမှုများသည် မက်သော်၊ ကျွဲနွားကြီးစွာမြင် မက်သော် သူကောင်းချီ မက်သော် အတုမရှိအောင် ကောင်းအံ့။

၈။ သူငယ်ချီ မက်သော်လည်းကောင်း၊ ရွှေငွေကို အစိုးရ မက်သော်လည်းကောင်း ချမ်းသာအံ့။
၉။ ထီးဆောင်း မက်သော် ချမ်းသာရာ၏။
၁၀။ အသီးအရွက်နှင့် ပြည့်စုံသော သစ်ပင်မြင်မက်သော် ဥစ္စာများစွာ ရရာ၏။ ကျေးဇူးများရာ၏။
၁၁။ ပြာသာဒ်ကြီးပြို မက်သော် မက်သောသူတို့သည် ကောင်းသော မက်ခြင်းတည်း။
၁၂။ ကျောက်ဖျာကိုမြင် မက်သော် ကျေးဇူးကြီးသည်ဖြစ်ရာ၏။
၁၃။ ရဟန်းနှင့်ပုဏ္ဏား ကြံမက်သော် ချမ်းသာရရာ၏။
၁၄။ ပုဏ္ဏားကိုစွဲလမ်း မက်သော် လာဘ်ရရာ၏။
၁၅။ မြစ်ကူး မက်သော်၊ ဘင်ပုပ်လူးကျံ မက်သော် ယုတ်သူလည်း လာဘ်ရရာ၏။ မြတ်သောသူလည်း အမိ,အဖ အရာ,ကျေးလက် ရရာ၏။
၁၆။ သိန္ဓောရ မက်သော် အသက်ရှည်ရာ။
၁၇။ အုန်းသီး,ထန်းသီး မြင်မက်သော် လာဘ်ရရာ၏။
၁၈။ ပုဆိုးဖြူ,ပန်းဖြူဝတ် မက်သော် သူကြီးဖြစ်ရာ၏။
၁၉။ ပချုပ်တွင်း၌ မီးတောက်သည်ကိုမြင် မက်သော်လည်းကောင်း၊ ဓားလှံအရောင်တောက် မက်သော်လည်းကောင်း ကျွန်သားသော်လည်း တော်လှန်အံ့၊ မတော်လှန်မူ အမတ်ဖြစ်ရာ၏၊ အမတ်မူ မင်းဖြစ်ရာ၏။
၂၀။ ကိုယ်တွင်လောက်တက် မက်သော် ကျွန်,နွားများရအံ့။
၂၁။ မြေဇာပန်းပန်ရသည် မက်သော် မင်းဆရာ ဖြစ်ရာ၏။
၂၂။ ငှက်ဖမ်း မက်သော် ကျွန်,နွား များအံ့။



၂၃။ တန်ဆောင်ညို မက်သော် စာပေတတ်ရာ၏။ ထင်ရှားကျော်စောရာ၏။
၂၄။ နဂါးဖမ်းမက်သော် ရန်ပျောက်အံ့။
၂၅။ အိမ်ရာထောင် မက်သော် လာဘ်ကြီးစွာရရာ၏။
၂၆။ တီမြှောတွယ် မက်သော် သူကြီးဖြစ်အံ့။
၂၇။ တံခွန်လှူ မက်သော် ထင်ရှားသည်ဖြစ်ရာ၏။
၂၈။ ကောင်းကင်သို့ပျံ မက်သော် ထင်ရှားအံ့။
၂၉။ ဆင်စွယ်နှစ်ချောင်းကိုင်စွဲသည်ကို မက်သော် အထူးထင်ရှားသောအမတ် ဖြစ်အံ့။
၃၀။ စည်ကြီး, ကြေးနင်း, မောင်းခွက်, ခွင်း ပတ်သာ, နရီ, ခရာ, ခေါင်းလောင်းသံကိုကြား မက်သော် နှစ်လိုဝမ်းသာများအံ့။ သတင်းကောင်းကြားရအံ့။
၃၁။ မိုးကြိုးသံ, စည်သံ, ခရာသံ, နှဲသံကြား မက်သော် မင်းအမတ်ဖြစ်ရာ၏။
၃၂။ မြင်းမိုရ်တောင်ကို ခေါင်းအုံး မက်သော်၊ သမုဒ္ဒရာကို သင်ဖြူးခင်း မက်သော်၊ မိန်းမခြံရံလျက် စည်းစိမ်သစ်ခံစားမက်သော်၊ ထိုသုံးပါးတို့တွင် တစ်ပါးပါးကိုမက်သော် လူသော်ကား မင်းဖြစ်အံ့၊ ရဟန်းသော်ကား မဟာထေရ်ဖြစ်အံ့။
၃၃။ ရေအိုးတွင် နေ,လ ကျသည်ကို မြင်မက်သော်၊ လက်တွင် ကြာရောက်သည်ကို မြင်မက်သော် အိမ်ရှေ့မင်းမူ မင်းဖြစ်ရာ၏။

၃၄။ ဂုလိုဏ်ကိုမြင် မက်သော်၊ သံတိုင်ပြုသည်ကို မြင်မက်သော်၊ ကွမ်းစင်အခေါင်တက် မက်သော်၊ ၄က်ပျောပင်စိုက် မက်သော် မင်းသားကား ဘုရင်ဖြစ်အံ့။ သူဌေးသားကား အမတ်ဖြစ်အံ့။

၃၅။ အုတ်ခဲပစ်မက်သော်လည်းကောင်း၊ ရွှေ ငွေကို မြင်မက်သော်လည်းကောင်း၊ တန်ဆာဆင်မက်သော်လည်းကောင်း၊ သူတို့ ရှိခိုးရာဖြစ်အံ့။

၃၆။ ဦးခေါင်းထက် ကြာညိုရောက်မက်သော်၊ ၎င်းကြာညိုပန်းကို နားတောင်းဝတ် မက်သော် မယားကောင်းရအံ့။

၃၇။ တင်ပုပ် မစင်လိမ်းကျံမက်သော် ကြွယ်ဝအံ့။ ကျွဲ နွားများအံ့။

၃၈။ အသံသာစွာ ကြွေးကြော်မက်သော် သူတကာထက်ထင်ရှား၍ စည်းစိမ်ချမ်းသာ ကြီးအံ့။

၃၉။ နေ့လဖမ်း မက်ရသော် ဆွဲမချသော် မင်းကလာဘ်ကြီးပေးအံ့။

၄၀။ နေ့အိမ်ဖွဲ့သည် မြင်မက်သော် ကျေးဇူးကြီးသည်ဖြစ်အံ့။

၄၁။ လအိမ်ဖွဲ့သည်ကို မြင်မက်သော် စိုးရိမ်ပျောက်၍ ချမ်းသာရောက်အံ့။

၄၂။ မြင့်မိုရ်တောင်ကိုတက်မက်သော် မင်းဖြစ်အံ့။ ချစ်သူများအံ့၊ သူတကာတို့ မှီတင်းရာဖြစ်အံ့။

၄၃။ နေမွန်းတည့်သည်ကို မြင်မက်သော် အကျိုးကြီးစွာ ချမ်းသာရအံ့။

၄၄။ ကြယ်ကို မြင်မက်သော်လည်းကောင်း၊ မြင့်မြတ်စွာ တတ်မက်သော်လည်းကောင်း၊ သူတကာထက်မြတ်အံ့။



၄၅။ ကိုယ်ရောင်ထွန်းသည်ကို မက်သော်လည်းကောင်း၊ ကိုယ်ပုတ်သည်ကို မြင်မက်သော်လည်းကောင်း တန်ခိုးသည်ဖြစ်အံ့။

၄၆။ မီးဖုတ်သည်ကို မြင်မက်သော်လည်းကောင်း၊ ချွန်းတော်ငှ သည်ကို မြင်မက်သော်လည်းကောင်း၊ သူတစ်ပါးကို အောင်မက်သော်လည်းကောင်း၊ မောက်တိုဆောင်းမက်သော်လည်းကောင်း၊ စစ်သူကြီးဖြစ်အံ့။

၄၇။ ဦးခေါင်းရိတ်မက်သော်လည်းကောင်း၊ လည်တိုမက်သော်လည်းကောင်း ဖျားနာအံ့။

၄၈။ ထမ်းစင်ထက် ကျိုးနားသည်ကို မြင်မက်သော် ဖျားနာသေပျောက်တတ်၏။

၄၉။ အိမ်ရာပြို မက်သော်လည်းကောင်း၊ တောင်ပြိုမက်သော်လည်းကောင်း၊ ဘုရားပုထိုးပြို မက်သော်လည်းကောင်း၊ သစ်ပင်ကျိုးမက်သော်လည်းကောင်း၊ အိုးမဲလိမ်းကျံမက်သော်လည်းကောင်း၊ အဝတ်ပုဆိုးဝတ် မက်သော်လည်း၊ ထိုအိပ်မက်စုကား မကောင်းတတ်။

၅၀။ ခြေသည်း၊ လက်သည်း လှီးမက်သောလည်းကောင်း၊ အိမ်တွင် ခရမ်းပင် စိုက်မက်သော်လည်းကောင်း၊ မြစ်ကူးမက်သော်လည်းကောင်း၊ တံတားလျှောက် မက်သော်လည်းကောင်း၊ ထိုအိပ်မက်စုကား စိုးရိမ်လျက်အလိုပြည့်အံ့။

၅၁။ ငါးရှံဖမ်းမက်သော် လာဘ်ရအံ့။

၅၂။ ဖျာလိပ်မက်သော်လည်းကောင်း၊ မိမိကိုရှုးသွပ်သည်ကို မက်သော်လည်းကောင်း လာဘ်ရအံ့။

၅၃။ ဝက်ရူးပြန်လုပ်မက်သော် ရန်သူရောက်အံ့။
၅၄။ ဓား,လှံ စွဲမက်သော်လည်းကောင်း၊ ဆံရှည်မက်သော် လည်းကောင်း အသက်ရှည်အံ့။
၅၅။ ရေကိုမြင်မက်သော် ချမ်းသာအံ့။
၅၆။ ဦးခေါင်းစီးသည်ကို မြင်မက်သော်လည်းကောင်း၊ သူ့ကို ထိုးခုတ်သည် မက်သော်လည်းကောင်း ဘေးပျောက်အံ့။
၅၇။ ထင်းပုံကို မြင်မက်သော်လည်းကောင်း၊ ကျားကို မြင်မက် သော်လည်းကောင်း မကောင်း။
၅၈။ လက်ဝါး၌ ကြာရောက်သည်ကို မြင်မက်သော် လည်း ကောင်း၊ ဝက်ကို, ယုန်ကို ခြံလှောင်မက်သော် လည်း ကောင်း၊ တံခွန်လွှားမက်သော်လည်းကောင်း၊ ပန်းစည်း ကို ကိုင်ဆောင်သော်လည်းကောင်း၊ ထိုအိပ်မက်စုကား ကျော်စောအံ့။
၅၉။ လှည်း, ပျဉ်, တံစည်း, ဆုံ, ခြာ, ရဟတ်ကို မြင်မက် သော်၊ သူမကောင်းကြံတတ်၏။
၆၀။ လွှားကာ ကစားမက်သော်လည်းကောင်း၊ သစ်ပင်ခုတ် မက်သော် လည်းကောင်း မကောင်းတတ်။
၆၁။ ကျားစွယ်, မိကျောင်းစွယ် ရင်ခွင်ပိုက်မက်သော် အမတ်ကြီး ဖြစ်အံ့။
၆၂။ သွေးပေါက်ယို မက်သော်လည်းကောင်း၊ ခြေလက်ပြတ်မက် သော်လည်းကောင်း ဘုန်းကြီးအံ့။
၆၃။ အရှုးလှည့်ပတ်သည်ကို မြင်မက်သော်လည်းကောင်း၊ စောင်း တီးမက်သော်လည်းကောင်း သွားလေရာ လာဘ်ရ၏။



၆၄။ နွားဖမ်းမက်သော် သူကြီးဖြစ်အံ့။
၆၅။ မိကျောင်းဖမ်းမက်သော် သူကြီးဖြစ်အံ့။
၆၆။ နေအိမ်, လအိမ် ဖွဲ့သည် မြင်မက်သော် သားကောင်း၊ သမီးကောင်းကို ဖွားမြင်အံ့။
၆၇။ သစ်သီးလွယ်ပိုက်မက်သော် ကောင်းလှစွ။
၆၈။ တရားဟောမက်သော် သူနှင့်မျက်လိုကြအံ့။
၆၉။ ဆံပြေသည်ကိုမက်သော်လည်းကောင်း၊ စားကြူးသည်ကို မက်သော်လည်းကောင်း၊ ဥစ္စာ ရွှေ,ငွေ လျော့အံ့။ ဖျားလည်း ဖျားနာတတ်၏။
၇၀။ အိမ်ကို ဆူးရံမက်သော်လည်းကောင်း၊ ဆူးစူးသည်ကို မက် သော်လည်းကောင်း၊ သူခိုးနှိပ်စက်အံ့။
၇၁။ ပုဆိုးသစ်မြင်မက်သော် ဘုန်းကျက်သရေ တက်အံ့။
၇၂။ ဓာတ်တော်ရမက်သော် ဘုန်းကျက်သရေ တက်အံ့။
၇၃။ နွားမ, ရမက်သော် စည်းစိမ်ချမ်းသာရအံ့။
၇၄။ လက်ယာလက်ရုံးပြတ် မက်သော်လည်းကောင်း၊ မြေခဲမက် သော်လည်းကောင်း ချမ်းသာရအံ့။
၇၅။ ခရီးသွားမက်သော် ကြံသမျှမြောက်အံ့။
၇၆။ ဘုရားရုပ်တု, ဆင်းတုကို မြင်မက်သော် ကျက်သရေ တိုးတက်အံ့။
၇၇။ ခရုသင်းကို မြင်မက်သော် ဘေးပျောက်အံ့။
၇၈။ ဆင်, မြင်း, ဗိုလ်ပါမြင်မက်သော် ချမ်းသာရာ၏။
၇၉။ အိမ်သစ်တက်၍ စောင်းတီးသည်ကို မြင်မက်သော် လည် ကောင်း၊ အိမ်မိုးပေါ်ကတက်၍ ရေသောက်သည်ကို မြင်မက်သော်လည်းကောင်း မင်းဖြစ်အံ့။

၈၀။ မြေစာပန်းပန်မက်သော် လည်းကောင်း၊ ပတ်၊ စည်၊ တီး မက်သော်လည်းကောင်း မင်းဆရာဖြစ်ရာ၏။
၈၁။ လည်တိုမက်သော်လည်းကောင်း၊ သျှောင်ဆံထုံးလှီးမက်သော် လည်းကောင်း ဖျားနာရာ၏။
၈၂။ လိပ်၊ ငါး ဖမ်းသည်ကို မြင်မက်သော် ဆန်၊ စပါး ရရာ၏။
၈၃။ မျောက်ကို မြင်မက်သော် မကောင်း။ (ရွှေ၊ ငွေ ရရာ၏ လည်း ဟူ၏)
၈၄။ ကျွဲနွားကို ခြသွင်းမက်သော် အများသခင်ဖြစ်ရာ၏။
၈၅။ ချောင်းကန်ရေကို မြင်မက်သော် သူကြီးဖြစ်ရာ၏။
၈၆။ လောက်ဖမ်းမက်သော် အစားဆန်ရေ များရာ၏။
၈၇။ ဆံရှည်မက်သော် အဆွေအမျိုး ရောက်ရာ၏။ (ပြန့်ပွားရာလည်းဟူ၏)
၈၈။ ဥယျာဉ်မြေ မြင်မက်သော် လာဘ်ကြီးရရာ၏။
၈၉။ ဆင်ဖြူကို ချွန်းတင်သည် မြင်မက်သော် သူကောင်းဖြစ်ရာ၏။
၉၀။ အိမ်၌ ထင်းပေါက်သည်ကို မြင်မက်သော် မိုးကြိုးကျရာ၏။
၉၁။ အိမ်ကို မီးလောင်သည်ကို မြင်မက်သော် မကောင်း။
၉၂။ ရဟန်းအိမ်၌ နေမက်သော် ချမ်းသာအံ့။
၉၃။ ကောင်းကင်ပျံတက်သည်ကို မြင်မက်သော်လည်းကောင်း တံခွန်လွှမက်သော်လည်းကောင်း ထင်ရှား၏။
၉၄။ အိမ်၌ နေကျသည်ကို မြင်မက်သော် အိမ်ရှေ့မင်းဖြစ်ရာ၏။
၉၅။ ကိုယ်လက် ယားယံသည်ကို မက်သော်လည်း၊ အပုပ်ကို မြင်မက်သော်လည်းကောင်း လာဘ်ကြီးရရာ၏။



၉၆။ အိုးလည်ပြတ်သည်ကို မြင်မက်သော် လည်းကောင်း မကောင်း။
၉၇။ ငိုးကြွေးမက်သော် စည်းစိမ်ချမ်းသာ များရာ၏။
၉၈။ ဦးထုပ်ဆောင်း မက်သော်လည်းကောင်း၊ ဆံရှည်သည်ကို မြင်မက်သော်လည်းကောင်း၊ လိင်ရှည်သည်ဟူ၍ မြင်မက်သော်လည်း၊ မိန်းမအမွေးရှည်သည်ဟူ၍ မြင်မက်သော်လည်းကောင်း၊ မိန်းမတကာကို စွဲမက်သော်လည်းကောင်း ချမ်းသာရာ၏။
၉၉။ ကြာသွတ်အိုနှင့် ရေချိုးမက်သော်လည်းကောင်း၊ နှာခေါင်းသွေးထွက် မက်သော်လည်းကောင်း သူတကာတို့ မှီခိုရာဖြစ်၏။
၁၀၀။ သူ့မျက်စိ သူ့ဦးခေါင်းထုတ်မက်သော်၊ လှီးမက်သော်၊ ရိတ်မက်သော် စည်းစိမ်ဥစ္စာများရာ၏။
၁၀၁။ နို့ညှစ်မက်သော် ကြွယ်ဝရာ၏။
၁၀၂။ ကျွဲခတ်သည်ကို မြင်မက်သော် ဘေးတွေ့အံ့။
၁၀၃။ စပါးကို မြင်မက်သော် စကားဖြစ်ရာ၏။
၁၀၄၊ ကြက်ခွပ်သည်ကို မြင်မက်သော် တရားတပေါင်ဖြစ်ရာ၏။
၁၀၅။ ဝက်ပတ်သည်ကို မြင်မက်သော် ခိုက်ရန်ဖြစ်ရာ၏။
၁၀၆။ အထက်ရှေ့သွားကျိုးသည်ကို မြင်မက်သော် သား၌ ဥပဒ်ရောက်ရာ၏။
၁၀၇။ အောက်ရှေ့သွားကျိုးသည်ကို မြင်မက်သော် သမီး၌ ဥပဒ်ရောက်ရာ၏။

၁၀၈။ အံသွားကျိုးသည်ကို မြင်မက်သော် အဆွေအမျိုးကြီး သူတို့ ဥပဒ်ရောက်ရာ၏။

၁၀၉။ လက်ကတုံးစိုင် လဲသည်ကို မြင်မက်သော် ကိုးကွယ်ရာလူတို့ သေရာ၏။

၁၁၀။ လက်ကတည်းတိုင် လဲသည်ကို မြင်မက်သော် မယားသေရာ၏။

၁၁၁။ တိုင်မ လဲသည်ကိုကို မြင်မက်သော် မိမိသေရာ၏။

၁၁၂။ မီးတငွေ့ငွေ့ မြင်မက်မူ နှလုံးပူပန်ရာ၏။

၁၁၃။ မီးပုံကို မြင်မက်သော် အလွန်ပူဆာရာ၏။ (ဘုန်းတန်ခိုးတိုးရာ၏ လည်းဟူ)။

၁၁၄။ လေ့စီးလျက်နစ်မက်သော် မကောင်း။

၁၁၅။ ရွှံ့ကို ချင်းနင်းသည် မက်သော် အသရေညှဲ့ရာ၏။

၁၁၆။ အဝတ်အစားကို ရွှံ့စင်မက်သော် မကောင်းသော သတင်းဖြစ်ရာ၏။

၁၁၇။ လဲသည်ဟူ၍ မက်သော် တရားရှုံးရာ၏။

၁၁၈။ လက်စွပ်ဝတ်မက်သော် သာစပ်စွဲလာရာ၏။ ရသော ကျွန်ကြောင့် ဗျာပါရှိအံ့။

၁၁၉။ လူသေကို မြင်မက်သော် အပြီးအစီးသို့ ရောက်၏။

၁၂၀။ သေသူ ထသည်ကို မြင်မက်သော် စကားဟောင်းပေါ်လာ၏။

၁၂၁။ တောင်ထက် ထက်ဝယ်ဘွဲ့၍နေမက်သော်မင်းဖြစ်ရာ၏။

၁၂၂။ တောင်လတ်၌ နေမက်သော် အမတ်စစ်သူကြီးဖြစ်ရာ၏။

၁၂၃။ မုန်တိုင်း၊ လေပွေထမက်သော် စိုးရိမ်ကြောင့်ကြများရာ၏။



၁၂၄။ ပိတုန်းတုပ် မက်သော် ချစ်သူများရာ၏။

၁၂၅။ ဂုံညင်းစကား မက်သော် မင်းဖြစ်ရာ၏။

၁၂၆။ ခြေတိုမက်သော်လည်းကောင်း၊ ကိုယ်မွေးရှည် မက်သော်လည်းကောင်း တန်ခိုးကြီးရာ၏။

၁၂၇။ သူ့ကို အုတ်ခဲပစ်မက်သော် ဥစ္စာကျရာ၏။

၁၂၈။ ကိုယ့်ကို အုတ်ခဲပစ်ခံရမက်သော် ဥစ္စာရအံ့။

၁၂၉။ ငှက်တော်ကို ဖမ်းမက်သော် အမတ်ဖြစ်ရာ၏။

၁၃၀။ ငှက်ပျောပင်များကို မြင်မက်သော် ရွာပြောင်းရရာ၏။

၁၃၁။ လေးမျက်နှာမှလာသော သူခိုးကို ဖမ်းမက်သော် ချမ်းသာရာ။

၁၃၂။ ကျောက်ဖျာကို အိမ်မိုးမိုးမက်သော် ကျွန်များသခင်ဖြစ်ရာ၏။

၁၃၃။ ခြေသည်းလက်သည်း၊ အိမ်ခြေ စသည်တို့ကို ရေတွက်မက်သော် အသက်ရှည်ရာ၏။

၁၃၄။ ငါးဟူသမျှဖမ်းမက်သော်လည်းကောင်း၊ မိန်းမတို့နှင့်အတူ အိပ်မက်သော်လည်းကောင်း လာဘ်ရရာ၏။

၁၃၅။ ဆားလျက်မက်သော် သူတကာတို့၏ ကိုးကွယ်ရာဖြစ်ရာ၏။

၁၃၆။ မြွေပွေး, မြေဟောက်ကိုက် မက်သော် ရန်ခပ်သိမ်းပျောက်ရာ၏။

၁၃၇။ မိန်းမတို့နားထွင်းမက်သော် ,ရွှေ, ငွေ ရရာ၏။

၁၃၈။ တောင်ပို့ထက်၌ ခေါင်းဖြီးမက်မူ သူတကာတို့၏ ကိုးကွယ်ရာဖြစ်၏။

၁၃၉။ ဥဈျင်းတို့သည် ကိုယ်၏ အပါးဝန်းကျင်ရံ မက်သော် အိမ်ရှေ့မင်းဖြစ်ရာ၏။

၁၄၀။ ဘုရားရှိခိုး မက်သော် ချမ်းသာရရာ၏။

၁၄၁။ ကုန်းပြင်သို့တက်ပြီးမှ ကြည်းသို့တက်၍ ခေါင်းဆေး မက်သော် မင်းဖြစ်ရာ၏။

၁၄၂။ ခင်ပုပ်ငှက်မြည်သံကို ကြားမက်သော် အနာကြီးသင့်ရာ၏။

၁၄၃။ အိမ်ဝတွင် မှိုပေါက်သည်ကို မြင်မက်သော် မိုးကြိုးကျရာ၏။

၁၄၄။ ဥဒေါင်းမြည်သံကြား မက်သော် နှလုံးသာရာ၏။

၁၄၅။ စန္ဒကူးလိမ်းကျံမက်သော်လည်းကောင်း၊ ပန်းပန်မက်သော်လည်းကောင်း ဖျားနာရာ၏။

၁၄၆။ ဆင်ပေါက်ကို မြင်မက်သော် သူတကာတို့ ရှိခိုးခြင်းကို ခံရာ၏။

၁၄၇။ ကြာပွင့်ကိုပန် မက်သော် ဖျားနာရာ၏။

၁၄၈။ ကျောက်ဖျာထက်နေ မက်သော် ကောင်း၏။

၁၄၉။ သာယာသောအသံကို ကြားမက်သော် သတင်းကောင်း ကြားရာ၏။

၁၅၀။ သူ့ဦးခေါင်းဖြတ်သည်ကို မြင်မက်သော် ရန်ခပ်သိမ်း ပျောက်ရာ၏။

၁၅၁။ စိုးရိမ်ကြောင့်ကြသည်ဟု မြင်မက်သော် ဆိုလေရာရာ အောင်ရာ၏။

၁၅၂။ ချွေး, သွေးထွက် မက်သော် ဘုန်းကြီးရာ၏။



၁၅၃။ နွားကျောင်းသည်ကို မြင်မက်သော် သူတကာတို့၏ အကြီးဖြစ်ရာ၏။

၁၅၄။ လက်ကောက်, နားတောင်း ဆံကျစ်ဝတ်မက်သော် ဥစ္စာရှိသော မိန်းမကို ရရာ၏။

၁၅၅။ မြေကြီးကို ဖျာကဲ့သို့လိပ်မက်သော်လည်းကောင်း၊ ခိုငှက် ဖမ်းမက်သော်လည်းကောင်း လူတို့သခင်ဖြစ်ရာ၏။

၁၅၆။ မန်ကျည်းသီးခွတ်မက်သော် မင်းစေသူကောင်းဖြစ်ရာ၏။

၁၅၇။ မြင့်မိုရ်တောင်ကို ပတ်ပတ်လည်မက်သော် စစ်သူကြီး ဖြစ်ရာ၏။

၁၅၈။ ရယ်မူ ရယ်စားပြု မက်သော် ဝမ်းမြောက်ဝမ်းသာကိစ္စ ဖြစ်ရာ၏။

၁၅၉။ မဏ္ဍာရီးဖမ်းမက်သော်လည်းကောင်း၊ အိမ်ရာထောင် မက်သော်လည်းကောင်း လာဘ်ရရာ၏။

၁၆၀။ ရွှေလက်ကောက်ဝတ်မက်သော် သူကြီးတို့ ချီးမွမ်းသည် ကို ခံရအံ့။

၁၆၁။ ရေနောက်ကို မြင်မက်သော် ရန်ကြီးစွာဖြစ်အံ့။

၁၆၂။ ရေကြည်ကိုမြင်မက်သော် ရန်ငြိမ်းအံ့။

၁၆၃။ ဓား, လှံ အရောင်တောက်သည်ကို မြင်မက်သော် ဘုန်းကျက်သရေ တက်အံ့။

၁၆၄။ ထမင်းနှင့်တကွ သပိတ်ကို လွယ်မက်သော် လာဘ်ကြီး ရအံ့။

အိပ်မက်မက်ခြင်းမည်သည် အကြောင်းခုနစ်ပါးရှိသည် ဖြစ်၍ အဆိုးမက်သည် ဖြစ်စေ၊ အကောင်းမက်သည် ဖြစ်စေ၊

မက်တိုင်း အကျိုးပေးလိမ့်မည်ဟူ၍ မထင်မှတ်ထိုက်။ အကျိုးမပေးဟူ၍လည်း မအောက်မေ့ရာ၊ ဉာဏ်ဖြင့် ဆင်ခြင်၍ စိုးရိမ်ခြင်း, ဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏။

**စီးသည်ကိုစွဲ၍ မက်ခြင်း**

၁။ ထမ်းစင် သံလျှင်းစီးမက်သော် လာဘ်ရအံ့။

၂။ ပုခက်စီးမက်သော် ထင်ရှားအံ့။

၃။ မိကျောင်းစီးမက်သော် သတ္တုရရန်ကို နိုင်ရာ၏။ (မင်းဖြစ်ရာ၏လည်းဟူ၏။)

၄။ သဘော်, လှေစီးမက်သော် သူတကာတို့ထက် မြတ်သည်ဖြစ်ရာ၏။

၅။ ဆင်ဖြူစီးမက်သော် မင်းသားကား မင်းဖြစ်ရာ၏။

၆။ နွားလည်ပင်းစီးမက်သော် ချမ်းသာရာ၏။

၇။ လှေစီးလျက် နစ်မြုပ်သည်မက်သော် မကောင်း။

၈။ လှေစီးမက်သော် ချမ်းသာရာ၏။

၉။ ရထားစီးမက်သော် မယားကောင်းရရာ၏။

၁၀။ ဖိနပ်စီးမက်သော် ဖျားနာရာ၏။

၁၁။ မြွေငန်းစီးမက်သော် သားကောင်းရရာ၏။

၁၂။ ပထ္တမြားစီးမက်သော် သားကောင်းရရာ၏။

၁၃။ ကျွဲစီးမက်သော် ကျွန်ရရာ၏။

**အိပ်မက်တိတ္တုံ အယောပြီး၏။**



အပိုင်း(၇)

# ဆေးပညာရှိကြီးများ၏ အနှိပ်ကျမ်း

ကိုးဆယ့်ခြောက်ပါး၊ ရောဂါများကို၊ လက်ဖျားထိရောက်၊ ကင်းကွာပျောက်လိမ့်၊ မှတ်လောက်စရာ၊ ဆေးဆရာတို့၊ စဉ်လာဥပဒေ၊ ထားခဲ့ပေသား၊ အသေအချာ ပုံနှိပ်ပုံမှာကား–

**ဇက်ကြောတင်း ခေါင်းခဲနှိပ်နည်း**

သီတာဦးရင်း၊ ဇက်ကြောတင်း၍၊ ခံပြင်းစရာ၊ စွဲကပ်လာသည်၊ ကုပ်မှာနထင်၊ နောက်ဘယ်ပြင်၌၊ နာကျင်အလို၊ အပူရှို၍၊ ရင်ကိုလေပင့်၊ တနင့်နင့်တင်း၊ ခံတွင်းအာထဲ၊ တံတွေးခဲ၍၊ ခေါင်းခဲအနာ၊ ယိုရောဂါကို၊ ဆရာလက်သယ်၊ ဉာဏ်ကြီးကျယ်သား၊ အလွယ်တကူ၊ နှိပ်လိုမူကား၊ မှတ်ယူခြားနား၊ ဖော်၍ကြားအံ့၊ ဒူးဖျားအထက်၊ လေးသစ်တက်၍၊ နှိပ်ချက်တစ်ဖုံ၊ ဆိုကုန်မပျက်၊ ပုံအထွက်နှင့်၊ နားရွက်အောက်နား၊ ဝဲယာခြား၍၊ မေးဖျားနထင်၊ မျက်မှောင်ပြင်၌၊ လက်ပြင်ညွန့်ဖု၊ ခုလုလုကို၊ လက်နချောမွေ့၊ တည့်တည့်တွေ့၍၊ စေ့စေ့နှိပ်က၊ ပျောက်နေကျသည်၊ ပွဲရအဟုတ်၊ စာပင်ချုပ်လော့၊ ယူနုတ်အမြစ်၊ တူး၍ပစ်သို့၊ စင်စစ်ခေါင်းခဲ ပျောက်စမြဲတည့်။

**နားပျက် နားအူနှိပ်နည်း**

မလွဲတစ်ချက်၊ နားလေထွက်၍၊ နားပျက်နားအူ၊ နားထူနားလေး၊ နားပြည်မြေး၍၊ ခေါ်မေးမရ၊ နားထိုင်းစသည်၊ သောတဝေဒနာ၊ နှိပ်လိုပါမူ၊ ကဏ္ဍာအထက်၊ နားသံယံဇက်နှင့်၊ နားရွက်၏နောက်၊ နားရွက်၏အောက်သို့၊ ရောက်၍မငြီး၊ နှိပ်ပုံမှီးလော့

စည်တီးမကြား၊ ပင်းသည့်နားလည်း၊ ကြား၍မချက်၊ ချက်ခြင်းသက်သည့်။

## မှူးမှိုင်, လေထ, ကြို့ထိုး နှိပ်နည်း

လေတက်တုံလေ၊ မူးမှိုင်ချေ၍၊ အနေမသာ၊ ရှိလေခါသော်၊ ဂီဝါကုပ်စောင်း၊ အလယ်ခေါင်းနှင့်၊ တစ်ကြောင်းမျက်မှောင်ကြား၊ မျက်နှာရင်း၊ ဦးပြင်းဆံဇက်၊ နှိပ်ပုံထွက်၏။

တစ်ချက်ထိုမှ၊ လေပူထသော်၊ ကဏ္ဍနားနောက်၊ နှိပ်ကာထောက်လော။

ထိုနောက် တစ်မျိုး၊ ကြို့ကြီးထိုးသော်၊ ကုပ်ရိုးကိုလျှောက်၊ နှိပ်လျှင်ပျောက်၏။

## သွားနာ, သွားကိုက် နှိပ်နည်း

တစ်ထောက်ဒန္တာ၊ သွားဖုံးနာနှင့်၊ သွားနာသွားကိုက်၊ သွား၌ရောဂါ၊ စွဲကပ်လာသော်၊ လျင်စွာပျောက်အောင်၊ နှုတ်ခမ်းစောင်၊ ပါးစောင်တစ်ရောက်၊ နာဖျားရောက်အောင်၊ လက်ထောက် မြဲမြဲ၊ မှန်မလွဲဘဲ၊ လက်ဝဲလက်ယာ၊ နှိပ်ဘိပါလော။

## မေးခိုင်နှိပ်နည်း

တစ်ဖြာထိုမှ၊ ဓားလျှင်ရှသို့၊ သတ္တကလေ၊ တက်ထွေတပြိုင်၊ မေးခိုင်ပါမူ၊ လက်နိုင်နှိပ်လို၊ ပုံအဆိုကား၊ လည်မျိုတစ်လျှောက်၊ နားရင်းရောက်အောင်၊ နှိပ်မြောက်တုံလေ၊ လွတ်မြဲပေတည့်။

## လေပုပ်ဆန် အော့အန် နှိပ်နည်း

တစ်ထွေတစ်ဖန်၊ လေပုပ်ဆန်၍၊ အော့အန်တစ်မျိုး၊ ပုခုံးရိုးက၊ ကုပ်ရိုးကျအောင်၊ ပြ၍ နှိပ်ချက်။



## မျက်စိမှုန်, မျက်စိနာ, တိမ်စွဲနှိပ်နည်း

ပါဒရက်ကြောင့်၊ လေတက်၍တုန်၊ မျက်စိမှုန်၍၊ မျက်အုံဝေရီ၊ မျက်စိသီလျက်၊ မျက်နီမျက်ဝါ၊ မျက်စိနာနှင့်၊ သယာတိမ်လုံး၊ မျက်စိဖုံးက၊ မျက်လုံးကြောင်ကြောင်၊ မျက်စဆောင်၍ မျက်တောင်မကြွ၊ မျက်မှောင်ကျုလျှင်၊ မျက်စိပိုးရှိ၊ ကြိမ်းစပ်ဘိသည်၊ မျက်စိဝေဝေ၊ မျက်ရည်တွေသား၊ ဆိုတွေတစ်ချက်၊ မျက်တွန့်တက်၍၊ လက်တစ်လှမ်းလှမ်း၊ ဖြတ်ခြင်တန်းသည်၊ မျက်ခမ်းစပ်နီ၊ မှုန်သီသီနှင့်၊ ဟန်ချီမရ၊ လမ်း–မဝ္ဂကို၊ ထကြွဖြောင့်မတ်၊ မသွားတတ်အောင်၊ စွဲကပ်ရုံးစု၊ ရောဂါပြု၍၊ စက္ခုအနာ၊ အာဗာဓာတို့၊ မကြာလျှင်လျှား၊ ပျောက်လိုငြားမူ၊ ကြွက်သားအဖုံး၊ ခြေသားလုံးနှင့်၊ ပခုံးနားထက်၊ အလယ်ချက်တင်၊ စုံတက်ဆစ်ကြော၊ နှိပ်တုံမောက၊ အဆောမကြာ၊ လွန်ချမ်းသာသည်၊ လွယ်ကာနှိပ်ဖို့ စာတမ်းတည်း။

## မီးယပ်ရင်ဆို့ နှိပ်နည်း

လက်စွဲတစ်ဖြာ၊ မိန့်လိုက်မှာအံ့၊ ကလျာရှုကွယ်၊ သားမိမယ်တို့၊ ကိုယ်ဝယ်စွဲကပ်၊ တေဇောဓာတ်ကြောင့်၊ မီးယပ်ရင်ဆို့၊ ဖြစ်တုံမြို့သော်၊ စိမ်းညို့ဖတ်ဖတ်၊ သားမြက်အထက် မွှေမွှေ့ညက်သည်၊ မောင်းဆက်အနား၊ ရင်နုတားကို၊ နှိပ်ငြားတုံပါ၊ လွန်ချမ်းသာလိမ့်။

## လက်သေလက်ကပ် နှိပ်နည်း

ဟတ္ထာလက်ကပ်၊ လက်သေလတ်သော်၊ သားမြတ်တက်စလေးသစ်ကျနှင့်၊ ရင်ဝအောက်နား၊ မောင်းကွေးကြားတည့်။

### အေးထိုးရင်ကျပ် နှိပ်နည်း

မှတ်သားတဲ့မြို့၊ လေပွေကြို့နှင့်၊ ရင်ဆို့ရင်ကျပ် လေထိုးသတ်သော်၊ နှိပ်အပ်လက်ဖျံ၊ တတန့်မဆွ၊ ပုံအရကား၊ ရင်ဝကျောလယ်၊ တသွယ်သွယ်မှတ်ရာ။

နံဘေးနားနှင့်၊ ဒူလာလေနာ၊ ရင်ဘတ်နာသော်၊ မုန်ဇွာပျက်၊ ပျောက်မည်ချက်ကား၊ နှစ်ဖက်ဘေးကြော၊ မျက်အောက်လျှော၍၊ နှိပ်လော်ဆရာ၊ သုံးသစ်ကွာတည့်။

### ဓမ္မတာမဖြောင့် ဆီးကျင်အောင့် နှိပ်နည်း

ပါဒတစ်ထွေ၊ ခြေလျှင်သေက၊ ထုံကျင်စသည်၊ ပဏ္ဍုဖွားမိ၊ ပက္ကတ္တိတို့၊ သွေးတီမကျ၊ ရိုကနှိပ်မူ၊ ရာသီစု၍၊ ဥတုမဖြောင့်၊ ဆီးကျင်အောင့်သော်၊ မြီးညှောင့်အထက်၊ နှစ်သက်တာက်၍၊ နှိပ်ချတစ်ဖုံ။ လက်ကုန်ထိုးသိပ်၊ ကောင်းစွာနှိပ်လော။

### အိပ်စက်မပျော် နှိပ်နည်း

အိပ်၍မပျော်၊ ရှိတုံသော်လျှင် ဒူးပေါ်တစ်လျှောက်၊ ပေါင်ခြံရောက်အောင်၊ ထိုနောက်နှိပ်ရိုး၊ ခြေဖမိုးရင်း၊ ဖနောင့်ထွင်းတည့်။

### အဆစ်အမြစ်ကိုက် နှိပ်နည်း

ကိုက်ခြင်းဆစ်မျက်၊ မူန်ဝေတက်သား၊ ခြေမျက်စိနှံ့၊ ရောဂါဘွဲ့တွင်၊ အိပ်စက်မပျော်၊ ခြေလက်သော်လျှင်၊ လက်ကျော်ဆရာ၊ ဉာဏ်ဖွေရှာ၍၊ နှိပ်ကာမယွင်း၊ ဒူးဖျားတွင်းက၊ နားရင်းရောက်အောင်၊ လက်ဝါးဖောင်းနှင့်၊ ထောင်၍နှိပ်လျှင်၊ ပျောက်မြဲပင်တည့်။ ။ မီးသွင်အထူး၊ ခြေထူးပေါ်သော်၊ ထို့တူမယွင်း၊ ပုဆစ်တွင်းကို၊ မပြင်းမလျော့၊ လက်နုကြော့နှင့်၊ နှိပ်လော့မုန်ဇွာ၊ ပျောက်၏မှာသည်၊ ချမ်းသာစေကန်၊ မလွှတည့်။



### ခါးနာ,ခါးကိုက် နှိပ်နည်း

မလွဲမုန်ဇွာ၊ မိန့်ခဲ့ပါအံ့၊ ခါးနာခါးကိုက်၊ ခါး၌ဝေဒနာ၊ စွဲကပ်လာသော်၊ ခြေမှာခေါ်ရိုး၊ ခြေဖမိုးက၊ ဒူးဇက်ကျအောင်၊ နှိပ်ကလျှင်စွာ၊ ပျောက်မြဲသာတည့်။

### ဆီးအောင့် ဆီးဝါ နှိပ်နည်း

ကျင်ဝါကျင်အောင့်၊ ကျင်မဖြောင့်သော်၊ ဖနောင့်အထက်၊ ကြွက်သားဆက်ကို၊ လျှောက်လျက်နှိပ်ပါ၊ လွတ်ချမ်းသာလိမ့်။

### အဖျားတက်နှိပ်နည်း

ပူကာတစ်ခန်း၊ ချမ်းကာတစ်ဖုံ၊ ဖျားကြကုန်သော်၊ နှိပ်ပုံအရ၊ မုန်ဇွာပြအံ့၊ ခြေမအကြား၊ ခြေဖဝါးမှာ၊ နှိပ်လေပါလော။

### ငန်းဖျားတက်နှိပ်နည်း

ကြီးစွာအဖျား၊ တက်သောအားကြောင့်၊ မေးပြားမရ၊ ငန်းလျှင်ကြွ၍၊ ခေါ်ကမထူး၊ အမူးအမေ့၊ ရောဂါတွေ့သော်၊ နှိပ်လေအဆော၊ ဖနောင့်ကြောတည့်။

### ငန်းပူဖမ်း နှိပ်နည်း

မှတ်လောတစ်ခန်း၊ ငန်းပူဖမ်းသော်၊ နှိပ်တမ်းမသွေ၊ ခြေမျက်စိအောက်၊ နာနာထောက်လော့။

### ငှက်ဖျားစွဲနှိပ်နည်း

ထိုနောက်တစ်ခြား၊ တုန်၍ဖျားသော်၊ ခြေဖဝါးလယ်၊ ဖနောင့်စွယ်ကို၊ နယ်ကာနှိပ်မူ ပျောက်မြဲယူသင့်။

### ခြေလက်မသယ်နိုင်နှိပ်နည်း

ခြေမူချည့်နဲ့၊ဖြစ်တုံခဲ့သော်၊တဲ့တဲ့ဒူးဖျားနှိပ်ချက်ထား၏၊မှတ်သားကုန်ပါ၊ရှေးပုံလာကို၊လက်ာချိုးဖျား၊စီကုံးထားရှင့်၊နှိပ်ကြားလိုသူ့ပုံစံယူ၍၊နာသူတို့ကိုကယ်စေလိုသည်၊မဂ်ဖိုလ်ဆုမြတ်ရကြောင်းတည်း။

# အခန်း(၈)

# ကတ္တိသျတ္တရကျမ်း

## မိန်းမ(၄)မျိုး

၁။ ပဒုမ္မနီ ၂။ သင်္ခရနီ

၃။ စိတ္တရနီ ၄။ ဟတ္ထနီ

## ဆေးနည်း

ကာမဂုဏ်ချမ်းသာကို အလိုရှိသောသူတို့ စားသုံးအံ့သော ဆေးနည်း။

၁။ ဆိတ်မြန်မာ့နို့ရည်တွင် ပျားရေခပ်၍သောက်။

၂။ ထောပတ်ကို ကလောဆံနှင့် ရော၍စား။

၃။ သကာကို ရှိန်းနိုနှင့်ရော၍ စား။

၄။ နွားသားကို ဆီနှင့်ကြော်၍စား။

၅။ ပျားရည်ကို ဆန်လှော်နှင့်ကြိတ်၍စား။

၆။ ဥသျှစ်သီးကို ကြက်ဆူရိုးနီခတ်၍စား။

ဤဆေးစုကို စားရမူကား အညောင်းအညာကင်းပျောက်၏။ မိန်းမတို့၏ အလိုကို ဖြည့်နိုင်၏။ အားရှိ၏။

## မိန်းမတို့၏လက္ခဏာ

၁။ ပဒုမ္မနီ မိန်းမတို့၏ အင်္ဂါလက္ခဏာကား အသားဖြူ၏၊ အနံ့ကား ကြာညိုပန်းအနံ့ကဲ့သို့ရှိ၏၊ အရသာချို၏။

၂။ သင်္ခရနီ မိန်းမတို့၏အင်္ဂါလက္ခဏာကား အဆင်းမည်း၏၊ အနံ့ကား ငရုတ်ပန်းအနံ့ကဲ့သို့ရှိ၏၊ အရသာချဉ်၏။



၃။ စိတ္တရနီ မိန်းမတို့၏ အင်္ဂါလက္ခဏာကား အဆင်းရွှေ၏၊ အနံ့ကား ကျင်ငယ်ရေအနံ့ကဲ့သို့ရှိ၏၊ အရသာဖန်၏။

၄။ ဟတ္ထနီ မိန်းမတို့၏ အင်္ဂါလက္ခဏာကား အဆင်းနီ၏၊ အနံ့ကား ငါး၏အနံ့ကဲ့သို့ ရှိ၏၊ အရသာစပ်၏။

## မိန်းမတို့၏ သွားလာခြင်း

၁။ ပဒုမ္မနီမိန်းမ၏ သွားလာခြင်းကာ စက္ကဝတ်ငှက်ကဲ့သို့ သွားလာခြင်း။

၂။ သင်္ခရနီ မိန်းမ၏သွားလာခြင်းကား ဟင်္သာငှက်ကဲ့သို့ သွားလာခြင်း။

၃။ စိတ္တရနီ မိန်းမ၏သွားလာခြင်းကား တိန်ညင်းငှက်ကဲ့သို့ သွားလာခြင်း။

၄။ ဟတ္ထနီ မိန်းမ၏သွားလာခြင်းကား ဆင်၏သွားလာခြင်းတည်း။

## မိန်းမတို့၏ ကြည့်ခြင်း

၁။ ပဒုမ္မနီမိန်းမ၏ ကြည့်ခြင်းကား ဆင်၏ကြည့်ခြင်း။

၂။ သင်္ခရနီ မိန်းမ၏ကြည့်ခြင်းကား ကျားသစ်၏ကြည့်ခြင်း။

၃။ စိတ္တရနီ မိန်းမ၏ကြည့်ခြင်းကား ကျီးကန်း၏ကြည့်ခြင်း။

၄။ ဟတ္ထနီ မိန်းမ၏ကြည့်ခြင်းကား ယစ်၏ကြည့်ခြင်းတည်း။

## မိန်းမတို့၏ အင်္ဂါဇာတ်

၁။ ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ်ကား ကြာရွက်ကဲ့သို့ရှိ၏။

၂။ သင်္ခရနီမိန်းမ၏ အင်္ဂါဇာတ်ကား ဆင်ဦးကင်းကဲ့သို့ရှိ၏။

၃။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာတ်ကား သစ်မ၏အင်္ဂါကဲ့သို့ရှိ၏။

၄။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်ကား ဆင်မ၏အင်္ဂါဇာတ်ကဲ့သို့ ရှိ၏။

ထို ဆိုခဲ့ပြီးသော မိန်းမတို့၏အင်္ဂါဇာတ်သည် ဆင်ဦးကဲ့သို့ ရှိမှုကား ဥတ္တမတည်း။ ပုန်းညက်ရွက်ကဲ့သို့ရှိမှုကား ပဏီတည် ညောင်ရွက်ကဲ့သို့ရှိမှုကား မဇ္ဈိမတည်း။ သရက်ရွက်ကဲ့သို့ ရှိမှုကား ဟီနတည်း။

## မိန်းမတို့၏ အင်္ဂါဇာတ်အစောက်

၁။ ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ် အစောက်ကား လက်ခြောက်သစ်ရှိ၏။

၂။ သင်္ခရနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်ရှစ်သစ်ရှိ၏။

၃။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်တစ်ဆယ့်နှစ်သစ်ရှိ၏။

၄။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်တစ်ဆယ့်နှစ်သစ်ရှိ၏။

## မိန်းမတို့၏ အင်္ဂါဇာတ်အဝန်း

၁။ ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ် အဝန်းကား တစ်ဆယ့်နှစ်သင်ရှိ၏။

၂။ သင်္ခရနီမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား လက်တစ်ဆယ့်ခြောက်သစ်ရှိ၏။

၃။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာဝ်အဝန်းကား လက်အသစ်နှစ်ဆယ်ရှိ၏။

၄။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား လက်တစ်ဆယ့်နှစ်သစ်ရှိ၏။



## မိန်းမတို့၏အင်္ဂါဇာတ်အကျိုးအပြစ်

မိန်းမတို့၏ အင်္ဂါဇာတ်သည် သမင်ခွာကဲ့သို့ရှိမှုကား ယောကျ်ား အနာအဖျားများအံ့၊ အင်္ဂါဇာတ်ခုံ မညီမညွတ်ရှိမှုကား ယောကျ်ားဆင်းရဲရအံ့၊ ဘေးသင့်အံ့၊ အင်္ဂါဇာတ်မည်းမှုကား ယောကျ်ားသေအံ့၊ ရှောင်ကြဉ်လေ။

### ပဒုမ္မနီမိန်းမ

လည်၌ ခရုသင်းကဲ့သို့ အရေးရှိ၍ ပြေပြစ်သောအဆင်းရှိသော သားမြတ် မတိုမရှည် ငါးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော် ကောင်း၏၊ ငှက်၏သွားခြင်းကဲ့သို့ တင့်တယ်သော ဟန်ပန်ကို ဆောင်၍သွားသော်၊ ဆင်၏ ကြည့်ခြင်းကဲ့သို့ ကြည့်သော်၊ ကရဝိက်ငှက်သံကဲ့သို့ အသံသာယာသော်၊ ပြေပြစ်ချောမောသောစကားကို ဆိုတတ်သော်၊ လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော်၊ အဆန်းတကြယ် စီရင်တတ်သော်၊ လင်၏အလိုခပ်သိမ်းကိစ္စတို့ကို ပြီးစေတတ်သော်၊ အမှတ်မရှိသော ကျေးဇူးလက္ခဏာနှင့် ပြည့်စုံသောအဆင်းရှိသော်၊ ခါးသေးရင်ကျယ် ငယ်သောဝမ်းလည်းရှိသော် ဤသို့သောလက္ခဏာနှင့် ပြည့်စုံသော မိန်းမသည် ပဒုမ္မနီမည်၏။ ထိုမိန်းမသည် လင်၏ကျင့်ဝတ်၊ လင်၏အသရေကို ဆောင်ပေတတ်၏။ စည်းစိမ်ချမ်းသာ ကျေးဇူးအကျော်အစော တိုးပွားစေတတ်၏။

### သင်္ခရနီမိန်းမ

လက်ချောင်းကြီး၍ မျက်နှာထူသော်၊ လည်တိုသော်၊ ရင်ကြားစေ့သော်၊ ဆံနီသော် ဤကဲ့သို့**သောမိန်း**မသည် သင်္ခရနီမိန်းမမည်၏။

### စိတ္တရနီမိန်းမ

လက်သည်း, ခြေသည်းတိုသော်၊ မြင်းခေါင်းတိုသော်၊ ရင်ကုန်းသော်၊ တင်ကျယ်သော်၊ ချက်နက်သော်၊ ဖမိုးမွေး လက်မွေးရှည်သော် ဤကဲ့သို့သောမိန်းမသည် စိတ္တရနီမိန်းမ မည်၏။

### ဟတ္ထနီမိန်းမ

ဝမ်းပျဉ်းကျသော်၊ ဦးခေါင်းကြီးသော်၊ သားမြက်ရှည်သော်၊ ဆံကောက်သော်၊ မေးကြီးသော် ဤကဲ့သို့သောမိန်းမသည် ဟတ္ထနီမိန်းမမည်၏။

### မိန်းမတို့၏တန်ဖိုး

၁။ ပဒုမ္မနီမိန်းမတို့သည် - တစ်သိန်းတန်၏။
၂။ သခ်ရနီမိန်းမတို့သည် - တစ်သောင်းတန်၏။
၃။ စိတ္တရနီမိန်းမတို့သည် - တစ်ထောင်တန်၏။
၄။ ဟတ္ထနီမိန်းမတို့သည် - တစ်ရာတန်၏။

ဤကား အမြတ်တို့ကို ဆိုလိုသည်။ ရှေ့ဆိုလတ္တံ့သော ယောက်ျားတို့နှင့် ယှဉ်ဟန်ကား -။

### ယောက်ျားတို့နှင့် ယှဉ်ဟန်

၁။ ပဒုမ္မနီမိန်းမသည် - သသံတောက်ျားတို့နှင့် ယှဉ်ရာ၏။
၂။ သခ်ရနီမိန်းမသည် - ဇြဟ္မဏယောက်ျားတို့နှင့် ယှဉ်ရာ၏။
၃။ စိတ္တရနီမိန်းမသည် - အသွာယောက်ျားတို့နှင့် ယှဉ်ရာ၏။
၄။ ဟတ္ထနီမိန်းမသည် - အသွာယောက်ျားတို့နှင့် ယှဉ်ရာ၏။

### မိန်းမမြတ်တို့၏လက္ခဏာ

မိန်းမတို့သည် တပ်ခြင်း၊ တွေ့ခြင်း၊ ယားယံခြင်း၊ ခြေလက် ဆုပ်နယ်ခြင်း၊ ထိခြင်း၊ လုံ့လပြုခြင်း၊ တုန်လှုပ်ခြင်း၊ အရောင်





အဆင်းကိုဆောင်ခြင်း၊ ယောက်ျားတို့အား နှစ်သက်ဖွယ်ကို ပြုခြင်း၊ အရောက်စွကို ကောင်းစွာဆောင်ခြင်း၊ လင်၏အလိုသို့ ပြုသင့်သောအရာ၌မပျင်းရိခြင်း၊ ပစ္စည်းဥစ္စာ၌ ကောင်းမွန်စွာ စောင့်ရှောက်ခြင်း၊ ။ဤကား မိန်းမကောင်းမတို့၏ လက္ခဏာ တည်း။

တိုင်ပင်ရန်ရှိသောအခါ အမတ်ကြီးကဲ့သို့ ဖြစ်စေ၊ အမှုကြီး ငယ်တို့ကို လုပ်ဆောင်သောအခါ ကျွန်မကဲ့သို့ဖြစ်စေ၊ စောင့် ရှောက်အံ့သောအခါ အထိန်းကဲ့သို့ဖြစ်စေ၊ အိပ်ရာဝင်သောအခါ ပြည့်တန်ဆာမကဲ့သို့ ဖြစ်စေ၊ ပြုအပ်သောအခါ ဆရာကဲ့သို့ ဖြစ်စေ။ ။ ဤကား မိန်းမမြတ်တို့၏ လက္ခဏာပေတည်း။

### ယောက်ျားတို့ သတိပြုရန်အခါ

အထူးသဖြင့် လူတို့သတိပြုရန်ကား လပြည့်-လကွယ် ရှစ်ရက်၊ လဆန်းတစ်ရက်၊ လဆုတ်ရှစ်ရက်၊ သကြံန်ကျသော နေ့ ဤဆိုခဲ့ပြီးသော နေ့တို့၌ မေထုန်မှိဝဲပေါင်းဖော်သူတို့ကား ဘေးသင့်အံ့။ ကျက်သရေယုတ်အံ့။

### အလိုရှိဟန်

အလိုရှိဟန်ကား အရပ်မြင့်သော မိန်းမသည် တစ်ညဉ့်လျှင် နှစ်ဆယ့်ငါးကြိမ် အလိုရှိ၏။ အရပ်ပုသောမိန်းမသည် ခုနစ်ကြိမ် အလိုရှိ၏။ ချက်နက်သောမိန်းမသည် ခုနစ်ကြိမ်အလိုရှိ၏။ အသားနီသောမိန်းမသည် နှစ်ဆယ့်ငါးကြိမ်အလိုရှိ၏။ အကြော ရှည်သော မိန်းမသည် အကြိမ်နှစ်ဆယ်အလိုရှိ၏။ ကျုံ့သော မိန်းမသည် တစ်ကြိမ်အလိုရှိ၏။ ဆူသောမိန်းမသည် အကြိမ် နှစ်ဆယ်အလိုရှိ၏။ ဖြူသောမိန်းမသည် တစ်ဆယ့်ခုနစ်ကြိမ်

အလိုရှိ၏။ သားမြတ်ရှည်သောမိန်းမသည် နှစ်ဆယ့်လေးကြိမ် အလိုရှိ၏၊ သားမြတ်ရှေ့သောမိန်းမသည် တစ်ကြိမ်အလိုရှိ၏။ ခါးစည်းတင်ကျယ် ငယ်သောဝမ်းရှိသောမိန်းသည် ကိုးကြိမ် အလိုရှိ၏။

ပဒုမ္မနီမိန်းမမျိုးကား ငါးကြိမ်သာအလိုရှိ၏၊ သင်္ခရနီမိန်းမမျိုးကား ခုနစ်ကြိမ်အလိုရှိ၏၊ စိတ္တရနီမိန်းမမျိုးကား ကိုးကြိမ်အလိုရှိ၏၊ ဟတ္တနီမိန်းမမျိုးကား တစ်ဆယ့်နှစ်ကြိမ်အလိုရှိ၏။

ပဒုမ္မနီမိန်းမမျိုးကား မျောက်, နွားတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ သင်္ခရနီမိန်းမတို့ကား မြောက်, ငှက်တို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ စိတ္တရနီမိန်းမမျိုးကား ကျား, မိကျောင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဟတ္တနီမိန်းမမျိုးကား ဆင်, မြင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။

ဤကား ခပ်သိမ်းကုန်သော မိန်းမတို့၏ ပေါင်းဖော်ရာ၌ နှစ်သက်သော အခြင်းအရာကို ပြခြင်းပင်တည်း။

**မိန်းမတို့၏သွားလက္ခဏာတစ်ပါး**

၁။ ပွင့်သစ်စ ခရသင်းကို ပိုင်းဖြတ်ထားသည့်ပမာ မကော၊ မကျဲ၊ မယိုင်၊ မခေါ၊ ချောမွေ့၊ ကြည်ညိုဖွယ်ရှိခြင်း သွားလက္ခဏာတစ်ပါး။

**မျက်စိလက္ခဏာ(၄)ပါး**

၁။ ကြာပန်းညိုရောင်နှင့်တူသော တချို့ပြာလဲ့လဲ့ညိုရောင်မျက်စိ တစ်ပါး။
၂။ မကျဉ်းမကျယ် တင့်တယ်လှပသော မျက်စိတစ်ပါး။
၃။ ပဒုမ္မာကြာရွက်လို ညိုစိမ်းသောမျက်စိတစ်ပါး။



၄။ သမင်မျက်လုံးနှင့်တူသော မျက်စိတစ်ပါး။

| | |
|---|---|
| ၁။ ခြေလက္ခဏာ | ၁၃ ပါး |
| ၂။ စိတ်လက္ခဏာ | ၆ ပါး |
| ၃။ အသံလက္ခဏာ | ၃ ပါး |
| ၄။ ကိုယ်လက္ခဏာ | ၁၆ ပါး |
| ၅။ လက်ဖဝါးလက္ခဏာ | ၉ ပါး |
| ၆။ မျက်နှာလက္ခဏာ | ၈ ပါး |
| ၇။ လည်ပင်းလက္ခဏာ | ၁ ပါး |
| ၈။ ဆံပင်လက္ခဏာ | ၃ ပါး |
| ၉။ သွားလက္ခဏာ | ၁ ပါး |
| ၁၀။ မျက်စိလက္ခဏာ | ၄ ပါး |

ဤကဲ့သို့ အကျဉ်းအားဖြင့် မိန်းမတို့၏ လက္ခဏာ (၆၄)ပါး ဖြစ်ပါသည်။

**ပဋိသန္ဓေ (၄)မျိုး**

၁။ ဇလာဗုဇမျိုး — အမိဝမ်းတွင်း သားအိမ်၌ ပဋိသန္ဓေ နေသည်။ လူ၊ မြင်း၊ ခွေး၊ နွား (နားရွက်ပါသော သတ္တဝါများ။)

၂။ အဏ္ဍဇမျိုး — အဥ၌ ပဋိသန္ဓေနေသည်။ (ကြက်၊ ဘဲ၊ ငှက် စသည် နားရွက်မပါသောသတ္တဝါများ။)

၃။ ဩပပါတိကမျိုး — ကိုယ်ထင်ရှား ပဋိသန္ဓေနေသည်။(ဗြဟ္မာ၊ နတ် စသည်များ။)

၄။ သံသေဒဇမျိုး အညိုဦး ပဋိသန္ဓေနေသည်။ (ဝေဠုဝတီ၊ ပဒုမ္မဒေဝီ၊ ပိုးလောက်လန်း စသည်များ။)

**မိန်းမတို့၏အပြစ် (၆)**

၁။ အလွန်အသားဖြူခြင်း၊
၂။ ။ မည်းခြင်း၊
၃။ ။ ပိန်ချုံးခြင်း၊
၄။ ။ ဆူဖြိုးခြင်း၊
၅။ ။ အရပ်မြင့်လွန်းခြင်း၊
၆။ ။ အရပ်နိမ့်လွန်းခြင်း။ (ပုက္ကဂင်တို)

**ခြေလက္ခဏာ (၁၃)ပါး**

၁။ ရတနာပန်းကောင်း၊
၂။ အိုင်ကြီးခုနစ်အိုင်၊
၃။ ဦးဆောင်ပန်း၊
၄။ ကျွန်းလေးကျွန်း၊
၅။ အရုံကွန်းငယ်ထောင်၊
၆။ ထမင်းပွဲ၊
၇။ နေဗိမာန်၊
၈။ လဗိမာန်၊
၉။ ကြယ်တာရာ၊
၁၀။ နွားသာမိ၊
၁၁။ ခြသေ့်မင်း၊
၁၂။ ငါးကြင်းပွတ်ခုံ၊
၁၃။ ဥပေါသထဆင်ဖြူ၊

**စိတ်လက္ခဏာ (၅)ပါး**

၁။ ဖြူစင်သောနှလုံးသားရှိခြင်းတစ်ပါး၊
၂။ ကောင်းသောအကျင့်သီလရှိခြင်းတစ်ပါး၊
၃။ စင်ကြယ်သောသီလအကျင့်ရှိခြင်းတစ်ပါး၊
၄။ ချစ်ခင်ခြင်းတစ်ပါး၊
၅။ ဖြောင့်မတ်တည်ကြည်ခြင်းတစ်ပါး။



**အသံလက္ခဏာ (၂)ပါး**

၁။ အဆိုအမိန့်သာယာသောအသံတစ်ပါး၊
၂။ ဥဩငှက်အသံနှင့်တူသောအသံတစ်ပါး။

**ကိုယ်လက္ခဏာ (၁၆)ပါး**

၁။ လက်ျာရစ်လည်သောချက်တစ်ပါး၊
၂။ လက်ယာရစ်လည်သောခြေတစ်ပါး၊
၃။ တက်သစ်စလရောင်နှင့်တူသောကိုယ်ရောင်တစ်ပါး၊
၄။ နက်သောချက်တစ်ပါး၊
၅။ ရွှေသောအဆင်းတစ်ပါး၊
၆။ သိမ်မွေ့သောအင်္ဂါတစ်ပါး၊
၇။ ရှည်သောလက်ရုံးတစ်ပါး၊
၈။ ဆင်မကဲ့သို့သွားခြင်းတစ်ပါး၊
၉။ ကြီးပြန့်သောသားမြတ်တစ်ပါး၊
၁၀။ သိမ်မွေ့သောခါးတစ်ပါး၊
၁၁။ သိမ်မွေ့သောအင်္ဂါရှိခြင်း၊
၁၂။ ဖွံ့ဖြိုးသောပေါင်တံရှိခြင်း၊
၁၃။ ကောင်းသောကိုယ်တစ်ပါး၊
၁၄။ လိပ်ကျောက်ကုန်းကဲ့သို့ အင်္ဂါရှိခြင်း၊
၁၅။ ကိုယ်မွေးနည်းခြင်းတစ်ပါး၊
၁၆၊ ကြာပန်းကဲ့သို့ မွှေးသောကိုယ်နံ့ရှိခြင်းတစ်ပါး။

**ဖဝါးလက္ခဏာ (၉)ပါး**

၁။ ခရုသင်းတစ်ပါး၊
၂။ စကြာရတနာတစ်ပါး၊

၃။ ထီးဝန်းတစ်ပါး၊
၄။ ချွန်းတောင်းတစ်ပါး၊
၅။ ပဒုမ္မာကြာမျိုးငါးပါးတစ်ပါး၊
၆။ လှံသဏ္ဍာန်တစ်ပါး၊
၇။ တုရိဏ်တိုင်သဏ္ဍာန်တစ်ပါး၊
၈။ နားတောင်းသဏ္ဍာန်တစ်ပါး၊
၉။ နဖူးပြင်၌ ပရမေသွ နတ်၏ တံကျင်သုံးချောင်းသဏ္ဍာန် ရှိခြင်းတစ်ပါး။

**မျက်နှာလက္ခဏာ (၇)ပါး**

၁။ ရှည်သောမျက်နှာတစ်ပါး၊
၂။ လပြည့်ဝန်းနှင့်တူခြင်းတစ်ပါး၊
၃။ ဖြိုးမောက်သောနှာတံတစ်ပါး၊
၄။ နီသောနှုတ်ခမ်းတစ်ပါး၊
၅။ သွတ္တိတမည်သောအရေးကဲ့သို့ နဖူး၌အရေးရှိခြင်းတစ်ပါး၊
၆။ ဝက်ခြံ၊ မှဲ့ကင်း၍စင်ကြယ်သော နဖူးပြင်၌ ဖြောင့်မတ်သော အရေးရှိခြင်းတစ်ပါး၊
၇။ နှာခေါင်းချွန်ခြင်းတစ်ပါး၊

**လည်ပင်းလက္ခဏာ (၁)ပါး**

၁။ လည်ပင်း၌ အရစ်သုံးသွယ်ရှိခြင်းတစ်ပါး၊

**ဆံပင်လက္ခဏာ (၃)ပါး**

၁။ ရှည်သောဆံပင်ရှိခြင်းတစ်ပါး၊
၂။ အဖျားကော့သောဆံပင်တစ်ပါး၊
၃။ သိမ်မွေ့သောဆံပင်တစ်ပါး၊



**မပေါင်းဖော်အပ်သောမိန်းမများ**

၁။ အနွယ်၌မာန်တက်သောမိန်းမ။
၂။ အဆင်း၌မာန်တက်သောမိန်းမ။
၃။ ဥစ္စာ၌မာန်တက်သောမိန်းမ။
၄။ ဥစ္စာ၌ လော်လီသောမိန်းမ။
၅။ ပွဲသဘင်၌ လော်လီသောမိန်းမ။
၆။ တန်ဆာဆင်ခြင်း၌ လော်လီသောမိန်းမ။
၇။ သေသောက်ကြူးသောမိန်းမ။
၈။ အခြားသောယောက်ျားများစွာနှင့် လော်လီဖောက်ပြားသော မိန်းမ။
၉။ လင်ကိုရန်တွေ့တတ်သောမိန်းမ။
၁၀။ အိမ်ထောင်ခမ်းနားကို မဆောင်သောမိန်းမ။
၁၁။ သူ့အိမ်သူ့ရာကို လှည့်လည်တတ်သောမိန်းမ။
၁၂။ လင်လာလျှင် ရတ်တရက်အိမ်သို့မဝင်နိုင်အောင် အိမ်တံခါး ပိတ်ထားသောမိန်းမ။
၁၃။ တခြားယောက်ျားတစ်ပါးနှင့် ရောနှော၍ နေတတ်သော မိန်းမ။

**ရှောင်ကြဉ်အပ်သောမိန်းမများ**

၁။ အရှင်နှင့်တူသောမိန်းမ။
၂။ ရန်သူနှင့်တူသောမိန်းမ။
၃။ မြုံသောမိန်းမ။
၄။ ခိုးသူနှင့်တူသောမိန်းမ။
၅။ နူနာရှိသောမိန်းမ။

၆။ သားယောကျ်ားမရသောမိန်းမ။
၇။ လင်ယောကျ်ားကို မချစ်သောမိန်းမ။
၈။ ကြော့ကြမ်းသော၊ ဟော့ရမ်းသောမိန်းမ။
၉။ သစ္စာမရှိသောမိန်းမ။
၁၀။ ဝန်တိုစဉ်းလဲသောမိန်းမ။
၁၁။ အကြောက်ကင်းသောမိန်းမ။
၁၂။ အရှက်ကင်းသောမိန်းမ။
၁၃။ ရန်ငြိုးဖွဲ့သောမိန်းမ။
၁၄။ ညစ်ပတ်တုတ်သောမိန်းမ။
၁၅။ ပျင်းရိသောမိန်းမ။

## ပဒုမ္မနီမိန်းမတို့၏ ကိုယ်အင်္ဂါလက္ခဏာ

၁။ အသားညက်၏။
၂။ လဝန်းနှင့်တူသောမျက်နှာရှိ၏။
၃။ ခြေဖဝါး–လက်ဖဝါး ပြည့်တင်း၏။
၄။ သွားအရောင်ဖြူစင်တောက်ပ၏။
၅။ ဆံပင်ကောင်း၏။
၆။ သားမြတ်ကြီး၏။
၇။ လည်ရေးသုံးသွယ်ရှိ၏။
၈။ အသံသာယာ၏။
၉။ ဟသ်ာ၏သွားခြင်းနှင့် တူသောသွားခြင်းရှိ၏။
၁၀။ လင်ယောကျ်ားကို ရိုသေ၏။
၁၁။ ဆရာ–မိဘနှင့် ပညာရှိသူတော်ကောင်းတို့ကို ရိုသေ၏။
၁၂။ အရှက်ကြီး၏။



၁၃။ မကောင်းမှုကိုမပြု၊ ကောင်းမှုကိုပြု၏။
၁၄။ ကြောက်တတ်၏။
၁၅။ ကိုယ်အရသာ ချိုစိမ့်၏။
၁၆။ ပဒုမ္မာကြာပန်းနှင့်တူသော ကိုယ်အနံ့ရှိ၏။
၁၇။ မာတင်္ဂမည်သော ဆင်၏ကြည့်ခြင်းကဲ့သို့ ကြည့်ခြင်းရှိ၏၊ အင်္ဂါဇာတ်ကား လိပ်၏ ကျောကုန်းသဏ္ဌာန်ရှိ၏၊ အပေါက်ကား ခြောက်သစ်ရှိ၏။ အဝန်းကား လက် တစ်ဆယ့်လေးသစ်ရှိ၏။ ချမ်းသောအခါနွေး၍ ပူသော အခါ အေးသောကိုယ်ရှိ၏။ ဤအကြောင်းအင်္ဂါရပ်တို့ သည်ကား ပဒုမ္မနီမိန်းမမြတ်တို့၏ လက္ခဏာတည်း။

## စိတ္တရနီမိန်းမတို့၏ ကိုယ်အင်္ဂါလက္ခဏာ

၁။ ဥပေါက်စနှင့်တူသောအသံရှိ၏။
၂။ ရယ်ရွှင်မြူးထူးခြင်းများ၏။
၃။ မိဘ–ဘိုးဘွား၊ ဆရာသမား–လင်ယောကျ်ားတို့ကို ရိုသေ ခုံမင်တတ်၏။
၄။ လိပ်၏သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။
၅။ အသားအရေပျော့ပျောင်း၏။
၆။ ကြာညိုပန်းနှင့်တူသော ကိုယ်အနံ့ရှိ၏၊
၇။ အင်္ဂါဇာတ်ကား ကြာရွက်ပုံသဏ္ဌာန်ရှိ၏။ အစောက်ကား လက်ဆယ်သစ်၊ အဝန်းကား တစ်ဆယ့်ခြောက်သစ်ရှိ၏

ဤအကြောင်းအရာ အင်္ဂါရပ်တို့ကား စိတ္တရနီ မိန်းမတို့၏ လက္ခဏာတည်း။

## သခ်ရနီမိန်းမတို့၏ ကိုယ်အင်္ဂါလက္ခဏာ

၁။ ရသေ့–ရဟန်းတို့ကို မြင်သောအခါ မက်မောတတ်၏။
၂။ ရာဂရမ္မက်ကြီး၏။
၃။ ဆံပင်ရှည်၏။
၄။ သားမြတ်တွဲလွဲမရှိ၊ သလဲသီးနှင့်တူ၏။
၅။ ကိုယ်ဟန်အမူအရာ အသွင်အပြင်လှပ၏။
၆။ ပျားရည်အနံ့ကဲ့သို့ ကိုယ်နံ့ရှိ၏။
၇။ မကောင်းသောအရသာကို စားတတ်၏။
၈။ လင်ယောက်ျား တစ်နေ့မရှိက စိတ်နှလုံး မသာမယာ ရှိတတ်၏။
၉။ ပန်း–နံ့သာ–အမွှေးအကြိုင်တို့ကို လွန်မင်းစွာ အလိုရှိ၏၊
၁၀။ ယစ်မ၏သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။
၁၁။ ခါးစင်း၍ရင်ကော့၏။
၁၂။ အင်္ဂါဇာတ်အနေအထားကား ခရုသင်းပုံသဏ္ဌာန်ရှိ၏။
၁၃။ အစောက်ကား တစ်ဆယ့်လေးသစ်၊ အဝန်းကား တစ်ဆယ့်ခြောက်သစ်ရှိ၏။

ဤအကြောင်းအရာ အင်္ဂါရပ်တို့ကား သခ်ရနီမိန်းမတို့၏ ကိုယ်အင်္ဂါလက္ခဏာတည်း။

## ဟတ္ထနီမိန်းမိတို့၏ ကိုယ်အင်္ဂါလက္ခဏာ

၁။ မြင့်သောတင်ပါးရှိ၏။
၂။ တင်ဆုံကြီး၏။
၃။ နှုတ်ခမ်းကြီး၏။
၄။ နားရွက်တို၏။



၅။ မျက်စိ လောက်စာလုံးကဲ့သို့ ဝန်း၏။
၆။ နှာခေါင်းကြီး၏။
၇။ ခါးကြီး၏။
၈။ အမျက်ဒေါသကြီး၏။
၉။ မြင်းခေါင်း–ခြေသလုံးကြီး၏။
၁၀။ ပေါင်ရင်းဖြိုး၏။
၁၁။ လက်ချောင်း–ခြေချောင်းတို၏။
၁၂။ ဖဝါးတို၏။
၁၃။ ဆင်မနှင့်တူသော သွားခြင်းရှိ၏။
၁၄။ လောဘရမ္မက်ကြီး၏။
၁၅။ ယောက်ျားနှင့်သာ မှိဝဲပေါင်းဖော်နေလို၏။
၁၆။ ယောက်ျားကို အသက်ကဲ့သို့ချစ်၏။
၁၇။ ယောက်ျားနှင့်အကြိမ်ပေါင်းများစွာ သံဝါသနှီးနှော ပေါင်းဖော်ရသော်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ ကြီးသော၊ ကြမ်းသော ယောက်ျားသဘောကို အလိုရှိ၏။
၁၈။ သားမြတ်ငယ်၏၊ ချက်ကြီး၏။
၁၉။ ကိုယ်အရသာငန်၏။
၂၀။ ကိုယ်အနံ့ကား ဆင်မုန်၏အနံ့ကဲ့သို့ရှိ၏။
၂၁။ ရမ္မက်စပ်ရှိန်းရှိန်းရှိ၏။
၂၂။ အင်္ဂါဇာတ်ကား ဆင်၏နားရွက်ကဲ့သို့ ရှိ၏။ အလွန်ကြီး၏။
၂၃။ အစောက် တစ်ဆယ့်ခြောက်သစ်၊ အဝန်းကား လက်သစ်နှစ်ဆယ်ရှိ၏။

ဤအကြောင်းအရာ အင်္ဂါရပ်တို့ကား ဟတ္ထနီမိန်းမတို့၏ ကိုယ်အင်္ဂါလက္ခဏာတည်း။

## မိန်းမတို့၏ အင်္ဂါပုံသဏ္ဌာန်အကျိုးအပြစ်

၁။ မိန်းမတို့၏အင်္ဂါသည် ဆင်ဦးကင်းကဲ့သို့ရှိမူ အကျိုးတစ်ထောင်ရှိအံ့၊ ဥစ္စာပစ္စည်းချမ်းသာအံ့။

၂။ မိန်းမတို့၏ အင်္ဂါသည် လဝန်းကဲ့သို့ရှိမူ အကျိုးခံစားရအံ့။

၃။ မိန်းမတို့၏အင်္ဂါသည် မြင်းခွာကဲ့သို့ရှိမူ ဆင်းရဲအံ့။

၄။ မိန်းမတို့၏အင်္ဂါသည်ကျီးနှုတ်သီးကဲ့သို့ရှိမူ လင်ယောကျ်ား များအံ့။

၅။ မိန်းမတို့၏အင်္ဂါသည် ညောင်ဗုဒ္ဓဟေကဲ့သို့ရှိမူ ရဟန်းလူထွက်မယားဖြစ်၏။ ပုဏ္ဏားမယားဖြစ်အံ့။

၆။ မိန်းမတို့၏ အင်္ဂါသည် ပိန္နဲရွက်ကဲ့သို့ရှိမူ ပညာရှိအံ့၊ ရွှေငွေပစ္စည်းဥစ္စာ ပေါများအံ့။

## မိန်းမမြတ်–မိန်းမယုတ်

၁။ အကြင်မိန်းမသည် ဆင်ဦးကင်းကဲ့သို့ အင်္ဂါဇာတ်ရှိမူ အမြတ်ဆုံးသော မိန်းမတည်း။

၂။ အကြင်မိန်းမသည် ညောင်ဗုဒ္ဓဟေကဲ့သို့ရှိမူ မိန်းမမြတ်တည်း။

၃။ အကြင်မိန်းမသည် ပညောင်ရွက်ကဲ့သို့ရှိမူ မိန်းမလတ်တည်း။

၄။ အကြင်မိန်းမသည် သရက်ရွက်ကဲ့သို့ အင်္ဂါဇာတ်ရှိမူ မိန်းမယုတ်တည်း။



## မိန်းမလက္ခဏာ

၁။ အကြင်မိန်းမသည် ခြေမွေး–လက်မွေးများသူ၊ မြင်းခေါင်းကဲ့သို့ရှိမူ၊ သလုံးမြင်းခေါင်းကြီးမူ၊ လက်ကတီးကြားမှ ချွေးနံ့များထွက်မူ၊ ရယ်ရွှင်ငိုကြွေးတတ်မူ၊ နှုတ်ခမ်းကျယ်မူ ဤမိန်းမမျိုးသည် လင်ယောကျ်ား၏ အတင်းဖျင်းကို ပြောတတ်၏။

၂။ အကြင်မိန်းမသည် အသူရာ၏ အသံကဲ့သို့ရှိမူ၊ သွားကြီးမူ ဤမိန်းမမျိုးသည် ဘီလူးနှင့်တူသော မိန်းမတည်း။ လင်ယောကျ်ားလည်း သေဆာတတ်၏။

၃။ အကြင်မိန်းမသည် လင်ယောကျ်ားကို ငြင်းခုံဘက်မပြုတတ်မူ၊ အမျိုးယုတ်လျက် မြတ်လေဟန်ရှိမူ၊ အသံကြီးမူ ဤမိန်းမမျိုးတို့ကို သား–တစ်ရာပင်ရှိသော်ငြားလည်း စွန့်ပစ်အပ်၏။

၄။ အကြင်မိန်းမသည် လက်ညှိုး–လက်မ စိမ်းမူ၊ သွားမြဲမူ၊ ခြေကား ပင်းသပဒါးကဲ့သို့ နီသောအဆင်းရှိမူ အကြီးအကဲ ဥက္ကဋ္ဌမယား ဖြစ်တတ်၏။

၅။ အကြင်မိန်းမသည် ထန်းသီးမှည့်၏ အညာရင်းကဲ့သို့ နီသောနှုတ်ခမ်းရှိမူ၊ မျက်နှာလပြည့်ဝန်းကဲ့သို့ရှိမူ ရွှင်ချစဖွယ်ငြိမ်သက်သော မိန်းမတည်း၊ လင်ယောကျ်ားကို ရှိသေတတ်အံ့၊ အိမ်ထောင်ပြုထိုက်၏။

၆။ အကြင်မိန်းမသည် ခြေမွေး–လက်မွေးများမူ မြင်းခေါင်းကြီးမူ၊ လက်ကတီးကြားမှ ချွေးနံ့ထွက်မူ၊ မျက်ရေခံမှဲ့ရှိမူ၊ နှုတ်ခမ်းကြီးမူ၊ ဝမ်းမွေးရောက်မူ၊ မျက်ခွောင်မွေး

မရှိ၊ မျက်စိကန်းသကဲ့သို့ရှိမှု၊ တင်ဆုံကြီးမှု ထိုမိန်းမမျိုးသည်လင်ယောကျ်ားကို သတ်သည်နှင့်တူ၏။

၇။ အကြင်မိန်းမသည် လက်ဖဝါးစကြာကဲ့သို့ရှိမှု၊ ဇလပ်ပန်းအရောင်ကဲ့သို့ရှိမှု၊ ညောင်ခေါင်းအရောင်ကဲ့သို့ရှိမှု ထိုမိန်းမကား မြတ်သောမိန်းမတည်း၊ အကြီးအကဲဥက္ကဋ္ဌမယား ဖြစ်တတ်၏။

၈။ အကြင်မိန်းမသည် သားမြတ်ကြီးမှု၊ သားမြတ်ကြားစိပ်မှု၊ လည်ကျယ်မှု၊ ရင်ကြားမှု၊ ကြာသွပ်အိုးကဲ့သို့ရှိမှု ထိုမိန်းမသည် စည်းစိမ်ကြီးသော လက္ခဏာတည်း။

၉။ အကြင်မိန်းမသည် လင်ယောကျ်ားကို ရိုသေမှု၊ ကိုယ်နှုတ်နှလုံး စောင့်ထိန်းမှု၊ ဂုဏ်ကြီးသူ အသက်ကြီးသူများကို ရိုသေမှု၊ ဥစ္စာပစ္စည်းကို စောင့်မှု ထိုမိန်းမမျိုးကို အိမ်ထောင်ပြုထိုက်လှ၏။

၁၀။ အကြင်မိန်းမသည် မျက်နှာအောက်သိုးရှိမှု၊ သူတစ်ပါးတို့ရှေ့ ရှုံ့ရှုံ့ရဲရဲ ငြူစူမှု၊ မျက်ဆံနီမှု၊ မျက်နှာထားဆိုးမှု၊ ခရီးသွားရာ လင်နှင့်သားသမီးကို ရင်တီးလက်ခတ် ရယ်ရွှင်ပြုတတ်၏။ လင်ယောကျ်ားမသိဘဲ ပစ္စည်းဥစ္စာခိုးယူတတ်၏။ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အသံကျယ်လောင်စွာ ပြောတတ်၏။ ကျီးမျက်နှာကဲ့သို့ချွန်မှု ထိုမိန်းမမျိုးသည် မကောင်း။ လင်ယောကျ်ားသေတတ်၏။ လူမုန်းများအံ့။ မကောင်း။ ရှောင်ကြဉ်ထိုက်၏။

၁၁။ အကြင်မိန်းမသည် အလုပ်မလုပ်ဘဲ ခြေလက်ပေါက်သော်၊ လက်ဆီ, ခြေဆီထွက်သော် ထိုမိန်းမျိုးသည် ချမ်းသာ၏။ အိမ်ရှင်မပြု၍ ပေါင်းဖော်ရာ၏။





၁၂။ အကြင်မိန်းမသည် သဘာဝအလျောက် နှုတ်ခမ်းနီမှု၊ မျက်စိညိုမှု၊ ရယ်လျှင် ရှုချစ်စဖွယ်ရှိမှု၊ စကားပြောဆိုရာတွင် နူးညံ့သိမ်မွေ့သာယာမှု၊ ကိုယ်ဝန်ရှိသော်လည်း ပြေပြစ်သောစကားကို ဆိုတတ်မှု လင်ယောကျ်ားကို ရိုသေတတ်၏။

၁၃။ အကြင်မိန်းမသည် သွားလာလျှင် ဝမ်းဘဲဟန်ကဲ့သို့ သွားမှု၊ ခြေသည်း၊ လက်သည်း ဒါန်းဖြင့်ဆိုးထားသကဲ့သို့ရှိမှု၊ ယောကျ်ားကို ပြကတေ့အတိုင်း ချစ်တတ်၏။ ဆောင်းလအခါ ကိုယ်ငွေ့နွေးနွေးရှိတတ်၏။ နွေလအခါ အေးသောကိုယ်ငွေ့ရှိတတ်၏။ ထိုမိန်းမမျိုးသည် ဘုန်းရှိသော မိန်းမမည်၏။

၁၄။ အကြင်မိန်းမသည် ပေါင်ကြီးမှု၊ လက်ရိုးတိုမှု၊ လက်ဖျားဖြောင့်ချွန်မှု၊ နှာခေါင်းရှည်မှု တဏှာအံ့ရသာကို တပ်မက်ခင်တွယ်၏။ ငိုယောင်ရယ်ယောင်များသော မိန်းမမျိုးတို့သည်ကား ဘီလူးမနှင့်တူ၏။ မကောင်း၊ ရှောင်ကြဉ်အပ်၏။

၁၅။ အကြင်မိန်းမသည် မျက်မှောင်နက်မှု စကားသာယာနာပျော်ဖွယ်ရှိ၏။ ထိုမိန်းမမျိုးကား ကောက်ကျစ်စဉ်းလဲတတ်၏။

၁၆။ အကြင်မိန်းမသည် သခွားသီးမှည့်ကဲ့သို့ အသားနီမှု၊ လင်ယောကျ်ားနှင့် ကွဲအံ့။ သားသမီးအကျိုး မခံစားရ၊ သားသမီးနှင့် ကွေကွင်း၍နေရတတ်၏။

၁၇။ အကြင်မိန်းမသည် နဖူးကျယ်မှု၊ မျက်စိမှေးမှု၊ နှာခေါင်းရင်စေ့မှု၊ ထိုမိန်းမမျိုး လင်ယောကျ်ားနှင့် မမြဲရှိတတ်၏။

၁၈။ အကြင်မိန်းမသည် နားရွက် ချွန်မြူ မျက်စိ ကျယ်မူ၊ လည်ချောင်း ရှည်မူ၊ နဖူးပြင်တိမ်မူ ထိုမိန်းမမျိုးကား လင်သုံးယောက်ယူတတ်၏။

၁၉။ အကြင်မိန်းမသည် ခြေတိုအံ့၊ ကျောကုန်းရှည်အံ့၊ ထိုမိန်းမမျိုးကား ချစ်သောလင်ယောကျ်ားကို ရတတ်၏။

၂၀။ အကြင်မိန်းမသည် ကိုယ်နေချိုင့်ချိုင့် ပါးပြင်ညိုညို ရှိတတ်မူကား ပစ္စည်းဥစ္စာနှင့် မပြတ်တတ်။

၂၁။ အကြင်မိန်းမသည် မှဲ့ရှင်ရှိမူ၊ အင်္ဂါဇာတ်၌ မှဲ့ရှင်ရှိမူ၊ နားရင်း၌ နားရိပ်ခိုမူ၊ ထိုမိန်းမမျိုးကား ကာမဂုဏ်ကြူး၍ လျှပ်ပေါ်လော်လီတတ်သည်။ သူ့လင်သားကို ဖျက်ဆီးတတ်သည်။ ပရိယာယ်မာယာများတတ်သည်။ မြင်သမျှ ယောကျ်ားများကို တပ်မက်ခင်တွယ်တတ်သည်။ ထိုမိန်းမမျိုးကား မိန်းမယုတ်တည်း။

## နေ့အလိုက် မိန်းမတို့၏ ရာဂတည်ပုံ

| | | |
|---|---|---|
| ၁။ | တနင်္ဂနွေနေ့တွင် | –လည်ပင်း၌ ရာဂစိတ်တည်နေ၏။ |
| ၂။ | တနင်္လာနေ့တွင် | –သားမြတ်၌ ရာဂစိတ်တည်နေ၏။ |
| ၃။ | အင်္ဂါနေ့တွင် | –ချက်၌ ရာဂစိတ်တည်နေ၏။ |
| ၄။ | ဗုဒ္ဓဟူးနေ့တွင် | –အင်္ဂါဇာတ်၌ ရာဂစိတ်တည်နေ၏။ |
| ၅။ | ကြာသပတေးနေ့တွင် | –ကျော၌ ရာဂစိတ်တည်နေ၏။ |
| ၆။ | သောကြာနေ့တွင် | –ဆံပင်၌ ရာဂစိတ်တည်နေ၏။ |
| ၇။ | စနေနေ့တွင် | –လက်ဖျား၌ ရာဂစိတ်တည်နေ၏။ |



## ရက်အလိုက်မိန်းမတို့၏ ရာဂစိတ်တည်နေပုံ

| | | | | | |
|---|---|---|---|---|---|
| ၁။ | လဆန်း၁ | –ရက်နေ့တွင် | –ပါးပြင်၌ | ရာဂစိတ်တည်နေ၏ | |
| ၂။ | ။ | ၂ | ။ | –ထိပ်၌ | ။ |
| ၃။ | ။ | ၃ | ။ | –မျက်မှောင်၌ | ။ |
| ၄။ | ။ | ၄ | ။ | –မြင်းခေါင်း၌ | ။ |
| ၅။ | ။ | ၅ | ။ | –ပါးပြင်၌ | ။ |
| ၆။ | ။ | ၆ | ။ | –ချက်၌ | ။ |
| ၇။ | ။ | ၇ | ။ | –ခါး၌ | ။ |
| ၈။ | ။ | ၈ | ။ | –သားမြတ်၌ | ။ |
| ၉။ | ။ | ၉ | ။ | –အင်္ဂါကြီးငယ်၌ | ။ |
| ၁၀။ | ။ | ၁၀ | ။ | –နှုတ်ခမ်း၌ | ။ |
| ၁၁။ | ။ | ၁၁ | ။ | –ခါးစောင်း၌ | ။ |
| ၁၂။ | ။ | ၁၂ | ။ | –ကျော့မျက်စိ၌ | ။ |
| ၁၃။ | ။ | ၁၃ | ။ | –ပခုံး၊နား၌ | ။ |
| ၁၄။ | ။ | ၁ | ။ | –လည်ကုပ်၌ | ။ |
| ၁၅။ | ။ | ၁၅ | ။ | –လည်ပင်း၌ | ။ |

### လဆုတ်ရက်

| | | | | | |
|---|---|---|---|---|---|
| ၁။ | လဆုတ်၁ | –ရက်နေ့တွင် | –ထိပ်၌ | ရာဂစိတ်တည်နေ၏ | |
| ၂။ | ။ | ၂ | ။ | –လည်ကုပ်၌ | ။ |
| ၃။ | ။ | ၃ | ။ | –လက်ဝဲပခုံး၌ | ။ |
| ၄။ | ။ | ၄ | ။ | –ကျောကုန်း၌ | ။ |
| ၅။ | ။ | ၅ | ။ | –ခါးစောင်း၌ | ။ |
| ၆။ | ။ | ၆ | ။ | –သားမြတ်နှုတ်ခမ်း၌။ | |

| | | | |
|---|---|---|---|
| ၇။ | ။ ၇ | ။ | –လည်ပင်း၌ရာဂစိတ်တည်နေ၏။ |
| ၈။ | ။ ၈ | ။ | –ရင်ညွန့်၌ ။ |
| ၉။ | ။ ၉ | ။ | –သားမြတ်နှင့်ခါး၌ ။ |
| ၁၀။ | ။ ၁၀ | ။ | –ပေါင်,ချက်၌ ။ |
| ၁၁။ | ။ ၁၁ | ။ | –ဆီးစပ်၌ ။ |
| ၁၂။ | ။ ၁၂ | ။ | –မြင်းခေါင်း၌ ။ |
| ၁၃။ | ။ ၁၃ | ။ | –ချက်,တင်ပါး,ခါး၌ ။ |
| ၁၄။ | ။ ၁၄ | ။ | –ခြေမျက်စိ၌ ။ |

ထိုကဲ့သို့ပြဆိုခဲ့သော အရပ်ဌာနတို့ကို မှတ်သား၍ သုံးသပ်သည်ရှိသော် မိန်းမများ အထူးပင် ချစ်ကြိုက်တတ်လေသည်။

## မိန်းမတို့၏ မာယာလေးဆယ်

၁။ ဟန်မူရာလုပ်၍ ကျောကုန်းသားကိုလှစ်၍ပြခြင်း။
၂။ ရှက်လေဟန်ပြု၍ ဝတ်စားတန်ဆာကို ဖုံးလွှမ်းခြင်း။
၃။ ယောက်ျား၏စိတ်သည် မိမိသို့ညွှတ်တိမ်းအောင်ပြခြင်း။
၄။ လက်သည်းခြေသည်း ရေးခြစ်ခြင်း။
၅။ စမ္ပါယ်ခြင်းကို ပြခြင်း။
၆။ မိမိ၏သားသမီး သူတစ်ပါး၏သားသမီးတို့ကို မြှောက်ပင့်စေခြင်း။
၇။ ခြေဖြင့် ခြေကို နင်းခြင်း။
၈။ မိမိသားသမီး သူတစ်ပါးတို့၏ သားသမီးကို ချီစေခြင်း။
၉။ သစ်သား လုံတံဖြင့် မြေကို ရေးခြစ်ခြင်း။
၁၀။ သူတစ်ပါးကို စားစေခြင်း၊ မိမိကိုယ်ကို စားခြင်း။



၁၁။ မိမိသားသမီး၊ သူတစ်ပါးတို့၏သားသမီးတို့ကို ကစားစေခြင်း။
၁၂။ သားသူငယ်ကို နမ်းစေခြင်း၊ နမ်းခြင်း။
၁၃။ ကျယ်လောင်သောအသံဖြင့် ပြောကိုခြင်း။
၁၄။ တီးတိုး–တီးတိုးပြောဆိုခြင်း။
၁၅။ နိမိတ်အင်္ဂါကိုပြခြင်း။
၁၆။ တစ်စုံတစ်ခုသော အရာဝတ္ထုကို ကလေးသူငယ်အားတောင်းခြင်း။
၁၇။ ကလေးသူငယ်ကပြုလုပ်သည်ကို ပုံတူ–အတူပြုလုပ်ခြင်း။
၁၈။ ထင်ထင်ရှားရှားပြောဆိုခြင်း။
၁၉။ တေးသီချင်းသီဆိုခြင်း။
၂၀။ ကခုန်ခြင်း။
၂၁။ တီးမှုတ်ခြင်း။
၂၂။ တန်ဆာဆင်ခြင်း။
၂၃။ စမ္ပါယ်ခြင်း။
၂၄။ မျက်စောင်းထိုး၍ ကြည့်ရှုခြင်း။
၂၅။ ခါးကိုလှုပ်ယမ်းပြခြင်း။
၂၆။ ပြင်းစွာဟစ်၍ငိုခြင်း။
၂၇။ လျှို့ဝှက်သောအင်္ဂါကို လှုပ်ပြခြင်း။
၂၈။ ပေါင်ကိုပုတ်၍ပြခြင်း။
၂၉။ ပေါင်တံကိုဖွင့်လှစ်၍ပြခြင်း။
၃၀။ လက်ကတီးကိုပြသခြင်း။
၃၁။ သားမြတ်ကိုပြသခြင်း။

၃၂။ မျက်စိကိုမှိတ်၍,မှိတ်၍ပြခြင်း။
၃၃။ မျက်စောင်းကိုချီ၍ပြခြင်း။
၃၄။ ချက်ကိုပြသခြင်း။
၃၅။ လျှာကိုထုတ်၍ပြသခြင်း။
၃၆။ ဆံထုံးကိုဖြေ၍ပြသခြင်း။
၃၇။ နှုတ်ခမ်းကိုကိုက်၍ပြသခြင်း။
၃၈။ အဝတ်ကိုချွတ်၍ပြသခြင်း။
၃၉။ ဆံထုံးကိုထုံး၍ပြသခြင်း။
၄၀။ မျက်စပင့်၍ပြသခြင်း။

**မိန်းမကောင်းတို့ကျင့်ဝတ်**

၁။ လင်ကို ရိုသေကိုးစားသောအာရုံရှိခြင်း။
၂။ မိမိလင်ယောကျ်ားမှတစ်ပါး အခြား ယောကျ်ားတို့နှင့် ရောနှောမနေခြင်း။
၃။ အမှုအကြောင်းအရာတို့ကို ဝေဖန်ပိုင်းခြားရာ၌လိမ္မာခြင်း။
၄။ ခပ်သိမ်းသောအလုပ်ကိစ္စတို့ကိုပြုလုပ်ရာ၌ လုံ့လဝီရိယ ရှိခြင်း။
၅။ လင်ယောကျ်ားရှာဖွေ၍ရသောပစ္စည်းဥစ္စာတို့ကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းခြင်း။
၆။ လင်ယောကျ်ားနောက်မှအိပ်ခြင်း။
၇။ လင်ယောကျ်ားအိပ်ရာမှမနိုးမီ ဦးစွာအလျင်ထခြင်း။

**မိန်းမတို့ပျက်စီးခြင်းအကြောင်း(၂၅)ပါး**

၁။ လင်ယောကျ်ားကို အရပ်တစ်ပါးသို့ သွားစေခြင်း။
၂။ လင်ယောကျ်ား အရပ်တစ်ပါးသို့ သွားရာ အောက်မေ့ တမ်းတမှု မရှိခြင်း။



၃။ လင်ယောကျ်ား အရပ်တစ်ပါးမှပြန်၍ရောက်က ဝမ်းမြောက်မှု မရှိခြင်း။
၄။ မကောင်းမှုဒုစရိုက်ကို ပြုလုပ်လို၍ လင်ယောကျ်ား အရပ်တစ်ပါးသို့သွားသည်ကို ချီးမွမ်းခြင်း။
၅။ လင်ယောကျ်ား ကျေးဇူးမဲ့ကို ပြောဆိုခြင်း။
၆။ လင်ယောကျ်ား၏ကျေးဇူးကို ထိမ်ဝှက်ဖုံးကွယ်ထားခြင်း။
၇။ လင်ယောကျ်ားနှင့်မဆိုင်သည့် အလုပ်ကိစ္စကိုပြုလုပ်ခြင်း။
၈။ လင်ယောကျ်ား၏ အကျိုးကို မပြုလုပ်ခြင်း။
၉။ လင်ယောကျ်ားအမှုကိစ္စကို မပြုလုပ်ခြင်း။
၁၀။ လင်ယောကျ်ားအံ့လိုရှိသောအခါ မရနိုင်ရန် အဝတ်ကို မြဲမြံစွာဝတ်၍ အိပ်ခြင်း။
၁၁။ လူးလှိမ့်အိပ်ခြင်း။
၁၂။ အခြားတစ်ဖက်သို့မျက်နှာလှည့်၍အိပ်ခြင်း။
၁၃။ လင်ယောကျ်ား၏ ရာဂစိတ်ကို ဖျက်ဆီးခြင်း။
၁၄။ အသက်ပြင်းပြင်းရှူခြင်း။
၁၅။ ကျောအောင့်သည်, ရင်နာသည်ဟူ၍ ဟန်ဆောင်ခြင်း။
၁၆။ လင်ယောကျ်ားနှင့် ဆန့်ကျင်၍ပြုမူနေထိုင်ခြင်း။
၁၇။ ကျင်ကြီး,ကျင်ငယ်စွန့်ဟန်ဆောင်၍ ဆိတ်ကွယ်ရာသို့ သွားခြင်း။
၁၈။ လင်ယူခဲ့သောပစ္စည်းဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိခြင်း။
၁၉။ လင်ယောကျ်ားတို့၏ အသံကိုကြားလျှင် နားစွင့်၍ ဂရု တစိုက် နားထောင်ခြင်း။

၂၀။ သူတစ်ပါးတို့အား ခြေသလုံးသားတို့ကို ဖော်ပြခြင်း။
၂၁။ တခြားတစ်ပါးသော ယောကျ်ားတို့နှင့် နီးနှောယှက်တင် နေထိုင်ခြင်း။
၂၂။ ရိုသေမှုဂါရ၀တရား ကင်းမဲ့ခြင်း။
၂၃။ လမ်းခရီး၌ ငေးမော၍နေထိုင်ခြင်း။
၂၄။ အရပ်တစ်ပါးသို့ မျှော်ကြည့်၍နေထိုင်ခြင်း။
၂၅။ တံခါးကိုပိတ်၍ထားတတ်ခြင်း။

**မိန်းမတို့ခံစားရသော ဆင်းရဲခြင်းအကြောင်းတရား(၅)ပါး**

၁။ ထိမ်းမြားလက်ထပ်ပြီးလျှင် လင်ယောကျ်ားအိမ်သို့ လိုက်ရခြင်း။
၂။ ဥတုရာသီသွေးလာခြင်း။
၃။ ကိုယ်၀န်ဆောင်ရခြင်း။
၄။ သားဖွားရခြင်း။
၅။ လင်ယောကျ်ားကို လုပ်ကျွေးပြုစုရခြင်း။

**မိန်းမတို့၏အရွယ်**

၁။ ဂေါရီ (၈–နှစ်အရွယ်သမီး)
၂။ ကညာ (၁၀–နှစ်အရွယ်သမီး)
၃။ ကုမ္မာရီ (၁၂–နှစ်အရွယ်သမီး)

**မိန်းမတို့၏ ကြန်အင်လက္ခဏာ**

၁။ အမျိုးသမီးတို့၏ လက်၀ါးပြင်၌ နားတောင်းသဏ္ဌာန် ချွန်းတောင်သဏ္ဌာန် တည်ရှိခြင်းရှိမူ အကြီးအကဲ ဥက္ကဋ္ဌ မယားဖြစ်၍ သားကောင်းရတနာတို့ကို ဖွားမြင်တတ်ခြင်း။



၂။ အမျိုးသမီးတို့၏ မျက်စိသည် ကြာညိုကဲ့သို့ရှိမူ၊ ဆံပင်လည်းကောင်းမူ၊ ချက်လည်း လက်ယာရစ်လည်မူ ထို အမျိုးသမီးသည် မိဘ–လင်သားတို့အား ချမ်းသာသုခ ပွားစေတတ်၏။
၃။ အမျိုးသမီး၏ လက်၀ါးပြင်တွင် တံခါးတိုက်ပုံသဏ္ဌာန် ကဲ့သို့ အရေးအကြောင်းရှိမူ အိမ်စေဖြစ်စေကာမူ ထင်ရှားကျော်စောသော ဂုဏ်သရေရှိသော ယောကျ်ားနှင့်ရထိုက်၏။
၄။ အမျိုးသမီးသည် တင့်တယ်သိမ်မွေ့သော ဣန္ဒြေရှိမူ၊ ဟင်္သာငှက်မင်း အသံကဲ့သို့ သာယာသောအသံရှိမူ ထိုမိန်းမမျိုးသည် ရန်သူအပေါင်းကို အောင်မြင်ရာ၏။
၅။ အမျိုးသမီး၏ ဦးထိပ်ပြင်၌ လက်ယာရစ်လည်ပတ်သော ဖွေရှိမူ ထိုမိန်းမသည် မြင့်မြတ်သောအကြီးအကဲဖြစ်ထိုက်သော သားကောင်းရတနာကို ဖွားတတ်၏။
၆။ အကြင်မိန်းမသည် ဆင်ခြင်မြော်မြင်မှုရှိခြင်း၊ သားမြတ်ရှည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ အပြောအဆိုသာယာခြင်း၊ ချစ်ခင်တတ်ခြင်း စသည်တို့နှင့် ပြည့်စုံမူ အကြီးအကဲ၏ဇနီးမယားမျိုး ဖြစ်တတ်၏။
၇။ အကြင်မိန်းမသည် မျက်နှာသေးသွယ်၍ ရှည်ခြင်း၊ သေးကွေးသော အင်္ဂါရှိခြင်း၊ လက်တံရှည်ခြင်း၊ ဆံပင်ရှည်ခြင်း စသည်တို့နှင့် ပြည့်စုံမူ ထိုမိန်းမသည် အဆွေခင်ပွန်း လင်နှင့်သား သမီးတို့ထက် အသက်ရှည်တတ်၏။
၈။ အကြင်မိန်းမ၏ နဖူးပြင်တွင် သွတ္တိကအင်းနှင့်တူသော အရေးအကြောင်းရှိမူ ချမ်းသာမှုကို အမြဲတစေ ပွားများစေတတ်၏။

၉။ အကြင်မိန်းမသည နဖူးပြင်၌ မရှည်,မတို အရေးသုံးချောင်း ရှိမူ ထိုမိန်းမသည် **အနာ**ရောဂါများတတ်၏။

၁၀။ အကြင်မိန်းမ၏ နဖူးပြင်၌ ပွေး,ညှင်း,ဝက်ခြံ စသည် ကင်း၍ ဖြောင့်တန်းလျက် တစ်ကြောင်းတည်းအရေးရှိမူ အသက်ရှည်အံ့။

၁၁။ အကြင်မိန်းမသည် ခိုမျက်စိကဲ့သို့ ရှိအံ့၊ ကြမ်းတမ်းသော မျက်စိရှိအံ့၊ မြင်းခေါင်းလည်းကြီးအံ့၊ မကောင်းသော အကျင့်အကြံရှိအံ့၊ ထိုမိန်းမမျိုးသည် လင်ကို ဒုက္ခပေးတတ်၏။

၁၂။ အကြင်မိန်းမ၌ လက်သူကြွယ်နှင့်ညီမျှသော လက်ညှိုး လက်မ ရှိငြားအံ့၊ လင်သုံးယောက် သေ၍ မုဆိုးမဖြစ်တတ်၏။

၁၃။ ဆင်၏လက်ကဲ့သို့ လက်တံရှိသော မိန်းမ၊ လိပ်ကဲ့သို့ ကျောကုန်းရှိသော မိန်းမ၊ နှာသီးဖြားချွန်သော မိန်းမ၊ နှာခေါင်းကျယ်ပြန့်သော မိန်းမ၊ ပဒုမ္မာကြာပန်းကဲ့သို့ အနံ့ ရှိသော မိန်းမ၊ ၎င်းအင်္ဂါတို့နှင့်ပြည့်စုံသော မိန်းမ ငါးဦး တို့သည် ဘုန်းကျက်သရေကို ဆောင်နိုင်သော မိန်းမမျိုး များ ဖြစ်သည်။

၁၄။ ဦးထိပ်ဆံပင်အဖျားသည် စွန်မြီးကဲ့သို့ ခွသောမိန်းမကို လင်ယောကျ်ား ပစ်ပယ်ခြင်း၊ စွန့်ပစ်ခြင်း ခံရတတ်၏။

၁၅။ အကြင်မိန်းမတို့သည် နလုံးနူးညံ့၊ ပျော့ပျောင်းသောဆံပင် ရှိ၏၊ ညိုမောင်းသောဆံပင်ရှိ၏၊ လုပတင့်တယ်သော မျက်နှာရှိ၏၊ မျက်ခုံးနှစ်ဖက် လုပတင့်တယ်၏၊ ခါးစောင်း



နှစ်ဖက်သည် ပြေပြစ်လှပ၏၊ ထိုမိန်းမမျိုးသည် စီးပွား ချမ်းသာကို ပေးတတ်၏။

၁၆။ အကြင်မိန်းမသည် ကြီးထွားသော သားမြတ် အောက်တွဲလွဲ ကျပြီးမှ အပေါ်သို့ ကော့၍တက်သော် လင်သေဆုံးတတ်သည်။

၁၇။ အကြင်မိန်းမ၏ လက်ဝဲလက်မောင်း၌ လည်းကောင်း၊ သားမြတ်၌ လည်းကောင်း၊ လည်ပင်း၌ လည်းကောင်း၊ နားရွက်၌ လည်းကောင်း မှဲ့ရှိမူ ထိုမိန်းမမျိုးသည် ချမ်းသာ သုခကိုပေးတတ်၏။

အပိုင်း(၉)

# ပုရိသလက္ခဏာကျမ်း

## ယောကျ်ားတို့လက္ခဏာ

ပဥ္စဒီဃာ စတုရဿ၊ သတ္တုရုတ္တာ ဆဥန္နတာ။
ပဥ္စသုခုမာ ဒွေဂမ္ဘီရာ၊ တြိတုလာ ကထိယတေ။

ပဥ္စဒီဃာ၊ ရှည်ခြင်းငါးပါး၊ စတုရဿ၊ တိုခြင်းလေးပါး၊ သတ္တရုတ္တာ၊ နီခြင်းခုနစ်ပါး၊ ဆဥန္နတာ၊ မြောက်ခြင်းခြောက်ပါး၊ ပဥ္စသုခုမာ၊ ပြေပြစ်နူးညံ့ခြင်း ငါးပါး၊ ဒွေဂမ္ဘီရာ၊ နက်ခြင်း နှစ်ပါး၊ တြိတုလာ၊ တူခြင်းသုံးပါး၊ ဣတိ၊ ဤသို့၊ လက္ခဏံ၊ ယောကျ်ားတို့၏ လက္ခဏာကို၊ အာစရိယေန၊ လက္ခဏာကျမ်း၌ တတ်ကျွမ်းလိမ္မာသောဆရာသည်၊ ကထီယတေ၊ ဆိုအပ်၏။

## ယောကျ်ားတို့၏လက္ခဏာ(၄)မျိုး

တစ်နည်း-ပုရိသလက္ခဏာလေးမျိုးရှိပြန်၏။ လေးမျိုး ဟူသည်ကား-

၁။ သာယောကျ်ားလည်းတစ်မျိုး။

၂။ ဗြာဟ္မဏယောကျ်ားလည်းတစ်မျိုး။

၃။ မိဿယောကျ်ားလည်းတစ်မျိုး။

၄။ အသွာယောကျ်ားလည်းတစ်မျိုး။

## သသယောကျ်ားလက္ခဏာ

ဤသို့အားဖြင့် လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် သသ ယောကျ်ား လက္ခဏာကား၊ အနံ့အဆင်းသည် ပန်းနံ့ ရေနံ့ ကဲ့သို့ရှိ၏။ အသားနီ၏။ လက်ဖဝါးခြေဖဝါးနူးညံ့၏။ လက်ညှိုး



ရှည်၏။ သလုံးသားလုံး၏။ မျက်မှောင်နက်၏။ မေးကြီး၏။ ရင်ဘတ်ကျယ်၏။ ခါးသေး၏။ ကိုယ်မွေး တခြားစီရောက်၏။ အရသာဆိမ့်၏။ လိင်ငါးသစ်ရှိ၏။ ဤကား၊ သသယောကျ်ား၏ လက္ခဏာတည်း။

## ဗြာဟ္မဏယောကျ်ားလက္ခဏာ

ဗြာဟ္မဏယောကျ်ာ လက္ခဏာကား ရေတ်အနံ့ကဲ့သို့ရှိ၏။ အသားဖြူ၏။ မျက်နှာကြီး၏။ လက်ရုံးကြီး၏။ အရသာ ချဉ်၏။ လိင်ခြောက်သစ်ရှိ၏။ ဗြာဟ္မဏယောကျ်ား၏ လက္ခဏာ တည်း။

## မိဿယောကျ်ားလက္ခဏာ

မိဿယောကျ်ား၏လက္ခဏာကား အနံ့ကျင်ငယ်ကဲ့သို့ရှိ၏။ အဆင်းစွေ၏။ နှာခေါင်းရှည်၏။ ဖြိုးသောလက်ရုံးလည်းရှိ၏။ အရသာဖန်၏။ လိင်ကိုးသစ်ရှိ၏။ ဤကားမိဿယောကျ်ား၏ လက္ခဏာတည်း။

## အသွာယောကျ်ားလက္ခဏာ

အသွာယောကျ်ား၏ လက္ခဏာကား ငါး၏အနံ့ကဲ့သို့ရှိ၏။ အဆင်းမည်း လည်တို၏။ ရင်တွင်အကြောပြိုင်းပြိုင်းထ၏။ အရသာခါး၏။ လိင်ဆယ်သစ်ရှိ၏။ ဤကား အသွာယောကျ်ား ၏ လက္ခဏာတည်း။

## ယောကျ်ားတို့၏ရှည်ခြင်း(၅)မျိုး

၁။ နှာခေါင်းရှည်ခြင်း။

၂။ ဦးခေါင်းရှည်ခြင်း။

၃။ မေးဖျားရှည်ခြင်း။

၄။ လျှာရှည်ခြင်း။
၅။ လက်ရုံးရှည်ခြင်း။

**ယောကျ်ားတို့၏ တိုခြင်း(၄)မျိုး**

၁။ လည်တိုင်တိုခြင်း။
၂။ အင်္ဂါဇာတ်တိုခြင်း။
၃။ မြင်းခေါင်းတိုခြင်း။
၄။ ကျောကုန်းတိုခြင်း။

**ယောကျ်ားတို့၏ ပြေပြစ်ခြင်း(၅)မျိုး**

၁။ စကားပြောဆိုရာ၌ နူးညံ့ပြေပြစ်ခြင်း။
၂။ ဆံပင်နူးညံ့ပြေပြစ်ခြင်း။
၃။ အသားအရေနူးညံ့ပြေပြစ်ခြင်း။
၄။ အသွားအလာနူးညံ့ပြေပြစ်ခြင်း။
၅။ နှုတ်ခမ်းလျှာနူးညံ့ပြေပြစ်ခြင်း။

**ယောကျ်ားတို့၏ မောက်ခြင်း(၆)မျိုး**

၁။ ရင်မောက်ခြင်း။
၂။ နဖူးမောက်ခြင်း။
၃။ ပခုံးမောက်ခြင်း။
၄။ လက်မောက်ခြင်း။
၅။ လည်ချောင်းမောက်ခြင်း။
၆။ ဖမိုးမောက်ခြင်း။

**ယောကျ်ားတို့၏ နီခြင်း(၇)မျိုး**

၁။ မျက်ဆံနီခြင်း။
၂။ နှုတ်ခမ်းနီခြင်း။



၃။ သွားဖုံးနီခြင်း။
၄။ လက်ဖဝါးနီခြင်း။
၅။ ခြေဆစ်လက်ဆစ်များနီခြင်း။
၆။ လျှာနီခြင်း။
၇။ အင်္ဂါဇာတ်အဖျားနီခြင်း။

**ယောကျ်ားတို့၏ သေးသွယ်ခြင်း(၅)မျိုး**

၁။ ခြေချောင်းသေးသွယ်ခြင်း။
၂။ လက်ချောင်းသေးသွယ်ခြင်း။
၃။ ဆံပင်ဆံလုံးသေးသွယ်ခြင်း။
၄။ တညီတညွတ်တည်း သွားတို့စီတန်းသေးသွယ်ခြင်း။
၅။ လက်သည်းခြေသည်းသေးသွယ်ခြင်း။

ဤအင်္ဂါလက္ခဏာတို့သည်ယောကျ်ားမြတ်တို့၏ လက္ခဏာဟူ၍ အဆိုရှိကြသည်။

**ယောကျ်ားတို့၏ ထူခြင်း(၃)မျိုး**

၁။ နားရွက်အဖျားထူခြင်း။
၂။ နားရွက်အသားထူခြင်း။
၃။ နားကင်းထူခြင်း။

**ယောကျ်ားတို့၏ နက်ခြင်း(၂)မျိုး**

၁။ အသံနက်ခြင်း။
၂။ ချက်နက်ခြင်း။

**ယောကျ်ားတို့၏ ကြီးခြင်း(၃)မျိုး**

၁။ ဦးခေါင်းကြီးခြင်း။
၂။ ပေါင်ကြီးခြင်း။
၃။ နဖူးပြင်ကြီးခြင်း။

## ယောက်ျားတို့၏အင်္ဂါလက္ခဏာ

၁။ ရှည်ခြင်း(၅)မျိုး။

၂။ တိုခြင်း(၄)မျိုး။

၃။ ပြေပြစ်ခြင်း(၅)မျိုး။

၄။ မောက်ခြင်း(၆)မျိုး။

၅။ နီခြင်း(၇)မျိုး။

၆။ ထူခြင်း(၃)မျိုး။

၇။ နက်ခြင်း(၂)မျိုး စသည့် ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံသောသူတို့သည် ယောက်ျားမြတ်တို့အင်္ဂါရပ်များဖြစ်ကြသည်။

## ကာမစပ်ယှက်ခြင်းနှင့်အချိန်အခါ

အကြင်ယောက်ျားသည် နေထွက်ဗဟိုရ် စပ်ယှက်မူ အနာရောဂါများအံ့၊ အသက်တိုအံ့။ နှစ်ဗဟိုရ် စပ်ယှက်မူ အသရေယုတ်လျော့အံ့။ နေလွဲတစ်ဗဟိုရ်၌ စပ်ယှက်မူ ကျက်သရေယုတ်ညံ့ခြင်း၊ အသက်တိုခြင်းဖြစ်အံ့။ နေလွဲနှစ်ဗဟိုရ် သုံးဗဟိုရ်အတွင်း၌ စပ်ယှက်မူ သင့်၏။

ညအခါ၌ ရေချိုးပြီး ပန်းနံ့သာလိမ်း၍ ပြက်ရယ်မှုပြုခြင်း၊ ဦးလည်ယှက်သွယ်ခြင်း၊ ကြည်ဆယ်သမှုပြုခြင်းငှာ အပ်၏။

ညဥ့်ဗဟိုရ်မှ သန်းခေါင်လွဲဗဟိုရ်အထိ အချိန်ကာလတို့သည် ကာမမြူးထူးသောအချိန်ဖြစ်သည်။

နံနက်မိုးသောက်ဗဟိုရ်တွင် အိပ်ကြရသည်။ အကယ်၍ အိပ်စက်မပျော်၍ သံဝါသမှုကိုပြုလုပ်လျှင် အသက်တို၍ အနာရောဂါများတတ်သည်ဟု အဆိုရှိတတ်သည်။



## ယောက်ျားတို့၏လိင်အကျိုးအပြစ်

၁။ ရှည်မူဆင်းရဲတတ်၏။

၂။ အလုံးကြီးမူ ပစ္စည်းဥစ္စာရှားတတ်၏။

၃။ သေးမူ ကျော်စောထင်ရှားအံ့။

၄။ အလုံးတိုမူ ဘုန်းတန်ခိုးကြီးအံ့။

## ရာသီဥတုနှင့်သံဝါသ

ဝါဆိုဝါခေါင်သည် ဝဿန်ဥတုဖြစ်၍ အေးတစ်ခါ ပူတစ်လှည့် ရှိ၏။ သိမ်မဥ၊ လက်ထုပ်၊ ပုံးညက်၊ ဆပ်သွားဖူးလေး စသည့် ပန်းပွင့်များ ပွင့်ကုန်၏။ အနောက်အရပ်မှ လေကျရောက်တတ်၏။ အသီး၊ အရွက်၊ အပွင့်၊ အမြစ် စသည်တို့ နူးညံ့သောကြောင့် အစွမ်းသတ္တိမရှိ။ ထို့ကြောင့် လေပျက်တတ်၏။ သည်းခြေငုပ်၏။ ဝမ်းမီးညံ့၏။ သန့်ရှင်းဖြူစင်သော အဝတ်တန်ဆာကိုဝတ်၍ အမွှေးအကြိုင် လိမ်းကျံပြီးလျှင် အစာကြေလွယ်သော အစားအစာများ စား၍ မိုးရေ မစိုစွတ်သော နေရာတွင် နေရမည်။

တော်သလင်းသီတင်းကျွတ်လသည် သရဒဥတုဖြစ်၍ မိုးကောင်းကင်၌ စင်ကြယ်သန့်ရှင်း အညစ်အကြေး ကင်းစင်၏။ ခေါင်ရန်း၊ ရင်းမာ၊ ပဒုမ္မာ၊ ကြာပဒုမ္မာ၊ ပိတောက် စသည့် ပန်းများပွင့်ကြကုန်၏။ အသီးအပွင့်အရွက်တို့သည် ဩဇာသတ္တိရှိကြ၏။ ချဥ်သောအရသာကို ရှောင်ပါ။ နေ့အခါ၌ မေထုန်မှီဝဲခြင်း အမှုကို မပြုအပ်။

တန်ဆောင်မုန်း၊ နတ်တော်လသည် ဟေမန္တဥတုဖြစ်၏။ ဆီးနှင်းများ၏။ အေး၏။ အပွင့်အရွက်အသီးတို့ အားရှိကုန်၏။

လူတို့လည်း အားရှိကုန်၏။ ဝမ်းမီးကောင်း၏။ ခါးသော ပူသော စပ်သော အရသာကို မစားရ။ မယ်ဇလီ၊ ခရား၊ ဇီးဖြူ၊ သစ်မဇ္ဈူ၊ ခတ္တာ၊ သဇင်၊ ဂမုံး စသည့်ပန်းများ ပွင့်ကုန်၏။ အကြော်နှင့် ကုဂ်မံ၊ ကရမက် စသည်တို့ကို ရေစပ်၍ လိမ်းကျံ ပြီးလျှင် မိန်းမနှင့်စပ်ယှက်ရာ၏။

ပြာသိုလသည် သီတဥတုဖြစ်၍ ဆီးနှင်းနည်း၏။ အေး၏။ သရက်၊ ခွာညို စသည့်ပန်းများ ပွင့်ကုန်၏။ ငလေပျက်၏။ သလိပ်ငုပ်၏။ ဝမ်းမီးကောင်း၏။ ပိတ်ချင်းသီး၊ ကျဲဇုသီး စသည်တို့ကို စားရမည်။ မိန်းမတို့နှင့် မေထုန်မှီဝဲခြင်းအမှုကို ပြုလုပ်နိုင်ကြမည်။

တပေါင်းလ၊ တန်ခူးလသည် ဥဏှဥတုဖြစ်၍ အနည်းငယ်ပူ၏။ သော်ကာ၊ သရဖီ၊ ပေါက်၊ ချရား စသည့်ပန်းတို့ပွင့်ကုန်၏။ သလိပ်ပျက်ကုန်၏။ အသီး၊ အရွက်၊ အမြစ်တို့ အားရှိ၏။ တက်သောအစာကို ရှောင်လေ။ ပျားရည် ကျဲဇုသီးတို့ကို သုံးဆောင်ကြသည်။ နုပျိုသော မိန်းမတို့နှင့် ဆက်ဆံပေါင်းသင်းရသည်။ နေ့အခါ၌ အိပ်စက်ခြင်းကို လုံးဝမပြုကြရ။

ကဆုန်လ၊ နယုန်လတို့သည် ဂိမ္ဟဥတုဖြစ်၍ နွယ်မြက်တို့ ပျက်စီး၍ စံပယ်ပန်းတို့ ပွင့်ကြ၏။ အလွန်လည်း ပူ၏။ အခါး၊ အစပ်၊ အရွက်၊ အသီးတို့ အားရှိ၏။ ကြံသကာနှင့် ကျဲဇုသီးကို စားပါ။ အဖျော်ရည်ကို သောက်ရာ၏။ နွားနို့ သောပတ်တို့ကို များများသောက်၊ နေ့အခါ၌ အိပ်ပါ။ ညအခါ လရောင်ရှိရာမှ အိပ်စက်ရာ၏။ မေထုန်မှီဝဲခြင်းကို ရှောင်ပါလေ။



အပိုင်း(၁၀)

# လောကကျမ်း

## ရှေးပညာရှိကြီးတို့၏ထုံးနည်း

၁။ ခေါင်းခဲသော် အခံမခက်လော၊ မန်ကျည်းမှည့်ကို ဆားနှင့် ဖျော်၍ ရှူသော် မပျောက်လော။

၂။ ရင်ဘတ်နာသော် အခံမခက်လော၊ ကောက်ညှင်းပေါင်းကို စား၍ ရေချိုးသော် မပျောက်လော။

၃။ ချောင်းဆိုးသော် အခံမခက်လော၊ လွှစာမှုန့်ကို ဟင်းခါးချက်သောက်သော် မပျောက်လော။

၄။ မျက်စိနာသော် အခံမခက်လော၊ နမ်းလှော်ကိုရှူသော် မပျောက်လော။

၅။ အနာပေါက်သော် အခံမခက်လော၊ ထန်းလျက်ကိုစားသော် မပျောက်လော။

၆။ ခွေးရူးကိုက်သော် မသေလော၊ အုန်းသီးစားသော် မပျောက်လော။

၇။ မြွေကိုက်သော် မသေလော၊ မီးစနှင့် ကိုက်ရာကို ထိုးသော် မပျောက်လော။

၈။ ဆုံဆို့နာပေါက်သော် မသေလော၊ သဘော်သီးကိုစားသော် မပျောက်လော။

၉။ နှာစေးသော် မခက်လော၊ ရေနံကိုရှူသော် မပျောက်လော။

၁၀။ အနာဝင်သော် မသေလော၊ ရေနံကို သုတ်သော် မပျောက်လော။

၁၁။ ခြေကျင်သော် မခက်လော၊ သံတူနှင့် နှက်သော် မပျောက်လော။

၁၂။ ကိုက်ခဲသော် မခက်လော၊ မြေနီလူးသော် မပျောက်လော။

၁၃။ အင်ပျဉ်ထသော် မယားလော၊ ချက်မှာ ဆားစုသော် မပျောက်လော။

၁၄။ လေချုပ်သော် မခက်လော၊ မောင်းကြည်မွေ့နှင့်နှက်သော် မပျောက်လော။

၁၅။ စား၍အရသာပျက်သော် မခက်လော၊ ပုစွန်ချဉ်စားသော် မပျောက်လော။

၁၆။ ကျောက်မထွက်သော် မခက်လော၊ ပဲနောက်ကိုရေချိုးသော် မပျောက်လော။

၁၇။ ကျောက်အားကြီးသော် မခက်လော၊ ထန်းငယ်လက်နှင့် ရိုက်သော် မပျောက်လော။

၁၈။ ကျောက်ကိုရွေ့စေလိုသော် မခက်လော၊ ကစောမြစ်ကို ဆန်ဆေးရေနှင့်သွေး၍ လိုရာကို သုတ်သော် မရွေ့လော။

၁၉။ ကျောက်ဝမ်းလိုက်သော် မသေလော၊ ခြေဖဝါးကို မီးကင်သော် မပျောက်လော။

၂၀။ ကင်းကိုက်သော် မနာလော၊ ကြေးဖလားကိုတီးသော် မပျောက်လော။

၂၁။ ကြမ်းပိုးကိုက်သော် မခက်လော၊ ဖွတ်ထမ်းတပိုးကို အိပ်ရာအောက်ထားသော် မပျောက်လော။

၂၂။ မိန်းမရာသီလွန်သော် မသေလော၊ ဆီးသီးကိုစား၍ ရေးချိုးသော် မပျောက်လော။



၃။ မိန်းမမီးမဖွားနိုင်သော် မခက်လော၊ ပေါက်ပန်းဖြူအကိုင်းသင့်ရာကို လက်ဝဲ–လက်ယာ ကိုင်စေသော် မဖွားလော။

၂၄။ ချွေးလျှားသီးထိ၍ ယားယံသော် မခက်လော၊ ဆီးဖြူသီးကို စားသော် မပျောက်လော။

၂၅။ ငါးရှူ–ငါးကျည်းစူးသော် မခက်လော၊ ဆီးဖြူသီးစားသော် မပျောက်လော။

၂၆။ မိန်းမတို့နို့မထွက်သော် မခက်လော၊ နွားသားနှင့်ချဉ်ပေါင်ရွက်နီကို ဟင်းခါးချက်၍ သောက်သော် မပျောက်လော။

၂၇။ မီးမဖွားနိုင်သော် မခက်လော၊ ပုစွန်လက်မကိုသွေး၍ သောက်သော် မပျောက်လော။

၂၈။ လိပ်ကျောက်ဆူးစူးသော် မသေလော။ အုန်းထမင်း ချက်စားသော် မပျောက်လော။

၂၉။ ရှားစောင်းစေး မျက်စိဝင်သော် မခက်လော၊ သဘော်စေ့ကို သွေး၍ ခတ်ပြီး အသီးကို စားသော် မပျောက်လော။

၃၀။ ဝမ်းကျ၍ကြွက်တက်သော် မသေလော၊ ရေနံကို ဆီရော၍ ခြေဖဝါးကိုသုတ်ကာ မီးကင်သော်မပျောက်လော။

၃၁။ ကျောက်ဝင်သော် မသေလော၊ အုန်းသီးကိုစားသော် မထွက်လော။

၃၂။ မိန်းမမီးဖွား၍ သားအိမ်သကျည်းလွဲသော် မသေလော ဖားပြုပ်ရျောက်ကို မီးဖုတ်၍ ခြေမှာသုတ်သော် မပျောက်လော။

၃၃။ ဒူလာအပူကြီး၍ ဆာလောင်သော် မခက်လော၊ ကျွဲသားနှင့် ချဉ်ပေါင်နီရွက်ကို ချက်၍ စားသော် မပျောက်လော

၃၄။ အူဝထွက်သော် မသေလော၊ ရှောက်သီးနှင့်ငှက်ပျောသီးကို လက်သုပ်လုပ်၍ စားသော် မပျောက်လော။

၃၅။ ဝမ်းတွင်း သံကောင်ရှိသော် မခက်လော၊ ဆေးဒန်းနှင့် မြင်းခွာသွေး၍ သောက်သော် မပျောက်လော။

၃၆။ ဝမ်းကိုက်သော် အခံမခက်လော၊ ထန်းလျက်နှင့်ဆားကို စားသော် မပျောက်လော။

၃၇။ သူငယ်ထုံးကိုစားမိသော် မငိုလော၊ ဒွါရကိုရေဆေးသော် မပျောက်လော။

၃၈။ ငရုတ်သီး မျက်စိကို ဝင်သော် မစပ်လော၊ ညာဘက်က ဝင်သော် ဘယ်ဘက်၊ ဘယ်ဘက်က ဝင်သော် ညာဘက် ခြေမကို ရေဆေးသော် မပျောက်လော။

၃၉။ ချွေးကိုက်သော် မနာလော၊ ခက်ပုပ်လာဥဟစ်အော်သော် မပျောက်လော။

၄၀။ တောက်တဲ့ကိုက်သော် မသေလော၊ ရက်ကန်းစူးကိုသွေး၍ သောက်သော် မပျောက်လော။

၄၁။ ပင့်ကူနက်ကိုက်သော် မနာသလော၊ ဆန်လှော်စားသော် မပျောက်လော။

၄၂။ မျက်ခမ်းစပ်သော် မခက်လော၊ ဆေးဒန်းကိုသုတ်သော် မပျောက်လော။

၄၃။ မီးဝင်နေရာကို ဆိုင်းတီးသော် သွေးမတိတ်လော၊ ကြေးဖလား ရေစိမ်သော် မပျောက်လော။

၄၄။ မျက်စိ၌ ရှားစောင်းစေးဝင်သော် မကန်းလော၊ ကန့်ကူဆံ မှုန့်ခတ်သော် မပျောက်လော။

၄၅။ နားအူသော် မခက်လော၊ ဆီကိုကျပ်သော် မပျောက်လော၊



## ကျမ်းပြီးနိဂုံး

(၁) ဤစာပြီးဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံးရောက်ပြီဟု၊
(၂) ထောင်-တစ်-ရာသုံး၊ ဆယ်လည်းသုံး၊ အဆုံးခုနစ်ခု၊
(၃) ယင်းသက္ကရာဇ်၊ ကောဇာသစ်၊ ထိုနှစ်မိုးဥတု၊
(၄) ဝါခေါင်ဆန်း၍၊ ခြောက်ရက်နေ့၊ ခြသော့်စံကိုပြု၊
(၅) ဤစာကုသိုလ်၊ ရစေလို၊ မင်္ဂဖိုလ်နိဗ္ဗာန်ဆု၊
(၆) မရသေးခင်၊ တဖျင်ဖျင်၊ သံသရာကျင့်လည်ပြု၊
(၇) ဘဝါဘဝ၊ ဖြစ်သမျှ၊ ရစေယောကျ်ားဆု၊
(၈) လူနတ်စည်းစိမ်၊ တရှိန်ရှိန်၊ ကြိမ်ကြိမ်ခံစားမှု၊
(၉) အလှူရေစက်၊ မကွာလက်၊ ဆက်တိုင်းငါလှူင်ပြု၊
(၁၀) သိဒ္ဓိဂုဏ်ပေါင်း၊ ပြည့်စေကြောင်း၊ ဩောင်း-ဦး-ဇေယျတု။

**နိဂုံးပြီး၏။**